ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနမှထုတ်ဝေဖြန့်ချိသည်။

# ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမှ တတိုင်းပြည်လုံး ဖွံ့ဖြိုးရေးသို့

အထွေထွေအတွင်းရေးမှူး (ယာယီ)

၏

နိုင်ငံရေးအစီရင်ခံစာ

(၁၉၉၄ ခုနှစ်၊ ဩဂုတ်လ – ၁၅ ရက်)

★

၂၀၀၂ ခုနှစ်၊ ဇွန်လ။

များကြောင့် သဘာဝကျကျ ကျရှုံးသွားခြင်းဖြစ်ပါတယ်၊ ဒါနဲ့ပတ်သက်ပြီး ပါတီဗဟို ပညာရေး – ဝါဒဖြန့်ချိရေးဌာနကထုတ်မယ့် "ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီနှင့် ဆိုဗီယက်ယူနီယံ ပြိုကွဲရခြင်းနှင့်ပတ်သက်၍ ကျနော်တို့အမြင်" စာစောင်ကို လေ့လာကြပါ။ ဒီမှာအကျယ် မတင်ပြတော့ပါဘူး၊ ဒီမှာတင်ပြချင်တာက ဆိုဗီယက်ယူနီယံကျဆုံးရခြင်းဟာ မာ့က်စ်လီနင်ဝါဒရဲ့ ကျဆုံးမှု မဟုတ်ဘူး၊ ဆိုရှယ်လစ်ဝါဒကျဆုံးမှုမဟုတ်ဘူးဆိုတာနဲ့ မာ့က်စ်လီနင်ဝါဒကို ပစ်ပယ်သူတွေရဲ့ မှားယွင်းတဲ့ အတွေးအခေါ်နဲ့ လမ်းစဉ်ရဲ့ ကျဆုံးမှုသာ ဖြစ်တယ်ဆိုတာပါပဲ။

ခရုရှက်ဖ်က လမ်းခင်းခဲ့ပြီး ဘရက်ဇနက်က အစွမ်းကုန် အကောင်အထည်ဖော်ခဲ့တဲ့ အမေရိကန်နဲ့ ဆိုဗီယက်ယူနီယံ မဟာအင်အားကြီးနိုင်ငံနှစ်ခုက ကမ္ဘာကြီးကို ခွဲဝေ ဗိုလ်ကျ စိုးမိုးဖို့ ဆိုတာဟာ မာ့က်စ်လီနင်ဝါဒ မဟုတ်ပါဘူး။ ဒါဟာ မာ့က်စ်လီနင်ဝါဒက ဆန့်ကျင်ရမယ့် အရာ ဖြစ်ပါတယ်။

နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုကြီးနဲ့ ဆိုရှယ်လစ်ဂိုဏ်းကြီးရဲ့ ခေါင်းဆောင်အနေအထားကို မိဆိုင်ဖဆိုင် အမွေပစ္စည်းအဖြစ် ရလိုက်တာလို့ သဘောထားပြီး ခရုရှက်ဖ်–ဘရက်ဇနက်တို့ဟာ ခြေဖျားထောက်ခဲ့ကြပါတယ်၊ မိုးမမြင်လေမမြင် ဖြစ်ခဲ့ကြပါတယ် ရိုင်းပြ မောက်မာခဲ့ကြပါတယ်၊ မလုပ်သင့် မလုပ်ထိုက်တာတွေ လုပ်ခဲ့ကြပါတယ်၊ ချုပ်ပြီးပြောရင် မာ့က်စ်လီနင်ဝါဒရဲ့ ဆန့်ကျင်ဘက်အရာ တွေအားလုံးကို လုပ်ခဲ့ကြလို့ နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုကြီး ပြိုကွဲခဲ့ရပါတယ်။ ဆိုရှယ်လစ်ဂိုဏ်းကြီး ပြိုကွဲခဲ့ရပါတယ်။

ခရုရှက်ဖ်–ဘရက်ဇနက်တို့ရဲ့ ကမူးရှူးထိုး ဆန္ဒစွဲ လုပ်ရပ်အမှားတွေကနေပြီး ဂေါ်ဘာချော့ဗ် – ယဲ့လ်စင် တို့ရဲ့ အရှုံးပေးအညံ့ခံရေးကို ဖြစ်ပေါ်စေခဲ့တာပါပဲ။ ကမ္ဘာကြီးကို အမေရိကန်နဲ့ ခွဲဝေဗိုလ်ကျဖို့ဆိုတဲ့ ရည်ရွယ်ချက်ဟာ ရည်မှန်းချက်မရောက်ဘဲ အမေရိကန် နယ်ချဲ့ရဲ့လက်ဝေခံ နောက်လိုက်အဖြစ် ဇာတ်သိမ်းစေခဲ့ပါတယ်။ အမျိုးသားလွတ်မြောက်ရေးနဲ့ အမိုခိုကင်းရေးအတွက် တိုက်ပွဲဝင်နေတဲ့ နိုင်ငံတွေနဲ့ ပြည်သူတွေအပေါ် သစ္စာဖောက်တဲ့သူတွေ အဖြစ် ဇာတ်သိမ်းစေခဲ့ပါတယ်။

ကမ္ဘာကြီးကို ခွဲဝေဗိုလ်ကျစိုးမိုးရေးဆိုတဲ့ ဖောက်ပြန်တဲ့ ရည်မှန်းချက်နဲ့ ဆက်နွှယ်နေတဲ့ ဖောက်ပြန်မှားယွင်းတဲ့ စစ်ရေးစီးပွားရေးပေါ်လစီတွေ တသီကြီးကိုလဲ ဆိုဗီယက်ခေါင်းဆောင်စု ဟာ နှစ်ရှည်လများ လုပ်ခဲ့ပါတယ်၊ အဲဒါတွေရဲ့အကျိုးဆက်အဖြစ် ဆိုဗီယက်ယူနီယံဟာ ကမ္ဘာမှာ အထီးကျန် ဖြစ်လာပါတယ်။ စီးပွားရေး အခြေခံတွေ ဆုတ်ယုတ်ပျက်ပြားလာပါတယ်၊ အနှစ် ၃၀ လောက်အတွင်းမှာ စီးပွားရေးမတိုးတက်ဘဲ ဖြစ်လာပါတယ်။ စီးပွားရေး လူမှုရေး တိုးတက်မှု မရှိတာ ကြာလာတော့ လူထုကလဲ ဆိုဗီယက်ကွန်မြူနစ်ပါတီအပေါ် မကျေမနပ် ဖြစ်လာပါတယ်။ ဒါတွေဟာ ဆိုဗီယက်ယူနီယံပြိုကွဲရခြင်းရဲ့ အကြောင်းရင်းကြီးတွေ ဖြစ်ပါတယ်။

ဒီလိုအရှက်တကွဲ အကျိုးနဲ့ဖြစ်သွားရတာကို ရုရှားပြည်သူတွေက၊ ယခင် ဆိုဗီယက် နိုင်ငံထဲမှာ ပါခဲ့တဲ့ တိုင်းပြည်တွေရဲ့ ပြည်သူတွေက မကျေနပ်ကြပါဘူး။ ဒါကြောင့်လဲ အခု –



ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သက်တမ်းဟာ ၁၉၉၄ ခုနှစ် ဩဂုတ်လ (၁၅) ရက်မှာ ၅၅ နှစ် ပြည့်မြောက်ခဲ့ပါပြီ။ ဒီ ( ၅၅ ) နှစ်တာကာလ တခုလုံးဟာ အမျိုးသားလွတ်လပ်ရေး အတွက်နဲ့ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်တဲ့ကာလ ဖြစ်ပါတယ်။ ဒီတိုက်ပွဲတွေအတွင်းမှာ မြောက်မြားစွာသော ပြည်သူ့ရင်သွေးတွေနဲ့အတူ ကျွန်တော်တို့ပါတီရဲ့ သားကောင်း သမီးကောင်းတွေ ကျဆုံးခဲ့ရပါတယ်။ တိုက်ပွဲတွေမှာ ဂုဏ်ရောင်ပြောင်စွာ ကျဆုံးသွားသူတွေ အားလုံးကို ကျွန်တော်တို့ ချီးကျူးဂုဏ်ပြု ဦးညွတ်ကာ အလေးပြုပါတယ်။ "အာဇာနည်များ ထာဝစဉ်ဥဒါန်းတွင်ပါစေ။"

ရဲဘော်တို့–

၂၀ ရာစုနှစ်ရဲ့ နောက်ဆုံးဆယ်စုနှစ်တွေမှာ အပြောင်းအလဲတွေဟာ အလွန်များပြား ခဲ့တယ်။ များပြားရုံမက ကြီးလဲကြီးမားပါတယ်။ ရှေ့မှာလဲ အပြောင်းအလဲတွေဟာ လျင်မြန် မြန်ဆန်စွာ ဖြစ်ပေါ်လိမ့်ဦးမယ်လို့ တွက်ဆနိုင်ပါတယ်၊

အဲဒီလို အပြောင်းအလဲတွေဖြစ်ခဲ့တဲ့အတွက် ပြည်တွင်းပြည်ပမှာ အခြေအနေသစ် တရပ်ဟာ ပေါ်ထွန်းလာခဲ့ပါတယ်။

အခြေအနေသစ်နဲ့ ကိုက်ညီလိုက်လျောမယ့် ဦးတည်ချက်အသစ်နဲ့ လမ်းစဉ်အသစ် ချမှတ်ဖို့ ပါတီအတွက် လိုအပ်နေပါတယ်။ အခုအစီရင်ခံစာမှာ ပါတီရဲ့ဦးတည်ချက်အသစ်နဲ့ လမ်းစဉ်သစ်ကို တင်ပြမှာ ဖြစ်ပါတယ်။

တင်ပြရာမှာ ပြဿနာတွေကို တခုခြင်းအလိုက် တင်ပြပါမယ်။ ပြဿနာတခုစီ

အလိုက် ပါတီကချမှတ်ကျင့်သုံးသွားမယ့် ပေါ်လစီကိုလဲ တပါတည်းတင်ပြပါမယ်။

( အပိုင်းတစ် )

အခြေခံလုပ်ငန်းစဉ်ဆိုင်ရာပြဿနာများ။

ပါတီရဲ့လုပ်ငန်းစဉ်ဟာ လူ့အဖွဲ့အစည်းကြီးရဲ့ မျက်မှောက်သမိုင်းခေတ်ကာလကြီးကို မာ့က်စ်ဝါဒရပ်တည်မှု – အမြင် –နည်းနာနဲ့ ပိုင်းခြားစိတ်ဖြာ သုံးသပ်ကာ ချမှတ်ထားတဲ့ လုပ်ငန်းစဉ် ဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းရဲ့ သမိုင်းခေတ်ကာလကြီးတွေကို ယေဘုယျအားဖြင့် ပြောရင် ရာစုနှစ်နဲ့ ချိပြီးတွက်ချက်ရပါတယ်။

သမိုင်းခေတ်ကာလကြီး တခုစီအတွင်းမှာလဲ အဆင့်တွေ၊ အဆင့်ခွဲတွေ အများကြီး ရှိနိုင်ပါတယ်။ (ဥပမာ) ပဒေသရာဇ်ခေတ် ကာလကြီးဟာ ဥရောပတိုက်မှာဆိုရင် ရာစုနှစ် (၆) ခု (နှစ် ၆၀၀) တည်ရှိခဲ့တယ်လို့ ဆိုကြပါတယ်၊ ဒီပဒေသရာဇ်ခေတ်ကြီးဟာ တဖြောင့်ထဲ တပြေးညီတည်ရှိခဲ့တာ မဟုတ်ပါဘူး။ အကွေ့အကောက် အဆုတ်အတက်တွေနဲ့ ဖြစ်ပါတယ်။ အဲဒီအကွေ့အကောက် အဆုတ်အတက်တွေကိုတော့ အဆင့်တွေ အဆင့်ခွဲတွေအဖြစ် သတ်မှတ်နိုင်ပါတယ်။ ဒီအဆင့်တွေ အဆင့်ခွဲတွေကတော့ ယေဘုယျအားဖြင့်ပြောရင် ဆယ်စုနှစ်နဲ့ချိပြီး တွက်နိုင်ပါတယ်။

အဆင့်တွေ အဆင့်ခွဲတွေ ဘယ်လောက်ဘဲ ရှိနေနေ တခုလုံးခြုံပြောရင် ပဒေသရာဇ်ခေတ်ကာလကြီးရဲ့ ဘောင်ထဲကပါပဲ။

လက်ရှိသမိုင်းခေတ်ကာလကြီးဟာ အရင်းရှင်ခေတ်ဖြစ်ပါတယ်၊ တကမ္ဘာလုံးကို လွှမ်းမိုးဩဇာသက်ရောက်နေတဲ့ဘက်ကကြည့်ပြီး သတ်မှတ်တာ ဖြစ်ပါတယ်၊ အရင်းရှင်ခေတ်မှာလဲ အဆင့်တွေ–အဆင့်ခွဲတွေနဲ့ပါပဲ၊ နယ်ချဲ့စနစ်ခေတ်ဟာ အရင်းရှင်ခေတ်ကြီးထဲက အဆင့်တခုဖြစ်ပြီး ဖက်ဆစ်စနစ်ခေတ်ဟာ အဆင့်ခွဲတခုလို့ မြင်ပါတယ်။

အခုအစီရင်ခံစာမှာ အဓိကတင်ပြချင်တာက

(က) သမိုင်းခေတ်ကာလကြီးတခုမှာ အကွေ့အကောက် အဆုတ်အတက်တွေကို အကြောင်းပြုပြီး အဆင့်တွေ အဆင့်ခွဲတွေ ရှိတယ်ဆိုတာရယ်၊

(ခ) သမိုင်းခေတ်ကာလကြီးတခုလုံးကို ခြုံငုံသုံးသပ်ပြီး ချမှတ်တဲ့လုပ်ငန်းစဉ် ရှိရသလို အဆင့်တွေနဲ့ အဆင့်ခွဲတွေအတွက် သက်ဆိုင်ရာ သီးခြားနည်းပရိယာယ် လမ်းစဉ်တွေ ရှိရမယ်ဆိုတာရယ်၊

(ဂ) သမိုင်းခေတ်ကာလကြီး မပြောင်းလဲသေးသမျှ လုပ်ငန်းစဉ်ဟာ ပြောင်းလဲစရာမလိုဘဲ အဆင့်တွေအဆင့်ခွဲတွေ ပြောင်းလဲရင်တော့ နည်းပရိယာယ်လမ်းစဉ်ကို ပြောင်းဖို့လိုတယ်ဆိုတာပါပဲ။

ပါတီရဲ့ လုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ပြောရရင် မိမိရဲ့အတ္တဘာဝဆိုင်ရာ အင်အားများ



အတိုးအလျှော့ပေါ် မူတည်ပြီး လုပ်ငန်းစဉ်ကို အတိုးအလျှော့လုပ်လို့ မဖြစ်ပါဘူး၊ ဒို့အင်အားကြီးနေတယ် ဒါကြောင့် လုပ်ငန်းစဉ်ကို ခပ်မြင့်မြင့် မြှင့်ထားလိုက်ကြစို့ – ဒါမှမဟုတ် ဒို့အင်အားတွေ သေးငယ်နေတယ် – ဒါကြောင့် လုပ်ငန်းစဉ်ကို ခပ်နိမ့်နိမ့် နှိမ့်ထားလိုက်ကြစို့ ဆိုပြီး အတိုးအလျှော့လုပ်လို့ မဖြစ်ပါဘူး။

လုပ်ငန်းစဉ်မှာ အတိုးအလျှော့မလုပ်နိုင်ပေမယ့် နည်းပရိယာယ်လမ်းစဉ်မှာတော့ အတိုးအလျှော့ လုပ်နိုင်ပါတယ်။ အတိုးအလျှော့ လုပ်ဖို့လဲ လိုအပ်ပါတယ်။

ချုပ်ပြီးပြောရင်တော့ ပါတီကချမှတ်ထားတဲ့ လုပ်ငန်းစဉ်ကို အသစ်ချမှတ်ဖို့ မလိုပါဘူး၊ ဒါပေမဲ့ လုပ်ငန်းစဉ်စာအုပ်မှာ ပါနေတဲ့ တချို့လမ်းစဉ်ပြဿနာတွေနဲ့ ရောနေတဲ့အပိုင်းတွေ ဒီနေ့ကာလအတွက် မလိုအပ်တော့တဲ့ အပိုင်းတွေကိုတော့ စိစစ်ပြီး ဖယ်ထုတ်ပစ်ဖို့ လိုပါလိမ့်မယ်။ ဒါကိုတော့ ကော်မရှင်လေးတခု ဖွဲ့ပေးပြီး တည်းဖြတ်သုတ်သင်ရင် ဖြစ်ပါတယ်။ လုပ်ငန်းစဉ်မှာပါတဲ့ ပါတီရဲ့ နောက်ဆုံးရည်မှန်းချက်နဲ့ အတွေးအခေါ်လမ်းညွှန် သဘောတရားအခြေခံ – ဗမာပြည်တော်လှန်ရေးရဲ့ တော်လှန်ရေးအဆင့် ၂ ဆင့်အမြင် – ဆိုရှယ်လစ်လောကသို့ ချီတက်ရေးစတဲ့ အခြေခံတင်ပြချက်တွေကိုတော့ ကြံ့ကြံ့ခိုင်ခိုင် ထိန်းသိမ်းကာကွယ်သွားရပါမယ်။ ဒါတွေဟာ ဗမာပြည်ကွန်မြူနစ်ပါတီ လုပ်ငန်းစဉ်ရဲ့ တော်လှန်ရေးဝိညာဉ်နဲ့ လုပ်ငန်းစဉ်ရဲ့ အနှစ်သာရတွေ ဖြစ်ပါတယ်။

ဆိုရှယ်လစ်ဝါဒနဲ့ ဆိုရှယ်လစ်တည်ဆောက်ရေး ပြဿနာ။

တော်လှန်ရေး ဒီရေနိမ့်ကာလ ဇာစနစ်အုပ်စိုးတဲ့ ရုရှားပြည်မှာ ဆိုရှယ်လစ်ဝါဒ ယုံကြည်သူများအတွင်းမှာ ဘာတွေဘယ်လို ဖြစ်ခဲ့တယ်ဆိုတာကို လီနင်အနေနဲ့ တော်တော်များများ ရေးခဲ့ဖူးပါတယ်။ အခုစစ်အာဏာရှင်စနစ် အုပ်စိုးတဲ့ ဗမာပြည်မှာလဲ အဲဒီအတိုင်း ဖြစ်နေပါတယ်။ ဒါတွေဟာ ဗမာပြည်တပြည်တည်းရဲ့ သီးခြားလက္ခဏာတော့ မဟုတ်ပါဘူး၊ နိုင်ငံတကာမှာဖြစ်နေတဲ့ နိုင်ငံတကာ့လက္ခဏာ ဖြစ်ပါတယ်။

ဖက်ဆစ်စနစ်ခေါင်းထောင်လာတဲ့ ကာလရယ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေတဲ့ ကာလရယ်နဲ့ ဖက်ဆစ်ဆန့်ကျင်ရေး လူ့ပ်ရှားမှုကြီး အောင်ပွဲခံတဲ့ကာလတွေမှာ ကွန်မြူနစ်ဝါဒနဲ့ ဆိုရှယ်လစ်စနစ်ဟာ တကမ္ဘာလုံးမှာ ရေပန်းစားခဲ့ပါတယ်၊ ဒုတိယကမ္ဘာစစ်ကြီးအပြီးနဲ့ နောက်ပိုင်းနှစ်တွေ အထူးသဖြင့် ၂၀ ရာစုနှစ်ရဲ့ လေးဆယ်စုနှစ်များမှာ ရေပန်းစားမှုရဲ့ အထွတ်အထိပ် ရောက်ခဲ့ပါတယ်။ အခုတော့ ဆိုရှယ်လစ်စနစ်ကို အပုပ်ချတာ ရေပန်းစားသလို ဖြစ်နေပြန်ပါပြီ။

ဒီလို ဘာလို့ဖြစ်လာရသလဲဆိုတော့ အဓိကအားဖြင့် ဆိုဗီယက်ယူနီယံ ပြိုကွဲကျဆုံးမှုကြောင့်ပါပဲ။

ဆိုဗီယက်ဆိုရှယ်လစ်စနစ် ပြိုကွဲကျဆုံးမှုအကြောင်း တင်ပြပါမယ်၊ ခရုရှက်အစ ဘရက်ဇနက်အလယ် ဂေါ်ဘာချော့ဗ်အဆုံး သူတို့ရဲ့မှားယွင်းတဲ့ အတွေးအခေါ်နဲ့ ပေါ်လစီ

ဖြစ်ပါတယ်။ ခေတ်စားနေလို့ – ခေတ်မစားတော့လို့ဆိုတဲ့ပြဿနာ ကွန်မြူနစ်တို့အဖို့ မရှိပါဘူး။ သမိုင်းဖြစ်ပေါ်တိုးပွားမှုတိုင်းမှာ ကြုံရမြဲဖြစ်တဲ့ တိုးတက်မှု – အီနေမှု – နောက်ဆုတ်ရမှုတွေက ကျွန်တော်တို့ပါတီရဲ့ ယုံကြည်မှုကို နည်းနည်းလေးမှ ထိခိုက်စေမှာ မဟုတ်ပါဘူး။

နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုကြီး အစည်းပြေခြင်း၊ ပြိုကွဲခြင်း၊ နောက်ဆုတ်ရခြင်းဆိုတဲ့ ပကတိအမှန်ဖြစ်ရပ်ကိုလည်းကောင်း လီနင်ထူထောင်ခဲ့တဲ့ ဆိုဗီယက်ယူနီယံပါတီနဲ့ နိုင်ငံတော်ပြိုကွဲရခြင်းဆိုတဲ့ ပကတိအမှန်ဖြစ်ရပ်ကိုလည်းကောင်း ကျွန်တော်တို့ အသိအမှတ်ပြုရပါမယ်၊ မျက်ကွယ်ပြုလို့ မဖြစ်ပါဘူး။ တချိန်တည်းမှာပဲ ဒီဖြစ်ရပ်ရဲ့ ဇာစ်မြစ် – အခြေခံအကြောင်းရင်း – ဖြစ်စဉ်နဲ့ အကျိုးဆက်တွေကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ရပါမယ်။

အထက်မှာ ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ ခေါင်းဆောင်စုရဲ့ အမှားများကို အကြမ်းဖျင်း တင်ပြခဲ့ပါတယ်။ ဒါဟာ အတ္တဘာဝအပိုင်း (တနည်း) ခေါင်းဆောင်မှုအပိုင်းမှာ အကျုံးဝင်တဲ့ ဘက်တဖက်ကိုသာ ဖော်ပြတာပါ၊ ဘက်တဖက်တည်း ဖော်ပြတာတောင်မှ မပြည့်စုံပါဘူး၊ အဓိကကျတာလောက်ပဲ ချုပ်ပြီးတင်ပြတာပါ။

နောက်ဘက်တဖက်က ပကတိဘာဝအပိုင်း (တနည်း) ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များ ဖြစ်ပါတယ်။

ဒီပကတိဘာဝအပိုင်းဆိုင်ရာ အကြောင်းအချက်တွေကိုလဲ အကျဉ်းချုပ်ပြီးသာ အစီရင်ခံစာမှာ တင်ပြနိုင်ပါတယ်။

ပကတိဘာဝအပိုင်းဆိုင်ရာ အကြောင်းအချက်တွေကို သုံးသပ်ရာမှာ သမိုင်းကြောင်းနဲ့ချီပြီး သုံးသပ်ရပါမယ်။

သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒကို မာ့က်စ်နဲ့ အိန်ဂယ်တို့က စတင် တင်ပြခဲ့တာပါ။ သူတို့ခေတ်တုန်းက ရှိခဲ့တဲ့ စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒတွေနဲ့ ယှဉ်ပြိုင်ပြီး တင်ပြခဲ့တာပါ။ ၁၉ ရာစုနှစ်ရဲ့ ဒုတိယ ရာစုနှစ်ဝက်ကာလက ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၅၀) လောက်က ဖြစ်ပါတယ်။ တွေးခေါ်မြော်မြင်မှု အနေနဲ့သာ တင်ပြနိုင်တာပါ။ ဆိုရှယ်လစ်စနစ် တည်ဆောက်မှုဆိုင်ရာလက်တွေ့ မရှိသလောက်ဖြစ်နေတဲ့ အခြေအနေမျိုးမှာ တွေးခေါ်မြော်မြင်မှု သက်သက်အနေနဲ့သာ တင်ပြနိုင်ခဲ့တာဟာ သဘာဝကျပါတယ်။ ထိုစဉ်ကရှိခဲ့တဲ့ ဆိုရှယ်လစ်တည်ဆောက်ရေးဆိုင်ရာ လက်တွေ့အနည်းအပါးဟာလဲ စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒကို စမ်းသပ်တဲ့ လက်တွေ့များသာ ဖြစ်နေပါတယ်။

ထိုစဉ်ကအခြေအနေအရ မာ့က်စ် အိန်ဂယ်တို့အတွက် အကန့်အသတ်ကြီးနှစ်ခု ရှိနေပါတယ်။ မရှောင်လွှဲနိုင်တဲ့ အကန့်အသတ်တွေပါ။

ပထမ အကန့်အသတ်က သမိုင်းဆိုင်ရာ အကန့်အသတ်နဲ့ ဒုတိယက သိပ္ပံဆိုင်ရာ အကန့်အသတ်ပါဘဲ။

သမိုင်းဆိုင်ရာ အကန့်အသတ်ဆိုတာက အရင်းရှင်စနစ်ဟာ ဖြစ်ပေါ်စ



အဲဒီမှာ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး မတည်ငြိမ်မှုတွေ တောက်လျှောက်ဖြစ်ပေါ်နေတာ ဖြစ်ပါတယ်။

ဒီကိစ္စကို ဒီလောက်ပဲ တင်ပြပါတယ်၊ လိပ်ပတ်လည်အောင် အကျယ်တင်ပြရင် ကျမ်းတစောင် ပေတဖွဲ့ ရေးပြီးတင်ပြမှ ဖြစ်ပါလိမ့်မယ်။

ဗမာပြည်ရဲ့ သီးခြားကိစ္စကို ဆက်လက်တင်ပြပါမယ်၊ မဆလ တပါတီအာဏာရှင်စနစ် ကျင့်သုံးတဲ့ နေဝင်းစစ်အုပ်စုက ‘ဆိုရှယ်လစ်’ မျက်နှာဖုံးစွပ်ပြီး တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း အလုပ်တွေ လျှောက်လုပ်ခဲ့လို့ ဆိုရှယ်လစ်စနစ် နံမည်ပျက်ခဲ့ပါတယ်။ ဒါကို အကျယ်တဝင့် တင်ပြစရာ မလိုလောက်အောင် ရှင်းလင်းနေပြီဖြစ်လို့ အကျယ်မချဲ့တော့ပါဘူး။

အခုတလောမှာ “ဆိုရှယ်လစ်ဝါဒ ဆိုရှယ်လစ်လောကကို မယုံကြည်တော့ဘူး စွန့်ပယ်လိုက်ပြီ” လို့ အကြိမ်ကြိမ်ပြောဆို ရေးသားနေတာတွေ ကြားနေဖတ်နေရပါတယ်။ တဦးတလေကျတော့လဲ “အနှစ် ၂၀ ကျော်သွားပြီဖြစ်လို့ ဆိုရှယ်လစ်စနစ်ကို မယုံကြည်တော့ ဘူး” လို့ ပြောပြီး ဆိုရှယ်လစ်စနစ်ကို စွန့်ပယ်ခဲ့ပါတယ်။ သူယုံကြည်ခဲ့တဲ့ ဆိုရှယ်လစ်ဝါဒဆိုတာကလဲ တကယ်တော့ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ မဟုတ်ခဲ့ပါဘူး။ ကျွန်တော်တို့ တိုင်းပြည်မှာ အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ ဆိုရှယ်လစ်ဝါဒ ရေပန်းစားလို့ ရောယောင်ပြီး ဆိုရှယ်လစ် ဖြစ်လာသူတွေ မနည်းပါဘူး။

ရှစ်လေးလုံးအရေးတော်ပုံရဲ့ ကျေးဇူးကြောင့် မတတ်သာဘဲ ပါတီစုံဒီမိုကရေစီ တံခါးကြီးကို (နဝတ) ကဖွင့်ပေးလိုက်တော့ ပါတီတွေထောင်ကြပါတယ်။ ဗမာပြည်ဆိုရှယ်လစ်ပါတီက မျိုးဆက်သစ်တွေကတောင် ဆိုရှယ်လစ်အလံ ပြန်မထောင်ကြတော့ပါဘူး။ ဖက်ရှင်မကျတော့တဲ့ အဝတ်ကို စွန့်လိုက်သလို စွန့်လိုက်ကြပါတယ်။

ဒီလိုလူမျိုးတွေ ဆိုရှယ်လစ်ဝါဒစွန့်တယ်ဆိုတာကတော့ သူတို့လုပ်သင့်တာ ကြာပြီဖြစ်တဲ့ အလုပ်ကို အခုမှလုပ်လိုက်တာပဲလို့ သဘောထားရမှာပါ။

ဆိုရှယ်လစ်ဝါဒကို တချိန်ကရိုးရိုးသားသား ယုံကြည်ခဲ့ပြီး အခု မယုံကြည်တော့ဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်လို့ကတော့ ‘လွတ်လပ်စွာ ယုံကြည်ခွင့်’ ဆိုတဲ့ ဒီမိုကရေစီမူအရ ပုဂ္ဂိုလ်တဦး တယောက်ဟာ ယုံကြည်ခွင့်ရှိသလို မယုံကြည်ခွင့်လဲရှိတာဖြစ်လို့ ပါတီက ဘာမှ စွက်ဖက်စရာ မလိုပါဘူး။ သူ့ဒီမိုကရေစီ အခွင့်အရေးကို သူအသုံးချတာဖြစ်တယ်လို့ အသိအမှတ် ပြုရမှာပါ။

တချို့ကျတော့လဲ သူဟာ ဆိုရှယ်လစ်ဝါဒီတဦး မဟုတ်တော့ကြောင်းကို ပြည်တွင်းပြည်ပက ကြားကြားသမျှ သိရှိကြစေရန် အကြိမ်ကြိမ် ထုတ်ပြန်ကြေညာနေရတာ ရှိပါတယ်။ အကျိုးကျေးဇူးတခုခုကို မျှော်ကိုးပြီး ထုတ်ပြန်ကြေညာ (ကြော်ငြာ) နေတာလို့ ထင်ရပါတယ်။ ဒါဟာလဲ သူ့လုပ်ပိုင်ခွင့်အရ လုပ်တာပါပဲ။

တချို့ကျတော့ (အနည်းစုလေးသာရှိတဲ့တချို့ ဖြစ်တယ်) သူမယုံကြည်တာကို

ထုတ်ဖော်ကြေညာတာမကတော့ဘဲ ယုံကြည်မြဲ ယုံကြည်ဆဲ ရှိသူတွေနဲ့ အဖွဲ့အစည်းတွေကို (ဥပမာ ကျွန်တော်တို့ပါတီကို) ပုတ်ခတ်တာ၊ သရော်တာ၊ စိန်ခေါ်တာတွေ ရှိပါတယ်။ သူတို့နဲ့ ပတ်သက်ရင်တော့ တမျိုးသဘောထားရပါလိမ့်မယ်။

ဒီမှာတင်ပြဖို့လိုတာက အစိုးရတပ်ထဲက မဆလပါတီဝင် ဆိုရှယ်လစ်ဆိုသူတွေကိစ္စပါ။ မဆလပါတီဟာ တကယ်တန်း သတ္တုချကြည့်ရင် စစ်အုပ်စုပါတီပါ။ ဗိုလ်နေဝင်းဦးစီးသော စစ်အုပ်စုပါတီလို့ နံမည်တပ်ရင် မဖြစ်လို့ ဆိုရှယ်လစ်ဆိုင်းဘုတ် ချိတ်ထားခဲ့ရတာပါ။ စစ်သားစစ်ဗိုလ်အများစုကြီးကတော့ ဝင်ကြဆို ဝင်ကြပြီး ထွက်ကြဆိုရင် ထွက်ကြမှာပါ။ စစ်သားစစ်ဗိုလ်တွေ ထောင်သောင်းချီပြီး မဆလထဲက ထွက်ကြတာရဲ့ နိုင်ငံရေးအဓိပ္ပာယ်နဲ့ အတွေးအခေါ်ရေးဂယက်ဟာ ဘာမှမရှိပါဘူး။ ဆိုရှယ်လစ်ဝါဒ ဆိုရှယ်လစ်စနစ်ကိုယုံကြည်မှု မယုံကြည်မှုဆိုတဲ့ပြဿနာ သူတို့မှာ မရှိပါဘူး။ ဝင်ကြရမယ်ဆိုလို့ ဝင်ကြရပြီး – သမတရဲ့ 'ကျွတ်စေ–လွတ်စေ' ဆိုတဲ့ အမိန့်ပြန်တမ်းနဲ့ ကျွတ်သွားလွတ်သွားသူတွေလို့ပဲ သဘောထားရမှာပါ။သူတို့ကို ဆိုရှယ်လစ်ဝါဒ အသွေးအရောင်ရှိသူများလို့ သတ်မှတ်လို့မရသလို 'မဆလ' ကျဆုံးသွားတာကိုလဲ ဆိုရှယ်လစ်ဝါဒ ကျဆုံးမှုလို့ သတ်မှတ်လို့ မရပါဘူး။

အဲဒီလိုလူစားမျိုးတွေကလဲ ဆိုရှယ်လစ်ဝါဒ ကျဆုံးတာ မကျဆုံးတာကို သိပ်ပြီးဂရုပြုနေသူတွေ မဟုတ်ကြပါဘူး။

၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၆) ရက် (နဝတအာဏာမသိမ်းမီ ၂ ရက်) မှာ သမတဖြစ်သူ ဒေါက်တာမောင်မောင်ရဲ့ ကြေညာချက် ၁၄/၈၈ ရယ်၊ အဲဒီရက်မှာပဲ ထုတ်တဲ့ မဆလပါတီ အထွေထွေအတွင်းရေးမှူး ဦးအေးကိုရဲ့ ထုတ်ပြန်ချက်ရယ်တို့ကြောင့် ဒီစစ်သားစစ်ဗိုလ်တွေဟာ "မြန်မာ့ဆိုရှယ်လစ်တွေ မဟုတ်ကြတော့ပါဘူး၊ အုပ်လိုက်ကြီး အထက်ရဲ့ ခွင့်ပြုချက်အရ ထွက်သွားတာပါ၊ စစ်ဘက်မဟုတ်တဲ့ ဝန်ထမ်းတွေကတော့ အစောကြီးကတည်းက ရှစ်လေးလုံးအရေးတော်ပုံထဲ ခြေစုံပစ်ပါဝင်ပြီး ကိုယ့်ဖာသာ (မဆလ) ကို စွန့်ပယ်ကြပြီး ဖြစ်ပါတယ်။။ ဒီနှစ်ခု အနှစ်သာရချင်း မတူပါဘူး။

စစ်သားစစ်ဗိုလ်တွေကို မဆလထဲက ထွက်ခိုင်းတာရဲ့ အဓိကရည်ရွယ်ချက်က နောက် ၂ ရက်နေရင် လုပ်တော့မယ့် နဝတအာဏာသိမ်းပွဲအတွက် ကြိုတင်ပြင်ဆင်လိုက်တာ ဖြစ်ပါတယ်။

ဆက်ပြီးတင်ပြချင်တာက ကျွန်တော်တို့ပါတီနဲ့ ပတ်သက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့ ကိစ္စပါ။

အထက်မှာဖော်ပြခဲ့သလို မယုံကြည်တော့လို့ ရိုးရိုးသားသားပဲ ဆိုရှယ်လစ်ဝါဒကို မယုံကြည်တော့ဘူးလို့ ပြောတာဟာ ပြစ်မှု မဟုတ်ပါဘူး။ ယုံကြည်တုန်းက လုပ်ခဲ့တယ်။ မယုံကြည်တော့တဲ့အခါ တရားဝင် နုတ်ထွက်တာဟာ ဘာပြဿနာမှ မရှိပါဘူး။ မယုံတော့ဘူးလို့ အကြိမ်ကြိမ် ထုတ်ပြန်ကြေညာနေတဲ့ ပုဂ္ဂိုလ်တွေကိုလဲ ကျွန်တော်တို့ပါတီက နားလည်ရမှာပါ။ ဖိအားတခုခုကြောင့် ဒါမှမဟုတ်ရင်လဲ ဈေးကွက်စီးပွားရေးစနစ်မှာ နေရာကောင်းတခုခု



ရမလားဆိုတဲ့ မျှော်လင့်ချက်တခုခုကြောင့် ကြော်ငြာနေတာလို့ နားလည်ရမှာပါ။

ပုတ်ခတ် –သရော် – စိန်ခေါ်နေသူတွေနဲ့ ပတ်သက်လို့တော့ ပါတီက နိုင်ငံရေး၊ အတွေးအခေါ်ရေးအရ၊ တုံ့ပြန်ရပါမယ်။ တဘက်ကလဲ သူတို့ကို နားလည်မှု ရှိရပါမယ်။ သူတို့ဟာ မဆလ မပေါ်ခင်ကတည်းက ဆိုရှယ်လစ်ဝါဒနဲ့ ပတ်သက်ဖူးကြပါတယ်။ ဆိုရှယ်လစ်ဝါဒ လေ့လာ ဆည်းပူးတာ လုပ်သင့်သလောက် လုပ်ခဲ့ကြပါတယ်။ (မဆလ) ပါတီပေါ်လာတော့ နေရာဦးနိုင်ဖို့ သူတို့ ပြေးဝင်ကြတယ်။ သုံးလိုရာသုံးဖို့၊ ထားချင်ရာမှာထားပြီး အသုံးချဖို့ ပုံအပ်ကြပါတယ်။ ဒီလိုနဲ့ မဆလပါတီထဲမှာ နိုင်ငံရေး၊ စီးပွားရေး သဘောတရားဆရာတွေ ဖြစ်လာကြတယ်။ မဆလပါတီရဲ့ သဘောတရားရေးရာ ပြောရေးဆိုခွင့်ရှိသူတွေ ဖြစ်လာကြပါတယ်။

မဆလ သင်္ဘောကြီး စုံးစုံးမြုပ်တော့ သူတို့ တွယ်ရာမဲ့ဖြစ်ကြတယ်၊ မှီခိုတွယ်တာစရာ အသစ်ကို ရှာကြရတယ်။ သူတို့ဟာ ဆိုရှယ်လစ်ဝါဒီ မဟုတ်တော့ကြောင်း၊ ဆိုရှယ်လစ်ဝါဒဟာ သီအိုရီတရပ်ရဲ့ နိဂုံးဖြစ်ကြောင်း ဆိုရှယ်လစ်ဝါဒကို သံယောဇဉ် ပြတ်သွားပါပြီဆိုတာ ကြော်ငြာရတယ်၊ သူတို့ဟာ သမ္မတ ဒေါက်တာမောင်မောင်ရဲ့ ကျွတ်စေလွတ်စေ အမိန့်နဲ့ ကျွတ်လွတ်နိုင်သူတွေ မဟုတ်ကြပါဘူး။ နဝတကလဲ သင်္ဘောသားတခါဖြစ်ဖူးရင် ထာဝစဉ် သင်္ဘောသားဘဝပဲ စွဲမြဲနေမယ်ဆိုသလို တခါကွန်မြူနစ်ဖြစ်ဖူးရင် ထာဝစဉ်ကွန်မြူနစ်ဖြစ်နေမှာပဲလို့ ပြောနေ (ခြိမ်းခြောက်နေ) လေတော့။ မိမိကိုယ်ကို ကာကွယ်ဖို့ လျှောက်လဲချက်တင်သွင်းနေတာလို့ နားလည်ရမှာပါ။

'သူရဲကောင်းတွေဟာ တကြိမ်သာသေရပြီး လူကြောက်တွေကတော့ အကြိမ်ကြိမ်သေရတယ်။' ဆိုတဲ့စကားလို အကြိမ်ကြိမ် လက်နက်ချနေရတာပဲလို့လဲ မြင်ရပါမယ်။

ပါတီက "မာ့က်စ် လီနင်ဝါဒကို ထိန်းသိမ်းကာကွယ်မယ်" ဆိုတာကို အကြိမ်ကြိမ် တရားဝင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

ဒီလိုထုတ်ပြန်တာဟာ ယုံကြည်မှု ကြံ့ခိုင်စွာနဲ့ တည်ကြည်လေးနက်စွာ ထုတ်ပြန်တာ ဖြစ်ပါတယ်။ ဒီထုတ်ပြန်ချက်နဲ့အတူ တခြားအချက် ၂ ချက်လဲ ထုတ်ပြန်ထားပါတယ်။ အလျဉ်းသင့်လို့ ထပ်မံတင်ပြရရင် နောက် ၂ ချက်က – အုပ်စိုးသူလူတန်းစားက အကြမ်းဖက်ဖိနှိပ်လာရင် အုပ်စိုးခံတွေက အကြမ်းဖက်တွန်းလှန်ပုန်ကန်တာ တရားတယ်ဆိုတဲ့ မူနဲ့ သွေးစုပ်ခံ ဖိနှိပ်ခံ ပြည်သူတွေဘက်က ထာဝစဉ်ရပ်တည်မယ်ဆိုတဲ့ မူကြီး ၂ ခု ဖြစ်ပါတယ်။

အခုလဲ ဒီမူကြီး ၃ ခုဟာ ပါတီရဲ့ အခြေခံမူကြီး (၃) ခုဖြစ်ကြောင်း ထပ်မံ ထုတ်ပြန်လိုက်ပါတယ်။

ယုံကြည်မှုဆိုင်ရာကိစ္စ ပြန်ဆက်ပါမယ်။

သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒကို ကျွန်တော်တို့ ယုံကြည်တာဟာ မာ့က်စ်ဝါဒ ရပ်တည်မှု ကမ္ဘာ့အမြင်နဲ့ နည်းနာတွေအရ ခွဲခြမ်းစိတ်ဖြာပြီး လေးလေးနက်နက် ယုံကြည်တာ

စနစ်ကို ဦးတည်ပြီး ဆန့်ကျင်ဖို့အတွက် အမျိုးသားလွတ်လပ်ရေး၊ အမိုခိုကင်းရေးအတွက် နယ်ချဲ့စနစ်နဲ့ ကိုလိုနီဝါဒကို တိုက်ပွဲဝင်နေတဲ့ ကိုလိုနီ – ကိုလိုနီတပိုင်း တိုင်းပြည်တွေက အမျိုးသားလွတ်မြောက်ရေး တော်လှန်ရေးအင်အားများနဲ့ မဟာမိတ်ဖွဲ့ပါတယ်။

ရှေ့တန်းရောက် တိုင်းပြည်တွေက ဆိုရှယ်လစ်တွေ၊ ဆိုရှယ်ဒီမိုကရက်တွေဟာ နယ်ချဲ့အရင်းရှင်တွေနဲ့ ချိတ်ဆက်နေသူတွေဖြစ်လို့ သူတို့ဟာ အမျိုးသားဒီမိုကရေစီ တော်လှန်ရေးတွေကို မထောက်ခံကြပါဘူး။ နယ်ချဲ့သမားတွေနဲ့ အတူတွဲပြီးတောင် အမျိုးသားဒီမိုကရေစီ တော်လှန်ရေးတွေကို ဆန့်ကျင်ပါတယ်။ လီနင်ရှေ့ဆောင်တဲ့ ကွန်မြူနစ်အင်တာနေရှင်နယ်ကတော့ အဖိနှိပ်ခံပြည်သူတွေ အမျိုးသားတွေရဲ့ တော်လှန်ရေးကို ပြတ်ပြတ်သားသား အကုန်အစင် ထောက်ခံပါတယ်။

ဒါကြောင့်မို့လို့လဲပဲ – အာရှတိုက်၊ အာဖရိကတိုက်၊ လက်တင်အမေရိကတိုက်တွေက၊ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲဝင်သူတွေ – အမျိုးသားဒီမိုကရေစီ တော်လှန်ရေးသမားတွေဟာ ကွန်မြူနစ်တွေ ဖြစ်လာကြတယ်။ သို့မဟုတ် ကွန်မြူနစ်နဲ့ လက်တွဲကြတယ်။ မော်စီတုန်းရဲ့ရေးသားချက်တွေ၊ ဟိုချီမင်းရဲ့ရေးသားချက်တွေ၊ ဆွန်ယက်ဆင်ရဲ့ လုပ်ဆောင်ချက်တွေကို ကြည့်ပါ။

လီနင်ဝါဒကြောင့်ပဲ – ကိုလိုနီနဲ့ ကိုလိုနီတပိုင်းတိုင်းပြည်တွေက နယ်ချဲ့စနစ်နဲ့ ကိုလိုနီဝါဒကို ပြတ်ပြတ်သားသား အကုန်အစင်တိုက်ဖျက်လိုသူ – မျိုးချစ်ပြည်ချစ်များဟာ ထင်ရှားတဲ့ကွန်မြူနစ်များ – ကွန်မြူနစ်ပါတီ စတင်ထူထောင်သူများ ဖြစ်လာကြတာပါ။

လီနင်ဝါဒကို ဆက်ခံကာကွယ် ထိန်းသိမ်းသူ စတာလင်ဟာ နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုကြီးကို ရှေ့ဆောင်ပြီး ဖက်ဆစ်ဆန့်ကျင်တိုက်ဖျက်ရေး တော်လှန်တဲ့အရေးတော်ပုံတွေကို အောင်ပွဲတွေရအောင်လဲ ရှေ့ဆောင်ခဲ့ပါတယ်။

ကိုလိုနီဘဝက လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ ပြည်သူတွေရဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတိုင်းကို ပြတ်ပြတ်သားသား ထောက်ခံတယ်။ အဖိုးတန်တဲ့ အကြံပြုချက်တွေလဲ ပေးခဲ့ပါတယ်။ တရုတ်ပြည်တော်လှန်ရေးနဲ့ ပတ်သက်တဲ့ သူရဲ့ရေးသားချက်တွေဟာ ကိုလိုနီဘဝက လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသူတွေအတွက် အဖိုးတန်ပြီး အသုံးဝင်ပါတယ်။

ချုပ်လိုက်ရင် နိုင်ငံတကာ့ ကွန်မြူနစ် လှုပ်ရှားမှုကြီးအနေနဲ့ ···· ပစ္စည်းမဲ့များကို လူတန်းစားအသိရှိအောင်နဲ့ စည်းလုံးလာအောင် လုပ်နိုင်ခဲ့ခြင်း၊ ဖက်ဆစ်ဝါဒ၊ နယ်ချဲ့စနစ်၊ ကိုလိုနီစနစ်တို့ကို တိုက်ဖျက်နိုင်ခဲ့ခြင်း၊ အရင်းရှင်ဝါဒကို အားရှိရှိ ထိုးနှက်နိုင်ခဲ့ခြင်းစတဲ့ ကောင်းမှုများ ပြုခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် အမျိုးသားနိုင်ငံတော်တွေ တကမ္ဘာလုံးမှာ အပြိုင်းအရိုင်း ပေါ်လာတာ နယ်ချဲ့ကျူးကျော်ရေးစစ်တွေကို အနိုင်တိုက်နိုင်တာဟာ လီနင်ဝါဒရဲ့ ကျေးဇူး



အခြေအနေပါ။ နယ်ချဲ့စနစ် – ကိုလိုနီဝါဒ မပေါ်သေးပါ။ အစပျိုးဆဲ အချိန်သာဖြစ်ပါတယ်။

သိပ္ပံပညာ အကန့်အသတ်ဆိုတာက အဲဒီတုန်းကသိပ္ပံပညာဟာ မဖွံ့ဖြိုးသေးပါဘူး။ စက်မှုသိပ္ပံမှာ ရေနွေးငွေ့စက်တွေရဲ့ခေတ်၊ သဘာဝသိပ္ပံနယ်မှာ ဒါဝင်ဝါဒ စတင်ပေါ်စခေတ်စသဖြင့် သိပ္ပံနယ်ပယ် အသီးသီးမှာ တချို့သိပ္ပံပညာက ဖွံ့ဖြိုးဆဲ ၊ တချို့က ပေါ်တောင်မပေါ်သေးတဲ့ အချိန်ဖြစ်ပါတယ်။

အထက်ပါအကန့်အသတ်တွေရှိတဲ့အတွက် သူတို့ရဲ့တွေးခေါ်မြော်မြင်မှုတွေမှာ အကန့်အသတ်ရှိပါတယ်။ ပကတိတည်ရှိနေတဲ့ အခြေအနေအချက်အလက်တွေအရသာ စဉ်းစားတွေးခေါ်ရတာဖြစ်လို့ တွေးခေါ်မြော်မြင်မှုမှာ အကန့်အသတ်ရှိရမှာဟာ ဓမ္မတာသဘောဖြစ်ပါတယ်။

မာ့က်စ် – အိန်ဂယ်တို့ဟာ ဆိုရှယ်လစ်တော်လှန်ရေးကို ရှေ့တန်းရောက်တိုင်းပြည်တွေက တပြိုင်တည်းဆင်နွှဲမှ တော်လှန်ရေးအောင်မြင်မယ်လို့ စဉ်းစားခဲ့ပါတယ်။ အဲဒီစဉ်းစားမှုအရလဲ စည်းရုံးလုပ်ဆောင်ခဲ့ပါတယ်။ လူထုတော်လှန်ရေးနဲ့ ပတ်သက်ပြီးတော့လဲ စံနမူနာယူလေ့လာစရာဟာ သူတို့ခေတ်တုန်းက ပြင်သစ်ဓနရှင်တော်လှန်ရေးနဲ့ နောက်ပိုင်းမှာ ပဲရစ်ဘုံအဖွဲ့ တော်လှန်ရေးတွေပဲ ရှိပါတယ်။

သူတို့ရဲ့ရေးသားချက်တွေကို ဖတ်ရခြင်းအားဖြင့် သူတို့ဘယ်လိုစဉ်းစားတွေးခေါ်တယ်ဆိုတာ သိရပါတယ်။ ရှေ့တန်းရောက်တိုင်းပြည်တွေမှာ တပြိုင်တည်းတော်လှန်ရေးလုပ်ပြီး တပြိုင်တည်းအောင်ပွဲခံရန်ဆိုတဲ့ အတွေးဟာ ပြင်သစ်ဓနရှင် တော်လှန်ရေး (၁၇၈၉ – ၉၉) ရဲ့အတွေ့အကြုံနဲ့သင်ခန်းစာကနေ အခြေခံပြီး စဉ်းစားတွေးခေါ်တာဖြစ်မယ်လို့ ထင်ရပါတယ်။ အနုပဋိလောမရုပ်ဝါဒသမားများဖြစ်တဲ့ မာ့က်စ် နဲ့ အိန်ဂယ်တို့ဟာ ပကတိတည်ရှိနေတဲ့ အခြေအနေအချက်အလက်များပေါ်က အခြေခံပြီး စဉ်းစားကြမှာပါ။ ဆန္ဒစွဲအတွက် နေရာပေးမှာ မဟုတ်ပါ။

ပြင်သစ်ဓနရှင်တော်လှန်ရေးကို ပဒေသရာဇ်တိုင်းပြည်တွေက (ဗြိတိန် – ပရပ်ရှား – ဟော်လန် – စပိန် – ရုရှား စသည်များ) ဝိုင်းတိုက်တာခံရပါတယ်။ ဒီသင်ခန်းစာကို ယူပုံပေါ်ပါတယ်။ ဗြိတိန် – ပြင်သစ် – ပရပ်ရှား – ရုရှားတို့ကြားမှာ ပဒေသရာဇ်ပြိုင်ဆိုင်မှုတွေ ဘယ်လောက်ပဲ ရှိနေပါစေ အချင်းချင်းကြားမှာ သမိုင်းရန်ငြိုးတွေ ဘယ်လိုပဲ ရှိနေပါစေ ဒါတွေကို ဘေးချိတ်ပြီး သူတို့ချင်း စည်းလုံးကြပါတယ်။ ပြင်သစ်မှာ ပဒေသရာဇ်စနစ်ဖြိုချခံရတာကိုတော့ သူတို့မလိုလားပါဘူး။ ဒါကြောင့် ဝိုင်းတိုက်တာပါ။

အရင်းရှင်အုပ်စိုးမှုကို ဖြိုချရင်လဲ ကျန်တဲ့အရင်းရှင်တိုင်းပြည်တွေက ဝိုင်းတိုက်ကြမှာဖြစ်လို့ တပြိုင်တည်း ပစ္စည်းမဲ့တော်လှန်ရေး လုပ်ဖို့ပါ။

မာ့က်စ် အိန်ဂယ်တို့ဟာ ရှေ့တန်းရောက်တိုင်းပြည်အဖြစ် အမေရိကန်ကိုလဲ ထည့်ထားခဲ့ပါတယ်။ အဲဒီတုန်းက အာရှက ပဒေသရာဇ်ခေတ်ထဲမှာ အိပ်မောကျဆဲပါ။

အဲဒီခေတ်ရဲ့ သွားလာဆက်ဆံမှုကလဲလွယ်တာ မဟုတ်ပါဘူး။ ဒါကြောင့် အဲဒီခေတ်က ကမ္ဘာ့တော်လှန်ရေးအမြင်ဟာ အဓိကအားဖြင့် ဥရောပတိုက်ထဲမှာပဲ ကန့်သတ်ထားသလို ဖြစ်နေပါတယ်။

၂၀ ရာစုထဲရောက်တော့ တော်တော်ပြောင်းလဲလာပါပြီ။ နယ်ချဲ့စနစ်နဲ့ ကိုလိုနီဝါဒ ရှိနေပါပြီ။ ကမ္ဘာကြီးဟာ ကျဉ်းလာပါပြီ။ ကိုလိုနီတွေခွဲဝေယူရေး (ကမ္ဘာကြီးကိုခွဲဝေရေး) နဲ့ပတ်သက်ပြီး နယ်ချဲ့စစ်ကြီး(ပထမကမ္ဘာစစ်ကြီး) ဖြစ်လာပါတယ်။ ဒါကိုချက်ယူပြီး လီနင်က မာ့က်စ်– အိန်ဂယ်တို့ရဲ့ ကမ္ဘာ့တော်လှန်ရေးအမြင်ကို တိုးချဲ့လိုက်ပါတယ်။ မာ့က်စ်တို့ရဲ့ ကမ္ဘာ့တော်လှန်ရေးအမြင်ကို လီနင်ရဲ့အမြင်က အစားထိုးတာ မဟုတ်ပါ။ တိုးချဲ့တာသာ ဖြစ်ပါတယ်။ ဒါကို လီနင်ရဲ့ရေးသားချက်များကို ကောက်နုတ်ဖော်ပြလိုက်ခြင်းအားဖြင့် ရှင်းလင်းသွားပြီ ဖြစ်ပါလိမ့်မယ်။

လီနင်က ၁၉၁၈ ခုနှစ် မတ်လ (၇) ရက်မှာ – ရုရှားပြည်ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) ရဲ့ သတ္တမအကြိမ်မြောက် ကွန်ဂရက်သို့ တင်သွင်းတဲ့ "စစ်နဲ့ငြိမ်းချမ်းရေးအကြောင်းအစီရင်ခံစာ" မှာ ဒီလိုတင်ပြထားပါတယ်။

"ကျွန်ုပ်တို့နိုင်ငံ၏ တော်လှန်ရေးသက်သက်အဖြစ်မှ ကမ္ဘာ့တော်လှန်ရေးအဖြစ်သို့ အကျိုးသက်ရောက်စေရေးဖြစ်သည်။"

နောက်တနေရာမှာလည်း အောက်ပါအတိုင်း တင်ပြထားပြန်ပါတယ်။

"ကမ္ဘာ့သမိုင်း အတိုင်းအတာအရ စဉ်းစားကြည့်လျှင် ကျွန်ုပ်တို့တော်လှန်ရေးသည် အထီးကျန်ဖြစ်နေပါက အဆုံးစွန်အောင်ပွဲ မျှော်လင့်ချက် ကင်းမဲ့နေမည်မှာ သံသယရှိဖွယ် မလိုချေ။ ဘော်ရှီဗစ်ပါတီက ဤတာဝန်ကို တဦးတည်းထမ်းဆောင်သည် ဆိုရာ၌သော်လည်းကောင်း၊ တာဝန်တခုလုံးကို မိမိပခုံးပေါ်ထမ်းတင်လိုက်သည် ဆိုရာ၌လည်းကောင်း အောက်ပါအချက်ကို ယုံကြည်သဘောပေါက်သောကြောင့် ဖြစ်သည်။ ... နိုင်ငံအားလုံးတွင် တော်လှန်ရေးအခြေအနေ ရင့်မှည့်နေသည်။ နောက်ပြီး မည်သို့သော အခက်အခဲကြုံရပစေ၊ အဆုံးတွင်စောင့်ကြိုနေသည်ဖြစ်စေ၊ (အစတွင်မဟုတ်) နိုင်ငံတကာ့ ဆိုရှယ်လစ်တော်လှန်ရေးကြီး ရောက်ရှိလာမည်။ .... ရောက်ရှိလာနေသောကြောင့်ဖြစ်သည်။ .... ကျွန်ုပ်ထပ်ပြောပါမည်။ ကျွန်ုပ်တို့အဖို့ ဤအခက်အခဲအားလုံးမှ လွတ်မြောက်ရေးမှာ ဥရောပတိုက်တခုလုံးဆိုင်ရာ တော်လှန်ရေး ဖြစ်သည်။"(၁၉၉၀ ခုနှစ် စက်တင်ဘာလ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုဝါဒဖြန့်ချိရေးဌာနမှ ဘာသာပြန်ထုတ်ဝေ)

အခုဖော်ပြခဲ့တဲ့ ကိုးကားချက်တွေကိုကြည့်ရင် လီနင်အနေနဲ့ ဘယ်လိုစဉ်းစားတွေးခေါ်ခဲ့တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သိရှိနိုင်ပါတယ်။

ရုရှားအုပ်စိုးသူတွေ အကျပ်တွေ့နေတာ – ရုရှားအလုပ်သမား – လယ်သမား –



စစ်သားတွေ စစ်ပန်းပြီး အုပ်စိုးသူတွေအပေါ် မကျေမချမ်းဖြစ်နေတာ – စတာ စတာတွေနဲ့ နယ်ချဲ့စစ်ကြီးဖြစ်နေလို့ ဘယ်နယ်ချဲ့နိုင်ငံကမှ ရုရှားပြည်တွင်းရေးမှာ ဝင်မစွက်နိုင်လောက်အောင် သူတို့အချင်းချင်း သဲကြီးမဲကြီး စစ်တိုက်နေကြတာရယ်ဆိုတဲ့ ပြည်တွင်းပြည်ပအခြေအနေတွေကို ချက်ကောင်းယူပြီး – လီနင်က ရုရှားပြည်မှာ ဆိုရှယ်လစ်တော်လှန်ရေး လုပ်လိုက်တယ်၊ အောင်ပွဲခံလိုက်တယ်။

ဒါပေမဲ့ ဒီအောင်ပွဲဟာ ဥရောပတတိုက်လုံးက တော်လှန်ရေး (နိုင်ငံတကာ့ ဆိုရှယ်လစ်တော်လှန်ရေးကြီး– မာ့က်စ်တို့မြော်မြင်တွေးခေါ်ခဲ့တဲ့တော်လှန်ရေးကြီးမျိုး) နောက်က လိုက်မလာရင် အဆုံးစွန်အောင်ပွဲဟာ မျှော်လင့်ချက်မရှိ ဖြစ်လိမ့်မယ်လို့ ဒွဲဒိုး (တဲ့တိုး) ကြီးပြောခဲ့တယ်။ အဲဒီတုန်းက ဂျာမဏီဆိုရှယ်လစ်တော်လှန်ရေး ဖြစ်လာတော့မယ်လို့ လီနင်တို့ တွက်ခဲ့ကြတယ်။ ဒါပေမဲ့ မြန်မြန်ဆန်ဆန်ကြီးတော့ ဖြစ်လာမှာ မဟုတ်ဘူးလို့လဲ တွက်ခဲ့တယ်။ ဒါကြောင့် ဒီအစီရင်ခံစာမှာပဲ–

"ဂျာမန်တော်လှန်ရေး ပေါ်ပေါက်မလာလျှင် ကျွန်ုပ်တို့ ရှုံးနိမ့်ပေပြီ။ ဘာပဲပြောပြော ဘယ်လိုအခက်အခဲဆုံးသော အနေအထားကိုမဆို မတုန်မလှုပ်ဘဲ ရင်ဆိုင်နိုင်ရမယ်ဆိုသော ကျွန်ုပ်တို့၏ ယုံကြည်ချက်အားနည်းနည်းမျှ မယိမ်းယိုင်စေနိုင်ပေ။"

"တော်လှန်ရေးသည် ကျွန်ုပ်တို့ မျှော်လင့်သလောက် မြန်ဆန်စွာ ပေါ်ပေါက်လာမည် မဟုတ်ပေ။ ဤသည်ကိုသမိုင်းက သက်သေပြခဲ့သည်။ ကျွန်ုပ်တို့အနေနှင့်လည်း ဤအချက်ကို တကယ့်ဖြစ်ရပ်အဖြစ် လက်ခံနိုင်ရမည်။ ရှေ့တန်းရောက် နိုင်ငံများတွင် ရုရှားနိုင်ငံ၌ တော်လှန်ရေး စတင်သကဲ့သို့ ကမ္ဘာ့ဆိုရှယ်လစ်တော်လှန်ရေး လွယ်လွယ်ကူကူ ပေါ်ပေါက်မလာနိုင်ဆိုသော အချက်ကို အသိအမှတ်ပြုရမည်"

(အထက်ပါ ကိုးကားစာအုပ်မှ)

လီနင် မျှော်လင့် စောင့်စားခဲ့တဲ့ ဂျာမန်ဆိုရှယ်လစ်တော်လှန်ရေးဟာ ၁၉၁၉ ကျတော့ ဖြစ်လာခဲ့ပါတယ်။ ကြာကြာမခံပါဘူး။ ရှုံးသွားပါတယ်။ ရှေ့တန်းရောက် တခြားတိုင်းပြည်တွေမှာလဲ ဆိုရှယ်လစ်တော်လှန်ရေး ဘယ်မှာမှ ဖြစ်မလာပါဘူး။

"ဂျာမန်တော်လှန်ရေးတရပ် မရှိက ကျွန်ုပ်တို့ တတွေ ရှုံးနိမ့်မည်ဆိုသည်မှာ အကြွင်းမဲ့အမှန်တရား" ဟုပင် လီနင်က ပြောခဲ့တာပါ။ ဂျာမန်တော်လှန်ရေးက ဖြစ်တော့ဖြစ်တယ်။ ကြာကြာမခံဘဲ ရှုံးသွားတယ်ဆိုတော့ လီနင်ဘာလုပ်ပါသလဲ။ လက်မြှောက် အရှုံးပေးလိုက်ပါသလား။ အဲဒီလိုမလုပ်ပါဘူး။ တော်လှန်ရေးရဲ့ အဝန်းအဝိုင်းကို တိုးချဲ့လိုက်ပါတယ်။ မဟာမိတ်သစ်တွေ ရှာပါတယ်။

လီနင်က နိုင်ငံတကာ့အရင်းရဲ့ အင်အားလဲဖြစ်၊ တကယ့်ခံကတုတ်လဲဖြစ်တဲ့ နယ်ချဲ့

ဆိုဗီယက်ယူနီယံ ကျဆုံးမှုကိုအကြောင်းပြုပြီး အရင်းရှင် ပညာရှင်တွေ လုပ်နိုင်တာက (အတင့်ရဲရဲ လုပ်နိုင်တာက) ဆိုရှယ်လစ်ဝါဒကို အပုပ်ချရေးပါ။ ရှေ့က နှစ်ပိုင်းဖြစ်တဲ့ အဘိဓမ္မာပိုင်းနဲ့ နိုင်ငံရေးဘောဂဗေဒအပိုင်းကို သူတို့ဆဲရေးတာ လုပ်ချင်လုပ်နိုင်ပါတယ်။ ပညာရှင်ဆန်ဆန် စနစ်တကျ ချေဖျက်ငြင်းပယ်တာမျိုးကိုတော့ မလုပ်နိုင်ကြပါဘူး။ သိပ္ပံပညာ တွေ့ရှိချက်အသစ်တိုင်းက – လူမှုဖွံ့ဖြိုးဖြစ်ပေါ်မှုတိုင်းက ဒီနှစ်ခုကို ချေဖျက်နေတာ မဟုတ်ဘဲ၊ မှန်ကန်ကြောင်း လက်တွေ့သက်သေပြနေတာ ဖြစ်လို့ပါပဲ။

သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒကို အပုပ်ချရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေက လုပ်ခဲ့တဲ့ ဆိုရှယ်လစ်သဘောဆောင်တဲ့ လုပ်ဆောင်မှုတွေကိုပါရောထည့်ပြီး အပုပ်ချနေကြတာ ဖြစ်ပါတယ်။ ဒီထဲမှာ မဆလကျဆုံးမှုကိုလဲ ထည့်သွင်းပြီး ရေးကြပြောကြတာ ရှိပါတယ်။

ဆိုရှယ်လစ်ဆိုတိုင်း မာ့က်စ်ရဲ့ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒ မဟုတ်တာတော့ အထူးအထွေ ရှင်းစရာမလိုဘူး ထင်ပါတယ်။

ဟစ်တလာရဲ့ ဆိုရှယ်လစ်ဝါဒဟာ မာ့က်စ်ရဲ့သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒနဲ့ ဘာမှမဆိုင်သလို စစ်အာဏာရှင်ဝါဒကို ဆိုရှယ်လစ်တံဆိပ် ကပ်ထားတဲ့ နေဝင်းဆိုရှယ်လစ်ဝါဒဟာလဲ ဘာမှမဆိုင်ပါ။

ကျွန်တော်တို့ ပါတီသာလျှင် မဆလဝါဒကို စ – လယ် – ဆုံးဆန့်ကျင်ခဲ့ – ဖွင့်ချခဲ့တာ ဖြစ်တယ်လို့ပြောရင် အပြောလွန်ရာ ကျသွားမယ် မထင်ပါဘူး။

ဒါကြောင့်မို့လဲ ‘မယုံကြည်တော့ကြောင်း’ – ‘မသက်ဆိုင်တော့ကြောင်း’ – ‘သံယောဇဉ်ကင်း ပြတ်စဲပြီဖြစ်ကြောင်း’ စာတိုစာရှည်ရေးပြီး ကြော်ငြာတာ မလုပ်ဘဲ နေနိုင်တာ ဖြစ်ပါတယ်။

ဆိုဗီယက်ယူနီယံရဲ့ ကျဆုံးမှုကိုကြည့်ရင် စီးပွားရေးပိုင်းမှ ပြိုကျမှုဟာ ထင်သာမြင်သာ အရှိဆုံးပါ။ အခုထက်ထိလဲ နာလန်မထူနိုင်သေးပါဘူး။ ခေတ်ကြမ်းရိုက်ကုလို့လဲမရ – အမေရိကန် လက်ဝေခံလုပ်ပြီး ကုလို့လဲ အကျိုးမထူး။ ဆေးအတွက် ပိုလေးသလို ဖြစ်နေတာ အထင်အရှားပါ။

ဒီနေရာမှာ ကြားဖြတ်ပြီး တင်ပြချင်တာက ရုရှားမှာ စီးပွားရေး အခြေခံကောင်းတွေ (လီနင် စတာလင်တို့ရဲ့ ကျေးဇူးကြောင့်) ရှိနေတယ် ဆိုတာပါ။ နာလန်ထလာတဲ့ ရုရှား (အရင်းရှင်ဝါဒရုရှား) ဟာ စူပါတန်းဝင်တဲ့ရုရှား ဖြစ်လာမှာပါ။ ဒါကို အမေရိကန်ရောသူ့အပေါင်းပါတွေပါ ကြောက်ကြပါတယ်။ နာလန်မထတာပဲ ခပ်ကောင်းကောင်းလို့ သဘောထားနေကြတာပါ။ (ရုရှားက ရွေးကောက်ပွဲရလဒ်ကို အမေရိကန်နဲ့ အပေါင်းပါတွေ တုံ့ပြန်ပုံကို ကြည့်ပါ)။

ဆိုရှယ်လစ်စီးပွားရေးတည်ဆောက်မှုဟာ အလွန်ခက်ခဲတဲ့ ကြီးလေးတဲ့ တာဝန်ကြီးပါ။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးစသဖြင့် ဘက်ပေါင်းစုံမှာ မှန်ကန်တဲ့လမ်းစဉ်ပေါ်လစီရှိဖို့ တောင်းဆိုပါတယ်။



နိုင်ငံတကာ့ကွန်မြူနစ်လှုပ်ရှားမှုကြီးရဲ့ကျေးဇူး အများကြီး ပါနေတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

အခုအခါမှာ တခုတည်းကျန်ရစ်တဲ့ ‘မဟာအင်အားကြီးနိုင်ငံ’ ဆိုတဲ့ အမေရိကန် နယ်ချဲ့ဟာ ကမ္ဘာကြီးကို တဦးတည်း ဗိုလ်ကျစိုးမိုးလိုပေမယ့် – ကမ္ဘာ့ပုလိပ်ကြီးလုပ်လိုပေမယ့် – မလုပ်ဝံ့ မလုပ်ရဲ ဖြစ်နေတာဟာ သူ့အနေနဲ့အကြိမ်ကြိမ်ရခဲ့တဲ့ သင်ခန်းစာတွေကြောင့်ပါ။ တခုခုဟောဟောရမ်းရမ်း လုပ်မယ်ကြံတိုင်း “ဗီယက်နမ်သင်ခန်းစာကို မမေ့နဲ့” ဆိုတဲ့အသံကြီးဟာ သူ့ပြည်သူတွေထဲက ဟိန်းပြီးထွက်လာနေတယ် မဟုတ်ပါလား။

“ခဲ့သော်” ဆိုပြီး စဉ်းစားရတဲ့ ကိစ္စတိုင်းဟာ အငြင်းပွားဖွယ်တွေ ဖြစ်လေ့ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ စဉ်းစားတွေးခေါ်မှုမှာ ရှင်းရှင်းလင်းလင်းဖြစ်လာစေဖို့ အဲဒီအငြင်းပွားဖွယ် “ခဲ့သော်”ဆိုတာနဲ့ စဉ်းစားကြည့်ကြပါစို့။

မာ့က်စ် အိန်ဂယ်တို့ စဉ်းစားခဲ့သလို – လီနင်ရဲ့ ၁၉၁၈ ခုနှစ် အစီရင်ခံစာမှာ စဉ်းစားသလို ရှေ့တန်းရောက်တိုင်းပြည်တွေမှာ ဆိုရှယ်လစ်တော်လှန်ရေးတွေ အောင်ပွဲခံခဲ့သော်.....

– ဥရောပကနေ တကမ္ဘာလုံးသို့ နယ်ချဲ့ဝါဒ – ကိုလိုနီဝါဒကို ဖြန့်ချိမှာ မဟုတ်ဘဲ ဆိုရှယ်လစ်ဝါဒကို ဖြန့်ချိပါလိမ့်မယ်။

– နယ်ချဲ့စနစ် – ကိုလိုနီစနစ်လဲ ပေါ်မှာမဟုတ်လို့ ကမ္ဘာစစ်ဆိုတဲ့ အရာလဲ ရှိမှာ မဟုတ်ပါ။

ဒါပေမဲ့ ..... အဲဒီ “ခဲ့သော်”က လက်တွေ့ဖြစ်မလာပါဘူး။ လက်တွေ့ဖြစ်လာတာက နယ်ချဲ့ဝါဒနဲ့ နယ်ချဲ့သမားအချင်းချင်းတိုက်တဲ့ ကမ္ဘာစစ် .....။ အဲဒါကို ချက်ကောင်းယူပြီး ၁၉၁၇ မှာ ခေတ်နောက်ကျတဲ့ ရုရှားမှာ ဆိုရှယ်လစ်တော်လှန်ရေး အောင်မြင်သွားပါတယ်။ ၁၉၄၉ မှာကျတော့ ခေတ်နောက်ကျတဲ့ တရုတ်ပြည်မှာ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး အောင်မြင်ပြန်တယ်။

လီနင်က (အထက်မှာ ကိုးကားထားတဲ့ အစီရင်ခံစာမှာပဲ) ဒီလိုတင်ပြထားပါတယ်။ နိုင်ငံတကာနယ်ချဲ့စနစ်ဟာ အရင်းအင်အားတခုလုံးနဲ့လည်းကောင်း၊ အဆင့်မြင့်မြင့် ဖွံ့စည်းထားတဲ့ စစ်နည်းပညာနဲ့လည်းကောင်း ဆိုဗီယက်တည်ရှိမှု (ဆိုရှယ်လစ်နိုင်ငံတည်ရှိမှု) ကို ဖျက်သိမ်းပစ်ဖို့ လုပ်မှာပဲ။ ဘာကြောင့်လဲဆိုတော့ အရင်းရှင်လူတန်းစားရဲ့ စီးပွားရေး အကျိုးစီးပွားကြောင့် ကူးသန်းရောင်းဝယ်ရေးနဲ့ နိုင်ငံတကာဘဏ္ဍာရေး ဆက်ဆံမှုတွေကြောင့်ပဲလို့ တင်ပြခဲ့ပါတယ်။ ပြီးတော့ ဆက်ပြီးတင်ပြတာက ဒါဟာ ရုရှားတော်လှန်ရေးရဲ့ အကြီးဆုံးအခက်အခဲ၊ အကြီးဆုံးပြဿနာပဲလို့ ဆက်တင်ပြခဲ့ပါတယ်။

လီနင်တင်ပြခဲ့တဲ့အတိုင်း တသဝေမတိမ်း ဖြစ်လာခဲ့ပါတယ်။

ဂျာမဏီနဲ့ တိုက်တဲ့စစ်ကြီးပြီးသွားတာနဲ့ တပြိုင်နက် ရုရှားကို လည်မျိုညှစ်သတ်ဖို့

လုပ်ကြတယ်။

ဒုတိယကမ္ဘာစစ် အပြီးမှာဆိုရင် နယ်ချဲ့သမားတွေဟာ သူတို့အခေါ် "စစ်အေး" ဆိုတာနဲ့ ဆိုရှယ်လစ်ဂိုဏ်းကြီးကို ဝိုင်းပိတ်ခြိမ်းခြောက် အကျပ်ကိုင်ခဲ့တယ်။ "စစ်ပူ" တွေလဲ ကိုရီးယားမှာ၊ ဗီယက်နမ်မှာ၊ လောမှာ၊ ကမ္ဘောဒီးယားမှာ လုပ်ခဲ့တယ်။

တော်တော်ရှည်ရှည်ဝေးဝေး တင်ပြခဲ့ပြီးပါပြီ။ တင်ပြတာတွေကို ချုပ်ပြီးပြောရရင်

– ရှေ့တန်းရောက် တိုင်းပြည်တွေအားလုံးက ဆိုရှယ်လစ်တော်လှန်ရေး တပြိုင်တည်းလုပ်ပြီး – ဆိုရှယ်လစ်တည်ဆောက်မှုကို ပြိုင်ဘက်ကင်းစွာ – အနှောင့်အယှက်မရှိ – ဇောက်ချပြီးလုပ်သွားဖို့ မာ့က်စ်တို့က မြော်မှန်းခဲ့တယ်။

–ဒါပေမဲ့ တကယ်လက်တွေ့ဖြစ်လာတာက ခေတ်နောက်ကျတဲ့ ပဒေသရာဇ်တပိုင်း ရုရှားပြည်နဲ့ တရုတ်ပြည်တို့က ဆိုရှယ်လစ်တော်လှန်ရေးနဲ့ တည်ဆောက်ရေး လုပ်ရတာ ဖြစ်လာတယ်။

–ရှေ့တန်းရောက် တိုင်းပြည်တွေက နယ်ချဲ့အရင်းရှင်နိုင်ငံတွေဖြစ်နေပြီး ဆိုရှယ်လစ်တော်လှန်ရေးနဲ့ တည်ဆောက်ရေးကို ဖျက်လိုဖျက်ဆီးပြုသူတွေ ဖြစ်နေတယ်။

ဒါဟာ ပကတိဘာဝပိုင်းဆိုင်ရာ အကြောင်းအချက် ဖြစ်ပါတယ်။ အကန့်အသတ်လဲ ဖြစ်ပါတယ်။ ဒီပကတိဘာဝဆိုင်ရာ အကြောင်းအချက်ဟာ မကျော်လွှန်နိုင်တဲ့ အကန့်အသတ်တော့ မဟုတ်ပါဘူး။

မှန်ကန်တဲ့ ရှေ့ဆောင်မှုသာရှိရင် ဒီအကန့်အသတ်ကို ကျော်လွှားနိုင်ပါတယ်၊ လီနင်၊ စတာလင်တို့ရဲ့ ရှေ့ဆောင်မှုနဲ့ အောင်အောင်မြင်မြင် ကျော်လွှားနိုင်ခဲ့တဲ့ သမိုင်းသာဓက ရှိခဲ့တာ အထင်အရှားပါ။

ရှေ့တန်းရောက်တိုင်းပြည်တွေရဲ့နောက်မှာ အပြတ်အသတ်ကျန်ရစ်နေတဲ့ ရုရှားပြည်ကို ဆယ်စုနှစ် အနည်းငယ် အတွင်းမှာ တဟုန်ထိုး တိုးတက်လာအောင် လုပ်နိုင်ခဲ့ပါတယ်။ အဲဒီကာလတွေတုန်းကဆိုရင် ဆိုရှယ်လစ်စနစ်ရဲ့ သာလွန်မှုကို ကမ္ဘာ့စီးပွားရေး ပညာရှင်အများက အသိအမှတ်ပြုခဲ့ရတာပါ။

တည်ရှိနေတဲ့ ပကတိဘာဝ အားနည်းချက်ကို အသိအမှတ်ပြုပြီး မိမိရဲ့ အတ္တဘာဝပိုင်းဆိုင်ရာ အားသာချက်ကို ထွန်းကားစေနိုင်ရင် အခက်အခဲ အကန့်အသတ်ဟူသမျှကို ကျော်လွှားနိုင်ပါတယ်။

ခေတ်နောက်ကျတဲ့ တိုင်းပြည်တခုမှာ စစ်မှန်တဲ့ ဆိုရှယ်လစ် တည်ဆောက်မှုကို လုပ်နိုင်ဖို့ဆိုရင် နိုင်ငံရေးရပ်တည်မှုအရ မှန်ကန်ရမယ်။ စီးပွားရေးကို အရှိန်အဟုန်မပျက် တိုးပွားစေရမယ်။ ပြည်သူတို့ရဲ့ စားဝတ်နေမှုကို တစတစ မြင့်တက်နေစေရပါမယ်။

နိုင်ငံရေးရပ်တည်မှု မှန်ကန်ရေးဆိုတာက မိမိကိုစာနာထောက်ခံသူ များစေရမယ်။ ရန်သူကို အထီးကျန်ဖြစ်စေရမယ်ဆိုတာကို ပြောတာပါ၊ ဗိုလ်ကျစိုးမိုးရေး လုပ်နေလို့ကတော့



စာနာထောက်ခံမှု မရနိုင်ပါဘူး။ ရန်သူကိုလဲ အထီးကျန် မဖြစ်စေပါဘူး။ ကိုယ့်ဘက်ကလူကိုတောင် ရန်သူဘက် တွန်းပို့သလို ဖြစ်တတ်တာမျိုးပါ။

ခရုရှက်ဖ်တို့ ဘရက်ဇ္ဇနက်တို့ဟာ အဲဒီလို လုပ်ခဲ့တာပါ။ ခရုရှက်ဖ်တို့ ဘရက်ဇ္ဇနက်တို့ရဲ့ ဆန္ဒစွဲဝါဒကို မျက်ကန်းအကောင်းမြင်ဝါဒလို့ တစုံတရာသော အဓိပ္ပာယ်အရ ပြောနိုင်ပါတယ်။ သူတို့လုပ်သမျှ ဖြစ်ရမယ်လို့ တွက်ခဲ့ပုံပါပဲ။ လုပ်သမျှလဲ အရာရာနဲ့ အကြောင်းကြောင်း ဖြစ်ခဲ့တာချည်းပါပဲ။ ညီအကိုတွေက တစိမ်းပြင်ပြင် ဖြစ်လာတယ်။ မိတ်ဆွေက ရန်သူဖြစ်သွားတယ်။ အထီးကျန်ဖြစ်အောင် အလုပ်ခံရမယ့်သူက အထီးကျန်မဖြစ်ဘဲ ကိုယ်ကအထီးကျန် ဖြစ်လာတယ်။ နောက်ဆုံး သူတို့ခေါင်းဆောင်တဲ့တိုင်းပြည် ကျဆုံးတော့ ဝမ်းနည်းမယ့်သူဝေးလို့ မိကျောင်းမျက်ရည် ကျပြမယ့်သူတောင် မရှိတော့ဘူး။

ဂေါ်ဘာချော့ – ယဲလ်စင်တို့ရဲ့ ဆန္ဒစွဲဝါဒကတော့ အဆုံးစွန် အဆိုးမြင်ဝါဒလို့ ပြောနိုင်ပါတယ်။ သူတို့ပြည်သူတွေက သူတို့ကို အရှုံးပေးရေးသမားများအဖြစ် အခုတလောမှာ မြင်နေကြတာကို ကြည့်ပါ။

ဆန္ဒစွဲဝါဒတိုင်းဟာ ဘယ်သူလုပ်လုပ် ဘယ်နေရာမှာလုပ်လုပ် မှားပါတယ်။ အနုပဋိလောမရုပ်ဝါဒရဲ့ ဆန့်ကျင်ဘက်ပါ။

ဆန္ဒစွဲအမှားတွေ တသီတတန်းကြီးကို အဆက်မပြတ် နှစ်ပေါင်း ၄၀ လောက် လုပ်လာမှတော့ ကျဆုံးရမှာပါပဲ။ ဘာမှ အံ့ဩ စရာမရှိပါဘူး။ ဘယ်လောက်ပဲ အင်အားကြီးကြီး ဘယ်လိုသမိုင်း အစဉ်အလာရှိခဲ့ရှိခဲ့ ကြီးလေးတဲ့အမှား တသီတတန်းကြီးကို ဒီလောက် ကြာရှည်ကြာမျှား လုပ်ခဲ့ရင် ပြိုကွဲကျဆုံးရမှာ ဓမ္မတာပါ။

ပြင်ပက ဖြိုခွဲရေးလုပ်ရပ်တွေ ဖိအားတွေရဲ့ အခန်းမပါဘူးလို့ မဆိုနိုင်ပါဘူး။ ဒါပေမဲ့ ဒါဟာ အဓိက မဟုတ်ပါဘူး။ လီနင် စတာလင်တို့တုန်းက ဒီထက်ပိုဆိုးတဲ့ လုပ်ရပ်တွေ ဖိအားတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ကြံ့ကြံ့ခံ ရပ်တည်နိုင်ခဲ့ရုံမက ပိုပြီးတောင် သန်မာကြီးထွားလာခဲ့ပါသေးတယ်။

ပြင်ပကဖိအားဆိုတာဟာ အတွင်းပိုင်းကအကြောင်းအချက်ပေါ်မှာ အမှီပြုပြီးတော့သာ အစွမ်းပြနိုင်တာပါ။ မျက်မှောက်ကမ္ဘာ့အခြေအနေက လီနင်တို့ခေတ်တုန်းကလို နယ်ချဲ့တွေက တိုက်ရိုက်ကျူးကျော်မှုမျိုး လုပ်နိုင်တဲ့ ကမ္ဘာ့အခြေအနေ မဟုတ်ပါဘူး။

ဆိုဗီယက်ယူနီယံရဲ့ ကျဆုံးမှုကို လွယ်လွယ်ကူကူ သာမန်စကားနဲ့ ပြောရရင် ကိုယ့်ကိုကိုယ် သေကြောင်းကြံသွားတာလို့ပဲ ပြောနိုင်ပါတယ်။

ဆိုဗီယက်ယူနီယံ ကျဆုံးမှုဟာ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ကျဆုံးတာ မဟုတ်ပါ၊ မာ့က်စ်ဝါဒ ကျဆုံးတာ သာပြီးတော့တောင် မဟုတ်ပါ။ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒဟာ မာ့က်စ်ဝါဒရဲ့ အစိတ်အပိုင်းကြီး ၃ ခုထဲက အစိတ်အပိုင်း တခုပါ။ မာ့က်စ်ဝါဒမှာ အနုပဋိလောမရုပ်ဝါဒအပိုင်း၊ နိုင်ငံရေးဘောဂဗေဒအပိုင်းနဲ့ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒအပိုင်းဆိုပြီး ၃ ပိုင်းရှိတာ ဖြစ်ပါတယ်။

ကမ္ဘာကြီးတည်ရှိမှုဟာ ထမ်းပိုးထားသူ တစုံတရာရှိရမယ်ဆိုတဲ့ အခြေခံအားဖြင့် မှားယွင်းတဲ့ သဘောတရား အခြေခံနဲ့ စဉ်းစားတဲ့ အခါက လူသန်ကြီးကထမ်း – လိပ်ကထမ်း ဖြစ်ခဲ့ပါတယ်။ လူ သို့မဟုတ် လိပ်ကကော ဘယ်ပေါ်မှာရပ်နေသလဲဆိုတာ ဆက်တွေးတော့ လုံးချာလည်ကုန်တော့တာပဲ။ တန်ခိုးရှင် ဖြစ်လိုဖြစ် လိပ်ပေါ်လိပ်ဆင့်ပြီး လိပ်သံသရာ မဆုံးတာ ဖြစ်လိုဖြစ် ယောင်ဝါးဝါး ဖြစ်ကုန်မှာပဲ။ အမှန်တရားနဲ့ ကြာလေဝေးလေ ဖြစ်မှာပါ။

သဘောတရားအခြေခံ မှန်ကန်တဲ့အခါကျတော့ သိပ္ပံနည်းကျစမ်းသပ်မှု ဖြစ်လာပြီး ကိရိယာသစ်နဲ့ စမ်းသပ်လေ အမှန်တရား ပိုတွေ့လေ ဖြစ်လာပါတယ်။

သဘောတရားအခြေခံ (အခြေခံ စဉ်းစားတွေးခေါ်ပုံ) ကလဲ သူ့ဖြစ်စဉ်နဲ့သူပါ။ ပထမ တော့ စိတ်ကူးယဉ်၊ နောက်စိတ်ကူးယဉ်နဲ့ သိပ္ပံနည်းကျရောရော – နောက်ဆုံးကျမှ သိပ္ပံနည်း ကျကျ စစ်စစ် ဖြစ်တာမျိုးပါ။ သဘောတရားအခြေခံမှန်ပြီး သိပ္ပံနည်းကျဖြစ်လာတာတောင်မှ အသုံးပြုစမ်းသပ်တဲ့ ကိရိယာက အဆုံးအဖြတ်ပြုပါသေးတယ်။

ကိုပါးနီးကပ်စ် (၁၄၇၃–၁၅၄၃)၊ ကက်ပလာ (၁၅၇၁–၁၆၃၀)၊ ဂယ်လီလီယို (၁၅၆၄–၁၆၄၂)၊ နယူတန်(၁၆၄၂–၁၇၂၇) စသူတွေဟာ အသုံးပြုစမ်းသပ်တဲ့ ကိရိယာတွေဟာ ပိုပြီး အဆင့်မြင့်လာလေ သိပ္ပံပညာကို တဆင့် ပိုမြှင့်တင်လာနိုင်လေ ဖြစ်တာကို သတိပြုရပါမယ်။ အဝေးကြည့်မှန်ပြောင်းတွေ အဆင့်မြင့်လာလေ ပိုပြီးဝေးဝေးမြင် ရှင်းရှင်းမြင် ဖြစ်လာလေ။ အခုဆိုရင် အာကာသမှာ လွှတ်တင်ထားတဲ့ မှန်ပြောင်းတို့၊ ရေဒီယိုမှန်ပြောင်းတို့ စသဖြင့် ကိရိယာက အဆင့်မြင့်လာလေလေ ပိုပြီးဝေးဝေးမြင် ရှင်းရှင်းမြင်ရုံ မကတော့ဘဲ သိပ္ပံပညာ နယ်ပယ်သစ်တွေ ဖြာထွက်လာကာ အဆိုပြုမှု အသစ်တွေ ပေါ်လာနေပါတယ်။ သိပ္ပံပညာဟာ ရှေ့သို့တိုးတက်တာသာမက ဖြာလဲထွက်ပါတယ်။ သိပ္ပံပညာဟာ ရပ်တန့်နေမှာ မဟုတ်သလို အမှန်တရားသိမြင်မှုဟာလဲ တိုးတက်နေရမှာပါ။

ဒီကိစ္စကို တင်ပြနေတာဟာ မာ့က်စ်၊ လီနင်၊ မော်စီတုန်းတို့ ပြောခဲ့တဲ့ အတိုင်းသာလုပ် မမှားဘူးဆိုပြီး ရပ်တန့်နေတဲ့သဘောတရား (တရားသေ) ယူတဲ့ ဆန္ဒစွဲအမှားဖြစ်မှာ စိုးလို့ပါ။

ကျွန်တော်တို့ပါတီမှာ တခါတုန်းက ကာလတော်တော်ကြာကြာ ဘယ်တော့မှ မမှားတဲ့ ယေဘုယျမှုဆိုတာတွေနဲ့ပဲ မွေ့လျော်ဖူးပါတယ်။ သဘောတရားနယ်ပယ်မှာပဲ တဝဲလည်လည် ကျင်လည်နေပြီး ‘လက်တွေ့’ ကိစ္စတွေကို လျစ်လျူရှုတဲ့ အမှားတွေ ဖြစ်ဖူး ပါတယ်။

သူများတွေ လက်တွေ့လုပ်ထားလို့ သဘောတရားဖြစ်လာတာ ကို သတိမထား တော့ဘဲ အဲဒီသဘောတရားပေါ်မှာပဲ လဲလျောင်းပြီး ဗမာပြည်လက်တွေ့ထဲ မဆင်းဘဲနေတော့ အခြေခံသဘောတရား အမှားမျိုးတော့ မှားမသွားပါဘူး။ ဒါပေမဲ့ ဘယ်မှလဲ ခရီးမပေါက်ဘူး ဆိုသလို ဖြစ်ခဲ့ပါတယ်။

လက်တွေ့လုပ်ကြည့်ရင် မှားနိုင်ပါတယ်။ စပြီးလမ်းလျှောက်ရင် ခလုတ်တိုက်တာ၊



ဘာကြောင့်လဲဆိုတော့ ပကတိတည်ရှိနေတဲ့ ကမ္ဘာ့စီးပွားရေးအခြေအနေဟာ ဆိုရှယ်လစ်တည်ဆောက်မှုအတွက် သူ့အလိုလို အခွင့်သာနေတဲ့ အခြေအနေ မဟုတ်ပါဘူး။ ကမ္ဘာ့စီးပွားရေး အသက်သွေးကြောမှန်သမျှဟာ နယ်ချဲ့အရင်းရှင်တွေရဲ့ လက်ထဲမှာပါ။

၂၀ ရာစု နှစ်စကတည်းက အရင်းအနှီးတွေ၊ သယံဇာတတွေ၊ ဈေးကွက်တွေ၊ ဘဏ္ဍာရေး ငွေရေးကြေးရေးတွေ၊ သယ်ယူပို့ဆောင်ရေး ဆက်သွယ်ရေးတွေ၊ နည်းပညာတွေ စတဲ့စတဲ့ အရာအားလုံးဟာ နိုင်ငံတကာ့ အရင်းရှင်တွေရဲ့ လက်ထဲမှာပါ။

ကိုလိုနီတိုင်းပြည်ဘဝကနေပြီး လွတ်လပ်လာကြတဲ့ တိုင်းပြည်တွေဟာ နိုင်ငံရေး အရသာ လွတ်လပ်ပြီး၊ စီးပွားရေးအရ လည်မြို့ညှစ် ခံနေကြရတာပါ။

ဒီတိုင်းပြည်တွေကထွက်တဲ့ သယံဇာတတွေ အားလုံးကို ခြယ်လှယ်နေတဲ့နေရာ၊ ဈေးကွက်ကို အုပ်စီးနေတဲ့ နေရာတွေဟာ – လန်ဒန်မှာ – ပဲရစ်မှာ – အမ်စတာဒမ်မှာ – နယူးယောက်မှာ ဖြစ်နေတာပါ။ ဒါဟာ ကိုလိုနီဝါဒရဲ့ အမွေအနှစ် အကြွင်းအကျန်ပါ။

ဆိုရှယ်လစ်စီးပွားရေး အစို့အညှောက်တွေကို သူတို့နင်းချေဖျက်ဆီးပစ်နိုင်တဲ့ အနေအထားမှာ ရှိနေပါတယ်။

ဒီလိုအခြေအနေမှာ ဆိုရှယ်လစ်စနစ် လုပ်ဆောင်အောင်မြင်ဖို့ ဆိုတာဟာ ဘက်ပေါင်းစုံက မှန်ကန်ကောင်းမွန်နေမှ တော်ရုံကျတာပါ။ မိမိရဲ့အားသာချက်ကို အစွမ်းကုန် ဖွံ့ဖြိုးစေမှ တော်ရုံကျမှာပါ။

ဒီကိစ္စ ဒီမှာရပ်ပြီး တခြားအကန့်အသတ်များကို တင်ပြပါဦးမယ်။

ဆိုရှယ်လစ်တော်လှန်ရေးမှာ ထူးခြားချက် ရှိပါတယ်။ ဓနရှင်တော်လှန်ရေးထက် ပိုပြီးခက်ခဲတဲ့ တာဝန်တွေ ရှိနေပါတယ်။

ဓနရှင်တော်လှန်ရေးမှာ တာဝန်က တခုတည်းပဲ ရှိပါတယ်။ အဲဒီတာဝန်က ပဒေသရာဇ်လူ့အဖွဲ့အစည်းရဲ့ အနှောင်အဖွဲ့ အားလုံးကို ဖယ်ရှားပစ်ဖို့၊ ဘေးပို့ပစ်ဖို့၊ ဖျက်ဆီး ပစ်ဖို့ ဖြစ်ပါတယ်။ သူ့မှာ အရင်းရှင်ဆက်ဆံရေးအသစ် စမ်းသပ်တီထွင်နေစရာ မလိုပါဘူး။ အသင့်ရှိပြီးသားပါ။ ပဒေသရာဇ်စနစ် ဝမ်းကြာတိုက်ထဲမှာပဲ အရင်းရှင်စီးပွားရေး ဖွဲ့စည်းမှု အသစ်တွေက တစတစ ဖန်တီးပြီးသား ရှိနေပါတယ်။ ဒါကြောင့် အရင်းရှင် ဆက်ဆံရေးသစ်တွေ စမ်းသပ်တီထွင်နေစရာ မလိုပါဘူး။

ဆိုရှယ်လစ်တော်လှန်ရေးမှာတော့ ဆိုရှယ်လစ်စီးပွားရေး ဆက်ဆံမှုအသစ်တွေ စမ်းသပ်ရတယ်။ တီထွင်ရပါတယ်။ ဒါက ဓနရှင်လူတန်းစားအာဏာကို ဖယ်ရှင်းပစ်ပြီး ဆိုရှယ်လစ်တော်လှန်ရေးအာဏာ ထူထောင်ရတာထက် အင်မတန်ခက်ပါတယ်။

စမ်းသပ်တီထွင်ရင်း ဘေးအန္တရာယ်အသွယ်သွယ်ကို ကျော်ဖြတ်ကာ ချီတက်ရ တာပါ၊ လမ်းသစ်ထွင်ပြီး ချီတက်ရာမှာ ချောမောပြေပြစ်မှု ရှိနိုင်မှာ မဟုတ်သလို ကွေ့ပတ်ပြီး ချီတက်ရတာတွေ တခါတရံ နောက်ဆုတ်ရတာတွေ ရှိမှာပါ။

မာ့က်စ်တို့ တင်ပြခဲ့စဉ်က ရှေ့တန်းရောက် တိုင်းပြည်တွေ ချီတက်တာတောင်မှ ပထမအဆင့်နဲ့ ဒုတိယအဆင့် ဆိုပြီး (၂) ဆင့် ခွဲကာ ချီတက်ရမှာလို့ မြော်မြင်ခဲ့ပါတယ်။

အခု တရုတ်ပြည်ကွန်မြူနစ်ပါတီက သူ့လက်တွေ့ အတွေ့အကြုံအရ ပထမအဆင့်မှာကိုပဲ ပဏာမအဆင့်ဆိုပြီး ထပ်ခွဲလိုက်ရပါတယ်။

ခေတ်နောက်ကျဆဲ နိုင်ငံတွေက ချီတက်နေရတာမို့လဲ ပိုခက်ပါတယ်။ ဖွံ့ဖြိုးပြီး အရင်းရှင်ကမ္ဘာက ဝိုင်းဝန်းပိတ်ဆို့ထားတာ ကြုံရရင် ကိုယ်ကတံခါးဖွင့်ချင်ဦးတော့ ရတာ မဟုတ်ပါ။ ငြိမ်းချမ်းစွာယှဉ်တွဲ နေချင်ဦးတော့ တဖက်ကရန်လုပ်နေရင်လဲ အခက်သား။ ဒါတွေဟာ ကျွန်တော်တို့ မျက်မှောက်မှာ ဖြစ်နေတာ၊ တွေ့နေရတာတွေပါ။ စဉ်းစားတွေးခေါ် ကြည့်တတ်မှ မြင်နိုင်တဲ့အရာ မဟုတ်ပါ။

အမေရိကန် ကျူးကျော်တဲ့စစ်ကို ခုခံတိုက်ခိုက်ရတုန်းက ဗီယက်နမ်ဟာ သေကြေဒဏ်ရာရသူ စစ်သားရော အရပ်သားပါ သန်းပေါင်းများစွာ ရှိပါတယ်။ မတိကျတဲ့စာရင်းအရ ၇ သန်းကျော်ပါ။ အတိအကျရဖို့ကလဲ မလွယ်ပါဘူး။ ကိုယ့်တိုင်းပြည်ထဲမှာပဲ ကိုယ်ရှာမရတဲ့ ပျောက်ဆုံးသူတွေကလဲ မနည်းပါဘူး။ ဒါပေမဲ့ သူတို့အမေရိကန်စစ်သား ထောင်ဂဏန်းလောက် အရေအတွက် ပျောက်နေလို့ဆိုပြီး စီးပွားရေး၊ သံတမန်ရေး အကျပ်ကိုင်တာ ခံနေရပါတယ်။

ဘုရားဝတ်ပြုနေသူတွေကို အစုလိုက်အပြုံလိုက် ပစ်သတ်တာ သိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေမှာဖြစ်တော့ လူ့အခွင့်အရေးဆိုတဲ့စကား အမေရိကန်နယ်ချဲ့ဆီက တခွန်းမှ မဟပါဘူး။

နှစ်ပေါင်းရာချီပြီး ဘုရင်ခံက ထင်သလို အုပ်ချုပ်နေခဲ့တဲ့ ဟောင်ကောင်ကို ပိုင်ရှင် အစစ်အမှန်လက်ထဲ ပေးရခါနီးကျမှ ဒီမိုကရေစီစကား တဖောင်ဖောင် ပြောနေတာကကော ဘယ်လိုပြောမလဲ။

ဖိနှိပ်သူနဲ့ ဖိနှိပ်ခံ၊ သွေးစုပ်သူနဲ့ သွေးစုပ်ခံတွေရှိတဲ့ လောကကြီးမှာ ဖိနှိပ်သွေးစုပ်တဲ့ လူတန်းစားက တရား၏ မတရား၏ဆိုတဲ့ ပေတံနဲ့တိုင်းပြီး လုပ်ကြတာ မဟုတ်ဘူးဆိုတာ မျက်ဝါးထင်ထင် တွေ့မြင်နေရတာပါ။

ကျူးဘားဟာ နှစ်ရှည်လများ ဝိုင်းဝန်းပိတ်ဆို့ထားတာခံရပြီး ဆိုဗီယက်ယူနီယံကလဲ သစ္စာဖောက် သစ်စိမ်းချိုးချိုးတာခံရလို့ ဆင်းရဲဒုက္ခ တွေ့နေပါတယ်။ ဒါကို ဆိုရှယ်လစ်စနစ်ရဲ့ ကျဆုံးခန်းဆိုပြီး အမေရိကန်နယ်ချဲ့က ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတယ် မဟုတ်ပါလား။

သိပ္ပံနည်းကျ ဆိုရှယ်လစ်လောကသို့ စမ်းတဝါးဝါး ချီတက်နေရတာဟာ သဘာဝကျကျ ဖြစ်နေတာပါ၊ အဆုံးစွန်စကားကို ပြောပါမယ်။ စမ်းသပ်တီထွင်မှုတိုင်းဟာ အောင်မြင်ချင်မှလဲ အောင်မြင်မှာပါ။ မအောင်မြင်ရင် နောင်အတွက် သင်ခန်းစာရတာဖြစ်ပြီး အောင်မြင်ရင်တော့ နောင်မှာ ကျွန်တော်တို့ လိုက်နာလုပ်ဆောင်ရမယ့် အတွေ့အကြုံဖြစ်စေမှာပဲလို့ သဘောထားရပါမယ်။



သိပ္ပံပညာတွေ့ရှိမှုတိုင်းဟာ လက်တွေ့စမ်းသပ်တာတွေ အကြိမ်ပေါင်းများစွာ လုပ်ပြီးမှ အောင်မြင်မှုရတာပါ။ ဒီနေ့ လူအများသုံးနေတဲ့ လျှပ်စစ်မီးသီးထဲက မီးလင်းတဲ့ သတ္တုမျှင်ကလေးရဖို့ ကိစ္စကလေးမှာ အယ်ဒီဆင်ဟာ ပစ္စည်းအမျိုးအမည် များစွာနဲ့ အကြိမ်ပေါင်းထောင်သောင်းချီပြီး စမ်းသပ်ခဲ့ရတာ၊ နောက်ဆုံးကျမှ အောင်မြင်တာလို့ မှတ်သားဖူးပါတယ်။

သန်းပေါင်းများစွာရှိတဲ့၊ လူတန်းစား လူ့အလွှာအရလဲ အများကြီး ကွဲပြားနေတဲ့ လူမှုလောကကြီးကို ပြုပြင်ပြောင်းလဲဖို့ အတွက် (သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒကို အကောင်အထည်ဖော်ဖို့) လုပ်ရတာဟာ ပိုခက်မယ်ဆိုတာ လူတိုင်းတွေးကြည့်နိုင်ပါတယ်။

နလပိန်းတုံးတချို့က လူတွေကို အသုံးပြုပြီး သိပ္ပံပညာ စမ်းသပ်မှုတော့ မလုပ်သင့်ဘူးလို့ ရေးတာလဲ တွေ့ရပါတယ်။ သဘောကတော့ လူတွေသေကြေဒုက္ခမရောက်ပါစေနဲ့ပေါ့။ သေသေချာချာ စဉ်းစားကြည့်တော့ “အရင်းရှင်စနစ်အောက်မှာပဲနေကြ – နယ်ချဲ့စနစ်အောက်မှာပဲ ထာဝစဉ်နေကြ” လို့ ပြောတာပါ။ အရင်းရှင်စနစ် – နယ်ချဲ့စနစ်အောက်မှာ လူတွေဘယ်လောက်တောင် သေခဲ့ရပြီလဲ။ လူကို ကျွန်ကုန်ကူးလို့ သေခဲ့တာတွေ၊ ဒေသခံတိုင်းရင်းသားတွေ – လူမျိုးပျောက်အောင် သတ်ဖြတ်ခံခဲ့ရတာတွေ (အမေရိကန်တောင်/မြောက် – ဩစတြေးလျစတာတွေမှာ ) ကိုလိုနီစစ်ပွဲတွေ ကမ္ဘာစစ်ကြီး ၂ ခုနဲ့ ကိုရီးယားစစ်၊ ဗီယက်နမ်စစ်များ – အခုထက်ထိ ဖြစ်နေတဲ့ နယ်ချဲ့ဝါဒရဲ့ ခြေရောလက်ရောပါနေတဲ့စစ်များ – ဒါတွေမှာ သေနေကြတာ နည်းသေးသလား။

ဖက်ဆစ်စနစ်လက်သစ်တွေ အခု ခေါင်းပြန်ထောင်နေပြန်ပြီ။ ဖက်ဆစ်စနစ်ဟောင်းတုန်းက သေခဲ့ရတာတွေကိုလဲ မမေ့ပျောက်သင့်ပါဘူး။ ဖက်ဆစ်ဝါဒဆိုတာဟာ အရင်းရှင်စနစ်ရဲ့ ထုတ်လုပ်မှု နယ်ချဲ့စနစ်ရဲ့ ပုံစံတခုဆိုတာလဲ သတိရသင့်ပါတယ်။

ဒါကြောင့် အရင်းရှင်စနစ် နယ်ချဲ့စနစ်ကို ဇာတ်သိမ်းပစ်ဖို့ မုချလုပ်ရပါမယ်၊ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒကို တည်ဆောက်ရပါမယ်။ စမ်းသပ်မှုတွေ လုပ်ရပါမယ်။ သိပ္ပံနည်းကျ ဆိုရှယ်လစ်လောကသို့ မုချ ချီတက်ရပါမယ်။

ဒီမှာတင်ပြနေတာဟာ မှန်ကန်တဲ့သဘောထားနဲ့ စမ်းသပ်တီထွင်မှုကို ပြောတာပါ။ ဟစ်တလာရဲ့ နာဇီဝါဒ ဆိုရှယ်လစ်ဟာ စမ်းသပ်မှုမဟုတ်ပါဘူး၊ လှည့်ဖြားမှုပါ၊ ဦးနေဝင်းရဲ့ မဆလဟာလဲ ဒီလိုပါပဲ၊ လှည့်ဖြားမှုပါ။ စစ်အုပ်စုရဲ့ ဗျူရိုကရက် အရင်းအနှီးစုဆောင်းမှုကို ဖုံးကွယ်ဖို့ ဆိုရှယ်လစ်စကားနဲ့ လှည့်ဖြားတာပါ။

မှန်ကန်တဲ့သဘောတရား အခြေခံ (သိပ္ပံနည်းကျတွေးခေါ်မှု) မရှိတဲ့ လုပ်ဆောင်ချက်တိုင်းကို စမ်းသပ်မှုလို့ ပြောလို့ မဖြစ်ပါဘူး။

မှန်ကန်တဲ့သဘောတရား အခြေခံ (သိပ္ပံနည်းကျတွေးခေါ်မှု) မရှိတဲ့ လုပ်ဆောင်ချက်တိုင်းဟာလဲ အောင်မြင်မှုသို့ (တဆင့်မြင့်သော အမှန်တရားသို့ ) မရောက်ရှိနိုင်ပါဘူး။

ရှင်းလင်းအောင် ဥပမာနည်းနည်း တင်ပြချင်ပါတယ်။

ရှိရေးတွေကို ဘယ်နယ်ချဲ့သမားက တခွန်းဟခဲ့ပါသလဲ။ "လူ့အခွင့်အရေး" အကြောင်းလဲ မပြောခဲ့ရုံမက လူ့အခွင့်အရေးချိုးဖောက်တဲ့ လုပ်ငန်းတွေမှာ အကူအညီ ပေးနေခဲ့ပါတယ်။

နဝတဘက်ကို ပြောမယ်ဆိုရင်လဲ....

နယ်ချဲ့လက်သစ်ဆိုတာဟာ ၁၉၈၈ ခုနှစ်ကျမှပေါ်တာ မဟုတ်ပါဘူး။

(နဝတ) ခေါင်းဆောင်များ မူလတန်းကျောင်းသားအရွယ်ကတည်းက ရှိနေတာပါ။ သူတို့တတွေ အလယ်တန်းကျောင်းသား အထက်တန်းကျောင်းသား၊ တက္ကသိုလ်ကျောင်းသား ဘဝက ဗီယက်နမ်မှာ နယ်ချဲ့ကျူးကျော်မှုကြီး ဖြစ်နေတာပါ။ ဗမာပြည်ကိုယ်တိုင်ကလဲ ကေအမ်တီ ကျူးကျော်မှုကို ခံနေရတာပါ။ အဲဒီတုန်းက သူတို့တတွေကို နယ်ချဲ့ဆန့်ကျင်ရေး ပြည်သူ့တိုက်ပွဲတွေမှာ မတွေ့ပါဘူး။ နောက်ပိုင်း စစ်ဗိုလ်တွေ ဖြစ်လာတော့လဲ "နယ်ချဲ့ဆန့်ကျင်ရေး" စကားပြောတာ မကြားခဲ့ရပါဘူး။ ၁၉၈၈ စက်တင်ဘာ (၁၈) ရက် နောက်ပိုင်းကျမှ စပြီး ပြောကြတာပါ။

နယ်ချဲ့လက်သစ်ဆန့်ကျင်ရေး စကားကို အပြောများသူတွေကလဲ (နဝတ) ထဲမှာ အခွင့်အာဏာ အများဆုံး ယူထားသူတွေပဲ အပြောများပါတယ်။ တခြား (နဝတ) ဝင်တွေကတော့ မပြောကြပါဘူး။ ပြောရမှာ လိပ်ပြာမသန့် ဖြစ်ကြဟန် တူပါတယ်။

အမေရိကန် – အင်္ဂလိပ်စတဲ့ နယ်ချဲ့သမားတွေက ဗမာပြည်ရဲ့ 'ဒီမိုကရေစီရေး – လူ့အခွင့်အရေး' အတွက် ဖြုန်းစားကြီး ထပြောလာကြတာရဲ့ တကယ့်အဓိပ္ပာယ်က ဘာလဲ?

(နဝတ) ခေါင်းဆောင်တွေ ခါတော်မီ နယ်ချဲ့ဆန့်ကျင်ရေးသမားတွေ ဖြစ်လာတာက ဘာကြောင့်လဲ?

အမေရိကန် – အင်္ဂလိပ်တို့က ဗမာပြည်ရဲ့ ဒီမိုကရေစီရေး– လူ့အခွင့်အရေး ပြောလာတာရဲ့ အဓိပ္ပာယ်ကို ပထမဆုံး ခွဲခြမ်းစိတ်ဖြာကြည့်ရင် –

– ဆိုဗီယက်ယူနီယံပြိုကွဲပြီး နောက်ပိုင်းမှာ ချမှတ်လာတဲ့ အမေရိကန်ဦးဆောင်တဲ့ နယ်ချဲ့သမားများရဲ့ သေနင်္ဂဗျူဟာ အပြောင်းအလဲနဲ့ ဆက်စပ်တယ်ဆိုတာ တွေ့ရပါတယ်။

– သေနင်္ဂဗျူဟာသစ်အရ ကွန်မြူနစ်ဝါဒ ဆန့်ကျင်ရေး မြားဦးကို တရုတ်ပြည်ဘက်သို့ ပြောင်းလာခြင်း။

– အဲဒီလို ပြောင်းလာတာကြောင့် နယ်ချဲ့သမားတွေရဲ့ တွက်ကိန်းထဲမှာ ဗမာပြည်ရဲ့ အရေးဟာ ရှေ့တန်းသို့ ရောက်လာတာပါ။ သမိုင်းကြောင်းကို ပြန်ကြည့်ရင်လဲ အင်္ဂလိပ် နယ်ချဲ့သမား – ဂျပန်ဖက်ဆစ်နယ်ချဲ့သမားတွေ ဗမာပြည်အရေးကို ဘယ်လိုစတင် စိတ်ဝင်စားခဲ့ကြတယ်။ ဘာကြောင့် ဗမာပြည်အရေးမှာ ပါလာကြတယ်ဆိုတာကို တွေ့ရမှာပါ။ အကျယ်ချဲ့ပြီး ရေးရင် သိပ်ရှည်လျားသွားပါလိမ့်မယ်။

ချုပ်ပြီးပြောရရင်တော့ နယ်ချဲ့သမားများဟာ ဗမာပြည်ရဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အတွက် ဗမာပြည်အရေးကို စိတ်ဝင်စားတာ မဟုတ်ဘဲ၊ ကွန်မြူနစ်ဝါဒ ဆန့်ကျင်ရေး



လဲတာ ရှိချင်ရှိမှာပေါ့။ ဒါပေမဲ့ မလျှောက်ရင် ခရီးမပေါက်ဘူးဆိုတော့ စမ်းလျှောက်ကြည့်ရမှာပဲ။ လဲရင်ထ၊ မှားရင်ပြင်ဖို့ပဲ လိုပါတယ်။

ကျွန်တော်တို့ပါတီဟာ ဗမာပြည်နိုင်ငံရေးလောကမှာ သဘောတရားနဲ့ လက်တွေ့ ပေါင်းစပ်ရာမှာ ကျွမ်းကျင်ခဲ့တဲ့ ပါတီပါ။ သခင်သန်းထွန်းဟာ သဘောတရားကို လက်တွေ့အဖြစ် ဆောင်ရွက်ရာမှာ အလွန်စေ့စပ်သေချာသူ – လာဘ်မြင်သူအဖြစ် နိုင်ငံရေးလောက က အသိအမှတ်ပြု ခံရသူပါ။ သဘောတရားတွေ တွင်တွင်ရွတ်ပြီး လက်တွေ့မှာ ဘာမှမဖြစ်မြောက်တဲ့ သခင်စိုးရဲ့ "အလံနီ" ဂိုဏ်းမျိုး မဟုတ်ပါဘူး။

ဒါပေမဲ့ တခါတုန်းကတော့ ပါတီဟာ အဲဒီအမှားမျိုး ကျူးလွန်ဖူးပါတယ်။ သဘောတရားတွေ ယေဘုယျ အမှန်တရားတွေပေါ်မှာ လဲလျောင်းနေရင် အန္တရာယ်ကင်းတယ်။ လက်တွေ့ စမ်းသပ်လုပ်ကြည့်ရင် ဖြုတ် – ထုတ် –သတ် ဘေးတွေ့မယ်ဆိုပြီး မလုပ်ရဲ မကိုင်ရဲ ဖြစ်ကုန်တာပါ။

အခု ဒီအပိုင်းကို နိဂုံးချုပ်ပါတော့မယ်။

လူသားတွေ အမြင့်ဆုံး ရရှိနိုင်တဲ့ လူမှုစနစ်ဟာ အရင်းရှိသူက အရင်းမဲ့သူကို – ပစ္စည်းရှိသူက ပစ္စည်းမဲ့သူကို သွေးစုပ်နိုင်တဲ့ အရင်းရှင် လူမှုစနစ်၊ အာဏာရှိသူက အာဏာမဲ့သူကို ဖိနှိပ်နိုင်တဲ့ – အားကြီးသူက အားငယ်သူကို အနိုင်ကျင့်နိုင်တဲ့ အရင်းရှင်စနစ် မဖြစ်သင့်ပါဘူး။ ဖြစ်လဲ မဖြစ်ထိုက်ပါဘူး။

လူသားတွေဟာ အဲဒီထက်မြင့်တဲ့ စနစ်နဲ့ ထိုက်တန်ပါတယ်။ လူ လူချင်း သွေးစုပ် ဖိနှိပ်မှုကင်းတဲ့ စနစ်ကို ရထိုက်ပါတယ်။ အဲဒီစနစ်ဆီသို့ ကွန်မြူနစ်တွေ ချီတက်နေပါတယ်။ မျိုးဆက် တဆက်ပြီးတဆက် ရာစုနှစ်နဲ့ချီပြီး လက်ဆင့်ကမ်း ချီတက်ရစေဦးတော့ ချီတက်ဖို့ သန္နိဋ္ဌာန် ချထားရမှာပါ။ အဲဒီစနစ်သစ်သို့ရောက်ဖို့ ရှေ့သို့ တဆင့်ပြီးတဆင့်၊ တလှမ်းပြီးတလှမ်း စဉ်ဆက်မပြတ် ချီတက်နိုင်အောင် ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

## (အပိုင်း နှစ် )
## မပြီးဆုံးသေးတဲ့ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး

ဗမာပြည်ရဲ့ ပကတိအခြေအနေအရ ဗမာပြည်တော်လှန်ရေးဟာ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး အဆင့်မှာပဲ ရှိပါသေးတယ်။ ဒီနေ့လို အခြေအနေမျိုးမှာ ဆိုရှယ်လစ်တော်လှန်ရေး ဆင်နွှဲဖို့ပြောရင် အဲဒါဟာ စကားကြီးစကားကျယ်ပြောပြီး တော်လှန်ရေး မီးရှူးမီးပန်းလွှတ်တာ သော်လည်းကောင်း၊ "ဆိုရှယ်လစ်တော်လှန်ရေး" ဆိုတဲ့ အရေကိုခြုံပြီး အတုအယောင် ဆိုရှယ်လစ်စနစ်တခု ထူထောင်တာသော်လည်းကောင်း ဖြစ်ရပါမယ်။

ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး အဆင့်မှာ ဖြေရှင်းရမယ့်တာဝန်ကြီး ၃ ရပ်ဖြစ်တဲ့ – နယ်ချဲ့ဝါဒ လွှမ်းမိုးမှုအောက်မှ နိုင်ငံရေး၊ စီးပွားရေးစသဖြင့် လုံးဝလွတ်မြောက်ရေး – ပဒေသရာဇ်မြေရှင်စနစ် အကြွင်းအကျန်များကို အကုန်အစင် လုံးဝဖျက်သိမ်းပစ်ရေးနဲ့ ဗျူရိုကရက် အရင်းရှင်စနစ် (လက်ရှိအားဖြင့်ပြောရင် စစ်အုပ်စု ဗျူရိုကရက် အရင်းရှင်စနစ်) ကို တိုက်ဖျက်ပစ်ရေး တာဝန်တွေကို ထမ်းဆောင်ရပါမယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပါတီစတင် တည်ထောင်ကတည်းက ဒီတာဝန်ကြီး ၃ ရပ်ကို ထမ်းဆောင်ခဲ့ပါတယ်။ နှစ်ပေါင်း ၅၅ နှစ် ရှိခဲ့ပါပြီ။ ရှေ့မှာလဲ ဆယ်စုနှစ်နဲ့ချီပြီး ဒီတာဝန်ကို ထမ်းဆောင်ရလိမ့်ဦးမယ်လို့ မျှော်လင့်ထားနိုင်ပါတယ်။

ပါတီရဲ့ ၅၅ နှစ်ခရီးကို ပြန်ပြောင်းကြည့်ရင် ဒီတာဝန်ကြီး ၃ ရပ်ကို တစုံတရာ အောင်မြင်အောင် ထမ်းဆောင်နိုင်ခဲ့တာ ရှိသလို မိမိရဲ့ ခေါင်းဆောင်မှုဆိုင်ရာ ချို့တဲ့မှားယွင်းမှုကြောင့် မအောင်မြင်ခဲ့တာတွေလဲ အများအပြား ရှိပါတယ်။

ပါတီက ကျူးလွန်ခဲ့တဲ့ အမှားတွေအားလုံးဟာ ဘယ်တုန်းကမှ ‘ရပ်တည်မှု’ ဆိုင်ရာ အမှား မဟုတ်ခဲ့ပါဘူး။ နယ်ချဲ့ဘက်က ရပ်တည်ပြီး တမျိုးသားလုံးကို ဆန့်ကျင်တဲ့အမှား၊ ပဒေသရာဇ်မြေရှင်ဘက်ကရပ်ပြီး လယ်သမားကို ဆန့်ကျင်တဲ့အမှား၊ ဗျူရိုကရက် အရင်းရှင်တွေဘက်ကရပ်ပြီး ပြည်သူတွေကို ဆန့်ကျင်တဲ့ အမှားမျိုး ဘယ်တုန်းကမှ မမှားခဲ့ပါဘူး။

ရန်သူကို အလွန်အကျွံ တိုက်ပွဲဆင်မိတဲ့ အမှား (သို့မဟုတ်) လျှော့ပြီးတွက်ကာ လျှော့ပြီးတိုက်မိတဲ့အမှား အဲဒီလို အမြင်နဲ့ နည်းနာပိုင်းဆိုင်ရာ အမှားမျိုးကိုပဲ ကျူးလွန်မိတာ ရှိခဲ့ပါတယ်။

မှားမှန်းသိတာနဲ့ ပြင်လိုက်တာပါပဲ။

အင်္ဂလိပ်နယ်ချဲ့စနစ်ရဲ့ ကိုလိုနီဘဝက လွတ်လပ်ရေးအတွက်နဲ့ ဖက်ဆစ်ကျွန်ဘဝက လွတ်မြောက်ရေးအတွက် ပြည်သူများနဲ့အတူ ရှေ့တန်းက တိုက်ခဲ့ပါတယ်။ ဒါဟာ နယ်ချဲ့ဆန့်ကျင်ရေးတာဝန်မှာ အောင်မြင်မှုပါ။ ဒီအောင်မြင်မှုအတွက် ပါတီက ဂုဏ်ယူနေမှာပါ။

ဒုတိယကမ္ဘာစစ်ကြီးအပြီး နောက်ပိုင်းနှစ်တွေမှာ ကိုလိုနီဘဝ ကျရောက်နေကြတဲ့ တိုင်းပြည်အားလုံးလောက် ကိုလိုနီဘဝက လွတ်လပ်လာခဲ့ကြပါတယ်။ အားလုံးလောက်ဟာလဲ ဗမာပြည်လို နိုင်ငံရေးအရသာ လွတ်လပ်လာကြတာဖြစ်ပြီး စီးပွားရေးအရ လွတ်လပ်မှု မရှိကြပါဘူး။

ကျွန်တော်တို့ တိုင်းပြည်ဆိုရင် အင်္ဂလိပ်နယ်ချဲ့ပိုင် လုပ်ငန်းများကိစ္စ၊ ကြွေးမြီကိစ္စ၊ ကာကွယ်ရေးကိစ္စတွေမှာ အနှောင်အဖွဲ့တွေ ခံခဲ့ရပါတယ်။

လွတ်လပ်ရေးရခဲ့တာလဲ နှစ်ပေါင်း ၄၀ ကျော် ၅၀ နီးပါးရှိပြီဖြစ်လို့ – လျော်ကြေးပေးပြီး သိမ်းတာတွေလဲ သိမ်းပြီးပြီ၊ ကြွေးမြီကိစ္စလဲ ဆပ်လို့ပြေတန်သလောက် ပြေကုန်ပြီ၊ ကာကွယ်ရေးကိစ္စ အချုပ်အနှောင်ကလဲ ပျက်ပြယ်သွားခဲ့ပြီဆိုတော့ ဟိုတုန်းက အနှောင်အဖွဲ့တွေ အခုမရှိ



တော့ဘူးလို့ ပြောလို့ရပါတယ်။

ဒါပေမဲ့ နိုင်ငံတကာ နယ်ချဲ့စနစ်အပေါ် မှီခိုနေရမှုကတော့ မလွတ်သေးပါဘူး။ လွတ်လပ်ရေး ရလာကြတဲ့ ကမ္ဘာ့တောင်ဘက်ခြမ်း နိုင်ငံတွေနည်းတူ စီးပွားရေးအရ ဘက်ပေါင်းစုံမှာ ခြယ်လှယ်ခံနေရဆဲ ဖြစ်ပါတယ်။

ကျွန်တော်တို့တိုင်းပြည်မှာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး ရှိအောင်လုပ်ပြီး နယ်ချဲ့သမားတွေအပေါ် မှီခိုနေရမှု – နယ်ချဲ့ရဲ့ ခြယ်လှယ်ခံနေရမှုတို့မှ လွတ်လပ်ပြီး ဖွံ့ဖြိုးတဲ့ တိုင်းပြည်ဖြစ်အောင် တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ စီးပွားရေးအရ မလွတ်လပ်သေးသမျှ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဟာ မပြည့်စုံသေးပါဘူး။ နယ်ချဲ့ စနစ်ကို ဆက်လက်တိုက်ပွဲ ဝင်ကြရဦးမှာ ဖြစ်ပါတယ်။

## <u>နဝတပြောတဲ့ “နယ်ချဲ့ဆန့်ကျင်ရေး”</u>
## နဲ့
## <u>နယ်ချဲ့သမားတွေပြောတဲ့“လူ့အခွင့်အရေး”</u>

၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့နောက်ပိုင်းမှာ အမေရိကန် နယ်ချဲ့သမား အပါအဝင် နယ်ချဲ့နိုင်ငံတွေဟာ “ဗမာပြည်ရဲ့ လူ့အခွင့်အရေး မှတ်တမ်း” မကောင်းဘူးဆိုတာကို ဗြုန်းကနဲ တွေ့သွားပါတယ်။

လွန်ခဲ့တဲ့ နှစ်အစိတ် သုံးဆယ်က မဆလ စစ်အစိုးရက (၇) ရက်ဇူလိုင် လူသတ်ပွဲ၊ ၆၇ လူသတ်ပွဲများနဲ့ ၇၄–၇၅ လူသတ်ပွဲ တွေ တခြိမ်းခြိမ်းလုပ်နေတုန်းက လူ့အခွင့်ရေးမှတ်တမ်း မကောင်းတာ ဒီမိုကရေစီ မရှိတာကို သူတို့မတွေ့ခဲ့ပါဘူး။ ၈၈ ခုနှစ် စက်တင်ဘာ (၁၈) ရက် နောက်ပိုင်းမှာမှ တွေ့သွားတာပါ။ မထူးဆန်းဘူးလား။

နဝတ စစ်အစိုးရကလဲ အဲဒီရက်ပိုင်းကျမှပဲ “နယ်ချဲ့လက်သစ်” ကို တွေ့သွားပါတယ်။ ဒါကလဲ ထူးဆန်းမှု တခုပါ။

အခုတော့ ‘နယ်ချဲ့လက်သစ်’ ကတဖက်နဲ့ ‘လက်သစ်နယ်ချဲ့ဆန့်ကျင်ရေးသမား’ တို့ကတဖက် စကားစစ်ထိုးပွဲကြီး ဖြစ်နေပါတယ်။

လူသတ်ပွဲတွေကို (မဆလ) စစ်အစိုးရက တခြိမ့်ခြိမ့်လုပ်နေတုန်းက မဆလဟာ စစ်အုပ်စု တပါတီအာဏာရှင်စနစ်ကို ‘အခြေခံဥပဒေ’တွေဘာတွေရေးပြီး ပြောင်ပြောင် တင်းတင်း လုပ်နေတာပါ။ အဲဒီတုန်းက ဗမာပြည်မှာ ဒီမိုကရေစီရှိရေး၊ ပါတီစုံဒီမိုကရေစီစနစ်

ကျွန်တော်တို့ ပါတီကတော့ နံပါတ်ဝမ်းနဲ့တူး ဘယ်သူဖြစ်မယ်ဆိုတာထက် ဒေါက်တာမောင်မောင်ပြောတဲ့ သမဂ္ဂအဆောက်အဦကို တပျော်တပါး ပြန်လည်တည်ဆောက်ရေး ဘယ်တော့ဖြစ်မလဲ ဆိုတာကို ပိုစိတ်ဝင်စားပါတယ်။

လက်နက်ကိုင်တိုက်ပွဲကို ကိုယ်ကစပြီးတိုက်ဖို့ ပြင်ထားတဲ့ ပါတီဆိုရင် မတ်လ ၂၈ ရက်မှာ တပြည်လုံးရှိတဲ့ ပါတီဝင် တဝက်ကျော် (အရေးပါတဲ့ ပါတီဝင်တွေအများကြီးပါဝင်တယ်) ကို ဘယ်မိပ့်ါမလဲ။

ဦးကျော်ငြိမ်းတို့ စီစဉ်ထားသလို စောစောသာ ဖမ်းဖြစ်ခဲ့ရင်လဲ အားလုံးလောက် မိကုန်မှာပါ။

ဒီနေရာမှာ ဦးနေဝင်းရဲ့ ပြောဆိုချက်ကို ကိုးကားချင်ပါတယ်။ ၆၃ စေ့စပ်ဆွေးနွေးပွဲကာလရဲ့ အစပိုင်း (စိတ်ကြည်လင်နေတုန်းမှာ) ဗိုလ်နေဝင်းက ဒီလိုပြောပါတယ်။ "ကိုကျော်ငြိမ်းက ကွန်မြူနစ်တွေ ရန်ကုန်ကိုသိမ်းဖို့ ပြင်နေတယ်။ ပါတီဗဟိုဌာနချုပ် အထက်ထပ်မှာ လက်နက်အပြည့်အစုံနဲ့ တပ်ရင်းတရင်း ဝှက်ထားတယ်လို့ ပြောလာလို့ ကျွန်တော်က ကိုကျော်ငြိမ်းရာ ဒီအပေါင်ဆိုင် (စစ်ကြီးမဖြစ်မီက အပေါင်ဆိုင်လုပ်ခဲ့တဲ့ အဆောက်အဦ) အထက်ထပ်မှာ ဘယ့်နှယ်လုပ် တပ်ရင်းတရင်းနေလို့ ရပ့ါမလဲ" လို့ ပြောခဲ့ရတယ်တဲ့။

"ဗားဂရာချောက်" ကိစ္စကတော့ ဗမာပြည်မှာ ချောက်တွေ မရှားပါဘူး။ ဘာကြောင့် ဗားဂရာချောက်ကိုမှ အထူးပြုပြောနေရသလဲ။

လက်ယာဆိုရှယ်လစ်ခေါင်းဆောင်ကြီးတဦးရဲ့ မီးခွက်မှုတ်သတင်းက စတာပါ။

မီးခွက်မှုတ်သတင်းရဲ့ ရေသောက်မြစ်က တနေရာထဲက လာတာပါ။ သတင်းစာတိုက်အားလုံးကို ပို့တာပါ။ သတင်းကတော့ စောင်ရေတက်စေမယ့်သတင်း။ အားလုံးကထည့်လဲ ထည့်ချင်တယ်။ ဒါပေမဲ့ ဘယ်သူမှ ကျားမြီးမဆွဲရဲကြဘူး။ ပါတီသတင်းစာက ထည့်ရင်တော့ သူတို့လဲထည့်ဝံ့မယ်လို့ ပြောကြတယ်။ ပါတီကတော့ ကျားမြီးဆွဲရုံမက ကျားလဲ ခွစီးဝံ့တယ်။ ထည့်မယ်ဆိုတော့ သတင်းစာတွေထဲ ထည့်ဖြစ်ကြတယ်။

လက်ယာဆိုရှယ်လစ်တွေ ယမ်းပုံမီးကျ ဖြစ်ကြတာပေ့ါ။ မုဆိုးမ သတင်းစာတိုက် [ဖဆပလ အလုပ်အမှုဆောင် (ကွယ်လွန်) ရဲ့ ဇနီးပိုင်တဲ့ သတင်းစာတိုက်] အပါအဝင် သတင်းစာတိုက်တချို့ ရိုက်ချိုးခံကြရရှာတယ်။

ပါတီသတင်းစာ (ကွန်မြူနစ်နေ့စဉ်) ကိုတော့ ပါတီဝင်တွေ ကျောင်းသားတွေ၊ အရပ်သူအရပ်သားတွေက တုတ်၊ ဓား ရရာလက်နက်ကိုင်ပြီး ကာကွယ်ကြလို့ မလုပ်ဝံ့ဘဲ ဆိုရှယ်လစ်လူရမ်းကားတွေ ပြန်ဆုတ်သွားတယ်။ ဒီဆိုရှယ်လစ် လူအုပ်ကြီးထဲမှာ အရပ်ဝတ်ဝတ်ထားတဲ့ စစ်သားတွေ အများကြီးပါတယ်။ သူတို့က အခဲမကျေဘူး။ နောက်ထပ်လာဦးမယ်လို့ ကြိမ်းသွားကြတယ်။ ဒါကြောင့် သခင်သန်းထွန်းက လာဝံ့လာစမ်းလို့ ပြောလိုက်တာပဲ၊ ရှင်းပါတယ်။ ကိုယ့်သိက္ခာကိုယ်ထိန်းတဲ့ – အစဉ်အလာရှိတဲ့ ပါတီတရပ်၊ ယုံကြည်မှုအတွက်ဆိုရင်



– တကမ္ဘာလုံးကို ဗိုလ်ကျလွှမ်းမိုးရေးအတွက် ဗမာပြည်ကို ခုတုံးလုပ်နေတာပါ။

ဗမာပြည်မှာ ဒီမိုကရေစီ ဆိတ်သုဉ်းခဲ့တာ လူ့အခွင့်အရေး နင်းချေခံနေရတာ ကြာလှပါပြီ။ အဲဒီတုန်းက ဗမာပြည်အရေး စိတ်မဝင်စားခဲ့ဘဲ ၁၉၈၈– ၁၉၈၉ ကျမှဖြုန်းစားကြီး စိတ်ဝင်စားခဲ့တာကိုကြည့်ရင် ထင်ရှားလှပါတယ်။

ဗမာပြည်ရဲ့ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးကိစ္စကို ကောင်းမွန်တိုးတက်အောင် လုပ်ရေးဟာ ဗမာပြည်ပြည်သူတွေကိုယ်တိုင် လုပ်ရမှာပါ။ နယ်ချဲ့သမားတွေကို အားကိုးပြီး လုပ်ရင် သမိုင်းမှာ ကြုံခဲ့ရတဲ့ အမှားတွေကို ပုံစံတမျိုးနဲ့ထပ်ပြီး မှားကြတာပဲ အဖတ်တင်ပါလိမ့်မယ်။

မျက်မှောက်ခေတ်ဟာ ကုန်းဘောင်ခေတ်နှောင်းပိုင်းကလို ပဒေသရာဇ် အတွေးအခေါ်တွေနဲ့ မွန်းကျပ်ပိတ်လှောင်နေတဲ့ခေတ် မဟုတ်ပါဘူး။ ၁၉၄၀ – ၄၁ ခုနှစ်များတုန်းကလို ကိုလိုနီအကျဉ်းတိုက်ထဲမှာ နိုင်ငံတကာနဲ့ လုံးလုံးအဆက်ပြတ်နေတဲ့ခေတ်လဲ မဟုတ်ပါဘူး။ ဒါကြောင့် ဟိုခေတ်ဟို အခါက ကျူးလွန်မိခဲ့တဲ့ အမှားမျိုးကို ထပ်မမှားသင့်ပါဘူး။ ကျွန်တော်တို့ ရှောင်ကြဉ်နိုင်ရပါမယ်။

(နဝတ) စစ်ဗိုလ်ချုပ်တွေ ခါတော်မီ နယ်ချဲ့ဆန့်ကျင်ရေးသမား ဖြစ်လာတာကတော့ ရှင်းပါတယ်။သူတို့ရဲ့ ရာဇပလ္လင်ကို ထိလို့ပါ။ သူတို့ရဲ့အုပ်စိုးမှုကို အသိအမှတ်ပြုရင် အရင်တုန်းကလိုပဲ ဖက်လဲတကင်း ပြန်ဖြစ်သွားကြမှာပါ။

ကျွန်တော်တို့ ကွန်မြူနစ်တွေဟာ ပြည်ချစ်ဝါဒီတွေ ဖြစ်ပါတယ်။ ပါတီရဲ့ ၅၅ နှစ်သမိုင်းက ပြည်ချစ်ဝါဒ အကောင်အထည်ဖော်တဲ့ သမိုင်းပါပဲ။

ပြည်ချစ်ဝါဒ အကောင်အထည်ဖော်တာဟာလဲ ကျွန်တော်တို့ရဲ့ နိုင်ငံတကာဝါဒကို အလိုအလျောက် အကောင်အထည် ဖော်တာ ဖြစ်သွားပါတယ်။

ကျွန်တော်တို့ဟာ နယ်ချဲ့ဆန့်ကျင်ရေး ဗိုလ်ကျလွှမ်းမိုးမှု မှန်သမျှ ဆန့်ကျင်ရေးကို စွဲစွဲမြဲမြဲ လုပ်ဆောင်သွားရပါမယ်။

## ပြည်တွင်းစစ် ပြဿနာမှာ ဘယ်သူတရားခံလဲ

ကျွန်တော်တို့ပါတီက လက်နက်ကိုင်တိုက်ပွဲကို ၁၉၄၈ ခုနှစ်မှာ ဆင်နွှဲရတာဟာ အတုအယောင်လွတ်လပ်ရေးကို ဖဆပလ (တကယ့်အနှစ်သာရအရပြောရင် လက်ယာဂိုဏ်း ဆိုရှယ်လစ်များ) က အင်္ဂလိပ်နယ်ချဲ့သမားနဲ့ စေ့စပ်ပြီးရယူခဲ့တာကို မကျေနပ်လို့ လက်နက်ကိုင် ပုန်ကန်တာလို့ လက်ယာဆိုရှယ်လစ်တွေက သွားပုပ်လေလွင့် စွပ်စွဲခဲ့ပါတယ်။

နဝတစစ်ဗိုလ်များကလဲ သူတို့စစ်ကျောင်းများမှာ သင်ခဲ့ရတာကို အဟုတ်ကြီးထင်ပြီး

သို့မဟုတ် ထင်ဟန်ဆောင်ပြီး သံယောင်လိုက်ကာ အခုတလော ပြောဟောနေကြပါတယ်။ "အဖြစ်မှန်" ဆိုပြီးလဲ ရေးသားနေကြပါတယ်။

ပုံမှန်စဉ်းစားနိုင်သူတိုင်းဟာ သာမန်အသိဉာဏ်မျှနဲ့ပင် စဉ်းစားနိုင်ပါတယ်။ မိမိတို့ရဲ့ အသက်သွေးချွေး အမြောက်အမြား စတေးပြီး ရေရှည်တိုက်ယူလို့ ရခဲ့တဲ့ပစ္စည်း (လွတ်လပ်ရေး) ကို မကြိုဆိုသူ ဘယ်သူရှိပါ့မလဲ။

နိုင်ငံရေးပါတီ တခုချင်းအနေနဲ့ ယှဉ်ပြီးပြောရရင် ဒီတိုက်ပွဲတွေမှာ ကွန်မြူနစ်တွေ ဟာ သွေးမြေအကျရဆုံး အနစ်နာအခံရဆုံး စွန့်လွှတ်မှု လုပ်ခဲ့ရတာ အများဆုံး ဖြစ်ပါတယ်။

သမိုင်းကို ပြန်ကြည့်ပါ။ ရှင်းရှင်းကလေး တွေ့ရပါလိမ့်မယ်။ လက်ယာဆိုရှယ်လစ်များ နဲ့ သူတို့ရဲ့ခေါင်းဆောင်ကြီးများ ဘာတွေလုပ်ခဲ့ကြသလဲ။ ဘာတွေစွန့်စားခဲ့ကြသလဲ။ ဘာတွေ နစ်နာခဲ့ကြသလဲ။ ဒါကြောင့်လဲ သူတို့ရဲ့ "စွန့်စားခန်း" များကို သူတို့လဲ မရေးဝံ့ဘူး။ တခြား မှတ်တမ်းတင်သူကလဲ မှတ်တမ်းမပြုစုပါဘူး။ ရှင်းအောင်သာ ရေးရတာပါ။ ကွယ်လွန်ကြပြီဖြစ်တဲ့ တချိန်က လုပ်ဖော်ကိုင်ဖက်များကို မလိုမုန်းထားသဘောနဲ့ပြောတာ မဟုတ်ပါဘူး။

ဒါပေမဲ့ သူတို့သွင်းခဲ့တဲ့ အဆိပ်တွေ (အမှားတွေ) ပြန်နုတ်ဖို့ရှိလို့ တင်ပြနေရတာပါ။

၁၉၄၈ ဇန္နဝါရီ ၄ ရက်မှာ လွတ်လပ်ရေးအောင်ပွဲနေ့တွေ မြို့တော်မှာရော မြို့တိုင်းမှာ ပါ ကျင်းပကြတော့ ကွန်မြူနစ်တွေ တက်တက်ကြွကြွတက်ပြီး ဂုဏ်ပြုမိန့်ခွန်းတွေ ပြောခဲ့ကြတာ ဟာ ဖြစ်ရပ်မှန်ပါ။ ၁၉၄၇ အခြေခံဥပဒေရေးဆွဲရာမှာလဲ ပါဝင်ခဲ့ကြရုံမက အရေးကြီးတဲ့ အဆိုပြု ချက်တွေလဲ တင်ခဲ့ကြတာပါ။ လွတ်လပ်ရေးကို အသိအမှတ်မပြုသူတွေက ဒါတွေ လုပ်ပါ့မလား။ အာဃာတကင်းကင်း စဉ်းစားကြည့်ကြစမ်းပါ။

"ဂိုရှယ်စစ်တမ်း" တို့ 'ဗားကရာချောက်ထဲ ချပစ်မယ့် ဆိုရှယ်လစ်အလောင်းများ' တို့ ဆိုတာနဲ့ ပတ်သက်ပြီး လက်ယာဆိုရှယ်လစ်တွေပဲ လုပ်ကြံခဲ့၊ ပြောဆိုခဲ့ကြတာပါ။

"ဂိုရှယ်စစ်တမ်း" နဲ့ပတ်သက်ပြီး ပြည်သူ့အာဏာဂျာနယ် အမှတ် (၁၁) မှာ ရှင်းထားတာ ရှိပါတယ်။ ဒီမှာ တခုပဲ ပြောပါတော့မယ်။

"ဂိုရှယ်စစ်တမ်း"ဆိုတာကို ပါတီက ချမှတ်ခဲ့ရင် ဒီတာဝန်ကို အဓိကတာဝန်ယူ ပြင်ဆင်ရမယ့်သူဟာ ပါတီဗဟိုရဲ့ စစ်ရေးတာဝန်ခံကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ပါဘူး။ စစ်ရေး တာဝန်ခံက အဲဒီတုန်းက ဗိုလ်သိန်းတန် ဖြစ်ပါတယ်။

သူ့အနေနဲ့ ဘာလုပ်ခဲ့ရတယ် ၊ ဘာပြင်ဆင်ခဲ့ရတယ် ဆိုတာကို သူပြောနိုင်ပါတယ်၊ ပစ္စတိုအစုတ် တလက် – နှစ်လက် – ကာဘိုင်သံချေးတက် တလက်၊ လက်ပစ်ဗုံး လေးငါးလုံးနဲ့ ရန်ကုန်ကို သိမ်းနိုင်မယ်လို့ ဘယ်စစ်ဗိုလ်မှ (ဦးနှောက်ပုံမှန်ရှိရင်) မယုံကြည်ပါဘူး။ ဗိုလ်သိန်းတန် လဲ မယုံကြည်ဘူးဆိုတာ သေချာပါတယ်။ ဒီလက်နက်လောက်နဲ့ မြို့တော် ကို မသိမ်းနိုင်ပါဘူး။ တဦးချင်း သတ်ဖြတ်လုပ်ကြံရေးပဲ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ကွန်မြူနစ်များအနေနဲ့ သတ်ဖြတ် လုပ်ကြံရေးကို မယုံကြည်ပါဘူး။ ဘယ်တုန်းကမှ မလုပ်ခဲ့သလို နောင်လဲလုပ်မှာ မဟုတ်ပါဘူး။



မလွှဲရှောင်သာလို့ ပါတီက တောထဲပြေးပြီး ရရာလက်နက်နဲ့ တိုက်ရတော့၊ ပါတီရဲ့ အခြေအနေကို အသိဆုံးဖြစ်တဲ့ စစ်ရေးတာဝန်ခံကြီးဟာ တောထဲလိုက်မလာဝံ့ပါဘူး။ တလတောင်မခံဘဲ မုချရှုံးမယ့်တိုက်ပွဲကို သူ ဦးမဆောင်ဝံ့ပါဘူး။

ဒီလို တောမခိုလို့လဲ – သူ့ကို အစိုးရအဆက်ဆက်က သူကောင်းပြုကြပါတယ်။ မဆလ အစိုးရကျတော့ သူဟာ အရေးပါတဲ့ ပုဂ္ဂိုလ်ကြီးတောင် ဖြစ်နေတာပါ။ သူ့ကို ဘာကြောင့် မမေးကြသလဲ။ သူ့ထွက်ဆိုချက်ကို ဘာကြောင့် မယူကြသလဲ?။

ယောင်းမခါးထိုးရှာတာ သို့မဟုတ် ရှာဟန်ဆောင်တာက ဗိုလ်သိန်းတန် ကိစ္စတွင်မှ မဟုတ်ပါဘူး။ ၅၈ ခုနှစ်က ဖြစ်ပျက်ခဲ့တာဟာ စစ်တပ်အာဏာသိမ်းတာ ဟုတ်မဟုတ်ကိစ္စနဲ့ သမဂ္ဂအဆောက်အဦ ဖြိုဖျက်ခံရတဲ့ ကိစ္စတွေမှာလဲ ဒီလိုပါပဲ။

မဆလ နဲ့ နဝတ ဟာ "အဖြစ်မှန်" ရှာတာ မဟုတ်ဘဲ 'ဆင်ခြေလိမ်' ရှာနေကြ တာပါ။

၅၈ ခုနှစ်မှာ စစ်တပ်အာဏာသိမ်းပွဲ ဟုတ်မဟုတ်ဆိုတာ အမှန်သိချင်ရင် အဲဒီတုန်းက အဓိကဇာတ်ဆောင်တွေကိုမေးရင် သိနိုင်ပါတယ်။ ဝေးဝေးမှာရှာစရာ မလိုပါဘူး။ ဗိုလ်ချစ်ခိုင် တဦးကလွဲရင် အားလုံးသက်ရှိထင်ရှားပါ။

အခု သူတို့အားလုံးလောက်က (နဝတ) ရဲ့ အတိုက်အခံတွေအဖြစ် ရပ်တည်နေကြ ပါတယ်။ သူတို့ကိုတော့ မမေးဘဲ အထောက်တော်အုန်းမြင့်ရဲ့ စာအုပ်ကို ရည်ညွှန်းလိုရည်ညွှန်း၊ ဂါးဒီးယန်းဦးစိန်ဝင်းရဲ့ စာအုပ်ကို မှီငြမ်းပြုလိုပြု လုပ်နေပါတယ်။ တော်ပါသေးတယ် ရန်ကုန် ဘဆွေရဲ့ "ကိုကြီးကောင်း" စာအုပ်ကို မရည်ညွှန်းလို့။

သမဂ္ဂအဆောက်အဦကိစ္စမှာတော့ တရားခံတွေက ပြေးမလွတ်ဘူး၊ လက်ဆုပ် လက်ကိုင် ရှိနေတယ်။ တရားခံ နံပါတ် (၁) ဘယ်သူလဲ ဆိုတာမှာသာ အဖြစ်မှန်ရှာမရ ဖြစ်နေ ကြတာပါ။

ဗိုလ်အောင်ကြီးကလဲ သူ့ရဲ့ပေးစာတွေမှာတောင်မှ နံပါတ်ဝမ်းနေရာကို မျှော်မှန်းတာ မဟုတ်ဘဲ နံပါတ်တူးဖြစ်ဖို့ အမျက်ဖြေစာ ဆက်သွင်းနေတာဖြစ်လို့၊ သမဂ္ဂအဆောက်အဦ ဖြိုဖျက်တဲ့ကိစ္စမှာ သူ့ကို နံပါတ်တူးပဲ ပေးပါ၊ နံပါတ်ဝမ်း တရားခံနေရာကို ဗိုလ်နေဝင်းပဲယူရင် အဖြစ်မှန်နဲ့ အကိုက်ညီဆုံး ဖြစ်ပါလိမ့်မယ်။

ဒီအမှုကြီး မဆလမှာ ပြန်ပေါ်လာနေတာဟာ – ပုဂံ သိရိပစ္စယာ ဟော်တယ်မှာ ဦးနေဝင်းက ဗိုလ်ကတော်တွေ စကားဝိုင်းကို ချောင်းမြောင်းနားထောင်တာက စတာပါ။ နောက်ဆုံး ဗိုလ်ကျော်စိုး၊ ဗိုလ်လှဟန် စသူတို့ရဲ့ ကိုယ်ပါဝင်ခဲ့တဲ့ အခန်းကို ကိုယ်ပြန်ဆန်းစစ်တဲ့ စာတမ်းတင်ကြတာအထိ (မဆလ) ကပြုစုထားတဲ့ စာတမ်းများနဲ့ ဦးအောင်ကြီးရဲ့ ရှင်းတမ်းများ အပြည့်အစုံကို (နဝတ) က (နိုင်ငံသားတိုင်းသိပြီး အဆုံးအဖြတ်ပေးနိုင်အောင်) ထုတ်ဖော်ပေးရင် ကောင်းပါလိမ့်မယ်။

အင်္ဂလိပ်နယ်ချဲ့သမား ရှိတုန်းက ၁၉၄၆ – ၁၉၄၇ မှာ တုတ်တုတ်တောင် မလှုပ်ဝံ့ပါဘူး။

တကယ်ကတော့ အင်္ဂလိပ်နယ်ချဲ့ကိုတိုက်ဖို့ စဉ်းစားချက်လဲမရှိ – တိုက်ဖို့လဲ မပြင်ဆင်တဲ့ ဆိုရှယ်လစ်ပါတီဝင်တွေက ပါတီကို အပုပ်ချမှ ချရစေတော့ဆိုပြီး လွတ်လပ်ရေး ရပြီးနောက်ပိုင်းကျမှ မဂ္ဂဇင်းတွေမှာ ဟိုရေးဒီရေး ရေးကြတာပါ။

အင်္ဂလိပ်နယ်ချဲ့ ရှိစဉ်တုန်းကတော့ သူတို့ဟာ လက်နက်ကိုင်တိုက်ဖို့ ဘာမှ မလုပ်ကြပါဘူး။သူတို့လုပ်ခဲ့ရင် လူထုကြီးက ထောက်ခံမှာပါ၊ သူတို့ရဲ့ခေါင်းဆောင်မှုကို တပြည်လုံးက လိုက်လာကြမှာပါ။ နောင်အခါမှာ သတင်းစာတိုက်ရိုက်ချိုးပြီး ခေါင်းဆောင်မှုယူနေစရာ မလိုတော့ပါဘူး။

ကွန်မြူနစ်ပါတီကို ချေမှုန်းပစ်ဖို့ ပြည်တွင်းစစ်လဲ ဖန်တီးစရာ မလိုတော့ပါဘူး။

အခု (နဝတ) အစိုးရအထိ – လက်ယာဆိုရှယ်လစ်ပါတီနဲ့ သူရဲ့အစွယ်အပွားတွေ အားလုံးမှာ တူညီချက်တခု ရှိပါတယ်။ အဲဒါက အတိုက်အခံပြုသူတွေ မှန်သမျှကို တောမခို – ခိုအောင်လုပ်ပြီး အစတုံးသတ်ဖြတ်ပစ်ဖို့ပါ။ သာဓကတွေတော့ ထင်သာမြင်သာရှိတာ အများကြီးမို့ သာဓက မပြတော့ပါဘူး။

ကျွန်တော်တို့ပါတီရဲ့ မူကတော့ အုပ်စိုးသူလူတန်းစားက ပြည်သူလူထုကို လက်နက်ဖြင့် အကြမ်းဖက် ဖိနှိပ်နေလေသမျှ၊ ပြည်သူလူထုက လက်နက်ကိုင်စွဲပြီး မိမိကိုယ်ကို ခုခံကာကွယ်တာဟာ တရားတယ်။ အစဉ်အမြဲ ခုခံကာကွယ်နိုင်ခွင့်ရှိတယ် ဆိုတာပါပဲ။

## ပြည်တွင်းစစ်ရပ်စဲရေး
## ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးပြဿနာ

ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေး ပြဿနာကို ဖြေရှင်းဖို့ အစိုးရအဆက်ဆက်သို့ ပါတီက အခါအားလျော်စွာ ကမ်းလှမ်းတင်ပြခဲ့တာတွေ လုပ်ခဲ့ပါတယ်။

ပါတီအားကြီးစဉ်မှာဖြစ်စေ၊ အားနည်းစဉ်မှာဖြစ်စေ တသမတ်တည်း ရပ်တည်ခဲ့တာက ဒီပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းရမယ် ဆိုတာပါပဲ။

နိုင်ငံရေးကြောင့်ပေါ်လာတဲ့ ပြဿနာကို မှန်မှန်ကန်ကန် သဘောရိုးနဲ့ ဖြေရှင်းချင်ရင် နိုင်ငံရေးအရသာ ဖြေရှင်းရမှာပါ။

နိုင်ငံရေးအရ ဖြေရှင်းနိုင်ဖို့လဲ နည်းနာအမျိုးမျိုးကို ကြံဆပြီး တင်ပြဖူးပါတယ်။



စွန့်စွန့် စားစား လုပ်တတ်တဲ့ ပါတီတရပ်က ငှက်ပျောပွဲအုန်းပွဲနဲ့သွားပြီး ဆိုရှယ်လစ်တွေကို တောင်းပန်ရ မှာလား။ ကိုသိန်းဖေကတော့ သူ့ကိုယ်သူ ဒိုင်လူကြီးတင်ပြီး ကိုကျော်ငြိမ်းလဲ မှားတယ်၊ သခင်သန်းထွန်းလဲ မှားတယ်လို့ လုပ်ခဲ့လေရဲ့။

ပြည်တွင်းစစ်ဖြစ်မှာကို အများက မလိုလားကြပါဘူး။ ဦးနုကလဲ မဖြစ်ချင်ဘူးလို့ ယူဆရပါတယ်။ ပြည်သူ့ရဲဘော်တွေက ပိုပြီးမဖြစ်ချင်ပါဘူး။ အစိုးရအာဏာကို လက်ဝါးကြီးအုပ်ထားတဲ့ လက်ယာဆိုရှယ်လစ်တွေရဲ့ ညစ်ပတ်မှုတွေကို သူတို့က အနားကပ်ပြီး မြင်နေကြရတာ။ ဒါကြောင့် ကြားဝင်နေကြတာပါ။

ဆိုရှယ်လစ်ပါတီက ပြည်တွင်းစစ် တိုက်ချင်နေပြီဆိုတာ ကျွန်တော်တို့ ပါတီကတော့ သိပါတယ်။ ဖမ်းမိသူတွေကို ထောင်ထဲထည့်၊ ဖမ်းလို့မမိသူတွေကို တောထဲမောင်းပို့ပြီး တွေ့ရာ သင်္ချိုင်း သတ်ပစ်ဖို့ စီစဉ်ခဲ့တာပါ။

အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေး – ဖက်ဆစ်ဂျပန်တော်လှန်ရေးတွေတုန်းက သိပ်ပြီး မတက်ကြွခဲ့တဲ့ ရှေ့တန်းမှာ မမြင်ခဲ့ရဘူးတဲ့ ဆိုရှယ်လစ်တွေက ဘာကြောင့်များ ဒီလောက်တောင် ပြည်တွင်းစစ် တိုက်ချင်နေကြသလဲ။

အကြောင်းကတော့ – အစိုးရအာဏာ ရထားတယ်။ အစိုးရတပ်ကြီးတခုလုံးကို ချုပ်ကိုင်ထားနိုင်တယ်။ ကွန်မြူနစ်ပါတီကို ချေမှုန်းနိုင်ရင် သူတို့အနေနဲ့ ဘယ်ပါတီကိုမှ မှုစရာ မရှိတော့ဘူး။ နိုင်ငံတော်အာဏာကို ထာဝစဉ်ချုပ်ကိုင်ထားနိုင်မယ်။ ပြီးတော့ အရေးကြီးတာ တခုက နယ်ချဲ့အကူအညီရမှာ သေချာတယ်ဆိုတာကို သူတို့သိကြပါတယ်။ ဘာကြောင့် ဒီလိုပြောနိုင်သလဲဆိုတော့ –

ဖြစ်စဉ်ကဒီလိုပါ၊ ၁၉၄၆ ခုနှစ် စက်တင်ဘာ လူထုအုံကြွမှုကြီးဖြစ်တော့ အင်္ဂလိပ်ဘုရင်ခံဟာ မတတ်သာဘဲ ဖဆပလကို အာဏာအပ်ရတယ်။ (၉ာ ဌာန အုပ်ချုပ်ရေးအာဏာကို ဆိုလိုတယ်)

အဲဒီလို အပ်ရတော့ အင်္ဂလိပ်ဘုရင်ခံက အစိုးရအဖွဲ့ထဲမှာ ကွန်မြူနစ်တယောက်တောင် မပါစေချင်ပါဘူး။ ဆိုရှယ်လစ်တွေကိုတော့ ဘယ်လောက်ပဲပါပါ – ပါစေချင်တယ်။ သူတို့ကို အင်္ဂလိပ်နယ်ချဲ့က ကြည်ဖြူပါတယ်။ အင်္ဂလန်မှာကလဲ လေဘာပါတီ (ဆိုရှယ်လစ်တွေ) အာဏာရနေတာပါ။

ဖဆပလမှာကလဲ ကွန်မြူနစ်တွေရှိနေတော့ ကွန်မြူနစ်ကို ဝန်ကြီးနေရာ မပေးလို့ မဖြစ်ပါဘူး။ ဒါကြောင့် အင်္ဂလိပ်ဘုရင်ခံက မပေးချင်ပေးချင်နဲ့ ကွန်မြူနစ်ကို ဝန်ကြီးတနေရာ ပေးရတာပါပဲ။ ကိုသိန်းဖေ (ဦးသိန်းဖေမြင့်) ဝန်ကြီး ဖြစ်လာပါတယ်။ အင်္ဂလိပ်အင်ပါယာထဲမှာ ကွန်မြူနစ်က ဝန်ကြီးနေရာရတာဟာ ဒါပထမဦးဆုံးအကြိမ်ပဲလို့ ပြောကြတာပါပဲ၊ သေချာ မသေချာတော့ စိစစ်မကြည့်မိပါဘူး။

၁၉၄၈ နောက်ပိုင်းကျတော့ ကွန်မြူနစ်ပါတီကို လက်ယာဆိုရှယ်လစ်အစိုးရက

အလစ်အငိုက်ယူပြီး ချေမှုန်းပစ်ရေးကို အင်္ဂလိပ်နယ်ချဲ့က လိုလားပါတယ်။ ကွန်မြူနစ်ပါတီကို ချေမှုန်းရေးလုပ်ရင်လဲ ပြည်တွင်းစစ်ဖြစ်မှာက ကျိန်းသေပါတယ်။ ဒါကြောင့်လဲ ပိုပြီးကြိုက်ပါတယ်။

ဗမာပြည်မှာ ဆိုရှယ်လစ်အစိုးရကို ရင်ဆိုင်ပြီး ပြည်တွင်းစစ်တိုက်နိုင်တာ ကျွန်တော်တို့ ပါတီပဲ ရှိပါတယ်။ အစိုးရနဲ့ ကွန်မြူနစ်ဖြစ်တဲ့ ပြည်တွင်းစစ်ကို အကြောင်းပြုပြီး အစိုးရ အားနည်းအောင် – အစိုးရတပ်ပြိုကွဲအောင် လုပ်နိုင်တာကြောင့် လူမျိုးစု အင်အားစုတွေဟာ အားတက်လာပြီး လက်နက်ကိုင်တိုက်ပွဲတွေ အစီအရီ တိုက်လာကြတာပါပဲ။ ဒါဟာလက်တွေ့ သမိုင်းဖြစ်ရပ်ပါ။

ဦးစောရဲ့ မျိုးချစ်ပါတီကို လက်နက်တပ်ဆင်ပေးရင် ပြည်တွင်းစစ်ဖြစ်မယ်လို့ အင်္ဂလိပ်နယ်ချဲ့သမားရဲ့ အစိတ်အပိုင်းတချို့က ၁၉၄၇ တုန်းက ထင်ခဲ့ကြပါတယ်။ ဒါကြောင့် အကောင်းစား စက်သေနတ် အမြောက်အမြား ထုတ်ပေးခဲ့ပါတယ်။ ကျည်ဆံတွေကလဲ အထောင်အသောင်းပါပဲ။ လုပ်ကြံဖို့ သက်သက်ဆိုရင် ဒီလောက်များများ ထုတ်မပေးပါဘူး။ နည်းနည်းပေးရင် ဖြစ်နေပါပြီ။

ဒါပေမဲ့ ဦးစောတို့ပါတီဟာ ပြည်တွင်းစစ် မတိုက်နိုင်ပါဘူး၊ လုပ်ကြံရေးပဲ လုပ်နိုင်တဲ့ ပါတီပါ။

ဦးစောတို့က ပြည်တွင်းစစ်သာတိုက်နိုင်ရင် အင်္ဂလိပ်နယ်ချဲ့ရဲ့ အားပေးမှုရနိုင်မှာ ဖြစ်ပေမယ့် ဗိုလ်အောင်ဆန်းတို့ကို လုပ်ကြံတာပဲ လုပ်နိုင်တော့ ဦးစောကို အာဏာအပ်ချင်တဲ့ အင်္ဂလိပ်တွေ အခက်တွေ့ပါတယ်။ ဒါကြောင့် ဦးနုကို အမြန်ခေါ်ပြီး အာဏာအပ်တာပါ။ အင်္ဂလိပ်ကသာ အတွက်အချက်လွဲပြီး ဦးစောကို အာဏာအပ်ခဲ့ရင် အင်္ဂလိပ်နယ်ချဲ့သမားဟာ ၁၉၄၂ – ခုနှစ်က ကြုံခဲ့ရတဲ့ ‘အောင်မြင်စွာ ဆုတ်ခွာခြင်း’ ရဲ့ စံချိန်ချိုးရလောက်အောင် ဗမာပြည်ကနေ အမြီးကုပ်ပြီး ပြေးရမှာပါ။

ဒီလုပ်ကြံမှုကြီးရဲ့ တရားခံ အစစ်အမှန်ကို ပါတီကသာ  အဦးဆုံး ဖော်ထုတ်သူပါ။ ပြီးတော့လဲ အင်္ဂလိပ်နယ်ချဲ့ကို နောက်ဆုံးတိုက်ပွဲဝင်ဖို့ လှုံ့ဆော်ခဲ့တာပါ။

လက်ယာဆိုရှယ်လစ်တွေက အလစ်အငိုက်ဖမ်းပြီး ပါတီကို ချေမှုန်းပေမယ့် အစိုးရ တပ်စစ်ဗိုလ် တဦးရဲ့ ကျေးဇူးကြောင့် လွတ်လာရတာပါ။ ဒါဟာ အဲဒီပုဂ္ဂိုလ်ရဲ့ ကောင်းမှုပြုမှုကြီးပါ။ ပါတီဗဟိုသာ ချေမှုန်းခံရရင် တပါတီလုံးကို စုစည်းပြီး တပြည်လုံးအနှံ့ တိုက်ပွဲဝင်နိုင်မှာ မဟုတ်ပါဘူး။

ဒီနေရာမှာ တခုထပ်ပြီးတင်ပြရမှာက လက်ယာဆိုရှယ်လစ်တွေရဲ့ လက်ထဲ အစိုးရ အာဏာရပြီးကတည်းက ဖက်ဆစ် တော်လှန်ရေးအပြီးမှာ မတတ်သာလို့ အစိုးရစစ်တပ်ထဲမှာ နေရာပေးထားရတဲ့ ကွန်မြူနစ်စစ်ဗိုလ်တွေကို အသုတ်လိုက်တပ်က ထုတ်ပစ်နေတာပါ။ ဒါဟာ စစ်တပ်ကို တလက်ကိုင် ဖြစ်လာအောင် လက်ယာဆိုရှယ်လစ်ပါတီက စတင်လုပ်လာတာပါ။ ဗိုလ်နေဝင်းဟာ လက်ယာဆိုရှယ်လစ်တွေရဲ့ ချီးမြှောက်မှုနဲ့ အရေးပါတဲ့သူ ဖြစ်လာတာပါ။ (၁၉၆၀



ခုနှစ် ရွေးကောက်ပွဲမှာ သူ့ဆရာကြီးတွေ ခွက်ခွက်လန်အောင် ရှုံးတော့မှ သူ့စရိုက်အတိုင်း ဆရာတွေကို ခွာခဲ့ပြီး တစင်ထောင်တော့တာပါ။) မဆလရဲ့သန္ဓေဟာ အဲဒီကတည်းက စခဲ့တာပါ။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ အင်္ဂလိပ်နယ်ချဲ့သမားကို လက်နက်ကိုင်တိုက်ဖို့ (ဘရောက်ဒါဝါဒဝင်တဲ့ လအနည်းငယ်ကြာတဲ့ ကာလမှအပ) တလျှောက်လုံး ပြင်ခဲ့ပါတယ်။ ဒါဟာလျှို့ဝှက်ချက် မဟုတ်ပါဘူး။ ၁၉၄၇ ခုနှစ် ဇန္နဝါရီလမှာ ချမှတ်တဲ့ လမ်းစဉ်သစ်ဟာ “နောက်ဆုံးတိုက်ပွဲ လမ်းစဉ်” လို့ ခေါ်ပါတယ်။ ဖဆပလ နဲ့ ကွန်မြူနစ် ညီညွတ်ပြီး အင်္ဂလိပ်နယ်ချဲ့သမားကို လက်နက်ကိုင်တိုက်ဖို့ပါ။ ပြည်တွင်းစစ်တိုက်ဖို့ မဟုတ်ပါဘူး။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သမိုင်းမှာ “ပြည်တွင်းစစ်တိုက်ရေးလမ်းစဉ်” ဘယ်တုန်းကမှ မရှိပါဘူး။ နယ်ချဲ့တော်လှန်ရေး လက်နက်ကိုင်တိုက်ပွဲလမ်းစဉ်သာ ရှိပါတယ်။

ဗိုလ်အောင်ဆန်းကလဲ အင်္ဂလန်သွားကာနီးမှာ လွတ်လပ်ရေးတောင်းတာ “ရရင်ရ – မရရင်ချ” လို့ ပြောခဲ့ပါတယ်။ ဒါကို ပါတီက အကြွင်းမဲ့ ထောက်ခံပါတယ်။ ပါးစပ်က ထောက်ခံရုံသာ မဟုတ် လက်တွေ့လုပ်ဖို့လဲ ပြင်ပါတယ်။ ချဖို့လိုရင် ချနိုင်ဖို့ ပြင်ပါတယ်။ ပြည်သူ့ရဲဘော်ကလဲ ပြင်ပါတယ်။ မပြင်တာဟာ ဆိုရှယ်လစ်ပါတီပါ။ ဘာကြောင့် မပြင်သလဲဆိုတော့ အင်္ဂလိပ်နယ်ချဲ့က ပေးသလောက်နဲ့ ရောင့်ရဲတင်းတိမ်ဖို့ (ရသလောက်ပဲ ယူဖို့) သူတို့ဆုံးဖြတ်ပြီးသား ဖြစ်နေလို့ပါ။

မရလို့ – ချရပြီဆိုရင် လက်ယာဆိုရှယ်လစ်တွေရဲ့ အခန်းကကုန်ပါပြီ။ သူတို့ရဲ့ အစဉ်အလာအတိုင်း သူတို့ကိုယ်သူတို့ နောက်တန်းရောက်အောင် ပို့ကြမှာပါ။ သူတို့ ဆိုရှယ်လစ်ခေါင်းဆောင်ကြီးများကို လက်နက်ကိုင်တိုက်ပွဲ စည်းရုံးရာမှာ ပြင်ဆင်ရာမှာ ရှေ့တန်း စစ်မြေပြင်မှာ ဘယ်တုန်းကမှ မတွေ့ဖူးပါဘူး။ သူတို့နဲ့ အနီးကပ် နေခဲ့သူများလို့ အခုအခါမှာ ဟိတ်ဟန်ထုတ်နေသူများကတော့ သိချင်သိမှာပါ။ တွေ့ဖူးချင်လဲ တွေ့ဖူးမှာပါ။ တွေ့ဖူးခဲ့တယ် ဆိုရင် နောင်လာနောက်သားများ မှတ်သားရအောင် စာအုပ်ပြုစု တင်ပြသင့်ပါတယ်။ အင်္ဂလိပ်နယ်ချဲ့နဲ့ နောက်ဆုံးစာရင်းရှင်းပွဲ လက်နက်ကိုင်တော်လှန်ရေးသာဖြစ်ရင် သူတို့အခန်း မှေးမှိန်သွားမှာ မုချပါပဲ။

အထက်မှာ ပြောခဲ့တဲ့ ဘရောက်ဒါဝါဒ ကိစ္စ နည်းနည်းရှင်းလင်းတင်ပြလိုပါတယ်။

ကျွန်တော်တို့ ပါတီဟာ အမှားပြုမိရင် ဘယ်တော့မှဖုံးကွယ် မထားပါဘူး။ အမှားရဲ့ လူတန်းစားဇာစ်မြစ်နဲ့ သမိုင်းဇာစ်မြစ် ၊ အမှားရဲ့ဖြစ်စဉ် အမှားရဲ့ အကျိုးသက်ရောက်မှုနဲ့ အမှားကို ပြင်ရမယ့် နည်းနာတွေကို ဆန်းစစ်ရှာဖွေပါတယ်။

ဘရောက်ဒါဝါဒ အမှားကိုပြင်ဖို့ ကျွန်တော်တို့ပါတီက ထုတ်ဖော်ပြောပြီး အကြာကြီး နေမှ ပါတီကို အပုပ်ချလိုသူ ဆိုရှယ်လစ်ပါတီက ကျွန်တော်တို့ရဲ့ ကိုယ့်ကိုကိုယ်ဝေဖန်ရေး လုပ်တာကို ချက်ကောင်းယူကြပါတယ်။ ဒီလို ချက်ကောင်းယူတာကလဲ အင်္ဂလိပ်နယ်ချဲ့ကို လက်နက်ကိုင်တိုက်ဖို့ မလိုတော့တဲ့ အချိန်ကျမှ (၁၉၄၈ နောက်ပိုင်းကျမှ) ချက်ကောင်းယူဝံ့တာပါ။

တွေဖြစ်တဲ့ ဆိုရှယ်လစ်စစ်ဗိုလ်တွေကို စစ်တပ်ထဲက ရှင်းပစ်ခဲ့ပါတယ်။ ဗိုလ်အောင်ကြီးဟာ သူ တလျှောက်လုံးပေါင်းခဲ့တဲ့ အပေါင်းအသင်းတွေကိုသစ္စာဖေါက်ပြီး ဗိုလ်နေဝင်းဘက် ပါသွားပါတယ်။

၁၉၆၂ ခုနှစ် အာဏာသိမ်းပွဲကတော့ ဗိုလ်နေဝင်းရဲ့ တဦးတည်းမူပိုင် အာဏာသိမ်းပွဲ ဖြစ်ပါတယ်။ အခြေခံဥပဒေကို ဖျက်သိမ်း၊ အစိုးရအဖွဲ့ဖမ်း စသဖြင့် လုပ်ပါတယ်။ နိုင်ငံရေးပါတီ အားလုံး ဖျက်သိမ်းပါတယ်။ စစ်တပ်ပါတီတခု ထောင်ပါတယ်၊ လူကြားကောင်းအောင် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီလို့ နာမည်ပေးပါတယ်။

မက်ခီယာဗယ်လီဝါဒသမား နိုင်ငံရေးအာဏာ လောဘရမက်ကြီးသူ၊ အကြံကြီးသူ၊ လူမိုက်ဂိုဏ်းခေါင်းဆောင်ရဲ့လုပ်ဟန် အပြည့်ရှိသူ ဗိုလ်နေဝင်းရဲ့ ဇာတိရုပ် အစစ်အမှန်ဟာ အဲဒီကျမှ ပေါ်လာပါတယ်၊

ဗိုလ်နေဝင်း(ဦးနေဝင်း) အနေနဲ့ နိုင်ငံရေးအာဏာကို လက်ဝါးကြီးအုပ် သိမ်းပိုက် ပြီးတဲ့နောက် အနှစ် ၃၀ ကျော်အတွင်းမှာ သမ္မတတွေ ဝန်ကြီးချုပ်တွေ ဘယ်နှစ်ယောက် တင်ခဲ့ပြီလဲ၊ (ဗိုလ်စောမောင်–ဗိုလ်သန်းရွှေတို့ကိုပါ ထည့်တွက်ပါ။) ဝန်ကြီးတွေ၊ ညွှန်ချုပ် – ညွှန်မှူးတွေ၊ အမတ်တွေ ဘယ်လောက်တင်ခဲ့သလဲ ၊ တိုင်းအဆင့်နဲ့ အောက်ခြေပိုင်းမှာ စစ်ဗိုလ် တွေကို ဝေစုဘယ်လောက် ခွဲပေးခဲ့သလဲ။ အဲဒီစာရင်းတွေကို ပြုစုကြည့်စမ်းပါ။ ဘယ်လောက် တောင် များခဲ့ပါသလဲ။

သူတို့ရဲ့ အခြေခံအရည်အချင်းနဲ့ဆိုရင် အိပ်မက်တောင် မမက်ဝံ့တဲ့ ရာထူးဌာနန္တရ တွေ ရနေတော့ နေဝင်းစစ်အုပ်စုကို သူတို့သစ္စာရှိကြပါတယ်။

ဒါဟာ နေဝင်းစစ်အုပ်စု ဖြစ်လာပုံ၊ စစ်အစိုးရဖြစ်လာပုံနဲ့ စစ်ဗျူရိုကရေစီ ယန္တရားကြီးဖြစ်လာပုံ အကြမ်းဖျင်း အတိုချုံ့ပြီး တင်ပြတာပါ။

စစ်အုပ်စုဖြစ်တယ်၊ စစ်ဗျူရိုကရေစီယန္တရားမှာ ပါဝင်တယ်ဆိုတဲ့ အရည်အချင်း (ဒါကိုအရည်အချင်းလို့ သတ်မှတ်ခဲ့ရင် ) တခုတည်းနဲ့ ဖြစ်လိုက်ကြတဲ့သမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီး.... စတာတွေ။

ထောက်လှမ်းရေးမှူး ဗိုလ်ခင်ညွန့်တယောက်တည်း ပညာရေးကော်မတီ ဥက္ကဌလည်း လုပ်၊ ကျန်းမာရေးဥက္ကဌလည်းလုပ်၊ ဟိုကော်မတီ ဒီကော်မတီမှာလည်း ဥက္ကဌလုပ် – အဲဒီလို လုပ်နေတာကို မျက်ဝါးထင်ထင် တွေ့နေရတယ် မဟုတ်ပါလား။ အားကစားကိစ္စမှာလဲ ဝင်ပြော လိုက်၊ ဘယ်ကိစ္စထဲဝင်ဆရာလုပ်လိုက် လုပ်နေတာဟာ စစ်အုပ်စုဝင် ဖြစ်တယ်ဆိုတဲ့ အရည် အချင်းတခုတည်းနဲ့ နေရာတကာဝင်စွက်နေတာပါ။ အဲဒီလုပ်ငန်းတွေမှာ ကျွမ်းကျင်အောင် သူကိုယ်တိုင် အပတ်တကုတ် လေ့လာဆည်းပူးထားခဲ့လို့ ဆရာဝင်လုပ်နေနိုင်တာတော့ မဟုတ်ဘူးဆိုတာ ရှင်းနေပါတယ်။ (ဦးအောင်ကြီးရေးတဲ့စာစောင်တခုထဲမှာ ပါသလို ဗိုလ်တင်ဖေက ဦးဘငြိမ်းကို ဆရာတင်ပြီး 'ပြည်သူပိုင်' လုပ်တာမျိုးလဲ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။)

စစ်အုပ်စု – စစ်အစိုးရ – စစ်ဗျူရိုကရေစီ ယန္တရားဆိုတဲ့ (စစ် ၃ စစ်) ကို



လက်ယာဆိုရှယ်လစ်များ ကြီးစိုးနေတဲ့ ဖဆပလ အစိုးရရဲ့ ခေတ်တုန်းကဆိုရင် "သူမသာ ကိုယ်မနာ ငြိမ်းချမ်းရေး" "သင်ပုန်းချေ ငြိမ်းချမ်းရေး" စတဲ့ သမာသမတ်ရှိသော ပုဂ္ဂိုလ်ကြီးများရဲ့ တွေးခေါ် ကြံဆချက်များကို ပါတီကလက်ခံပြီး စေ့စပ်ဆွေးနွေးဖို့ စာတိုစာရှည်ရေးကာ ကမ်းလှမ်းခဲ့ပါတယ်။ ဒါပေမဲ့ အချည်းနှီးသာ ဖြစ်ခဲ့ပါတယ်။

အစိုးရရဲ့ ငြိမ်းချမ်းရေးပေါ်လစီကို ချမှတ်နေသူများဟာ ဖဆပလထဲက နိုင်ငံရေး ခေါင်းဆောင်များမဟုတ်ဘဲ စစ်တပ်တွင်းက ဆိုရှယ်လစ်တွေ ဖြစ်နေလို့ပါပဲ။

၁၉၅၈ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီးတဲ့ အခါမှာတော့ အစိုးရရဲ့ "ငြိမ်းချမ်းရေး ပေါ်လစီ" ဟာ ဘွင်ဘွင်းရှင်းရှင်းကြီး ပေါ်လာပါတယ်။ သူတို့ပေါ်လစီက စေ့စပ်ဆွေးနွေးတာ မလုပ်ဘူး။ ကွန်မြူနစ်တွေ ရှုံးတော့မှာမို့ စေ့စပ်မယ်ပြောနေတာ၊ လက်နက်ချရင်ချ မချရင် အပြုတ်ချေမှုန်းပစ်မယ် ဆိုတာပါပဲ။ သူတို့ရဲ့မောက်မာမှုက ကမ်းကုန်ပါတယ်။

"မြို့ပေါ်မှာ ကွန်မြူနစ်ရှားလို့ တောထဲသွားပြီး ပင့်ခိုင်းနေတာ မဟုတ်ဘူး၊ လက်နက် မချဘူးဆိုရင် တောထဲမှာပဲ အပြုတ်ရှင်းခဲ့ " လို့ တရားဝင် အမိန့်ထုတ်ပြန်ပြီး ချေမှုန်းခဲ့တာပါ။ ဗိုလ်အာဠာဝက၊ သခင်မောင်ကြီး၊ ဗိုလ်သိန်းစသူများဟာ အဲဒီလို ကျဆုံးရတာပါ။ အဲဒီလို ဂုဏ်ရောင်ပြောင်စွာ ကျဆုံးရသူများလဲ အများကြီး ရှိပါတယ်။

'စေ့စပ်ဆွေးနွေး ငြိမ်းချမ်းရေး' တံခါးကို ပါတီက အမြဲဖွင့်ထားပါတယ်။ စစ်အစိုးရ ကတော့ တံခါးကို အမြဲတမ်း ပိတ်ထားချင်ပါတယ်။ ၁၉၆၃ ခုနှစ်နဲ့ ၁၉၈၀ များက စေ့စပ်ဆွေးနွေး တာဟာလဲ အခက်အခဲ ရှိနေလို့ မတတ်သာလို့ လူကြားကောင်းအောင် လုပ်ခဲ့တာပါ။

သဘောရိုးနဲ့ မဟုတ်ဘဲ အဖြစ်သဘောနဲ့ ပါတီနဲ့ ဆွေးနွေးခဲ့တာပါ။ သူတို့ဆွေးနွေးတဲ့ အနှစ်သာရကလဲ ခြွင်းချက်မရှိ လက်နက်ချခိုင်းတာပါ။

၁၉၆၃ ခုနှစ်ကထက် ၁၉၈၀ – ၈၁ မှာဆိုရင် ပိုပြီးဆိုးရွားလာပါတယ်။ ၇၄ အခြေခံ ဥပဒေအရ မဆလ တပါတီတည်းသာ တရားဝင်တည်ရှိခွင့်ရှိလို့ဆိုပြီး ဗမာပြည်ကွန်မြူနစ်ပါတီကို ဖျက်သိမ်းဖို့အထိ မပွင့်တပွင့် မရဲတရဲ ပြောလာပါတယ်။ အဲဒီအချိန်က တခြားအဖွဲ့အစည်း တခုနဲ့လဲ မဆလ စစ်အစိုးရက ဆွေးနွေးနေပါတယ်။ အဲဒီအဖွဲ့အစည်းကို မဆလ တပါတီ အာဏာရှင်စနစ် အတင်းအကျပ် လက်ခံခိုင်းခဲ့ပါတယ်။ သီးခြားတပ်ကိုဖျက်ပြီး သူတို့ လက်အောက်က "လုံထိန်း" လုပ်ခိုင်းပါတယ်။

နိုင်ငံရေးအရ အဖြေရှာချင်တာ မဟုတ်တဲ့ မဆလ အစိုးရဟာ ကျွန်တော်တို့ပါတီနဲ့ စေ့စပ်ဆွေးနွေးနေတာကို ကမန်းကတန်း ဖျက်သိမ်းလိုက်ပါတယ်။ စေ့စပ်ဆွေးနွေးရေးကို တဖက်သတ် အပြီးအပိုင် ဖျက်သိမ်းလိုက်တယ်လို့ ကြေညာခဲ့ပါတယ်။ အဲဒီအချိန်က တခြား အဖွဲ့အစည်းတခုကိုတော့ အမြဲတမ်းတံခါးဖွင့်ထားတယ်လို့ ပြောနေပါတယ်။

ဘာကြောင့် ဒီလို စံနှစ်မျိုးထားပြီးကျင့်သုံးပါသလဲ။ ရှင်းပါတယ်။ စစ်အုပ်စုဟာ ဗမာပြည်ကွန်မြူနစ်ပါတီကို အာဃာတ ထားပါတယ်။သူတို့ရဲ့ နှလုံးအိမ်အထိ ထိုးနှက်

တိုက်ခိုက်နိုင်သူတွေဟာ ကွန်မြူနစ်တွေပဲဆိုတာ သူတို့သိပါတယ်။ ဒါကြောင့် အမြဲတမ်း သွေးလန့်နေပါတယ်။ ကွန်မြူနစ်ပါတီကို ဥပဒေတွင်း ခေါ်မသွင်းဝံ့သလို ဥပဒေပမှာလဲ မထားဝံ့ပါဘူး။ ဒါကြောင့် အမြစ်ပြတ် ချေမှုန်းရေး ပေါ်လစီပဲ ကျင့်သုံးတာပါ။

ကွန်မြူနစ်ဆိုတာ ကင်ဆာကလာပ်စည်းနဲ့ တူတယ်။ အမြစ်ဖြတ်မပစ်ရင် အပွားမြန်တယ်။ ဒါကြောင့် အမြစ်ဖြတ်ပစ်ရမယ်လို့ နဝတ ထောက်လှမ်းရေးတာဝန်ခံများက အမြဲတမ်း ပြောနေကြပါတယ်။

ဒီလို အတွေးအမြင်မျိုး ရှိနေသမျှသူတို့စစ်အုပ်စုဟာ ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာကို နိုင်ငံရေးအရ အဖြေရှာမှာ မဟုတ်ပါဘူး။

## ပါတီစုံဒီမိုကရေစီပြဿနာ

၁၉၈၀ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲ ပျက်ပြားပြီးတဲ့နောက်မှာ ပါတီက ဗမာပြည်ရဲ့ပကတိ အခြေအနေကို ဘက်ပေါင်းစုံ သုံးသပ်ပြီး တတိုင်းပြည်လုံးသို့ အဆိုပြုမှုအသစ် တင်ပြခဲ့ပါတယ်။

မဆလ တပါတီစစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖို့ ဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီစနစ်ကို ထူထောင်ဖို့ ၁၉၈၀ ခုနှစ်က ဘာကြောင့် တင်ပြခဲ့သလဲဆိုရင် အောက်ပါဗမာပြည်ရဲ့ ထူးခြားတဲ့ လက်တွေ့နိုင်ငံရေး အခြေအနေတွေကြောင့် ဖြစ်ပါတယ်။

<u>ပထမအားဖြင့်</u> – ပြည်တွင်းစစ် ကြာရှည်လာတာနဲ့ အမျှ ဗျူရိုကရက်စစ်ယန္တရား ဖြစ်တည်လာတယ်။ ပြည်တွင်းနိုင်ငံရေးရဲ့ အထက်မှာစစ်အုပ်စုတခု ဖြစ်တည်လာတယ်။ တိုင်းပြည်ရဲ့ အုပ်ချုပ်ရေး ဥပဒေပြုရေး တရားစီရင်ရေးကို လုံးဝချုပ်ကိုင်ထားတဲ့ စစ်အစိုးရတခု ဖြစ်ပေါ်လာတယ်။ အခြေခံဥပဒေတခု ရေးဆွဲပြီး သူတို့ရဲ့ အာဏာရှင်စနစ်ကို အကာအကွယ် ပြုနေပါတယ်။ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တရား ဖြစ်ပေါ်လာတဲ့ ဖြစ်စဉ်ကို ခင်းပြပြီးတင်ပြမှသာ ရှင်းလင်းမှာဖြစ်လို့ ဖြစ်စဉ်ကို တင်ပြပါမယ်။

– ၁၉၄၈ ခုနှစ်မှာ ဗမာပြည်ဆိုရှယ်လစ်ပါတီက ကွန်မြူနစ်ဆန့်ကျင်ရေး ပြည်တွင်းစစ်ကို ဖန်တီးခဲ့တယ်။ ဗိုလ်နေဝင်းအမှူးပြုတဲ့ တပ်တွင်းရှိ ဆိုရှယ်လစ်ပါတီဝင်တွေကို အမာခံထားပြီး အစိုးရစစ်တပ်ကြီးတခုလုံး အသုံးပြုကာ ကွန်မြူနစ်ဆန့်ကျင်ရေး ပြည်တွင်းစစ် တိုက်စေခဲ့ပါတယ်။

– ကရင်အမျိုးသားတပ်တွေ ပုန်ကန်သွားပြီးတဲ့ အချိန်ကစပြီး ဗိုလ်နေဝင်း



ဟာ စစ်တပ်တခုလုံးကို ချုပ်ကိုင်နိုင်တဲ့ အနေအထား ဖြစ်လာတယ်။ ဒါပေမဲ့ ဗမာပြည်ဆိုရှယ်လစ်ပါတီကို မှီခိုနေရဆဲ ဖြစ်တယ်။ သူ့ပတ်ဝန်းကျင်မှာရှိတဲ့ စစ်ဗိုလ်ကြီးတွေ အားလုံးဟာ သူ့အပေါ်မှာ လေးစားမှု သိပ်ရှိတာ မဟုတ်ဘူး။ ကာကွယ်ရေးဌာနကိုင်သူ ဦးဗဆွေ နဲ့ ပြည်ထဲရေးဌာနကိုင်သူ ဦးကျော်ငြိမ်းတို့ကိုသာ ကြည်ညိုလေးစားကြသူတွေ ဖြစ်တယ်။

အခု နဝတ စစ်ဗိုလ်တွေက ဗိုလ်နေဝင်းကို အမွှန်းတင်ပြီး ပြောလေ့ရှိတဲ့ ၁၉၄၉ ခုနှစ်တုန်းက အာဏာသိမ်းဖို့ တိုက်တွန်းသူတွေ ရှိနေတာတောင်မှ အာဏာကိုမမက်မောလို့ အာဏာသိမ်းတာ မလုပ်ခဲ့ဘူးဆိုတဲ့ ကိစ္စကို ရှင်းဖို့လိုပါတယ်။

အာဏာသိမ်းဖို့ တိုက်တွန်းသူက နံမည်ကျော် လက်ယာဝါဒီကြီးဖြစ်တဲ့ (၂၁ ဦး) ဦးဘဖေပါ။ ဦးဘဖေ နောက်မှာက အင်္ဂလိပ်နယ်ချဲ့ ကုမ္ပဏီ ဘီအိုစီ ကုမ္ပဏီပါ။ အဲဒီတုန်းကသာ ဗိုလ်နေဝင်းက အင်္ဂလိပ်နယ်ချဲ့အကြိုက် အာဏာသိမ်းခဲ့ရင် ပြည်သူတွေက ဝိုင်းပြီး ဆန့်ကျင်ကြလို့ အရိုးအသားတောင် ရှာတွေ့မှာ မဟုတ်ပါ။ ဗိုလ်နေဝင်းမှာ နိုင်ငံရေးရာသီဥတုကို အကဲခတ်တတ်တဲ့ အကင်းပါးမှု ရှိပါတယ်။ ဘယ်အချိန်မှာ ဘယ်သူ့ကို မှီခိုရမယ်။ ဘယ်အချိန်မှာ ခွာရမယ်ဆိုတာကို သူသိပါတယ်၊ (သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့ရဲ့ ဂိုဏ်းကို အချိန်မီ ခွာခဲ့နိုင်တာကိုလည်းကောင်း၊ ဦးဗဆွေ – ဦးကျော်ငြိမ်း တို့ရဲ့ ဗမာပြည်ဆိုရှယ်လစ်ပါတီက ခွာခဲ့နိုင်တာကိုလည်းကောင်း၊ ရှစ်လေးလုံး လူထုအုံကြွမှုကြီး မတိုင်မီကလေးမှာ ဆိုရှယ်လစ် အရေခြုံထားတာကို ခွာချပြီး ပါတီစုံဒီမိုကရေစီသို့ ပြောင်းလဲဖို့ အာဘော်ဖန်တီးခဲ့တာကိုလည်းကောင်း၊ သုံးသပ်ကြည့်ရင် သူ့ရဲ့အကင်းပါးမှုကို အကဲဖြတ်နိုင်ပါ တယ်။)

ဖဆပလအဖွဲ့ ကွဲပြီးနောက်ပိုင်း ၁၉၅၈ ခုနှစ်မှာ ဆိုရှယ်လစ်စစ်ဗိုလ်တွေရဲ့ ပင့်တင်ပေးမှုနဲ့ အိမ်စောင့်အစိုးရ တက်လုပ်တော့လဲ ဗိုလ်နေဝင်းဟာ ဆိုရှယ်လစ်ပါတီကို ဆက်လက်မှီခိုပါတယ်။ အဲဒီတုန်းက ဦးဗဆွေ ဦးကျော်ငြိမ်းတို့အကြိုက် လုပ်ပါတယ်။ သန့်ရှင်း ဖဆပလ ဦးနုတို့ကို ဆန့်ကျင်ပါတယ်။

၁၉၆၀ ခုနှစ် ရွေးကောက်ပွဲ အပြီးမှာတော့ ဗိုလ်နေဝင်းဟာ အကျဘက် ရောက်နေတာ သေချာသွားပြီဖြစ်တဲ့ ဦးဗဆွေ ဦးကျော်ငြိမ်းတို့ရဲ့ ဗမာပြည်ဆိုရှယ်လစ်ပါတီနဲ့ အပြီးအပိုင် လမ်းခွဲလိုက်ပါတယ်။ သူ့ကို ပင့်တင်ပေးခဲ့သူ (ဦးဗဆွေ ဦးကျော်ငြိမ်းဘက်သား)

အခုတလောမှာ နဝတထဲက အာဏာပိုင်တချို့က “ဗကပရဲ့ အာဏာကို ဖြတ်လမ်းက သိမ်းပိုက်ရေး ကြိုးပမ်းမှုများ” ဆိုပြီး ပြောနေကြတာ ရှိပါတယ်။ ၁၉၈၀ – ၈၁ ခုနှစ်ကစပြီး ပါတီက ပြည်သူလူထုသို့ တင်ပြခဲ့တဲ့ တင်ပြချက်များနဲ့ လတ်တလော တောင်းဆို ချက်များကို ကြည့်ရင် စစ်အစိုးရအစား ဒီမိုကရေစီအစိုးရတရပ်နဲ့ အစားထိုးရေးကိုသာ တင်ပြထားတာ တွေ့ရပါလိမ့်မယ်။ ပါတီက အာဏာသိမ်းပိုက်ရေးကိစ္စ လုံးလုံးမပါပါဘူး။

နဝတ ကသက်သေခံ အထောက်အထားအဖြစ် တင်ပြနေတဲ့ ဗကပ ပေါ်လစ်ဗျူရို အစည်းအဝေး ဗီဒီယိုခွေဆိုတာဟာ တကယ်က နိုင်/ဦး အဖွဲ့ အစည်းအဝေး မဟုတ်ပါဘူး။ မြောက်ပိုင်းဗဟိုဌာနခွဲ ကော်မတီဝင်များသို့ ဗဟိုရဲ့ဆုံးဖြတ်ချက်များကို ပြန်လည်အစီရင်ခံတဲ့ အစည်းအဝေး ဖြစ်ပါတယ်။

ပြီးတော့လဲ အဲဒီမှာ ပါတီဗဟိုက တင်ပြနေတာဟာ ပါတီကအာဏာသိမ်းယူဖို့ မဟုတ်ပါဘူး။ လူထုအုံကြွမှုကြီး (ဒီမိုကရေစီ အရေးတော်ပုံ) က မဆလ စစ်အစိုးရကို ဖြိုဖျက်ပြီး လူထုကြီးကိုယ်တိုင် ဖွဲ့စည်းတဲ့ ယာယီအစိုးရတရပ် ပေါ်ပေါက်ရေးနဲ့ အဲဒီအစိုးရကို ပါတီက ဘယ်လိုအားပေးထောက်ခံရမလဲ ဆိုတာကို တင်ပြတာ ဖြစ်ပါတယ်။

ဒီကိစ္စကို အကျယ်တင်ပြမှ ရှင်းလင်းပြည့်စုံမှာဖြစ်လို့ လိုအပ်သလောက်ကို တင်ပြပါမယ်။

၁၉၈၈ က အခြေအနေဟာ အလွန်ထူးခြားတဲ့ အခြေအနေဖြစ်ပါတယ်။ လူထုကြီး အနေနဲ့ စစ်အစိုးရရဲ့ ဖိနှိပ်သွေးစုပ်မှုအောက်မှာ အနှစ်နှစ်အလလ ကြိတ်မှိတ်သည်းခံလာခဲ့ရတာတွေ ပေါက်ကွဲလာခဲ့တာ ဖြစ်ပါတယ်။ မိမိတို့ကံကြမ္မာကို မိမိတို့ဖာသာ ဖန်တီးတော့မယ်ဆိုတဲ့ သန္နိဋ္ဌာန်ချလာတဲ့ကာလ ဖြစ်ပါတယ်။ အဟောင်းတွေကို ဖြိုဖျက်ပစ်ပြီး အသစ်တွေကို ထူထောင်လာကြတဲ့ အချိန်လည်း ဖြစ်ပါတယ်။

ဒါပေမဲ့ ပြင်းပြတဲ့စိတ်ဓာတ်သာရှိပြီး လိုအပ်တဲ့ တပြည်လုံးအတိုင်းအတာအရ စည်းရုံးဖွဲ့စည်းမှု မရှိဘဲ ဖြစ်နေပါတယ်။ ဒီလိုဖြစ်တာကလဲ သဘာဝကျပါတယ်။ မဆလ တပါတီ စစ်အာဏာရှင်စနစ် လက်အောက်မှာ အနှစ် ၃၀ နီးပါး နေခဲ့ရတာကြောင့် အရင့်အရင်က ရှိခဲ့တဲ့ ပြည်လုံးဆိုင်ရာ အစည်းအရုံး အဖွဲ့အစည်းတွေ မရှိတော့ပါဘူး။ အသစ်ပြန်လည် ဖွဲ့စည်းကြရမှာပါ။ ဒါဟာ အလွန်ကြီးမားတဲ့ အားနည်းချက်ပါ။

နောက်ပြီးတော့ အရေးတကာ့အရေးအကြီးဆုံးဖြစ်တဲ့ အားနည်းချက်ကတော့ လူထုအာဏာ (တနည်း) ဒီမိုကရေစီအာဏာကို ကျောထောက်နောက်ခံပြုရမယ့် အာဏာယန္တရား (စစ်တပ် – ရဲအဖွဲ့ – တရားရုံးစတာ) မရှိပါဘူး။

မဆလ စစ်အစိုးရ ယန္တရားကတော့ သွက်ချာပါဒ လိုက်သွားပါပြီ။ မဆလ စစ်အစိုးရအပေါ် (အထူးသဖြင့် ဦးနေဝင်းအပေါ်မှာ) တကယ်တမ်း သစ္စာရှိနေတဲ့ အဖွဲ့အစည်းက စစ်ထောက်လှမ်းရေး အဖွဲ့သာ ရှိပါတော့တယ်။ (ဒီကျေးဇူးကြောင့်လဲ နဝတ ထဲမှာ ဗိုလ်ခင်ညွန့်



တိုက်ဖျက်မပစ်နိုင်ရင် ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးအရ အဖြေရှာမှာ မဟုတ်ပါ။ ဗမာပြည်ရဲ့ နိုင်ငံရေးအခြေအနေဟာ တိုးတက်နိုင်မှာ မဟုတ်ပါဘူး။ (စစ် ၃ စစ်) ကို တိုက်ဖျက်ပစ်ဖို့ဆိုရင်လဲ လူတန်းစားလူ့အလွှာ အားလုံးပါမှ ဖြစ်ပါမယ်။ ဒီလူတန်းစား လူ့အလွှာတွေကို ကိုယ်စားပြုတဲ့ နိုင်ငံရေးအတွေးအခေါ် အမျိုးမျိုးကို ကိုယ်စားပြုတဲ့ ပါတီတွေ ရှိရပါမယ်။ ပါတီအများအပြား ရှိရပါမယ်။ မြို့ပေါ်မှာ မဆလ၊ တောထဲမှာ ဗကပ – ဒီနှစ်ခုပဲ ရှိနေလို့ မဖြစ်ပါဘူး။

ဒုတိယအားဖြင့်– ဗမာပြည် ပြည်တွင်းစစ်ဟာ ရှုပ်ထွေးပါတယ်။ ရှည်ကြာပြီး အပြောင်းအလဲလည်း များပါတယ်။ ပုံစံသေ၊ မူသေတခုနှစ်ခုနဲ့ ပြဿနာရဲ့ အဖြေကိုရှာလို့ မဖြစ်ပါဘူး။ အင်အားစု အသီးသီးရဲ့ အဆိုပြုမှုအားလုံး၊ စဉ်းစားမှုအားလုံးနဲ့ ရွေးခြယ်စရာလမ်း အားလုံးကို လမ်းဖွင့်ပေးထားရပါမယ်၊ ချုပ်ပြီးပြောရရင် နိုင်ငံရေးအရ အဖြေရှာရပါမယ်။ နိုင်ငံရေးအရ အဖြေရှာခဲ့သားပဲ၊ ကွန်မြူနစ်တွေက အခွင့်ကောင်းယူ အမြတ်ထုတ်ခဲ့လို့ ဖျက်သိမ်းလိုက်ရတာလို့ နဝတ ကရေးနေ ပြောနေတာ ရှိပါတယ်၊ ၁၉၆၃ ရော ၁၉၈၀/၈၁ မှာပါ စစ်အစိုးရက နိုင်ငံရေးအရ အဖြေရှာခဲ့တာ မဟုတ်ပါဘူး။ စစ်မြေပြင်မှာ မရနိုင်တာကို စေ့စပ်ရေးစားပွဲမှာ တင်ပြီး တောင်းနေတာပါ။

နိုင်ငံတကာမှာ ပြည်တွင်းစစ်ပြဿနာကို ဖြေရှင်းကြတာကို ကြည့်ပါ။ စိတ်ရှည်လက်ရှည် စေ့စပ်ညှိနှိုင်းကြတာပါ။ တကယ်ပြောရင် စစ်အစိုးရဟာ ဆွေးနွေးဘက်များအပေါ်မှာ တန်းတူရည်တူ ဆက်ဆံတာ မရှိပါဘူး။ သူတို့က သဘောထားကြီးစွာနဲ့ မဟာအခွင့်အရေးကြီး ပေးနေတာ ကမ်းမတက်နဲ့ဆိုတဲ့ အပြုအမူတွေ လေသံတွေနဲ့ ဆက်ဆံတာပါ။

ဒါကြောင့် တန်းတူရည်တူ၊ ဒီမိုကရေစီရှိရှိ၊ အကြောင်းအကျိုးဆီလျော်စွာ စိတ်ရှည်လက်ရှည် ပြောဆိုဆက်ဆံတဲ့ နည်းနာဟာလည်း အရေးကြီးပါတယ်။ စစ်တပ်ထဲက တပ်ခွဲ တပ်ကြပ်ကြီး အပေါက်မျိုးချိုးလို့ကတော့ မဖြစ်ပါ။

စစ်အစိုးရဆီက အထက်ပါသဘောထားမျိုး၊ ဆက်ဆံမှုမျိုးကို ရလိမ့်မယ်လို့ ပါတီကစိတ်ကူးယဉ်မှု မရှိပါဘူး။ ဒါကြောင့်လည်း ပါတီစုံဒီမိုကရေစီသာလျှင် ဗမာပြည်ရဲ့ လက်တွေ့နိုင်ငံရေးနဲ့ ကိုက်ညီတယ်ဆိုပြီး တင်ပြနေတာပါ။

ပါတီစုံဒီမိုကရေစီကို ၁၉၈၀/၈၁ ခုနှစ်မှာ ဗမာပြည်ကွန်မြူနစ်ပါတီက တင်ပြလိုက်တော့ တုံ့ပြန်မှု အမျိုးမျိုးကို ပါတီတွင်း ပါတီပမှာ ကြုံတွေ့ရပါတယ်။ ပါတီစုံဒီမိုကရေစီဟာ ဗမာပြည်နိုင်ငံရေးလက်တွေ့ကို ဦးစားပေးပြီး ဖော်ထုတ်တဲ့ကြွေးကြော်သံ ဖြစ်ပါတယ်။ မပြီးဆုံးနိုင်တဲ့ ပြည်တွင်းစစ်ကို ရပ်စဲလိုတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို တကယ်တမ်း တည်ဆောက်လိုတဲ့ စေတနာနဲ့ တင်ပြခဲ့တာပါ။

ကျွန်တော်တို့ရဲ့ တင်ပြချက်ကို တပြည်လုံးသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခဲ့ပါတယ်။ နိုင်ငံရေးခေါင်းဆောင်ကြီး၊ အသီးသီးထံမှ ဝေဖန်အကြံပေးမှုများကိုလဲ တောင်းခံခဲ့ပါတယ်။

ဦးကျော်ငြိမ်းက “ဒီတခါတော့ သခင်ဗသိန်းတင်ပြောတဲ့ ပါတီစုံဒီမိုကရေစီကို

ထောက်ခံတယ်။” လို့ ပြောခဲ့ပါတယ်။

ဗိုလ်နေဝင်း စိတ်ကူးပေါက်တိုင်း အရမ်းလျှောက်လုပ်လို့ တိုင်းပြည် ဆင်းရဲတွင်းနက်နေတာကို ကိုယ်တွေ့ကြုံနေရတာကြောင့်တကြောင်း၊ သူ့အနေနဲ့ စတင်ခဲ့တဲ့ “ပြည်တွင်းစစ်ခင်းပြီး ကွန်မြူနစ်ပါတီကို အပြုတ်တိုက်ရေး” ဟာ လက်တွေ့မှာ နေဝင်းစစ်အုပ်စုကို မွေးပေးသလိုဖြစ်ခဲ့တာကြောင့်တကြောင်း၊ အတိုက်အခံဘဝနဲ့ နေရတဲ့ ပုဂ္ဂလိက ကျပ်တည်းကျဉ်းမြောင်းမှု၊ စိုးရိမ်ထိတ်လန့်နေရမှုတို့ကို ကိုယ်တွေ့ကြုံလာလို့တကြောင်း၊ အဲဒီအကြောင်းတွေကြောင့် သံဝေဂရလာတာ ဖြစ်ပါလိမ့်မယ်။

ဦးကျော်ငြိမ်းရဲ့ တုံ့ပြန်မှုမျိုးလိုပဲ တခြားပြည်တွင်းနိုင်ငံရေးလောကက ပုဂ္ဂိုလ်ကြီးတွေ အများအပြားဆီက ပါတီအနေနဲ့ လက်ခံရရှိခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီကို ထောက်ခံတဲ့ တုံ့ပြန်မှုကို အစဉ်အလာကြီးတဲ့ နိုင်ငံရေးခေါင်းဆောင်များထံမှ ရရှိခဲ့ပါတယ်။

ဦးကျော်ငြိမ်းက ‘အောက်မေ့သတိရချက်များ’ ဆိုတဲ့ စာမူတခု ရေးနေကြောင်းလည်း ကြားခဲ့ရပါတယ်။ သူကွယ်လွန်တော့ သူ့စာမူ အိမ်သူအိမ်သားတွေဆီမှာ ကျန်ရစ်တယ်လို့ ကြားရပါတယ်။ ‘စာမူ’ ဟာ အမေရိကန်ပြည်ထဲ ရောက်နေသလိုလိုလဲ ကြားရပါတယ်။ ဘာတွေပဲ ရေးထားရေးထား စာအုပ်အဖြစ် ထွက်လာတာကို ကျွန်တော်တို့ လိုလားပါတယ်။ ဦးနုရဲ့ ‘စနေသား’ စာအုပ်လို ထုတ်ဖြစ်အောင်ထုတ်နိုင်ရင် ဗမာပြည်နိုင်ငံရေးအတွက် တမျိုးမျိုးတော့ အကျိုးရှိနိုင်ပါတယ်။

ဒီတုံ့ပြန်မှုအားလုံးကို ကျွန်တော်တို့ပါတီက လှိုက်လှဲစွာကြိုဆိုခဲ့ပါတယ်။ အဲဒီလိုတုံ့ပြန်မှုတွေ ရပြီးတဲ့နောက်မှာ ပါတီက လက်တွေ့လုပ်ငန်းခွင်ထဲကို ဝင်ပါတယ်။ ၁၉၈၅ မတိုင်မီကပါ။

– ဆရာတော် သံဃာတော်များထံသို့ လိပ်မူတဲ့ ဆက်ကပ်လွှာများ (အထဲမှာ တိုင်းပြည်ရဲ့အရေး တိုင်းသူပြည်သားများရဲ့အရေးကို မျက်နှာလွှဲမထားဘဲ ပါဝင်ဆောင်ရွက်တော်မူကြရန် ပါတယ်)

– တချိန်တခါက နယ်ချဲ့ဆန့်ကျင်ရေး/ဖက်ဆစ်တော်လှန်ရေး စစ်မြေပြင်မှာ တကတုတ်ထဲမှာနေပြီး တိုက်ပွဲဝင်ခဲ့သူ လုပ်ဖော်ကိုင်ဖက်ဟောင်းများသို့ လိပ်မူတဲ့ ပို့စကဒ်ပေးစာများ၊ (၁၃၀၀ ပြည့်မှာ တိုက်ပွဲဝင်ခဲ့ကြစဉ်က ကျောင်းပရဝဏ်တွေထဲမှာ၊ အကျဉ်းထောင်ထဲမှာ၊ ကတုတ်ထဲမှာ၊ နောင်ပေါ်ပေါက်လာမယ့် လွတ်လပ်တဲ့ ဗမာပြည်ကြီးရဲ့ ပုံကားချပ်ကို စိတ်ကူးနဲ့ ရေးခြယ်ခဲ့ပုံများနဲ့ အခုတော့ တခြားစီဖြစ်နေတဲ့ နေဝင်းစစ်အုပ်စုအောက်က ဗမာပြည်ရဲ့ ပုံကားချပ် နှိုင်းယှဉ်ချက်၊ သက်တမ်းစေ့ နေရရင်တောင်မှ သိပ်ကြာကြာ မနေရတော့မယ့် အသက်အရွယ်ရောက်ခဲ့ကြပြီ။ ကျန်တဲ့သက်တမ်းအတွင်း (၅ နှစ် – ၁၀ နှစ်အတွင်း) မှာ စစ်အစိုးရကိုဖြုတ်ပြီး ပါတီစုံဒီမိုကရေစီအတွက် လက်တွဲတိုက်ပွဲဝင်ကြဖို့ လှုံ့ဆော်တဲ့ ပါတီရဲ့



တင်ပြချက် ဖြစ်ပါတယ်)

– တိုင်းပြည်ရဲ့ ကံကြမ္မာကို ဖန်တီးကြမယ့် ကျောင်းသားနဲ့လူငယ်များသို့ ပို့စကဒ်ပေးစာများ (အဲဒီထဲမှာ သမဂ္ဂဖွဲ့စည်းခွင့်နဲ့ အဆောက်အဦ ပြန်လည်တည်ဆောက်ရေး ပါတယ်။)

– စာပေအနုပညာရှင်များသို့ လိပ်မူပြီး စာပေလွတ်လပ်ခွင့်ကိစ္စတွေ ရေးပါတယ်။

– အလုပ်သမားအတွက် လယ်သမားအတွက် လိပ်မူတဲ့ ပို့စကဒ်များ စသဖြင့် နေရာအနှံ့သို့ ပို့ခဲ့ပါတယ်။

အဲဒီလို ပုဂ္ဂိုလ်ပေါင်းစုံ လူတန်းစားအလွှာပေါင်းစုံသို့ ပါတီရဲ့ပေးစာများဟာ ၁၉၈၈ ခုနှစ် အုံကြွမှုကြီးအတွက် အခြေခံတွေ ဖြစ်လာပါတယ်။

ကျွန်တော်တို့ ပါတီရဲ့ တင်ပြချက်များကို အများစုကြီးက ကောင်းမွန်တဲ့ တုံ့ပြန်မှုများ ပြုကြပါတယ်။

ဒီလိုနဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံရဲ့ ရွှေရတုနှစ်ပတ်လည်သို့ နီးကပ်လာပါတယ်။

## ၁၉၈၈ လူထုအုံကြွမှုကြီး
## (သို့မဟုတ်)
## ဒီမိုကရေစီအရေးတော်ပုံ

၁၉၈၀ – ၈၁ ခုနှစ်မှာ ပါတီကစတင်တင်ပြခဲ့တဲ့ စစ်အုပ်စု တပါတီအာဏာရှင်စနစ်ကို ဖျက်သိမ်းပြီး ပါတီစုံဒီမိုကရေစီစနစ် ထူထောင်ရေးဆိုတဲ့ ဝါဒဖြန့်ချိရေးကြွေးကြော်သံဟာ လူထုကြီးက လက်ခံလာတာနဲ့ တပြိုင်နက် လက်တွေ့ဆောင်ရွက်မယ့် ကြွေးကြော်သံ ဖြစ်လာပါတယ်။

၁၉၈၀ – ၈၁ ခုနှစ်က အခြေအနေမရင့်မှည့်သေးပေမယ့် ၁၉၈၈ ခုနှစ်မှာကျတော့ ရင့်မှည့်လာပြီး လူထုအုံကြွမှုကြီး ဖြစ်လာတာ ဖြစ်ပါတယ်။ ဒီလိုရင့်မှည့်လာစေဖို့ကို မဆလစစ်အစိုးရကိုယ်တိုင်က တဖက်တလမ်းကနေပြီး ဖန်တီးခဲ့တာပါ။ တိုင်းပြည်ဟာ အဆင်းရဲဆုံးနိုင်ငံ ဖြစ်သွားခြင်း၊ ငွေစက္ကူများကို တရားမဝင်ကြောင်း ကြေညာကာ လုံးလုံးဖျက်သိမ်းခြင်း၊ ဦးနေဝင်းကိုယ်တိုင်က အပြောင်းအလဲလုပ်ရေး စကားများပြောလာရခြင်း စတာတွေဟာ အခြေအနေရင့်မှည့်လာတာကိုပြတဲ့ အကြောင်းအချက်များ ဖြစ်ပါတယ်။

အခြေအနေ ရင့်မှည့်မှုဆိုတာကို (အခြေခံအားဖြင့်ဆိုလျှင်) အုပ်စိုးခံရသူတွေက အုပ်စိုးသူများရဲ့ ဖိနှိပ်သွေးစုပ်မှုကို ဆက်လက်သည်းခံနိုင်စွမ်း မရှိတော့ခြင်းဆိုတာ တခုတည်းနဲ့ အကဲဖြတ်ရတာ မဟုတ်ဘဲ၊ အုပ်စိုးသူတွေကိုယ်တိုင်ကလဲ ပုံစံဟောင်းအတိုင်း ဆက်လက်အုပ်စိုးရန် မဖြစ်နိုင်တော့ခြင်း ဆိုတာကိုပါ ထည့်တွက်ပြီး အကဲဖြတ်ရမှာ ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်က အခြေအနေဟာ အဲဒီလို အခြေအနေမျိုး ဖြစ်ပါတယ်။

လူတန်းစား လူ့အလွှာများ ပါဝင်မှုဘက်ကပြောပြော စွန့်လွှတ်စွန့်စားရမှု သွေးမြေကျရမှုဘက်က ကြည့်ကြည့် အများကြီး ကြီးမားကျယ်ပြန့်ပါတယ်။

ဒီအရေးတော်ပုံကြီး ပေါက်ကွဲလာစေဖို့ ကျွန်တော်တို့ပါတီဟာ အစောကြီးကတည်းက အားထုတ်လုံးပန်းခဲ့ပါတယ်။ ပါတီရဲ့ သားကောင်းသမီးကောင်း အမြောက်အမြားကို ပေးလှူခဲ့ရပါတယ်။ အရေးတော်ပုံရဲ့ အစ အလယ် အဆုံး တိုက်ပွဲစဉ်များမှာလဲ စွန့်လွှတ်စွန့်စားပြီး ပါဝင်ခဲ့ပါတယ်။

အခြေအနေ အချက်အလက်များ မရင့်မှည့်သေးတဲ့ကာလ ဖြစ်တဲ့အတွက် စောစောပိုင်းက လှုပ်ရှားမှုများဟာ ကြီးမားကျယ်ပြန့်တဲ့ လှုပ်ရှားမှုကြီးအဖြစ် မရောက်ရှိခဲ့ပါဘူး။ (အခြေအနေရင့်မှည့်မှုနဲ့ ပတ်သက်ပြီး အထက်မှာ တင်ပြခဲ့ပြီးပါပြီ။)

၁၉၈၇ ခုနှစ်မှာ ငွေစက္ကူတွေ တရားမဝင် ကြေညာတဲ့အချိန်ကတောင်မှ အုံကြွမှုကြီး ပေါ်ပေါက်မလာခဲ့ပါဘူး။

ဒီလိုအခြေအနေမျိုးမှာတောင်မှ လူထုအုံကြွမှုကြီး ဖြစ်မလာတော့ ဗမာပြည်အရေးကို စောင့်ကြည့် အကဲခတ်နေကြတဲ့ အနောက်တိုင်းက ပညာရှင်တွေက အံ့သြကြပါတယ်။ အခုလိုလဲ သုံးသပ်ကြပါတယ်။ ‘ရှေ့ဆောင်လှုပ်ရှားမည့် ခေါင်းဆောင် မရှိလို့’ ‘ဘာသာရေး အလွန်ကိုင်းရှိုင်းတဲ့လူထုဖြစ်လို့ သည်းခံစိတ်မြင့်မားလွန်းလို့’

သူတို့တိုင်းပြည်တွေမှာလိုဆိုရင် ဒါမျိုးလုပ်တဲ့အစိုးရ ခုနစ်ရက်မခံဘူး။ ပြုတ်ကျတယ်လို့လဲ ပြောကြပါတယ်။

ဗမာပြည်တွင်းက အခြေအနေကို အတွင်းကျကျ မသိလို့ သူတို့ဒီလိုပြောကြ သုံးသပ်ကြတာပါ။

၁၉၈၈ မှာ အုံကြွပေါက်ကွဲမှုကြီး ဖြစ်လာတော့မှ သူတို့ အံ့အားသင့်သွားပါတယ်။

သူတို့သုံးသပ်တဲ့ ခေါင်းဆောင်မှုမရှိလို့ ဆိုတာကတော့ တပိုင်းမှန်ပါတယ်။ ဒါပေမဲ့ အနှစ်သာရကျကျ စဉ်းစားကြည့်ရင် လူထုအုံကြွမှုကို ခေါင်းဆောင်က အချိန်မရွေး အခြေအနေမရွေး အမြဲတန်း ဖန်တီးနိုင်တာ မဟုတ်ပါဘူး။ လူထုအုံကြွမှုကသာ ခေါင်းဆောင်ကို ဘယ်အချိန်မှာမဆို ဖန်တီးနိုင်ပါတယ်။

၁၉၈၈ လူထုအုံကြွမှုကြီးအတွင်းမှာ ခေါင်းဆောင်မှုနေရာကို ရယူဖို့ အားထုတ်သူတွေ မနည်းပါဘူး၊ “ဒီမိုကရေစီ ဖခင်ကြီး” လို့ ကိုယ့်ကိုကိုယ်ဖော်ပြီး ထွက်လာတဲ့ ဦးအောင်ကြီးလို လူတောင်ရှိပါတယ်။ ဒါပေမဲ့ လူထုက (လူငယ်–လူကြီးအားလုံးက) တညီတည်းလောက် ရွေးခြယ်ဖန်တီးလိုက်သူက တခြားတယောက် ဖြစ်သွားပါတယ်။

ဘေးမှာ ကွန်မြူနစ်တွေ ဝိုင်းရံနေတယ်၊ ထုတ်ပယ်ပစ်ရမယ် စသဖြင့် ဦးအောင်ကြီးက သဲနဲ့ပက်တာ လုပ်လာပါသေးတယ်။ အခုတလောမှာလဲ နဝတ ဗိုလ်ခင်ညွန့်က ကွန်မြူနစ်တွေက ဝိုင်းရံတဲ့နည်းနဲ့တင်လို့ ခေါင်းဆောင်ဖြစ်လာတာ – နိုင်ငံခြားကသာ အထင်ကြီးထောက်ခံတာ



ဒီနေ့ တွင်ကျယ်နေနိုင်တာပါ။) ကျန်တဲ့ အစိုးရ ဌာနန္တရ တွေကတော့ – လူထုအုံကြွမှုအပေါ်မှာ စာနာမှု ရှိရင်ရှိ – မရှိရင်လဲ ကြားနေတဲ့သဘော – စောင့်ကြည့်လိုတဲ့သဘော ရှိနေကြတာ ဖြစ်ပါတယ်။

နှစ်ရှည်လများ ဗိုလ်နေဝင်းနဲ့ အလွန်ရင်းနှီးကျွမ်းဝင်ရှိခဲ့ကြတဲ့ (စစ်တပ်တွင်းမှာလဲ အစဉ်အလာရှိခဲ့ကြတဲ့) မျိုးချစ်ရဲဘော်ဟောင်းကြီးများကိုယ်တိုင်က လူထုအုံကြွမှုကြီးကို ထောက်ခံနေကြတာဟာ အတော်အရေးပါပါတယ်။ ဗိုလ်နေဝင်းအကြောင်း အတွင်းသိ အစင်းသိ သူတွေကတောင် မဆလကို ဆန့်ကျင်လာကြတာဖြစ်လို့ စစ်တပ်တခုလုံးအပေါ် အလွန်သြဇာ သက်ရောက်မှု ရှိနေပါတယ်။

ဦးအောင်ကြီးကို ကမန်းကတန်း ထောင်ကလွှတ်ပေးပြီး “တပ်မတော်အပေါ် စိတ်နဲ့တောင် မပြစ်မှားကြနဲ့” လို့ ပြောခိုင်းရတာကိုပဲ ကြည့်ပါ၊ ဒါဟာထောက်လှမ်းရေးရဲ့ အစီအမံပါ။

အုပ်ချုပ်ရေး ယန္တရားဟောင်းက ပြိုပျက်သွားပြီး အုပ်ချုပ်ရေး ယန္တရားအသစ်က ပေါ်ထွန်းမလာနိုင်သေးတဲ့ကာလ စစ်တပ်ကြီးတခုလုံးရဲ့ အများစုကြီးကလဲ ဇဝေဇဝါဖြစ်နေချိန် – ဒါဟာ အလွန်ထူးခြားတဲ့ အခြေအနေ ဖြစ်ပါတယ်။

ဒီအခြေအနေကို မှန်မှန်ကန်ကန်ချဉ်းကပ်ပြီး အင်အားစုအားလုံးက တညီတညွတ်တည်းနဲ့ အဖြေမှန်ကို ရှာနိုင်ကြရင် ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၅ ခုနှစ်တုန်းက ပေါ်ထွန်းခဲ့ဖူးသလို – တမျိုးသားလုံး တစည်းတလုံးတည်းရှိတဲ့ လူထုကြီးတရပ်လုံးအနေနဲ့ အကောင်းမြင်ဝါဒ ပြည့်ဖြိုးနေကာ အားသစ်မာန်သစ်တွေ ပြည့်လျှမ်းနေတဲ့ တပ်နဲ့ပြည်သူ တသားတည်းရှိနေတဲ့ အခြေအနေတရပ် ဖြစ်လာမှာပါ။

ဒီလိုဖြစ်လာဖို့ ကျွန်တော်တို့ပါတီက နည်းလမ်းများကို ကြိုးစားရှာဖွေ တင်ပြနေတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အချိန် မမီလိုက်ပါဘူး။ စစ်အုပ်စုက အာဏာသိမ်းသွားပါတယ်။

(၁၈–၉–၈၈) ရက်နေ့မှာ စစ်ထောက်လှမ်းရေးရဲ့ ဆော်သြမှုနဲ့ အာဏာသိမ်း လိုက်တော့ ဒီအာဏာသိမ်းပွဲဟာ ဘယ်သူ့ဆီက အာဏာသိမ်းလိုက်တာပါလို့ ပီပီပြင်ပြင် ပြောဖို့ ခက်နေပါတယ်။ မဆလ အစိုးရဆီက သိမ်းတာပါလို့ ပြောရအောင်ကလဲ မဆလ အစိုးရလက်ထဲမှာ အာဏာမရှိတော့ဘူး။ ပြိုပျက်သွားပြီ။ လူထုအစိုးရဆီက သိမ်းတာပါလို့ ပြောရင်လဲ “လူထုအစိုးရ ” ဆိုတာ ဖွဲ့ဖွဲ့စည်းစည်း ရှိသေးတာ မဟုတ်ဘူး။

ဘယ်သူ့ဆီက အာဏာသိမ်းလိုက်တာပါလို့ ပြောရခက်နေလို့ (ဗကပ) က ဖြတ်လမ်း ကနေပြီး အာဏာသိမ်းပိုက်ဖို့ ကြံစည်နေတာကို စစ်ထောက်လှမ်းရေးက ဖော်ထုတ်တွေ့ရှိပြီး လက်ဦးအောင် လုပ်လိုက်ရတာပါလို့ ဆင်ခြေကန်နေကြရတာပါ။

အနှစ်သာရဘက်ကနေပြောရင် နဝတ အာဏာသိမ်းတာဟာ လူထုဆီက အာဏာကို (လူထုဆီသို့ တစတစ ရောက်နေပြီဖြစ်တဲ့ အာဏာကို) သိမ်းလိုက်တာလို့ ပြောလို့

ရပါတယ်။

'လူထုအာဏာ' က စုစုစည်းစည်းဖြစ်သွားရင် – 'လူထုအာဏာ'မှာ ကြံ့ခိုင်တဲ့ ကျောထောက်နောက်ခံ အာဏာယန္တရား ရှိသွားရင် စစ်အုပ်စုအနေနဲ့ ဖြတ်လမ်းကနေ အာဏာသိမ်းလို့ မဖြစ်နိုင်တော့ပါဘူး။ နောက်ကျသွားပါပြီ။

နောက်ဆင်ခြေတခုက ဒေါက်တာမောင်မောင်ပြောတဲ့ အတိုင်းသာ လူထုက လက်ခံခဲ့ကြရင် စစ်တပ်ကဝင်ပြီး အာဏာသိမ်းဖြစ်မှာ မဟုတ်ဘူးလို့ ပြောလေ့ရှိပါတယ်။ တကယ်က ဒေါက်တာမောင်မောင်ရဲ့ သမ္မတသက်တမ်းအတွင်းမှာ ဒေါက်တာမောင်မောင်က လူထုကို အချိုသတ်နေပြီး စစ်တပ်က အာဏာသိမ်းပွဲအတွက် (လူထုကို အကြမ်းဖက်နှိမ်နင်းဖို့) ပြင်ဆင်နေတာပါ။ လက်နက် – ရိက္ခာ – ငွေကြေး –ခေတ်ဆီ စသဖြင့် ရုပ်ဝတ္ထုပစ္စည်းများကို တဖက်ကစုစည်းနေသလို တဖက်ကလဲ စစ်ဗိုလ်စစ်သားတွေကို စစ်စည်းကမ်းနဲ့ အကျပ်ကိုင်ပြီး တင်းတင်းကျပ်ကျပ် ချုပ်ကိုင်နေပါတယ်။ လူထုဆန့်ကျင်ရေးလုပ်ဖို့ သွေးထိုးပေးပါတယ်။ ဂိုဏ်းဂဏစိတ်သွင်းပေးပါတယ်။ ရာထူးနဲ့လည်း မြူဆွယ်ပါတယ်။

ဟိုတုန်းကဆိုရင် ယိုးဒယားစစ်တပ်မှာ ဗိုလ်ချုပ်ဦးရေက တင့်ကားဦးရေထက် များတယ်လို့ နိုင်ငံတကာ စာနယ်ဇင်းတချို့က ရယ်သွမ်းဖွဲ့ခဲ့ကြပါတယ်။ အခုတော့ အဲဒီ ယိုးဒယားစစ်တပ်ရဲ့ စံချိန်ကို နဝတ စစ်တပ်က ချိုးလိုက်ပါပြီ။ နေဝင်းစစ်အုပ်စုအတွက် အကျိုးပြုခဲ့သူများကို ရာထူးမြှင့်ပေးပြီး ဆုလာဘ်ချတာဖြစ်လို့ ဗိုလ်ချုပ်စာရင်းဝင် တလျှောကြီး ဖြစ်လာပါတယ်။

အောက်ကလူကို အထက်တင်ပေးဖို့အတွက် နဂိုရှိနေတဲ့ လူကိုလဲ ဖယ်ပစ်ဖို့မကောင်း (မကောင်းဘူးဆိုတာထက် တပ်တွင်းမှာထားပြီး ထိန်းချုပ်ထားတာက ပိုပြီးစိတ်ချရမှာ ဖြစ်လို့ပါ။ တပ်ပြင်ရောက်သွားရင် မျိုးချစ်ရဲဘော်ဟောင်းတွေနဲ့ ပလဲနံပသင့်သွားရင် ခက်ရချေရဲ့ဆိုပြီး ဆက်ပြီး တပ်ထဲမှာ ထိန်းထားတာပါ။)

ဒီတော့ ဗိုလ်ချုပ်မှူးကြီးဆိုတဲ့ ရာထူးတခုကို တီထွင်ရတယ်။ ရှိရင်းစွဲ ဗိုလ်ချုပ်တွေကို ထိန်းထားရတယ်။ ကောင်းမှုပြုခဲ့သူတွေကို ဗိုလ်ချုပ်ခန့်ရတယ်။ ဒီလိုနဲ့ ဗိုလ်ချုပ်တွေ တလျှောကြီး ဖြစ်သွားတာပါ။

ယိုးဒယားရဲ့စံချိန် ချိုးမှချိုးရစေတော့ဆိုတဲ့ စေတနာနဲ့လုပ်ပုံ မပေါ်ပါဘူး။

<u>၁၉၈၈ / ဒီမိုကရေစီအရေးတော်ပုံ</u>

ကို

<u>ခြုံငုံသုံးသပ်နိဂုံးချုပ်လုပ်ကာ သင်ခန်းစာထုတ်ယူရေး</u>

လူထုနဲ့ချီပြီး ပါဝင်တဲ့ လုပ်ရှားမှုကြီးတိုင်းမှာ အတွေ့အကြုံနဲ့ သင်ခန်းစာတွေ ရှိစမြဲပါ။



ဥပမာ အဖြစ် ၁၃၀၀ ပြည့် အရေးတော်ပုံရဲ့ သင်ခန်းစာကို တင်ပြပါမယ်။

၁၃၀၀ ပြည့် အရေးတော်ပုံဟာ ရည်မှန်းချက်ပန်းတိုင်အရောက် တကြိုးတည်း မချီတက်နိုင်ခဲ့ပါဘူး။ ဆုံးရှုံးသွားပါတယ်။

ဒါပေမဲ့ အရေးကြီးတဲ့ သင်ခန်းစာနှစ်ခု ရခဲ့ပါတယ်။

ပထမ သင်ခန်းစာက အင်အားအဆမတန် ကြီးမားတဲ့ ခေတ်သစ်နယ်ချဲ့သမားကို အနိုင်တိုက်ဖို့ဆိုရင် တော်လှန်ရေးသဘောတရား လက်နက်တပ်ဆင်ထားတဲ့ စည်းကမ်း တင်းကျပ်တဲ့ တော်လှန်ရေးပါတီတရပ်ရဲ့ ခေါင်းဆောင်မှု ရှိရမယ်။ အမျိုးသားရေးဝါဒ သက်သက်ကို လမ်းညွှန်ထားကာ လျော့ရဲရဲဖွဲ့စည်းထားတဲ့ ပါတီရဲ့ခေါင်းဆောင်မှုနဲ့ တိုက်လို့မဖြစ်ဘူး ဆိုတာရယ်။

ဒုတိယ သင်ခန်းစာက ခေတ်မီစစ်တပ်ကို အသုံးပြုပြီး ဖိနှိပ်အုပ်ချုပ်နေတဲ့ နယ်ချဲ့ အစိုးရကို အနိုင်တိုက်ချင်ရင် ခေတ်မီအမျိုးသားတပ်မတော်တရပ် ထူထောင်ရမယ်။ လက်နက်မဲ့ ရင်ဆိုင်လို့ကတော့ အနိုင်မရနိုင်ဘူးဆိုတဲ့ သင်ခန်းစာများ ဖြစ်ပါတယ်။

သခင်အောင်ဆန်းရဲ့ ဂုဏ်ကျေးဇူးဟာ ဒီနှစ်ခုရှိလာအောင် စတင် ထူထောင်ခဲ့သူတွေ ထဲမှာ ရှေ့ဆုံးကပါဝင်ခဲ့တဲ့ကောင်းမှု ဖြစ်ပါတယ်။

မှန်မှန်ကန်ကန်ခြုံငုံသုံးသပ် နိဂုံးချုပ်ပြီး သင်ခန်းစာကောင်းကောင်းထုတ်ကာ ပြင်ဆင်သင့်တာပြင်ဆင်၊ မရှိတာရှိအောင် လုပ်နိုင်ရင် နောက်ဆုံးမှာ အောင်မြင်မှု ရလာတာပါပဲ။ ဒါကြောင့်လဲ ဆုံးရှုံးမှုဟာ အောင်မြင်မှုအတွက် မိခင်ဖြစ်တယ်လို့ တင်စားပြီး ပြောကြတာပါ။

၁၃၀၀ ပြည့် အရေးတော်ပုံ ၁၀ နှစ်ပြည့်မြောက်တဲ့ အခါမှာကျတော့ ကျွန်တော်တို့ ပြည်သူများဟာ အင်္ဂလိပ်နယ်ချဲ့သမားအပေါ် လွတ်လပ်ရေးအောင်ပွဲ ရလိုက်ပါတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံသာ မရှိခဲ့ရင် အဲဒီအရေးတော်ပုံက ပေးလိုက်တဲ့ သင်ခန်းစာကိုသာ မှန်မှန်ကန်ကန် မထုတ်ယူနိုင်ရင် ၁၉၄၈ မှာ အောင်ပွဲရမှာ မဟုတ်ပါဘူး။

၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံကိုလဲ ခြုံငုံသုံးသပ် နိဂုံးချုပ်လုပ်ကာ သင်ခန်းစာများ ထုတ်ယူရပါမယ်။

သင်ခန်းစာကို မှန်မှန်ကန်ကန် ထုတ်ယူနိုင်ရင် စစ်အစိုးရ – စစ်အာဏာရှင်စနစ်နဲ့ စစ်ဗျူရိုကရေစီယန္တရားတို့ကို နောက်တချီမှာ တိုက်ဖျက်ပစ်နိုင်ပါလိမ့်မယ်။

ဒီမိုကရေစီအစိုးရစစ်စစ်ကိုလဲ ထူထောင်နိုင်ပါလိမ့်မယ်။

ကျွန်တော်တို့ ပါတီက ထုတ်ယူရရှိတဲ့ သင်ခန်းစာကို တင်ပြပါမယ်။ ဒါဟာ ဆွေးနွေးဖို့ ညှိနှိုင်းဖို့အတွက် အဆိုတခုကို တင်ပြတဲ့ သဘောပါ။ အမှန်တရားကို ဝိုင်းဝန်းရှာဖွေကြဖို့ အစပျိုးပေးတာလဲ ဖြစ်ပါတယ်။ ကိုယ့်ကိုကိုယ် ဝေဖန်ရေးသဘောနဲ့ တင်ပြတာဖြစ်လို့ အမှားနဲ့ ချို့ယွင်းချက်များကိုသာ ဇောင်းပေးပြီး ဖော်ထုတ်တင်ပြမှာပါ။

၁၉၈၈/ ဒီမိုကရေစီအရေးတော်ပုံဟာ ၁၃၀၀ ပြည့်အရေးတော်ပုံနဲ့ နှိုင်းစာရင် လူထု

ပါတီကသိရှိနိုင်ပါတယ်၊ ဒါပေမဲ့ ဘယ်အချိန်မှာ ဘာကိုအကြောင်းပြုပြီး ဘယ်နေရာမှာ ဖြစ်လာမလဲဆိုတဲ့ ရှောင်တခင်သဘော (ကြုံကြိုက်တိုက်ဆိုင်မှုသဘော) ကိုတော့ မသိနိုင်ပါဘူး။

၁၉၈၈ ခုနှစ် မတ်လမှာတော့ ဒါဟာ လူထုအုံကြွမှုကြီးရဲ့ အစဆိုတာ တွက်ချက်လို့ရပါပြီ။ အဲဒီအချိန်ရောက်သည်အထိ ခေါင်းဆောင်မယ့် ကျယ်ပြန့်တဲ့ တပ်ပေါင်းစုအမြုတေ ဖွဲ့လို့မပြီးသေးပါဘူး။

လှုပ်ရှားမှုကြီးကို ခေါင်းဆောင်မယ့်တပ်ပေါင်းစု မရှိတော့ တညီတညွတ်တည်းသော ခေါင်းဆောင်မှုမပေးနိုင်ဘဲ တယောက်တပေါက်ဖြစ်ကာ စည်းလုံးမှု ပျက်ပြားစေပါတယ်။ ရန်သူက ဝင်ပြီး သပ်လျှိုသွေးခွဲနိုင်ဖို့ ရေခံမြေခံ ဖန်တီးပေးသလို ဖြစ်ရပါတယ်။

ယာယီအစိုးရ ဖွဲ့စည်းရေး ကြွေးကြော်သံကို လက်တွေ့အကောင်အထည်ဖော်ဖို့ အခြေအနေတရပ် ဖြစ်ပေါ်လာတော့ ပိုပြီးကသောင်းကနင်း ဖြစ်ကုန်ပါတယ်။

တစုတစည်းတည်းသော ခေါင်းဆောင်မှုအဖွဲ့ ရှိနေပြီး တညီတညွတ်တည်းသော ရှေ့ဆောင်မှုကိုသာ ပေးနေနိုင်ခဲ့ရင် ဒါမျိုး မဖြစ်နိုင်ပါဘူး။

သန္နိဋ္ဌာန် ပြတ်သားခိုင်မာမှုနဲ့ စွန့်လွှတ်စွန့်စားမှုတွေဘက်မှာ လုံးဝပြည့်စုံပါတယ်။ တိုက်ပွဲဝင် ကျောင်းသားလူငယ်တွေနဲ့ လုပ်သားပြည်သူတွေဟာ အံ့သြလေးစားဖွယ်ကောင်းအောင် စွန့်စွန့်စားစား တိုက်ပွဲဝင်ခဲ့ပါတယ်။ တပြည်လုံး အုံးအုံးကြွက်ကြွက် အုံကြွလာခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့ ကြိုတင်ပြင်ဆင်မှု မလုံလောက်တဲ့အတွက် တပြည်လုံးအနေနဲ့ တိုက်ပွဲကြီးတခုလုံးဟာ အလိုအလျောက်သဘော ဖြစ်နေပါတယ်။ တိုက်ပွဲဝင်အဖွဲ့အစည်းတွေ ထပ်နေပါတယ်။

ဦးတည်ရန်သူကို တဖက်ကတိုက်ရင်း တဖက်က ခေါင်းဆောင်မှုကို အောက်ခြေထုက ရွေးခြယ်နေရတာပါ။ ၁၉၉၀ ရွေးကောက်ပွဲကျမှပဲ လူထုကြိုက်အဖွဲ့အစည်းနဲ့ ခေါင်းဆောင်မှုအဖွဲ့ကို ပြက်ပြက်ထင်ထင်ရှိခဲ့တာ ဖြစ်ပါတယ်။

ဒုတိယသင်ခန်းစာလို့ ကျွန်တော်တို့ယူဆတာက တွေးခေါ်မြော်မြင်မှုပိုင်းမှာ ရှုပ်ထွေးခြင်းနဲ့ မှားယွင်းသောစိတ်ကူး စိတ်သန်းများ ထားရှိခြင်း ဖြစ်ပါတယ်။

စည်းရုံးရေးအပိုင်းမှာ ရှုပ်တွေးတာကို ရှေ့မှာတင်ပြခဲ့ပြီးပါပြီ။ အခုတင်ပြမှာက တွေးခေါ်မြော်မြင်မှု အပိုင်းက ရှုပ်ထွေးခြင်း ဖြစ်ပါတယ်။

အရင်းရှင် နယ်ချဲ့သမားတွေက ဗမာပြည်မှာ စစ်အစိုးရကို ဖြုတ်ချပြီး ဒီမိုကရေစီအစိုးရတရပ်နဲ့ အစားထိုးချင်နေပြီလို့ မြင်တာဟာ အခြေခံအကျဆုံး အမှားပါ။

ဒီတွေးခေါ်မြော်မြင်မှုကနေပြီး ရှုပ်ထွေးမှုတွေ တသီကြီးကို ဖြစ်ပေါ်လာစေပါတယ်။ လွဲမှားတဲ့ စိတ်ကူးယဉ်မှုတွေကိုလဲ အများကြီးဖြစ်ပေါ်လာစေပါတယ်။

နယ်ချဲ့သမားတွေဟာ (၂၆) နှစ်တိုင်တိုင် စစ်အစိုးရကို ကျားကန်ပေးထားခဲ့တာပါ။



စသည်စသည်ဖြင့် အပုပ်ချပါတယ်။ ဦးအောင်ကြီးရဲ့လေကိုလိုက်ပြီး ပြောတာပါ။ ဒီစကားစခဲ့သူက ဦးအောင်ကြီးပါ။

ဦးအောင်ကြီးရဲ့ စာစောင်တွေအားလုံးမှာ မကွယ်မဝှက်ပါနေတဲ့ အချက်အရသူလိုလားတာဟာ စစ်အစိုးရ – စစ်အုပ်စု အာဏာရှင်စနစ် – စစ်ဗျူရိုကရေစီယန္တရားကို ဖျက်သိမ်းရေး မဟုတ်ပါဘူး။ ဦးနေဝင်းက နံပါတ်တစ်အဖြစ် သမ္မတလုပ်ပြီး သူက ဝန်ကြီးချုပ်လုပ်ချင်တာပါ။

ဗိုလ်တင်ဖေက စိတ်မနှံ့သူ – ဝန်ကြီးချုပ်လုပ်ခဲ့ကြတဲ့ – ဗိုလ်စိန်ဝင်း – ဦးမောင်မောင်ခ – သူရဦးထွန်းတင်တို့က အရည်အချင်းမရှိသူတွေ၊ ဂျပန်အစိုးရကလဲ မကြည်ဖြူသူတွေ၊ သူသာ အထိုက်တန်ဆုံး ဆိုတာလည်း ပါပါတယ်။

တပ်ကထွက်ပြီး ဖဆပလဥက္ကဋ္ဌ လုပ်မယ်ဆိုတော့ ဗိုလ်အောင်ဆန်းက ဗိုလ်နေဝင်းကို ဖယ်ထားပြီး သခင်ဗဟိန်းကို တပ်ရဲ့ဦးစီးဦးကိုင်အဖြစ် စစ်ဦးစီးချုပ်နေရာပေးတော့ သူက မကျေမနပ်ဖြစ်ပြီး ဗိုလ်နေဝင်းဘက်က ရပ်ခဲ့သူပါဆိုပြီး ဗိုလ်နေဝင်းကို မျက်ရည်ခံထိုးတာလဲ ပါပါတယ်။ ဗိုလ်နေဝင်းရဲ့ သစ္စာရှိကျွန်ယုံတော်ဆိုတာကို ယုံကြည်ပါလို့ ရေးထားတာပါ။

စစ်တပ်က လူထုကို သွေးချောင်းစီးအောင် ပစ်သတ်နေတော့လဲ "တပ်မတော်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့" လို့ ပြောခဲ့သူပါ။

အဲဒီလိုလူမျိုးကို လူထုကခေါင်းဆောင်နေရာ မပေးတာလဲ မဆန်းပါဘူး။

လူထုက သူတို့ကို ခေါင်းဆောင်ပြီး စစ်အစိုးရ – နေဝင်းစစ်အုပ်စုနဲ့ စစ်ဗျူရိုကရေစီယန္တရားကို ပြတ်ပြတ်သားသား တိုက်ဖျက်မယ့်သူကိုသာ လိုချင်တာပါ။ သူတို့ကို ခုတုံးလုပ်ပြီး အာဏာကုလားထိုင်မှာ သွားထိုင်မယ့်သူကို မလိုချင်ပါဘူး။

ဦးအောင်ကြီးဟာ ဗမာပြည်ကွန်မြူနစ်ပါတီကို အရိုးစွဲအောင် မုန်းတီးနေသူ၊ ပြီးတော့ ရှုံ့ကြောက်ကြီး ဖြစ်နေသူဆိုတာကို ပါတီက သိပါတယ်။ စစ်အစိုးရကို အတိုက်အခံ လုပ်သလိုလိုနဲ့ နိုင်ငံရေးအလံရှူး လုပ်နေတာကိုလဲ သိပါတယ်။ "မင်းမဲ့ဝါဒ ဖြစ်လာပြီ" လို့ဆိုကာ စစ်တပ်အာဏာသိမ်းပွဲလုပ်ဖို့ သူကပဲစပြီး အချက်ပြခဲ့တယ် ဆိုတာလဲ ပါတီက သိပါတယ်။

ဒါပေမဲ့ မဆလ စစ်အစိုးရကို ဖယ်ရှားပစ်ရေးမှာ အားလုံးတလုံးတစည်းတည်းရှိရေး၊ မကွဲပြဲရေးကို ဦးစားပေးပြီး ပါတီကသည်းခံခဲ့ပါတယ်။

ကျောင်းသားတွေ၊ လူငယ်တွေနဲ့ မြေအောက်ပါတီဝင် အတော်များများက ဦးအောင်ကြီးကို ဖွင့်ချချင်ကြတာကိုပင် မလုပ်ကြဖို့ ထိန်းထိန်းသိမ်းသိမ်း လုပ်ခဲ့ပါတယ်။

ဘာကြောင့် ဒီလိုလုပ်သလဲဆိုတော့ ပါတီရဲ့စည်းစားချက်က ဂျပန်ဖက်ဆစ် ဆန့်ကျင်ရေးလုပ်တုန်းကလို ကျယ်ပြန့်တဲ့ တပ်ပေါင်းစု ဖြစ်ချင်လို့ပါ။ အားလုံးစုစုစည်းစည်း ဖြစ်ချင်လို့ပါ။

အဲဒီတုန်းက အင်္ဂလိပ်နယ်ချဲ့ လက်ဝေခံ ချပ်သင်းသူဌေး ဦးဘတင်တို့လို အင်္ဂလိပ်အလိုတော်ရိတွေ ကပ္ပတိန်ထွန်းလှအောင်တို့လို လူတွေကိုတောင် စည်းရုံးခဲ့တာပါ။ သူတို့

အကူအညီကို ရသလောက်ယူခဲ့တာပါ။

၁၉၄၅ မှာ ဖဆပလ တရားဝင်ဖွဲ့တော့လဲ ငါးပွင့်ဆိုင်တွေ၊ မျိုးချစ်တွေ ၊ ဓားမတွေ အားလုံးပါအောင် စည်းရုံးခဲ့တာပါ။

ပြည်ပက နယ်ချဲ့ဖက်ဆစ်တွေကိုတော်လှန်ဖို့ ကျယ်ပြန့်တဲ့တပ်ပေါင်းစု ဖွဲ့ခဲ့သလို တိုင်းရင်းဖြစ်ဖက်ဆစ်တွေ (စစ်အစိုးရ) ကို တွန်းလှန်ဖို့ ကျယ်ပြန့်တဲ့တပ်ပေါင်းစု ဖွဲ့ချင်တာဟာ ပါတီရဲ့မူ ဖြစ်ပါတယ်။

စစ်အစိုးရ – စစ်အုပ်စု – စစ်ဗျူရိုကရေစီယန္တရားကို တိုက်ဖျက်ဖို့တာဝန်ဟာ အလွန်ကြီးလေးပါတယ်။ ခက်လဲခက်ခဲပါတယ်။ လွယ်လွယ်နဲ့ မဖြစ်နိုင်ဘူးဆိုတာကို ပါတီက သိထားလို့ ကွန်မြူနစ်ဆန့်ကျင်သူများနဲ့တောင်မှ တပ်ပေါင်းစုထဲမှာအတူနေဖို့ ကြိုးစားခဲ့တာပါ။

ဒါပေမဲ့ ကွန်မြူနစ်ဆန့်ကျင်သူများက (သူတို့ခေတ်ရောက်ပြီလို့ အခြောက်တိုက် ထင်နေပြီး) (ဗကပ) ကို အတင်းဝိုင်းပယ်ချင်နေကြတာပါ။

ဗမာပြည်ဆိုရှယ်လစ်ပါတီရဲ့ အတွေးအခေါ်ရှင်ကြီး ဦးကျော်ငြိမ်းကတောင် ပျော့ပျော့ ပျောင်းပျောင်း ရှိလာပေမယ့် ဗိုလ်အောင်ကြီးက (စစ်အုပ်စုထဲ ပြန်ဝင်ချင်ဇောနဲ့) ဗကပကို ဝိုင်းပယ်နေတာပါ။

ဗိုလ်အောင်ကြီးက စစ်အုပ်စုရဲ့ နံပါတ်နှစ်နေရာကို ပြန်ရနိုးနိုးနဲ့ ဘယ်လိုပဲ မျက်နှာလို အားရ လုပ်နေပေမယ့် သူ့ကိုဗိုလ်နေဝင်းက အသုံးမလိုတော့ပါဘူး။ နဝတ စစ်အုပ်စုဝင် အားလုံးကလဲ သူတို့အပေါ် ဆရာလာလုပ်မယ့်သူကို မလိုချင်ပါဘူး။ ထားရာနေမယ် ဆိုရင်တောင်မှ လက်မခံဝံ့ကြပါဘူး။ နောက်ဆုံးတော့ (သခင်စိုး အလုပ်ခံရသလို) နိုင်ငံရေး သိက္ခာသာမက လူမှုရေးသိက္ခာပါ အချခံရပြီးမှ ဘဲဥမှုနဲ့ ထောင်သွင်းခံရတာပါ။

၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံရဲ့ ပထမဆုံးသင်ခန်းစာဟာ <u>ကြိုတင်ပြင်ဆင်မှု မလုံလောက်တာ ဖြစ်ပါတယ်။</u>

– ကျယ်ပြန့်တဲ့ တပ်ပေါင်းစုကို ကြိုတင်ဖွဲ့ မထားနိုင်တော့ တညီတညွတ်တည်းသော အမိန့်ပေးအဖွဲ့ (ညွှန်ကြားရေးအဖွဲ့) မရှိခဲ့တာ။ ခေါင်းဆောင်မှုကို အုံကြွမှု ဖြစ်နေမှသာ ရွေးချယ်နေရတာ။

– သော့ချက်ကျတဲ့ နေရာတွေ၊ တရားဝင်အဖွဲ့အစည်းတွေထဲမှာ မိမိအင်အားများကို ကြိုတင်မြှုပ်နှံထားမှု မလုပ်နိုင်တာ – ဒါတွေဟာ ကြိုတင်ပြင်ဆင်မှု မလုံလောက်တာ ကို ဖော်ပြတာ ဖြစ်ပါတယ်။

၁၃၀၀ ပြည့် အရေးတော်ပုံတုန်းက အင်္ဂလိပ်နယ်ချဲ့ ပေးထားတဲ့ အခြေခံဒီမိုကရေစီ အခွင့်အရေးတွေ ရှိပါတယ်။ ခေါင်းဆောင်မှုပေးရေးနဲ့ ပတ်သက်ပြီး စည်းရုံးရေးအပိုင်းမှာ ပြဿနာ မရှိခဲ့ပါဘူး။သခင်ကိုယ်တော်မှိုင်းအမှူးပြုတဲ့ တို့ဗမာအစည်းအရုံး၊ ကျောင်းသားသမဂ္ဂ၊ အလုပ် သမား – လယ်သမား အစည်းအရုံးများ စသဖြင့် ခေါင်းဆောင်မှုအဖွဲ့များ ဖွဲ့ဖွဲ့စည်းစည်း ရှိပြီး



သွားပါ။

သတင်းစာကနေပြီး ညွှန်ကြားချက်ထုတ်ရင် တရက်တည်းနဲ့ တပြည်လုံးပြန့်ပါတယ်။ လှို့ဆော်ဝါဒဖြန့် လုပ်နိုင်ပါတယ်။ လွတ်လပ်စွာရေးသားပုံနှိပ်ထုတ်ဝေခွင့် တစုံတရာရှိပါတယ်။

၁၉၈၈ မှာ ဒါမျိုး မရှိပါဘူး။

ဂျပန်ဖက်ဆစ်ခေတ်မှာ လုပ်ရတာ ကျတော့လဲ ဘီဒီအေ တပ်တွင်းရှိ မျိုးချစ်ပြည်ချစ် တပ်မှူးများနဲ့ ပါတီဝင် တပ်မှူးတပ်သားများရဲ့ ကူညီပံ့ပိုးမှု ရှိပါတယ်။ သူတို့အကူအညီနဲ့ (ဖတပလ) ကို ဖွဲ့နိုင်ခဲ့ပါတယ်။ ဂျပန်ရုပ်သေးအစိုးရဌာနများရဲ့ အကူအညီနဲ့ တပ်ပေါင်းစုကို တိုးချဲ့နိုင်ပါတယ်၊

၁၉၈၈ မှာတော့ ပြည်တွင်းစစ်ဖြစ်နေချိန်ပါ။ ပါတီဗဟိုကလဲ မြို့တော်နဲ့ အလှမ်း ကွာပါတယ်။ တပ်ပေါင်းစုကို မြေအောက်နည်းနဲ့ ဖွဲ့စည်းနေရတာပါ။

တိုက်ပွဲဝင်ပြည်သူတွေကိုယ်တိုင် ဖွဲ့စည်းထားတဲ့ လွတ်လပ်တဲ့ ကျောင်းသားသမဂ္ဂ၊ အလုပ်သမားသမဂ္ဂ၊ တောင်သူလယ်သမားသမဂ္ဂ စသဖြင့် မရှိပါဘူး။ မဆလ က ဖွဲ့ထားတဲ့ အဖွဲ့တွေတော့ ရှိပါတယ်။ ဒီအဖွဲ့တွေဟာ လူထုအုံကြွမှုကြီး အရှိန်မြင့်မားချိန်မှာ တိုက်ပွဲဝင်သူ တွေ ဖြစ်လာတတ်ပါတယ်။ ကြိုတင်ပြီး အစီအစဉ်ရှိရှိနဲ့ မိမိအင်အားများကို ဒီလိုတရားဝင် တည်ရှိနေတဲ့ အဖွဲ့အစည်းတွေမှာ ဝင်ရောက်မြှုပ်နှံထားရပါမယ်။ ကျွန်တော်တို့ မြှုပ်နှံတာ မလုံလောက်ခဲ့ပါဘူး။ ဒီမှာပြောတဲ့ ကျွန်တော်တို့ဆိုတာဟာ ပါတီသက်သက်ကိုပြောတာ မဟုတ်ပါဘူး။ တိုက်ပွဲကို ပြင်ဆင်တဲ့ အဖွဲ့အစည်းအားလုံးကို ဆိုလိုပါတယ်။

ရန်သူ့စစ်တပ်ထဲမှာ မြှုပ်နှံထားတာဟာ သော့ချက်အကျဆုံး တာဝန်တခု ဖြစ်ပါတယ်။ ရန်သူ့စစ်တပ်ရဲ့ တချို့အစိတ်အပိုင်းကို ပြည်သူတွေဘက် ကူးပြောင်းလာအောင် အများပိုင်းကို ကြားနေလာအောင် စစ်အုပ်စုရဲ့ အမိန့်ကို မနာခံသူတွေ ဖြစ်လာအောင်လုပ်နိုင်မှ လူထုတိုက်ပွဲ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

တပ်ပေါင်းစုလုပ်ငန်းကို လုပ်ရတာဟာ ပါတီယူဂျီများအဖို့ အများကြီး စွန့်စားရ ပါတယ်။ ရန်သူက ဖော်ထုတ်ပြီး ဖမ်းဆီးသွားခဲ့နိုင်တာတွေ အားလုံးလောက်ဟာ တပ်ပေါင်းစု ဖွဲ့စည်းရေး လုပ်ငန်းလုပ်ရင်းက အစရသွားတာပါ။ စကားတခွန်းပြောဖို့ စာတစောင်ပေးဖို့ ပါတီက ဘယ်လောက် ရင်းနှီးခဲ့ရတယ်၊ စွန့်လွှတ်စွန့်စားရတယ် ဆိုတာကို ပေါ်လွင်အောင် တင်ပြ နေတာပါ။ ဒီလို စွန့်လွှတ်စွန့်စားခဲ့ရတာတွေအတွက် နောင်တရနေတာ မဟုတ်ဘဲ ဂုဏ်ယူ နေတာ ဖြစ်ပါတယ်။

၁၉၈၀/၈၁ ကစပြီး ပါတီစုံဒီမိုကရေစီကြွေးကြော်သံ ထုတ်ပြန်ခဲ့စဉ်ကတည်းက စတင်ပြီး လုပ်ငန်းတွေ လုပ်ဆောင်ခဲ့တာ ဖြစ်ပေမယ့် လူထုအုံကြွမှုကြီးကို ခေါင်းဆောင်မယ့် ခေါင်းဆောင်မှုအဖွဲ့ကို ၁၉၈၈ အထိ တူတူတန်တန် မဖွဲ့နိုင်ခဲ့ပါဘူး။

စစ်အစိုးရကို ဆန့်ကျင်တဲ့ လူထုအုံကြွမှုကြီး ဖြစ်ကိုဖြစ်လာရမယ်ဆိုတဲ့ မှချသဘောကို

ဒီမိုကရေစီ အစိုးရသို့ ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်သွားမှာ သေချာပါတယ်။

(၂၃–၈–၈၈) မျိုးချစ်တပ်မှူးကြီးဟောင်း (၁၅) ဦးရဲ့တင်ပြချက် ထွက်လာပြီး နောက်တနေ့မှာ စစ်အုပ်ချုပ်ရေးရုပ်သိမ်းတာပါ။

စစ်အုပ်ချုပ်ရေး ရုပ်သိမ်းလိုက်ရတာကို ခေါင်းမာတဲ့ဂိုဏ်းက လုံးဝနောက်ဆုတ်သွားတာလို့ အကဲဖြတ်လို့ မဖြစ်ပါဘူး။

သမ္မတဒေါက်တာမောင်မောင်က မွန်းလွဲတနာရီကစပြီး စစ်အုပ်ချုပ်ရေးနဲ့ အရေးပေါ်ကြေညာချက် ရုပ်သိမ်းတယ်လို့ ပြောပါတယ်။ တကယ်က ဒီအရင်ကတည်းက နာရီပိုင်းစောပြီး ဗိုလ်မျိုးညွန့် (စစ်အုပ်ချုပ်ရေးမှူး) က သူ့သဘောနဲ့သူ စစ်အုပ်ချုပ်ရေး ရုပ်သိမ်းပြီးပါပြီ။

တပ်တွေကိုလဲ မိမိစခန်းအသီးသီးသို့ ပြန်ဝင်ခိုင်းပါတယ်။

တပ်မှူးတပ်သားတွေနဲ့ ပြည်သူများ လက်မရွံ့လူသတ်ကောင် စိန်လွင်ပြုတ်သွားလို့ ဝမ်းပန်းတသာ ဖက်လဲတကင်းဖြစ်နေတာတွေ၊ အရောတဝင် ကြည်ကြည်ဖြူဖြူ ဖြစ်နေတာတွေကို သူတို့စစ်အုပ်စုက မလိုလားပါဘူး။ အန္တရာယ်ရှိလာပြီလို့ မြင်ပါတယ်။ ဒီအတိုင်းလွှတ်ထားရင် စစ်အုပ်စု ခေါင်းမာဂိုဏ်းရဲ့ အမိန့်အာဏာ စစ်တပ်တတပ်လုံးပေါ်မှာ တည်တော့မှာ မဟုတ်ဘူးဆိုတာ သိပါတယ်။ ဒါကြောင့် ပြည်သူနဲ့ အရောတဝင်လုပ်ဖို့ လက်လှမ်းမမီတဲ့ နေရာတွေကို အမြန်ရွှေ့ပစ်လိုက်တာပါ။

စိန်လွင်ရဲ့လမ်းစဉ်က စိန်လွင်သမ္မတ မဟုတ်တော့လို့ ပျောက်ပျက်သွားတာ မဟုတ်ပါဘူး။

စိန်လွင်ရဲ့ လမ်းစဉ်က ခပ်ပြတ်ပြတ် အမိန့်ပေး၊ လူများများသတ်၊ ၁ ယောက်သတ်လို့ မငြိမ်ရင် ၁၀ သတ်။ မငြိမ်သေးရင် ၁၀၀ – ၁၀၀၀ သတ်သာသွား၊ နောက်ဆုံးမှာ ငြိမ်သွားရမယ်။ ဝပ်သွားရမယ်။ ပိပြီးပြားသွားရမယ်။

စိန်လွင်က သူ့လမ်းစဉ်ကို သူတို့ထဲက (သူ့အထင်) ပျော့ညံ့သူများ၊ အသဲငယ်သူ၊ အသဲကြောင်သူများကြောင့် လမ်းဆုံးအောင် မလုပ်လိုက်ရတာလို့ ယူဆထားပါတယ်။

ထောက်လှမ်းရေးက စိန်လွင်လမ်းစဉ်ကို ကြိုက်ပါတယ်။ နဝတ တက်ခါစက လုပ်လိုက်တာဟာ စိန်လွင်လမ်းစဉ်ပါ။

တစတစ မိမိတို့ စစ်အုပ်စု ဩဇာအောက်က တတပ်လုံး လွတ်သွားမှာကို စိုးရိမ်လို့ စစ်တန်းလျားထဲ ပြန်သွင်းတာကို ကျွန်တော်တို့တတွေ သတိမပြုမိခဲ့ပါဘူး။ အောင်မြင်မှုဘက်ကိုသာ အလေးကဲမြင်နေပြီး အခြားဘက်တဘက် ရန်သူရဲ့ ကောက်ကျစ်မှုကို မမြင်မိခဲ့ပါဘူး။

တပြည်လုံးမှာလဲ စစ်တပ်ကို လူထုနဲ့ မဆက်သွယ်နိုင်တဲ့ နေရာမှာ ထားပါတယ်။ တပ်ထဲက သူတို့မယုံကြည်သူများကို ရှင်းလင်းပစ်တာတွေ – ပြည်သူဆန့်ကျင်ရေးလုပ်ဖို့ သွေးထိုးပေးတာတွေ ဂိုဏ်းဂဏစိတ်သွင်းပေးတာတွေ လုပ်ပါတယ်။ ရာထူးရာခံနဲ့ မြူဆွယ်ပါတယ်။ ချုပ်ပြီးပြောရင် အာဏာသိမ်းပွဲအတွက် ပြင်ဆင်ပါတယ်။



စစ်အစိုးရကလဲ (ဒီအရင်က အစိုးရတွေပါ) ကွန်မြူနစ်ဆန့်ကျင်ရေး၊ ပြည်သူဆန့်ကျင်ရေး၊ ပြည်တွင်းစစ်ကို နယ်ချဲ့သမားတွေအပေါ် လုံးလုံးမှီခိုပြီး တိုက်ခဲ့တာပါ။

နယ်ချဲ့သမားတွေ ဗမာပြည်မှာ လိုချင်နေတာက သူတို့ကို မှီခိုနေရတဲ့ အစိုးရတရပ်ဖြစ်ပါတယ်။ လုံးလုံးနောက်လိုက်လုပ်မယ်ဆိုရင် ပိုကြိုက်ပါတယ်။ ၂၀ ရာစုနှစ်ရဲ့ အနှစ် (၅၀) ပိုင်း၊ (၆၀) ပိုင်း၊ (၇၀) ပိုင်းတုန်းက ယိုးဒယား အစိုးရတွေလို ကိုရီးယားစစ်ဆိုလဲ အမေရိကန်ရဲ့နောက်က ဗီယက်နမ်စစ်ဆိုလဲ အမေရိကန်ရဲ့ နောက်ကလိုက်တဲ့ အစိုးရမျိုးကို လိုချင်တာပါ။ ဗမာပြည်မှာ ဒီမိုကရေစီရှိရေးထက် ဘာစနစ်နဲ့အုပ်ချုပ်နေနေ ‘တို့လူ’ ‘တို့နောက်လိုက်လုပ်မယ့် အစိုးရ’ ကို လိုချင်တာပါ။

ဒါပေမဲ့ ဗမာပြည်မှာ ဒါမျိုးဖြစ်ဖို့ မလွယ်ပါဘူး။ ကျွန်တော်တို့ ပြည်သူတွေက နှစ်ပေါင်း (၁၀၀) ကျော်တဲ့ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းရှိပါတယ်။ ဖောက်ပြန်တဲ့အစိုးရက လုပ်ချင်ဦးတော့ ပြည်သူတွေက လက်မခံပါဘူး။

၁၉၅၀ ခုနှစ် ကိုရီးယားစစ်တုန်းက အမေရိကန်နောက်လိုက် မရဲတရဲ လုပ်ခဲ့မိလို့ အာဏာရ ဆိုရှယ်လစ်ပါတီ ကွဲခဲ့ရပါတယ်။ ဒီသင်ခန်းစာကို အုပ်စိုးသူများ မေ့နိုင်မှာ မဟုတ်ပါဘူး။

တောင်အမေရိကမှာ – အလယ်အမေရိကနဲ့ – ကာရေဘီယံဒေသတွေမှာလဲ အမေရိကန်ရဲ့ ‘တို့လူ’ စစ်အာဏာရှင်တွေ နည်းမှမနည်းပဲ။ အဲဒါမျိုးကို လိုချင်တာပါ။ အမေရိကန်နယ်ချဲ့ လိုချင်တာဟာ ဒီမိုကရေစီအစိုးရ မဟုတ်ပါဘူး။

ဗိုလ်နေဝင်းအနေနဲ့ ပြည်တွင်းက ကွန်မြူနစ်ဆန့်ကျင်ရေးကို သာမက တရုတ်ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်နေတုန်းကဆိုရင် ပိုပြီးတောင် ကြည်ဖြူခဲ့ပါတယ်။ ပြစရာသာဓကတွေ အများကြီးပါ။

သမိုင်းသင်ခန်းစာများဟာ ဘယ်တော့မှ မေ့ပစ်လို့မရတဲ့ သွေးနဲ့ရင်းပြီး ရယူခဲ့တဲ့ သင်ခန်းစာများ ဖြစ်ပါတယ်။ ၁၉၄၀/၄၁ ခုနှစ်က သမိုင်းသင်ခန်းစာများကို သတိရသင့်ပါတယ်။

အဲဒီတုန်းကလည်း ဂျပန်စစ်အုပ်စုဟာ ဖြုန်းစားကြီး ဗမာပြည်ရဲ့ ‘လွတ်လပ်ရေး’ ကို စိတ်ဝင်စားလာခဲ့ကြပါတယ်။ အနှစ်သာရ အရကတော့ အခုအမေရိကန် – အင်္ဂလိပ်တို့က ဗမာပြည်ရဲ့ ‘ဒီမိုကရေစီရေး’ ကို စိတ်ဝင်စားတာနဲ့ အတူတူပါပဲ။ သမိုင်းအခြေအနေ အချက်အလက်ချင်း ကွာတဲ့အတွက် လုပ်ပုံလုပ်နည်းကတော့ မတူပါဘူး။

ဒီနေရာမှာ သမိုင်းအခြေအနေ အချက်အလက်များကို အခိုင်အမာထည့်တွက်ရေးဟာ တိုက်ပွဲဝင်ပြည်သူများအတွက် အလွန်အရေးပါတာကို တပါတည်း တင်ပြသွားပါမယ်။

သမိုင်းဟာ ထပ်ကျော့ပြီး ထပ်တူထပ်မျှ ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။ အနှစ်သာရချင်း ဆင်တူယိုးမှားဖြစ်တာပဲ ဖြစ်နိုင်ပါတယ်။

၁၉၄၀/၄၁ အခြေအနေက ဥရောပမှာ စစ်ဖြစ်နေပါတယ်။ ကမ္ဘာစစ်ကြီး မလွဲမသွေ ဖြစ်ပါတော့မယ်။ ဥရောပစစ်မှာ ပြင်သစ်ကစစ်ရှုံးပြီး နယ်သာလင်က အတင်းသိမ်းပိုက်တာ

ခံရပါတယ်။ အင်္ဂလိပ်ကလဲ သိမ်းပိုက်ခံရတော့မလိုလို ခြိမ်းခြောက်ခံနေရပါတယ်။ အာရှမှာသူတို့ပိုင်ခဲ့တဲ့ ကိုလိုနီနိုင်ငံတွေကို ဂျပန်ကမျက်စိကျပါတယ်။ တရုတ်ဂျပန်စစ်ပွဲ တိုက်ရေးမှာ ဗမာပြည်တွင်းက တရုတ်ဗမာ လမ်းမကြီးကလဲ မျက်စိစပါးမွေးစူးစရာ ဖြစ်နေပါတယ်။

ဒီလိုအခြေအနေ အချက်အလက်တွေကြောင့် ဂျပန်က 'ဗမာပြည်လွတ်လပ်ရေး' ကို စိတ်ဝင်စားလာတာပါ။

အထက်မှာဖော်ပြခဲ့တဲ့ အခြေအနေနဲ့ အချက်အလက်များဟာ သမိုင်းဖြစ်သွားပါပြီ။ သမိုင်းဟာ ဘယ်တော့မှ ထပ်တူပြန်ဖြစ်တော့မှာ မဟုတ်ပါဘူး။

၁၉၈၈ အုံကြွမှုကြီး ဒီရေမြင့်ချိန်မှာ 'ရရင်ရ – မရရင်ချ' ဆိုတဲ့ ကြွေးကြော်သံ ဝင်လာပါတယ်။ ဒါသိပ်မှန်တဲ့ ကြွေးကြော်သံပါ။ သန္နိဋ္ဌာန်ပြင်းပြသူများမှသာ ချမှတ်နိုင်တဲ့ ဆုံးဖြတ်ချက်ပါ။

'ချရင် ဘယ်လိုချမလဲ' 'လက်နက်ဘယ်ကရမလဲ' စတဲ့မေးခွန်းတွေ တသီကြီး ပေါ်လာပါတယ်။

အဲဒီမှာ လွဲမှားတဲ့ စိတ်ကူးစိတ်သန်းများ ပေါ်လာတော့တာပါ။ အမေရိကန်ရဲ့ "ဒီမိုကရေစီရေး – ဗမာပြည်လူ့အခွင့်အရေး" စတဲ့ကြွေးကြော်သံတွေကို ပိုပြီးတွက်ချက်မိကြပါတယ်။

– လက်နက်ကို ရတဲ့ဆီက ယူမယ်။

– ရဲဘော်သုံးကျိပ်နဲ့ ဘီအိုင်အေ တပ်ကြီး ဖွဲ့ခဲ့သေးတာပဲ။

– ရဲဘော် သုံးထောင် /သုံးသောင်းနဲ့ ပိုကြီးတဲ့ ဒီမိုကရေစီ တပ်မတော် ဖွဲ့မယ်။

ဆိုတာတွေ ဖြစ်ကုန်ပါတယ်။

အသေးစိတ် မတင်ပြတော့ပါ။ ကျွန်တော်တို့မှာ မှားယွင်းသော စိတ်ကူးစိတ်သန်းများ ရှိခဲ့တယ်ဆိုတာကိုပဲ ပုံပေါ်အောင်သာ တင်ပြတာ ဖြစ်ပါတယ်။

စစ်အစိုးရကို ဘယ်လိုချမှရမယ်၊ ဘယ်လိုချကြရမယ်ဆိုတာကို နောက်ပိုင်းမှာ ခေါင်းစီးသပ်သပ်ခွဲပြီး တင်ပြမှာဖြစ်လို့ ဒီလောက်နဲ့ ဒီကိစ္စကို ရပ်ထားပြီး "ချရေး"ရဲ့ အရင်ပေါ်ခဲ့တဲ့ မှားယွင်းတဲ့ စိတ်ကူးစိတ်သန်းတခုကို တင်ပြပါဦးမယ်။

အခုတင်ပြနေတဲ့ မှားယွင်းတဲ့စိတ်ကူးစိတ်သန်းများဆိုတာဟာ သူများတွေပေါ်တာထက် ကျွန်တော်တို့ ယူဂျီပါတီဝင် အများအပြားနဲ့ ရှေ့တန်းရောက် တိုက်ပွဲဝင်ကျောင်းသားလူငယ်များအကြားမှာ ပေါ်ခဲ့တာကို ဆိုလိုပါတယ်။

စောစောပိုင်းက ပေါ်ခဲ့တဲ့ မှားယွင်းတဲ့ စိတ်ကူးစိတ်သန်းကို တင်ပြပါမယ်။ ဒေါက်တာမောင်မောင်ရဲ့ သမ္မတသက်တမ်းအစမှာ ပေါ်တာပါ၊ အဲဒီစိတ်ကူးစိတ်သန်း (တွေးခေါ်မြော်မြင်မှု) က

"နိုင်ငံရေးအာဏာဟာ သေနတ်ပြောင်းထဲက ထွက်တယ်" ဆိုတာ တလောကလုံး



ဆိုင်ရာ အမှန်တရားမဟုတ်ဘူး။ ခြွင်းချက်ရှိတယ်။ အခုဗမာပြည်မှာ လူထုအုံကြွမှုကြီး အနုနည်းနဲ့ သွေးမြေကျ တိုက်ပွဲဝင်ခဲ့မှုကြောင့် စိန်လွင်ပြုတ်သွားပြီ။ စစ်အုပ်ချုပ်ရေး ရုပ်သိမ်းသွားရပြီ။ လူထုရဲ့ တောင်းဆိုချက်တွေ တစတစ ရလာနေပြီ၊ ဒါကြောင့် –

"နိုင်ငံရေးအာဏာဟာ လူထုရဲ့ လက်ရုံးများကလဲ ထွက်တယ်" ဒါဟာ ဗမာပြည်ရဲ့ ထူးခြားချက် ဖြစ်တယ်။

အဲဒီလို ထင်မြင်ယူဆလာတာတွေတောင် ရှိခဲ့ပါတယ်။ "နိုင်ငံရေးအာဏာဟာ သေနတ်ပြောင်းထဲက ထွက်တယ်" လို့ ယူဆတာဟာ သမရိုးကျ ဖြစ်နေပြီလို့လဲ တချို့က စွပ်စွဲခဲ့ပါတယ်။

အဲဒီတုန်းက ဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေကလဲ အဲဒီလိုစိတ်ကူးမျိုးကို တွေးတောဖြစ်စေတာ အမှန်ပါပဲ။

စစ်အုပ်စုရဲ့ လက်မရွံ့လူသတ်သမား စိန်လွင်ဟာ ၁၉၈၈ ဩဂုတ်လ (၁၂) ရက်နေ့မှာ နုတ်ထွက်သွားခဲ့ရပါတယ်။

သမ္မတသစ် ဒေါက်တာမောင်မောင်က ဩဂုတ်လ ၂၄ ရက် ည (၈) နာရီမှာ အဲဒီနေ့မွန်းလွဲ တနာရီကစပြီး စစ်အုပ်ချုပ်ရေး ရုပ်သိမ်းလိုက်ပါပြီလို့ ကြေညာလာရတယ်။ တခြားအရေးကြီးတဲ့ အလျှော့ပေးမှုတွေလဲ လုပ်လာပါတယ်။

ဒါတွေဟာ လူထုကြီးရဲ့ သွေးမြေကျခံပြီး အကြမ်းမဖက် အနုနည်းသက်သက်နဲ့ တိုက်ပွဲဝင်လို့ ရလာတဲ့ အောင်သီးအောင်ပွင့်တွေပါ။ ဒီအောင်သီးအောင်ပွင့်တွေကို မျက်ကွယ်ပြုလို့ မဖြစ်ပါဘူး။ အလွန်လဲ မြင်သာထင်သာတဲ့ အောင်မြင်မှုတွေ ဖြစ်ပါတယ်။ အောင်မြင်မှုတွေလို့ အသိအမှတ်မပြုရင် သိပ်ပြီးမှားပါတယ်။

စိန်လွင်နုတ်ထွက်ရတဲ့ ဩဂုတ် (၁၂) ရက်နေ့ကစပြီး လူထုကြီးဟာ အောင်ပွဲခံစိတ်ဓာတ်တွေ လွှမ်းမိုးနေပါတယ်။

စိန်လွင်မနုတ်ထွက်ခင်က လူထုတိုက်ပွဲကို အထက်အမိန့်အရ မတတ်သာဘဲ ပစ်သတ်နေရတဲ့ အစိုးရတပ်မှူး တပ်သားတွေကလဲ စိတ်လက်ရွှင်ကြည် ပေါ့ပါးလာကြတယ်။ တဖက်နဲ့ တဖက် တင်းမာနေမှုတွေ ပြေငြိမ်းစပြုလာတယ်။

ပြည်သူနဲ့တပ်ဟာ ဗိုလ်ချုပ်အောင်ဆန်း တပ်မတော်ကို ဦးစီးရှေ့ဆောင်စဉ်ကလို ကြည်ကြည်ဖြူဖြူဖြစ်ဖို့ လမ်းစတွေ ပွင့်လာပါတယ်။

နေဝင်းစစ်အုပ်စုရဲ့ တလက်ကိုင်တပ်ဘဝ ချုပ်ငြိမ်းတော့မလို ဖြစ်လာပါတယ်။

– မျိုးချစ်တပ်မှူးကြီးဟောင်း ၁၅ ဦး ကြေညာချက်

– ဗမာ့တပ်မတော် တပ်မှူးဟောင်းများ၏ ကြေညာချက်တွေဟာ အခြေခံအားဖြင့် ကောင်းမွန်ထိရောက်တဲ့ ကြေညာချက်တွေ ဖြစ်ပါတယ်။ အချိန်လဲ မီပါတယ်။

ဒီလမ်းကြောင်း အတိုင်းသာ ဖြစ်ပေါ်တိုးတက်သွားရင် စစ်အစိုးရကို ဖြုတ်ချပြီး

အမြင်ရှိရှိ တည်တည်ငြိမ်ငြိမ် လုပ်ဆောင်သွားမှုတွေကိုလဲ ဂုဏ်ပြုရမှာပါ။

ဒုတိယအတွေ့အကြုံက အောင်သီးအောင်ပွင့်တွေကို ခိုင်မာသထက် ခိုင်မာအောင် ထိန်းသိမ်းထားနိုင်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုက်ပွဲဝင်ရဲဘော်တချို့အတွင်းမှာ ၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံနဲ့ ပတ်သက်ပြီး တဖက်သတ်ကျတဲ့ သုံးသပ်မှုတွေ ရှိနေပါတယ်။ 'အရေးတော်ပုံ ရှုံးသွားပြီ' ဆိုတဲ့ စိတ်ပျက်အားငယ်တဲ့ သုံးသပ်ချက် ဖြစ်ပါတယ်။

တကြိုးတည်းနဲ့ အောင်ပွဲအထိရောက်အောင် မချီတက်နိုင်ခဲ့တာ ဘက်ကကြည့်ရင် ရှုံးသွားတာ အမှန်ပါ။

ဒါပေမဲ့ အရေးတော်ပုံက တောင်းဆိုတိုက်ပွဲဝင်ခဲ့တဲ့ အချက်တွေဘက်ကကြည့်ရင် အောင်မြင်မှုတွေ (အောင်သီး အောင်ပွင့် တွေ) မနည်းဘူးဆိုတာ တွေ့ရမှာပါ။

- မဆလ တပါတီ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး တောင်းဆိုချက်ဟာ အောင်မြင်ပါတယ်။

မဆလ တပါတီ စစ်အာဏာရှင်စနစ်ကို တရားဝင်အောင် လုပ်ပေးထားတဲ့ '၇၄ အခြေခံဥပဒေ' ပျက်သွားပါပြီ။

အဆစ်အနေနဲ့ မဆလ ပါတီတောင် ပျက်သွားပါတယ်။ လူထုတိုက်ပွဲ တောင်းဆိုချက်မှာ မဆလ ပါတီဖျက်သိမ်းရေး မပါပါဘူး။ ပါတီစုံထဲမှာ သူလဲတပါတီအနေနဲ့ ပါဝင်ပြီး ငြိမ်းချမ်းစွာ ယှဉ်ပြိုင်စေဖို့သာ လူထုက လိုလားတာပါ။

ဒါပေမဲ့ သူတို့အခြေအနေကို သူတို့သိနေလို့ မဆလကို ဖျက်သိမ်းပြီး (တစည) လို့ အမည်ပြောင်း လမ်းစဉ်ပြောင်းတာ လုပ်လိုက်ပါတယ်။ ဒါဟာ သူတို့ရဲ့ ဒီမိုကရေစီ အခွင့်အရေးပါ။ ဖျက်ချင်ဖျက် – လမ်းစဉ်ပြောင်းချင်ပြောင်း လုပ်နိုင်ပါတယ်။

နဝတ ကိုလဲ နဝတ ပါတီဖွဲ့ပြီး ပါတီစုံဒီမိုကရေစီထဲမှာ ပါဝင်ဖို့ အခု ကျွန်တော်တို့က တောင်းဆိုနေပါတယ်။ ဒါပေမဲ့ (န၊ ဝ၊ တ) က ဖားတပိုင်းငါးတပိုင်း ပါတီတခုပဲ ဖွဲ့လိုက်ပါတယ်။ 'ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်း' လို့ အမည်ပေးထားပါတယ်။ [နဝတဟာ အိမ်စောင့်အစိုးရ (၅၈–၆၀) တုန်းက လုပ်ခဲ့တာတွေဟာ အောင်မြင်မှုတွေလို့ ထင်နေဟန် ရှိပါတယ်။ ဒါကြောင့် အဲဒီတုန်းက လုပ်ခဲ့တာတွေ လိုက်လုပ်လေ့ ရှိပါတယ်။ တည်မြဲဖဆပလ အကျနာသွားပြီး သန့်ရှင်း ဖဆပလကို လူထုကတခဲနက် မဲပေးလိုက်တဲ့ လူထုရဲ့ ဒဏ်ခတ်မှုကြီးကိုတော့ သူတို့ သင်ခန်းစာ မယူပါဘူး။]

ကြံ့ခိုင်ရေးအသင်းဟာ (နဝတ) က ဖန်တီးလိုက်တဲ့ 'အသင်း' လို့ နာမည်ခံတဲ့ ပါတီတခုပါ။ မဆလ ကို 'တော်လှန်ရေးကောင်စီ ' က ဖန်တီးခဲ့သလို ဖန်တီးနေတာ ဖြစ်ပါတယ်။ စစ်အုပ်စုရဲ့ နိုင်ငံရေးလမ်းစဉ်ကို အကောင်အထည်ဖော်ဖို့ ဖွဲ့စည်းလိုက်တာပဲ ဖြစ်ပါတယ်။

– နောက်အောင်သီးအောင်ပွင့် တခုက (ဒီအောင်သီးအောင်ပွင့်က ပိုပြီးအရေးပါ



ရဲဘော်မော်စီတုန်းပြောခဲ့တဲ့ "နိုင်ငံရေးအာဏာဟာ သေနတ်ပြောင်းထဲက ထွက်တယ်" ဆိုတဲ့ အမှန်တရားကို ခေနရှင်ဒီမိုကရက်များ က ပြက်ရယ်ပြုကြပါတယ်။ တချို့ကလဲ နားဝင်မချိုကြပါဘူး။ သွေးဆာနေတဲ့ ဆောင်ပုဒ်လို့လဲ ပြောကြပါတယ်။

ဒါပေမဲ့ ဒါဟာ တလောကလုံးဆိုင်ရာ အမှန်တရားပါ။ ဘယ်နေရာမှာမဆို အကျပ်အတည်းကြီးတွေ ဖြစ်လာရင် "သေနတ်ကို ဘယ်သူအမိန့်ပေးသလဲ?" ဆိုတာက အရေးပါသွားတော့တာပါ။ အမိန့်ပေးနိုင်သူက နိုင်ငံရေးအာဏာပိုင် ဖြစ်သွားတာပါ။

လူထုကိုယ်စားလှယ်များက (ယာယီအစိုးရခေါ်ခေါ် ကြားဖြတ်အစိုးရခေါ်ခေါ် လူထုကြိုက်အစိုးရက) အမိန့်ပေးနိုင်တာ မဟုတ်ခဲ့ပါ။ ကြားဖြတ်ပြီးတော့ အထူးတင်ပြချင်တာက (၁) အထက်မှာ တင်ပြတဲ့ တင်ပြချက်တွေဟာ အစောပိုင်းက တင်ပြခဲ့သလို အမှန်တရားရှာဖို့ နောင်မမှားအောင် သတိပြုဖို့ (စစ်အစိုးရ မပြုတ်မချင်း – လူထုတိုက်ပွဲကြီးက ပေါ်ဦးမှာပါ။ အဲဒီအခါကျရင် မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ဖို့ ) အစပျိုးပေးတာ ဖြစ်ပါတယ်။ တိုက်ပွဲဝင်ခဲ့ကြတဲ့ နောင်မှာလဲ ဝင်ကြဦးမယ့် အင်အားစုအားလုံးသို့ ညှိနှိုင်းရန် တင်ပြချက် ဖြစ်ပါတယ်။

(၂) စစ်မြေပြင်မှာ ယမ်းခိုးယမ်းငွေ့တွေ ပြယ်ပြီးမှ အေးအေးလူလူထိုင်ကာ တခွင်တပြင်လုံးကို ကြည့်ရှုသုံးသပ်နိုင်တဲ့ အခြေအနေရောက်မှ (၅ နှစ် ၆ နှစ် ရှိမှ) သုံးသပ်ရတာ ဖြစ်လို့ ဟိုတုန်းကမမြင်ခဲ့တာတွေ မြင်လာတာ ဖြစ်ပါတယ်။ မသိခဲ့တာတွေ သိလာတာ ဖြစ်ပါတယ်။

အောင်မြင်မှုမှာ မိဘဖြစ်ချင်သူတွေ များပေမဲ့ ဆုံးရှုံးမှုမှာ မိဘမဲ့ဖြစ်တတ်တယ်ဆိုတဲ့ ဆိုရိုးစကား ရှိပါတယ်။ ဆုံးရှုံးမှုအတွက် တာဝန်မယူချင်ကြတဲ့ သဘောကို တင်စားပြောကြတာပါ။ ကျွန်တော်တို့ကတော့ ခေါင်းမရှောင်ပါဘူး။ တာဝန်ယူစရာရှိတာ အားလုံးကို တာဝန်ယူပါတယ်။

အစီရင်ခံစာ ဆက်ပါမယ်။

နောင်မှာ ရှောင်ကြဉ်ရမယ့် သင်ခန်းစာယူရမယ့် အချက်များကို တင်ပြပြီးပါပြီ။ အဓိကကျတယ် ထင်တာကိုသာ တင်ပြတာပါ။ တခြားသင်ခန်းစာ ယူစရာကိစ္စတွေလဲ ရှိပါသေးတယ်။ ဒီအစီရင်ခံစာမှာ မတင်ပြတော့ပါဘူး။

ဆက်လက်ကိုင်စွဲကာ ဖွံ့ဖြိုးတိုးတက်သွားစေရမယ့် အတွေ့အကြုံတွေကို အခုတင်ပြပါမယ်။ အဓိကကျတဲ့ အချက်တွေပဲ တင်ပြသွားပါမယ်။

အဓိကကျတဲ့ အတွေ့အကြုံတွေကတော့ –

ပထမအားဖြင့် နိုင်ငံရေး နည်းပရိယာယ်ခြေလှမ်းနဲ့ နည်းနာများ တညီတညွတ်ရှိခဲ့ခြင်း

ပါတီစုံဒီမိုကရေစီကို မဏ္ဍိုင်တောင်းဆိုချက်အဖြစ် ထားနိုင်ခဲ့ပါတယ်။ ဘုံရန်သူဟာ မဆလ စစ်အစိုးရပဲ ဆိုတာကို ပျောက်မသွားအောင် တလျှောက်လုံး ထိန်းထားနိုင်ပါတယ်။

အလိုအလျောက် လက္ခဏာဆောင်နေတဲ့ လူထုတိုက်ပွဲကြီးထဲမှာ စည်းရုံးဖွဲ့စည်းထားမှု (တပြည်လုံး အတိုင်းအတာအရ) မရှိတဲ့ အခြေအနေမှာ ဒီလိုထိန်းထားနိုင်တာဟာ

ကျွန်တော်တို့ ပြည်သူတွေရဲ့ နိုးကြားထက်မြက်မှုနဲ့ ကြီးမြတ်မှုကို ပြနေတာ ဖြစ်ပါတယ်။

စစ်အစိုးရနဲ့ စစ်အစိုးရရဲ့ သူလျှိုဒလန်တွေက 'မင်းမဲ့ဝါဒစရိုက် ဝင်လာတယ်' လို့ စွပ်စွဲကြပေမယ့်၊ ဘယ်မြို့ ဘယ်နယ်မှ ဒီအဖြစ်မျိုး မရှိခဲ့ပါဘူး။ ဆရာတော် သံဃာတော်များ၊ မြို့မိမြို့ဖ၊ ရွာမိရွာဖများက ထိန်းသိမ်းပေးပါတယ်။ အဲဒီကာလတုန်းက အမှုသေးမွှားများသာ ဖြစ်ခဲ့ပြီး အမှုကြီးများ မဖြစ်ခဲ့တာလဲ မှတ်တမ်းတင်စရာ ဖြစ်ပါတယ်။ အဖွဲ့တွေဘယ်လိုပင် ကွဲပြားနေစေဦး တိုင်တိုင်ပင်ပင်စည်းစည်းလုံးလုံး ရှိကြပါတယ်။

နဝတ က မင်းမဲ့စရိုက်အဖြစ် စာရင်းတင်နေတဲ့ ကိစ္စတွေဟာ 'လူထုအာဏာ' ကို ကျင့်သုံးတာတွေ ဖြစ်ပါတယ်။ အများစု ကိစ္စတွေဟာ ထိန်းထိန်းကွပ်ကွပ်ရှိစွာ ဆောင်ရွက်ခဲ့တာတွေဖြစ်ကြောင်း တွေ့ရပါတယ်။ 'လူထုတိုက်ပွဲ' ဟာ 'လူထုအာဏာ' ဆီသို့ တိုးတက်သွားရမှာ ဖြစ်ပါတယ်။

သူလျှိုဒလန်တွေ၊ သပိတ်ဖျက်ဆီးရေးသမားတွေကို မုချနှိပ်ကွပ်ရမှာပါ။ ဒါဟာ 'လူထုအာဏာ' ကို ကျင့်သုံးနေတာ ဖြစ်ပါတယ်။

စစ်အစိုးရရဲ့ အာဏာရှင်စနစ် ပြိုပျက်သွားတဲ့ နေရာမှာ 'လူထုအာဏာ' နဲ့ အစားထိုးမပေးနိုင်ရင်သာ မင်းမဲ့ဝါဒဝင်လာမှာ ဖြစ်ပါတယ်။

'လူထုအာဏာ' တနည်းအားဖြင့် 'လမ်းမများပေါ်ကအာဏာ' ကို 'အစိုးရအာဏာ' အဖြစ် 'ပါလီမန်ထဲကအာဏာ'အဖြစ် ရောက်အောင် တိုးချဲ့မသွားနိုင်တာသာ ကျွန်တော်တို့ရဲ့ ချွတ်ယွင်းချက်ကြီး ဖြစ်ပါတယ်။

အဲဒီလို တိုးချဲ့ရင် ပြည်တွင်းစစ်ကြီး ဖြစ်သွားမယ်လို့ နလပိန်းတုံးတွေ (ပြည်ပပြည်တွင်း) က ပြောကြပါတယ်။ ဗမာပြည်မှာ ပြည်တွင်းစစ်ကြီး ဖြစ်နေတာ အနှစ် ၄၀ ရှိပြီဆိုတာ သူတို့သိကြပါတယ်။ ဘာကြောင့် အခုမှ 'ပြည်တွင်းစစ်ဖြစ်လာမယ်' လို့ ပြောကြပါသလဲ။

ရှင်းပါတယ်။ 'လူထုအာဏာ' က 'အစိုးရအာဏာ' ဖြစ်သွားမှာကို ကြောက်လို့ပါ။ သူတို့ နယ်ချဲ့ နိုင်ငံများရဲ့ ကမကထပြုမှုနဲ့ စိတ်ကြိုက်အစိုးရတခုကိုများ ဖန်ဆင်းလို့ ရမလားလို့ စိတ်ကူးယဉ်တာပါ။

ဗိုလ်စောမောင်က ၁၉၈၉ ခုနှစ် ဇူလိုင်လ (၅) ရက်မှာ သူတို့ဘာကြောင့် အာဏာသိမ်းသလဲ ဆိုတာနဲ့ ပတ်သက်ပြီး ဝန်ခံစကား ပြောခဲ့ပါတယ်။ "B.C.P tactics ပါ"တပ်စုချေမှုန်းရေး၊ တပ်ခွဲချေမှုန်းရေးပြီးရင် H.Q. ကိုစီးမယ်။ ဒါကြောင့် အာဏာကို "ငါတို့ယူမှဖြစ်မယ် တိုင်ပင်ကြတယ်" လို့ ဝန်ခံထားပါတယ်။

ပြည်တွင်းပြည်ပက နလပိန်းတုံးတွေရဲ့လေသံနဲ့ မကွာပါဘူး။ ဗကပ အန္တရာယ်ကို လက်ညှိုးထိုးပြပြီး နယ်ချဲ့ အကူအညီယူခဲ့တာမှာ အံ့ခွနေပြီဖြစ်တဲ့ စစ်အုပ်စုများပီပီ လူထုအုံကြွမှုကို ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ကြိုးကိုင်မှုနဲ့ လုပ်လာတာပါလို့ ပြောလိုက်ရင် နယ်ချဲ့က ကူညီမလားလို့ စိတ်ကူးယဉ်တာပါ။



နောက်ပိုင်းမှာလဲ စစ်အစိုးရကို ဆန့်ကျင်တဲ့ လူထုတိုက်ပွဲတိုင်းကို 'ဗကပ နည်းလမ်း' ဆိုပြီး စွပ်စွဲပါတယ်။ ဒါဟာ အမေရိကန်နယ်ချဲ့သမားကို မျက်စပစ်ပြနေတာပါ။

ဗိုလ်ခင်ညွန့်ကလဲ "ဗကပရဲ့ အာဏာကို ဖြတ်လမ်းကရယူသိမ်းပိုက်ရေး" လို့ ပြောပါတယ်။ အထက်မှာ တင်ပြခဲ့ပြီးပါပြီ။ ဗကပ အာဏာရရေး မဟုတ်ဘူး။ ဒီမိုကရေစီအစိုးရ အာဏာရရေးဆိုတာ ရှင်းခဲ့ပြီးပါပြီ။

သပိတ်စခန်းနဲ့ လမ်းမပေါ်က 'လူထုအာဏာ'ကနေပြီး 'ယာယီ' (သို့မဟုတ်) 'ကြားဖြတ်' (သို့မဟုတ်) 'ကြားဖြတ်အိမ်စောင့်' ခေါ်ချင်တာခေါ်ပါ၊ တိုက်ပွဲဝင်လူထုကြီး စိတ်ကြိုက် ဒီမိုကရေစီအစိုးရအဖြစ် တက်လှမ်းသွားနိုင်ခဲ့ရင် – ငြိမ်းချမ်းစွာနဲ့ ဖြစ်ပေါ်တိုးတက်သွားခဲ့ရင် – အနှစ် (၄၀) တိုက်နေတဲ့ ပြည်တွင်းစစ်တောင်မှ ရပ်စဲသွားတာ နိုင်ငံရေးအရ ဖြေရှင်းလို့ ပြေရှင်းသွားတာတောင် ဖြစ်လာမှာပါ။ ပြည်တွင်းစစ် ဖြစ်မလာနိုင်ပါဘူး။

စစ်အုပ်စုဆိုတာဟာ ဦးရေ ၂၀၀ – ၂၅၀ ရှိနေတဲ့ မဆလ ဗဟိုကော်မတီဝင်တွေ မဟုတ်ပါဘူး။ ဒီဦးရေထက်များတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေလဲ သာပြီးမဟုတ်ပါဘူး။

အစိုးရအဖွဲ့ဝင်တွေ အားလုံးလဲမဟုတ် – အလုပ်အမှုဆောင်အားလုံးလဲ မဟုတ်ပါဘူး။

တကယ်သတ္တုချကြည့်ရင် ဗိုလ်နေဝင်းနဲ့ တာဝန်ထမ်းဆောင်ဆဲ သမ္မတ – ဝန်ကြီးချုပ်နဲ့ ထောက်လှမ်းရေးမှူး အပါအဝင် လက်တဆုပ်စာသာ ဖြစ်ပါတယ်။

တာဝန်ထမ်းဆောင်ဆဲလို့ အထူးပြုရတာက ဗိုလ်နေဝင်းက အပြောင်းအလဲလုပ်တာ မြန်တတ်ပါတယ်။ သူနဲ့ဘယ်သူမှ ကြာကြာမြဲလေ့ မရှိပါဘူး။

နောက်ဆုံးပိတ် စကားပြောရရင်တော့ စစ်အုပ်စုဆိုတာ ဗိုလ်နေဝင်းပါပဲ။ ပေါ်လစီဟူသမျှ သူချနေတာပါ။ တခါတလေမှာ သူရဲ့လက်လွှတ်စပယ် ပြောလေ့ရှိတဲ့ 'နှုတ်မိန့်' တွေက 'ပေါ်လစီ' ဖြစ်ကုန်တာပါ။ ဒီကိစ္စကို သူနဲ့နီးနီးကပ်ကပ် တွဲလုပ်ခဲ့သူတိုင်း သိကြပါတယ်။

စစ်အုပ်စုကို စစ်အစိုးရ – စစ်ဗျူရိုကရေစီ ယန္တရားဆိုတဲ့ အစွယ်တွေ တပ်ပေးထားတော့ သေနတ်ကို အမိန့်ပေးနိုင်တဲ့ နိုင်ငံရေးအာဏာ စစ်အုပ်စုက ရရှိနေတာပါ။ ဒီစစ်အုပ်စု – စစ်အစိုးရ – စစ်ဗျူရိုကရေစီယန္တရားဆိုတဲ့ စစ် (၃) စစ်ကို တိုက်ဖျက်ဖို့ ဒါကြောင့်ပဲ လိုအပ်နေတာပါ။ မတိုက်ဖျက်နိုင်ရင် ဒီမိုကရေစီစကားတောင် လူထုမှာ ပြောနိုင်ခွင့် မရှိပါဘူး။

တညီတညွတ်တည်းသော နည်းပရိယာယ်နဲ့ ခြေလှမ်းများကို လှမ်းနိုင်ခဲ့တာဟာ တပြည်လုံးက အတွေ့အကြုံရှိသူများက အကြံကောင်းဉာဏ်ကောင်းများ ပေးနိုင်ခဲ့တာကိုလဲ အသိအမှတ်ပြုရမှာပါ။ ၁၉၃၆ – ၃၈ ကစပြီး အဆက်ဆက်သော ခေတ်ကာလများမှာ ရရှိခဲ့တဲ့ အတွေ့အကြုံတွေကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

ရှေ့ဆောင်တပ်ဦးအခန်း၊ တိုက်ပွဲရဲ့လှုံ့သွားအခန်းက ပါဝင်ခဲ့တဲ့ ကျောင်းသားတွေ လူငယ်တွေရဲ့ အသက်စွန့်ရမှာမကြောက် အခက်အခဲကို မကြောက်တဲ့ စိတ်ဓာတ်နဲ့ အမြော်

အခုလဲ မော်ကွန်းတင် လက်မှတ်ထိုးတာလုပ်လာရင် ဒီမိုကရေစီဘက်က ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ကြဖို့ လိုပါတယ်။ လူထုကြီးက အဲဒီပုဂ္ဂိုလ်တွေကို ဒီမိုကရေစီ သူရဲကောင်းတွေအဖြစ် လှိုက်လှိုက်လှဲလှဲ ကြိုဆိုမှာပါ။

မျက်မှောက်ကာလမှာ ဦးတည်ချက် (၆) ရပ်ထဲက အချက်အမှတ် (၆) ကို ဆန့်ကျင်ရေးဟာ ဒီမိုကရေစီ အရေးတော်ပုံရဲ့သော့ချက် ဖြစ်နေပါတယ်။

နဝတ ကဖွဲ့စည်းထားတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းတွေက ဦးစီးပြီး မြို့နယ် (၂၆) ခုမှာ လူထုအစည်းအဝေးပွဲ ဆိုတာတွေကို ကျင်းပခဲ့ကြတယ်။ ဒီအစည်းအဝေးပွဲဆိုတာတွေကလဲ နဝတ က လူထုကြီးကို အတင်းအကျပ် ခြိမ်းခြောက်ပြီး မတက်မနေရဆိုတဲ့ အမိန့်အာဏာတွေနဲ့ လုပ်ခဲ့တာပါ။ အစည်းအဝေးပွဲတွေမှာ အမျိုးသားညီလာခံက ချမှတ်လိုက်တယ်ဆိုတဲ့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံရဲ့ အခြေခံမူ ၁၀၄ ချက်ကို ထောက်ခံကြောင်း အဆိုတွေ တင်သွင်းပြီး ထောက်ခံတာတွေလဲ လုပ်ခဲ့ကြတယ်။ ဒါဟာ သူတို့စိတ်ကြိုက်ရေးဆွဲမယ့် ဖွဲ့စည်းပုံကို ပြည်သူတွေက ထောက်ခံထားပြီးဖြစ်တယ်။ နောင်မှာ ပြည်သူ့ဆန္ဒခံယူပွဲတွေလုပ်ပြီး အတည်ပြုဖို့ မလိုတော့ဘူး၊ သူတို့ (နဝတ) က အတည်ပြုရင် အတည်ဖြစ်ပြီဆိုပြီးလုပ်ဖို့ ခြေလှမ်းပြင်ထားတာ ဖြစ်ပါတယ်။ ဒါကို အားလုံးက ဝိုင်းဆန့်ကျင်ကြရပါမယ်။

<u>နဝတ လုပ်နေတဲ့ "နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနဲ့ငြိမ်းချမ်းရေး" ပေါ်လစီအပေါ် ကျွန်တော်တို့ရဲ့ သဘောထား။</u>

(၁) ပြည်တွင်းစစ်ပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းရေးကို အတိအလင်း ငြင်းပယ်ထားတဲ့ပေါ်လစီ ဖြစ်ပါတယ်။ (နိုင်ငံရေးကိစ္စ မဆွေးနွေး)

(၂) ကြိုတင်စည်းကမ်း သတ်မှတ်ပြီး အထက်စီးယူကာ ကမ်းလှမ်းတဲ့ ပေါ်လစီ ဖြစ်ပါတယ်။ (နယ်စပ်ဖွံ့ဖြိုးရေးအတွက် နဝတနဲ့ လက်တွဲပြီးလုပ်ဖို့)

(၃) ဗမာပြည်ကွန်မြူနစ်ပါတီကို အောက်ခြေလွတ်အောင် လုပ်နိုင်ခဲ့တဲ့ ပေါ်လစီကို တပြည်လုံးသို့ တိုးချဲ့လိုက်တာ ဖြစ်ပါတယ်။ ယိုးဒယားနယ်စပ်က ဒီမိုကရေစီအင်အားစုတွေကို အောက်ခြေလွတ်အောင်လုပ်ဖို့ ရည်ရွယ်ပါတယ်။

အထက်ပါသုံးချက်ကို တစုတပေါင်းတည်း ရှင်းလင်းတင်ပြပါမယ်။

၁၉၈၉ ခုနှစ်က တကြိမ်၊ ၁၉၉၂ ခုနှစ်မှာတကြိမ် နှစ်ကြိမ်တိတိ ကျွန်တော်တို့ပါတီက နဝတ ကို ဆွေးနွေးဖို့ တရားဝင် ကမ်းလှမ်းခဲ့ပါတယ်။

အဲဒီကမ်းလှမ်းချက်မှာ ကျွန်တော်တို့က နှစ်ဘက်စိတ်ဝင်စားသော ဗမာပြည်ရဲ့ အရေးကြီးပြဿနာများကို ဆွေးနွေးကြရန်လို့ ရေးသားထားပါတယ်။ ဆွေးနွေးမယ့်အချက်ကို ကြိုတင်ပြီး သတ်မှတ်ထားတဲ့သဘောလဲ မဖြစ်အောင် သူတို့ဘက်ကလဲ ပြောချင်တာ ပြောရအောင်ဆိုတဲ့သဘောနဲ့ ပျော့ပျော့ပျောင်းပျောင်း ရေးထားတာပါ။

ကျွန်တော်တို့ဘက်က နိုင်ငံရေးကို အလေးထားပြောမှာဆိုတာ သူတို့လဲ သိပါတယ်။



ပါတယ်။) ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ လုပ်ပေးရတာပါ။

တပါတီလား – ပါတီစုံလားဆိုတာကို 'လူထုဆန္ဒခံယူပွဲ' လုပ်ရေးဆိုတာကို (မဆလ) စစ်အစိုးရက လုပ်ချင်တာပါ။ မဆလ တပါတီစစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေမယ့် ရှည်လျားထွေပြားတဲ့ လမ်းကိုလိုက်ဖို့ စစ်အုပ်စုက လုပ်ချင်တာပါ။ ဒါပေမဲ့ မလုပ်နိုင်ခဲ့ပါဘူး။ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံအတွင်းမှာပဲ ဒီကိစ္စကို လူထုက ပယ်ချလိုက်နိုင်ပါတယ်။

နဝတ ဟာ အာဏာသိမ်းတယ်ဆိုကတည်းက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးပါမယ်လို့ ကတိခံပြီး တက်လာရတာ ဖြစ်ပါတယ်။

ဒီကတိဟာ နဝတ စစ်အစိုးရအဖို့ မထွေးနိုင်မမျိုနိုင် ဖြစ်နေစေတဲ့ ကိစ္စကြီးပါ။ လူထုအတွက်တော့ အောင်သီးအောင်ပွင့်တခု ဖြစ်ပါတယ်။ ၂ နှစ်လောက် အချိန်ဆွဲပြီး စိတ်ချရပြီထင်မှ စိတ်ကြိုက်အဖြေလဲ ထွက်လောက်ပြီထင်ကာ ၉၀ – မေလမှာ ရွေးကောက်ပွဲ လုပ်လိုက်တော့ သူတို့တွက်ကိန်း လွဲသွားပါတယ်။

သူတို့လည်ချောင်းမှာ တစ်နေတဲ့ မထွေးနိုင်မမျိုနိုင်တဲ့ ကိစ္စကြီးဟာ ပိုပြီးကြီးမားလာပါတော့တယ်။ ၉၀ ခုနှစ် ရွေးကောက်ပွဲကို တရားမဝင်ဘူးလို့ လုပ်လို့လည်းမဖြစ် – ရလဒ်ကို အသိအမှတ်ပြုလို့လည်းမဖြစ်။ ဒုက္ခတွေ့တော့တာပါပဲ။

ပြည်တွင်းက လူထုအတွက် တိုက်စရာတိုက်ကွက်ကြီး ဖြစ်လာရုံမက နိုင်ငံတကာ ကလည်း အပြစ်ပြောစရာ ဖြစ်သွားပါတယ်။

ရွေးကောက်ပွဲမှာ အဆင်မပြေ တွက်ကိန်းလွဲသွားတာကြောင့် 'ဦးတည်ချက် ၆ ရပ်' လဲ ရှောရှောရှူရှူဖြစ်ဖို့မလွယ်။ 'အမျိုးသားညီလာခံ' ဆိုတာနဲ့ 'အခြေခံဥပဒေ ရေးဆွဲရေး အတွက် အခြေခံမူများ ချမှတ်ရေး' ဆိုတာတွေမှာပါ မီးခိုးကြွက်လျှောက် ဒုက္ခတွေ့နေတာကို အထင်အရှားတွေ့နိုင်ပါတယ်။

သူတို့စစ်အုပ်စုရဲ့ တွက်ကိန်းအတိုင်းသာ ဖြစ်ရင်

(က) – ဦးတည်ချက် (၆) ရပ် တင်လိုက်ရင် ကန့်ကွက်သူမရှိ အတည်ဖြစ်မယ်။ (၁၉၆၂ ခုနှစ်တုန်းကလို)

၁၉၆၂ ခုနှစ်တုန်းက တော်လှန်ရေးကောင်စီက တပ်မတော်ညီလာခံဆိုပြီး လုပ်တယ်။ မဆလ လမ်းစဉ်တင်တယ်။ အားလုံးကို လက်မှတ်ရေးထိုးခိုင်းပြီး မော်ကွန်းတင်တယ်။ တကယ့်သဘောကတော့ တပ်မှူးတွေကို သူခိုးသေဖော် ညှိလိုက်တာပါ။ တပ်မတော်ညီလာခံမှာ ဘယ်သူက ကာကွယ်ရေးဦးစီးချုပ် လုပ်နေတဲ့ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ အဆိုကို ကန့်ကွက်မလဲ။ နောက်မှ ထွေလီကာလီ ဖြစ်မလာအောင် အပိုင်ချည်တဲ့သဘောနဲ့ လက်မှတ်ထိုးခိုင်းတာပါ။

အတွေးအခေါ်ဆိုတာ လက်မှတ်ထိုးပြီး ချည်တုတ်ထားလို့ မရပါဘူး။ အဲဒီ လက်မှတ်ထိုးခဲ့သူတွေ အများတကာ့ အများစုကြီးက မဆလ လမ်းစဉ်ကို အခုဆန့်ကျင်နေပါတယ်။

အခုတော့ – မဆလ ကို ဆန့်ကျင်ရကောင်းလားဆိုပြီး (နဝတ) က ဆဲရေးတိုင်းထွာနေပါတယ်။

(ခ) အမျိုးသားညီလာခံ လုပ်လိုက်ရင်လဲ ၇၄’ အခြေခံ ဥပဒေတုန်းကလို ရှောရှောရှူရှူ ဖြစ်မယ်။ ၉၀.၁၉% က ထောက်ခံမယ်။

ဒါပေမဲ့ တွက်ကိန်းလွဲခဲ့ပါပြီ။ ဒါကြောင့်လဲ ‘အမျိုးသားညီလာခံ’ ဆိုတာကြီးဟာ ဖွင့်လိုက်ရပ်လိုက်နဲ့ သံသရာရှည်နေတာပါ။

၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံက ရရှိလိုက်တဲ့ အဓိကအောင်သီးအောင်ပွင့် နှစ်ခုကို တင်ပြခဲ့ပြီးပါပြီ။

အောင်သီးအောင်ပွင့်တွေကို တိုးချဲ့နိုင်တယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

– ရွေးကောက်ပွဲကို နဝတ က မတတ်သာလို့ လုပ်ပေးရတယ်။

– လူထုကြီးက ရွေးကောက်ပွဲကို အသံတိတ် ဆန္ဒပြပွဲ အဖြစ် သဘောထားပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို မဲတွေပုံအောပေးလိုက်တယ်။ (ဒါဟာ အောင်သီးအောင်ပွင့်ကို တိုးချဲ့တာ)

– အမျိုးသားညီလာခံကို သူ့လူတွေ၊ နိုင်ငံရေးအရ ပေါ်တာဆွဲခံရသူတွေနဲ့ချည်း မကျင်းပနိုင်ဘူး။ မလွှဲမရှောင်သာ ဒီမိုကရေစီ အမတ်တွေကို တက်ခိုင်းရတယ်။ ဒီတော့ “ဦးတည်ချက် (၆) ရပ်” ကိစ္စမှာ တစ်နေရတယ်။ ဦးတည်ချက် ၆ ရပ် ဆိုတာမှာ ရှေ့က (၅) ချက် က လူကြားကောင်းအောင် ထည့်ထားတာပါ။ အဓိက အချက်က (၆) ပါ။ “တပ်မတော်က အနာဂတ် နိုင်ငံရေးမှာ ဦးဆောင်ဖို့ ဆိုတာပါ။

<u>တပ်မတော်က အနာဂတ် နိုင်ငံရေးမှာ ဦးဆောင်ရေး ပြဿနာ</u>

ပိုပြီးတိကျအောင် သူတို့ပြောတဲ့အတိုင်း ဖြစ်အောင်ဆိုရင် “အနာဂတ် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရေး” ဖြစ်ပါတယ်။

ဒွဲ့တိုး (တဲ့တိုး) ကြီး မဖြစ်အောင် တုံးတိကြီး မဖြစ်အောင် ဂရုပြုရေးထားပုံပါပဲ။ အဓိပ္ပာယ်ကတော့ အတူတူပါ။

နိုင်ငံတော်စစ်တပ်က နိုင်ငံတော်ရဲ့နိုင်ငံရေးကို လွှမ်းမိုးခြယ်လှယ်ခွင့်ကို တောင်းတာပါ။ တနည်းပြောရင်တော့ ဗမာပြည်ရဲ့ နိုင်ငံရေးကို စစ်တပ်က ကန်ထရိုက်ဆွဲလိုက်တာပါ။

ဘယ်လောက်ကြာကြာ ကန်ထရိုက်ဆွဲထားမလဲဆိုရင် အနာဂတ်တခုလုံး သို့မဟုတ် နှစ်အကန့်အသတ်မရှိလို့ အဓိပ္ပာယ်ရပါတယ်။

ပြီးတော့ အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍတခုလုံးကို ဦးဆောင်မယ်လို့ ဆိုပါတယ်။ တိုင်းပြည်ရဲ့ နိုင်ငံရေးဘဝတခုလုံးကို ဦးဆောင်မယ်လို့ အဓိပ္ပာယ်ထွက်နေပါတယ်။

အခိုင်အမာ အချက်အလက်များအပြင် သူတို့အခုလုပ်နေတဲ့ ‘အမျိုးသားညီလာခံ’



ဆိုတာမှာ သူတို့က တင်ပြပြောဆို နေပြီဖြစ်လို့သူတို့ ဘာလိုချင်တယ်ဆိုတာ အလွန်ရှင်းနေပါပြီ။

ကျွန်တော်တို့ ပါတီအနေနဲ့ ဒါကိုယတိပြတ် ပယ်ချပါတယ်။ ဒီမိုကရေစီကို နှစ်နှစ်ကာကာ လိုလားတဲ့ နိုင်ငံရေးအင်အားစုတွေကလဲ ပယ်ချကြမယ်လို့ ယုံကြည်ပါတယ်။

ဒီကိစ္စဟာ မျက်မှောက်ကာလမှာ သော့ချက်ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီအင်အားစုတွေက ပယ်ချတယ်ဆိုလို့ (နဝတ) စစ်အစိုးရက နောက်ဆုတ်သွားမလား ဆိုတော့ နောက်ဆုတ်သွားမှာ မဟုတ်ပါဘူး။ “အမျိုးသားညီလာခံ” ဆိုတာမှာ ဆုံးဖြတ်ချက် မကျ ကျအောင် ချကြမှာပါ။

(နဝတ) က ဒီဆုံးဖြတ်ချက်ကို မကျ ကျအောင်ချမှာလို့ ပြောရတာဟာ အကြောင်း ရှိပါတယ်။

(နဝတ) စစ်အုပ်စုက ဒီကိစ္စကို အနာဂတ်အတွက်သာ စဉ်းစားပြီး တောင်းဆိုနေတာ မဟုတ်ပါဘူး။ ပစ္စုပ္ပန်နဲ့ အတိတ်အတွက်ကိုပါ စိုးရိမ်ပြီး တောင်းဆိုနေတာ ဖြစ်ပါတယ်။

ပြည်သူလူထုကသာ ဒီမိုကရေစီအပြည့်အဝရပြီး တိုင်းပြည်နိုင်ငံရေးရဲ့ အရှင်သခင် ဖြစ်လာရင်

– ပစ္စုပ္ပန်ကိစ္စ (နဝတ စစ်အစိုးရရဲ့) ပြစ်မှုတွေကို စွဲချက်တင်လိမ့်မယ်။ ပြစ်မှုအလိုက် စီရင်လိမ့်မယ်။

– အတိတ်ကိစ္စ – နေဝင်းစစ်အုပ်စုရဲ့ အနှစ်နှစ်အလလက ပြည်သူ့ဆန့်ကျင်ရေး ပြစ်မှုတွေကို ဖေါ်ထုတ်လိမ့်မယ်။ စီရင်ချက် ချလိမ့်မယ်။

ဒါကို သူတို့ အသေအလဲ ကြောက်ကြပါတယ်။

ဒါကြောင့် ဒီကိစ္စမှာ စစ်အုပ်စုဟာ နောက်ဆုတ်မှာ မဟုတ်ပါဘူး။ စစ်အုပ်စုက နောက်ဆုတ်လို့ မရသလို ပြည်သူလူထုဘက်ကလဲ နောက်ဆုတ်လို့ မဖြစ်ပါဘူး။ နောက်ဆုတ်လိုက်တဲ့ နိုင်ငံရေးအင်အားစုဟာ အမြော်အမြင်မရှိရာ ကျရုံမက ကိုယ့်သေတွင်း ကိုယ်တူးမိသလိုလဲ ဖြစ်မှာပါ။ ပြည်သူလူထုကလဲ ခွင့်လွှတ်မှာ မဟုတ်ပါဘူး။

စစ်အုပ်စုရဲ့ အကျင့်က အကျပ်ကိုင်ခြိမ်းခြောက် မြှူဆွယ်လာဘ်ထိုးပြီး သူခိုးသေဖော်ညှိတာ ချည်ပြီးတုတ်ပြီးဖြစ်အောင်လုပ်တာ အလွန်လုပ်တတ်ပါတယ်။

“အမျိုးသားညီလာခံ” ဆုံးဖြတ်ချက်ဆိုတာကို မော်ကွန်းတင် လက်မှတ်ထိုးခိုင်းတာ လုပ်လာနိုင်ပါတယ်။ ဒီမိုကရေစီ အင်အားစုများအနေနဲ့ လက်မှတ်မထိုးမိဖို့ လိုပါတယ်။ မဆလ လမ်းစဉ်တုန်းကလဲ မော်ကွန်းတင်လက်မှတ်ထိုးပြီး လုပ်ခဲ့ပါတယ်။ တပ်မှူးညီလာခံမှာ မော်ကွန်းတင်လက်မှတ် ထိုးခိုင်းတာပါ။ နိုင်ငံရေးဆိုတာ နကန်းတလုံးမသိတဲ့ အင်္ဂလိပ်တပ်က လာတဲ့ စစ်ဗိုလ်တွေ – ဗျူရိုကရက်တွေလဲ လက်မှတ်ထိုးကြရပါတယ်။ အားလုံးကို ချည်တုပ်ပြီး ဖြစ်အောင်လုပ်တာပါ။ နိုင်ငံရေးကို တစုံတရာ နားလည်သူတွေကိုတော့ “နိုင်ငံရေး ပြန်ပေးဆွဲတာပါ။” ဒါဟာ လူမိုက်ဂိုဏ်း လုပ်ဟန်ပါ။

က လေသံနဲ့ တခြားစီ ဖြစ်သွားပါတယ်။

ဒီမှာရှင်းရှင်းကလေး ပြောပါမယ်။ ဘိန်းဘုရင်ဟူသမျှဟာ စစ်တပ်နဲ့စစ်အစိုးရရဲ့ တာက ထွက်လာတာချည်းပါ။

ဖဆပလ မကွဲခင်က (၁၉၅၈ ရဲ့ ဟိုဘက်တုန်းက) လော်စစ်ဟန်တို့ ကိုးကန့် ကာကွယ်ရေး၊ 'ဝ' ကာကွယ်ရေး၊ ခွန်ဆာရဲ့ ကာကွယ်ရေးတွေဟာ ဘိန်းလုပ်ငန်း လုပ်နေကြတာပါပဲ။ အဲဒီတုန်းက 'ဗကပ' ဟာ အဲဒီဒေသတွေမှာ မရှိပါဘူး။ အနောက်ဘက် အဝေးကြီး (ရပ်စောက် သီပေါနယ်) ဘက်မှာပဲ ရှိနေတာပါ။ ဒါဖြင့် သူတို့ကာကွယ်ရေးတွေက ဘာကို ကာကွယ်နေတာလဲ။ တရုတ်ဖြူကိုကာကွယ်တယ် ပြောရအောင်ကလဲ တရုတ်ဖြူနဲ့ စစ်တပ်က ပေါင်းနေကြတာပါ။ အမေရိကန်စစ်သံမှူးဆိုတာကလဲ ရေထွက်မတတ် အဲဒီဘက်လာနေတာပါ။ တကယ်ကတော့ တရုတ်ပြည်နဲ့ တရုတ်ကွန်မြူနစ်ကို ဆန့်ကျင်ဖို့ လုပ်နေတာပါ။

လော်စစ်ဟန်ရဲ့ဘိန်းဟာ တောလမ်းကသွားတာ မဟုတ်ပါဘူး။ ကားတန်းနဲ့ ယိုးဒယားဘက်ကို ဆင်းတာပါ။ မဆင်းခင်မှာ ဗိုလ်မှူးကြီးကတော်ကစပြီး ဗိုလ်ကတော်မျိုးစုံ ယိုးဒယားကပစ္စည်း မှာကြတာ လော်စစ်ဟန်အိမ်မှာ ပွဲကလေးတခုလို စည်ကားနေတာပါ။ ဘိန်းတန်းဆင်းတော့မယ်ဆိုတာကို ဗိုလ်ကတော်တွေကသိပြီး သူတို့ခင်ပွန်းတွေက မသိတာ တော့ မဖြစ်နိုင်ပါဘူး။ ခင်ပွန်းတွေဆီကနေ ဗိုလ်ကတော်တွေ သိတာပါ။

'ယိုးဒယားက ဘာပစ္စည်းတွေ ဆွဲခဲ့ပါ။ ဒီကျမှ ကျသင့်ငွေ ရှင်းပါမယ်။' ဆိုပြီး မှာကြတာပါ။ လော်စစ်ဟန်ကလဲ စာရင်းနဲ့ အင်းနဲ့ တလေးတစားမှတ်ပါတယ်။ မှာသမျှလဲ မပါမှာ ပူစရာမလိုပါဘူး။ ပါအောင်ယူလာပါတယ်။ ငွေလဲရှင်းစရာ မလိုပါဘူး။ ပစ္စည်းရပြီးရင် ငွေရှင်းဖို့ စကားနှစ်ဘက်စလုံးက ပြောတောင်မပြောကြပါဘူး။

ဟိုတုန်းကတော့ ယိုးဒယားဘက်က ကင်မရာ – ပွိုင့်တူးတူး သေနတ် – ပါတိတ် – နာရီစသဖြင့် မှာကြပါတယ်။ အခုခေတ်လို ဂေါက်ရိုက်တံနဲ့ အိတ်တို့၊ ခေတ်မီ အီလက်ထရောနစ် ပစ္စည်းတို့၊ ခွေးမျိုးကောင်းတို့ မှာတယ်လို့တော့ မကြားမိခဲ့ပါဘူး။ ခေတ်ကြီးကလဲ ပြောင်းပြီလေ။

ဟိုတုန်းက ထောက်လှမ်းရေးက မစားသာပါဘူး။ ကားတန်းဆင်းမယ့်လမ်း တလျှောက်က အရေးပါသူတွေကသာ စားသာတာပါ။ အခုတော့ ထောက်လှမ်းရေးက အခရာပါ။ ဗမာပြည်အတွင်းပိုင်းကိုဆင်းသမျှ ခွဲထွက်အဖွဲ့က လူတွေကို ထောက်လှမ်းရေးက လက်မှတ်ပေးတာပါ။ အစိုးရဌာနတွေနဲ့ ဆက်သွယ်တာမှာ၊ အခွန်အခကိစ္စမှာ၊ မှတ်ပုံတင်ရေးကိစ္စမှာ၊ အိမ်ဝယ်မြေဝယ်ရာမှာ၊ ကုမ္ပဏီထောင်ရာမှာ၊ တိုတိုပြောရင် ကိစ္စတိုင်းမှာ ထောက်လှမ်းရေးက ပါနေတာပါ။

အခု 'နဝတ' လက်ထက်မှာ တခါတရံစတေးဖို့ လိုအပ်လို့ ဖမ်းရင်တောင်မှ ထောက်လှမ်းရေးကလူဆိုရင် အများကြီးသက်သာပါတယ်။ ပြောင်းရုံရွှေ့ရုံနဲ့ ပြီးသွားပါတယ်။ တခြားစစ်ဗိုလ်က နာပါတယ်။ ရာထူးကျပါတယ်။ ထောင်ထဲရောက်ပါတယ်။



နိုင်ငံရေးကိစ္စဟာ အခရာပဲဆိုတာ ကျွန်တော်တို့ပါတီက တလျှောက်လုံး ပြည်သူလူထုသို့ တင်ပြနေတာ ဖြစ်လို့ပါ။

၄၈ ခုနှစ် မတ်လမှာ ပြည်တွင်းစစ်ကြီး စတင်ဖြစ်လာတာကိုက နိုင်ငံရေးကွဲပြားမှုမှာ မြစ်ဖျားခံခဲ့တာပါ။ နိုင်ငံရေးအရ မဖြေရှင်းရင် ဒီပြဿနာ ပြီးသွားမှာ မဟုတ်ဘူးလို့ ကျွန်တော်တို့ စွဲစွဲမြဲမြဲ ယုံကြည်ပါတယ်။

ကျွန်တော်တို့ ကမ်းလှမ်းချက် ပေးပြီးတဲ့နောက် ဗိုလ်စောမောင်က မိန့်ခွန်းတွေထဲမှာ ဆွေးနွေးစရာမလိုဘူး လက်နက်ချလာခဲ့လို့ အကြိမ်ကြိမ်ပြောတာ ဖတ်ရပါတယ်။ ကျွန်တော်တို့ ပါတီရဲ့ ကမ်းလှမ်းချက်ကို ပြန်ကြားတဲ့သဘောပါ။

ကြိုတင်စည်းကမ်း သတ်မှတ်ချက်နဲ့ဆိုရင် နိုင်ငံရေးကိစ္စကို မဆွေးနွေးရရင် ကွန်မြူနစ် က ဆွေးနွေးမှာမဟုတ်ဘူးဆိုတာကို သူတို့ (နဝတ) ကသိပြီးသားပါ။

ဗိုလ်ခင်ညွန့်က ယိုးဒယားနယ်စပ်ဘက်သွားပြီး ခရီးသွားဟန်လွှဲ ပြောတဲ့ပြောပုံနဲ့ ဆွေးနွေးဖို့ ကမ်းလှမ်းတုန်းက နယ်စပ်ဖွံ့ဖြိုးရေးအတွက် (နဝတ) နဲ့ လက်တွဲလုပ်ဖို့လို့ ပြောပါ တယ်။ (ဒါက ကြိုတင်စည်းကမ်းချတာပါ) တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးမယ်လို့လဲ ပြောပါတယ်။

ပြောတဲ့နေရာ ပြောပုံပြောနည်းနဲ့ ပါဝင်တဲ့အတွင်းသဘောတွေကို ကြည့်လိုက်ရင် ရှင်းနေပါတယ်။ နိုင်ငံရေးမဆွေးနွေးဘူး။ နယ်စပ်ဖွံ့ဖြိုးရေးပဲ ဆွေးနွေးမယ်ဆိုတဲ့ စည်းကမ်းချက်ပါ။

ကျွန်တော်တို့ပါတီနဲ့ ဆွေးနွေးချင်တာမဟုတ်ဘူး၊ ယိုးဒယားနယ်စပ်က အင်အားစု တွေနဲ့ ဆွေးနွေးချင်တာသာဖြစ်တယ် ဆိုတာကိုလဲ ကျွန်တော်တို့ သိပါတယ်။ ဒါကြောင့်လဲ ပါတီက ဥပေက္ခာသဘောထားခဲ့တာပါပဲ။

ပြည်တွင်းပြည်ပက ပြောလာဆိုလာ မေးလာမြန်းလာတော့မှ ဗိုလ်ခင်ညွန့်စကားဟာ (နဝတ) ရဲ့ တရားဝင်သဘောထားပါ။ ယိုးဒယားနယ်စပ်ရောက် ဒီမိုကရေစီအင်အားစုတွေနဲ့ မဆွေးနွေးဘူး – သူတို့ပါဝင်နေတဲ့ (ဒီအေဘီ) နဲ့တောင် မဆွေးနွေးဘူး။ လူမျိုးစု တောတွင်း လက်နက်ကိုင် အင်အားစုတွေနဲ့သာ တဖွဲ့ချင်းဆွေးနွေးချင်တာလို့ ထုတ်ပြောလာပါတယ်။

ရှင်းပါတယ်၊ နိုင်ငံရေးစကားပြောမယ့်၊ ဒီမိုကရေစီရေးကိုပြောမယ့် တောတွင်း လက်နက်ကိုင် အင်အားစုဖြစ်တဲ့ ဗကပတို့ ABSDF တို့နဲ့ မဆွေးနွေးချင်ပါဘူး။

ဗိုလ်ခင်ညွန့် တလျှောက်လုံး ပြောတာကလဲ လက်နက်ကိုင်အင်အားစုလို့ ပြောတာပါ။ (ဒီအေဘီ) ထဲက တောတွင်းလက်နက်ကိုင် အင်အားစု မဟုတ်တဲ့ အဖွဲ့တွေကိုလဲ ပယ်ထား ပြီးသားပါ။

တောတွင်းလက်ကိုင် အင်အားစုလို့ ဆိုလိုက်ရင် (ဗကပ) ပါ ပါနေမှာ စိုးရိမ်လို့ လူမျိုးစုဆိုတဲ့ စကားလုံးကို အထူးပြုနေတာ ဖြစ်ပါတယ်။ (မစိုးရိမ်ပါနဲ့၊ ဒီလိုကြိုတင် စည်းကမ်း သတ်မှတ်ချက်နဲ့ အထက်စီးယူပြီး ဆွေးနွေးမယ့် ဆွေးနွေးပွဲမျိုးကို ကွန်မြူနစ်က စိတ်မဝင်စား

ပါဘူး။)

ဒီပေါ်လစီ ဖြစ်ပေါ်လာပုံကို ပြောလိုက်ရင် ရှင်းသွားလိမ့်မယ် ထင်ပါတယ်။

အခု (နဝတ) ရဲ့ ပေါ်လစီဟာ စလာစဉ်ကတည်းက ထောက်လှမ်းရေးရဲ့ ပေါ်လစီ ဖြစ်ပါတယ်။

မဆလအစိုးရ တည်တည်ငြိမ်ငြိမ် ရှိနေစဉ်ကတည်းက ဗိုလ်ခင်ညွန့် ထောက်လှမ်းရေးမှူး မဖြစ်ခင်ကတည်းက စတင်နေတဲ့ပေါ်လစီ ဖြစ်ပါတယ်။

၁၉၈၀ ခုနှစ်တွေရဲ့ အစပိုင်းမှာကတည်းက စခဲ့တဲ့ဇာတ်လမ်း ဖြစ်ပါတယ်။

၁၉၇၇ – ၇၈ ခုနှစ်မှာ ဖုန်ကျားစင်းဟာ သူ့ရဲ့စီးပွားရေးလုပ်ငန်း (ဘိန်းလုပ်ငန်း) တွေကို ပါတီကဖျက်သိမ်းလိုက်တာကို မကျေမနပ်ဖြစ်ပြီး သူလုပ်ရမယ့်တာဝန်တွေကို ပစ်ပယ်ကာ သူ့ဆန္ဒနဲ့သူ ကျေးလက်တခုမှာသွားပြီး နေထိုင်ပါတယ်။ သူ့မိတ်ဟောင်းဆွေဟောင်းတွေ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေကို လှမ်းပြီးဆက်သွယ်ပါတယ်။ (သူ့မိတ်ဟောင်းဆွေဟောင်း ဆိုတာတွေဟာ အားလုံးဟာ အစိုးရရဲ့ကာကွယ်ရေးတွေပါ။ လော်စစ်ဟန်တို့ ခွန်ဆာတို့ပါ။) မဆလ စစ်အစိုးရက လော်စစ်ဟန်ကို လူသိရှင်ကြား သူကောင်းပြုထားတာ ဖြစ်ပါတယ်။ ခွန်ဆာကိုတော့ ခိုးကြောင်ခိုးဝှက် (ကွန်မြူနစ်ဆန့်ကျင်ရေးအတွက်) မွေးမြူထားတာပါ။

လော်စစ်ဟန်ကတဆင့် ထောက်လှမ်းရေးက ဖုန်ကျားစင်းရဲ့ ဒီအခြေအနေကို သိသွားပါတယ်။

လော်စစ်ဟန်ကတဆင့် စစ်ထောက်လှမ်းရေးက ဖုန်ကျားစင်းကို ကမ်းလှမ်းပါတယ်။ ဗကပထဲက စစ်တပ်ကို ဖဲ့ထုတ်လာခဲ့ရင် စီးပွားရေးလွတ်လွတ်လပ်လပ် လုပ်ခွင့်ပြုမယ်လို့ ကမ်းလှမ်းတာပါ။ ပန်ဆိုင်းကို အစိုးရကသိမ်းပြီးတော့ – တိုးချဲ့လာပါတယ်၊ တခြားတပ်မှူးတွေကိုလဲ ဒီလိုပဲ ကမ်းလှမ်းပါတယ်။

(၈၉) ခုနှစ်မှာ ခွဲထွက်ကြတော့ ဒီထောက်လှမ်းရေး ပေါ်လစီဟာ အကောင်အထည် ပေါ်လာပါတယ်။ (ခွဲထွက်မှုတွေ ဘာကြောင့်ဖြစ်ပေါ်သလဲဆိုတာကတော့ ဒီထောက်လှမ်းရေး ပေါ်လစီကြောင့်လို့ သတ္တုချလို့ မဖြစ်ပါဘူး။ ပါတီဗဟိုရဲ့ နိဂုံးချုပ်စာတမ်းမှာ မိမိကိုယ်ကို ဝေဖန်ရေးအနေနဲ့ ပါတီဗဟိုက ရေးထားပါတယ်။ ပါတီဝင်အားလုံးသို့ ချပြထားပါတယ်။ ဒါကြောင့် အခု ဒီအစီရင်ခံစာမှာ အကျယ်ချဲ့ပြီး မတင်ပြတော့ပါဘူး။)

ထောက်လှမ်းရေးပေါ်လစီရဲ့ အတွင်းသဘော အချုပ်က ဗကပ ထဲကနေပြီး တပ်နဲ့ ခွဲထွက်လာရင် တပ်နဲ့နယ်မြေကို တည်ရှိမြဲအတိုင်း တည်ရှိခွင့်ပြုမယ်။ တပြည်လုံးမှာ စီးပွားရေး လုပ်ခွင့် ပေးမယ်။ ငွေမဲတွေကို ခဝါချခွင့်ပြုမယ်ဆိုတာပါပဲ။

အဓိက ကတော့ ဗမာပြည်ကွန်မြူနစ်ပါတီကို ဖြိုခွဲရေးပါ။ ပါတီကိုဖြိုခွဲမယ့် သူတိုင်းကို ဆုလာဘ်အဖြစ်ပေးတဲ့ အခွင့်အရေးပါ။ နိုင်ငံရေးသဘော လုံးလုံးမပါပါဘူး။ နိုင်ငံရေးပြဿနာ ပေါ်လာရင်လဲ နောက်မှရှင်းမယ်ဆိုပြီး ရွှေ့ဆိုင်းထားတာ ဖြစ်ပါတယ်။



၉၀ ခုနှစ် ရွေးကောက်ပွဲ မတိုင်မီကနဲ့ ပြီးကာစမှာ ပြဿနာတွေပေါ်ပါတယ်။ နိုင်ငံရေးအခြေအနေတွေ ပြောင်းလဲခဲ့ရင် ဘယ်လိုဖြစ်လာမလဲဆိုတာကို ခွဲထွက်သူတွေက စဉ်းစားလာပါတယ်။ စိုးရိမ်လာပါတယ်။ နောက်တက်လာမယ့် အရပ်သားအစိုးရက အခု ‘နဝတ’ နဲ့ သဘောတူထားတာတွေ (စာနဲ့ပေနဲ့ မဟုတ်၊ နှုတ်ကတိတွေ) ကို ဖျက်သိမ်းပစ်ရင် ဘယ်လိုလုပ်မလဲလို့ ခွဲထွက်ခေါင်းဆောင်တွေက ဗိုလ်ခင်ညွန့်ကို မေးကြပါတယ်။

ဗိုလ်ခင်ညွန့်က “အဲဒီလိုလုပ်ရင် ခင်ဗျားတို့နဲ့ ကျွန်တော်တို့ပေါင်းပြီး ဒီအစိုးရကို ပြန်တိုက်ကြတာပေါ့” လို့ ဖြေပါတယ်။ မရှင်းပါလား။ မှတ်ချက်ပေးစရာမလိုအောင်ကို ရှင်းလှပါတယ်။

အခု ရန်ကုန်မှာ၊ မန္တလေးမှာ၊ တောင်ကြီးမှာ၊ ဖားကန့် မိုးကုတ်မှာ၊ နေရာတကာမှာ စီးပွားရေးတွေ လွတ်လွတ်လပ်လပ် လုပ်နေကြတာ ငွေမဲတွေ ခဝါချနေကြတာဟာ အဲဒီ ထောက်လှမ်းရေး ပေါ်လစီကနေ ဖြစ်ပေါ်လာတဲ့ အသီးအပွင့်တွေပါ။

နယ်စပ်ဖွံ့ဖြိုးရေးဆိုတာကိုတော့ နဝတ ကရော ခွဲထွက်အဖွဲ့ ခေါင်းဆောင်တွေကပါ အလေးအနက်ရှိလှတာ မဟုတ်ပါဘူး။ ခွဲထွက်အဖွဲ့တွေက ခေါင်းဆောင်တွေရဲ့ စကားကိုပဲ ကိုးကားပါရစေ။ “ပြည်တွင်းကဗမာတွေက နယ်စပ်က ကိုးကန့်တွေ ၀ တွေထက် ဆင်းရဲတယ်။ ပါတီက ဟိုတုန်းကပြောခဲ့တာတွေ မယုံခဲ့ဘူး။ အခုမှ ကိုယ်တွေ့ တွေ့ရပြီ။” လို့ ပြောကြပါတယ်။ တယောက်နှစ်ယောက်ကပြောတာ မဟုတ်ပါဘူး။ ဗမာပြည်အတွင်းပိုင်း ကျေးလက်တွေကို ရောက်ဖူးသူ အားလုံးကပါ။

ဗမာပြည်အတွင်းပိုင်းရောက်အောင် မဆင်းဖူးတဲ့ သူတွေကလဲ နဝတရဲ့ “ဖွံ့ဖြိုးရေး” လုပ်ငန်းတွေ သူတို့ဆီမှာ လာလုပ်တာကို လက်တွေ့ တွေ့ရတော့ – “ဖွံ့ဖြိုးရေး” ကို အယုံအကြည် မရှိပါဘူး။ ဆားအိတ်တချို့နဲ့ ဆပ်ပြာချောင်း အချောင်း ၂၀၀ လာရောင်းတဲ့ “ဖွံ့ဖြိုးရေး” ကို ပြက်ရယ်ပြုကြပါတယ်။

သူတို့မြင်တာ မှန်ပါတယ်။ ဖွံ့ဖြိုးရေးဟာ နယ်စပ်မှာသာလိုတာ မဟုတ်ပါဘူး။ တပြည်လုံးမှာ လိုအပ်နေတာပါ။

တိုင်းပြည်က သယံဇာတတွေ ကြွယ်ဝတယ်။ လုပ်သားပြည်သူတွေက ဝီရိယရှိတယ်။ ဘာကြောင့် ဒီလောက်ဆင်းရဲသလဲ?။ ဒီမေးခွန်းတွေကို မေးနေကြပြီ။

ဗကပကို ဖြိုခွဲရေးအတွက် သုံးလိုက်တဲ့ ‘ထောက်လှမ်းရေးပေါ်လစီ’ ဟာ ဗကပ ကိုတော့ ဖြိုခွဲနိုင်ပါတယ်။ ဒါပေမဲ့ နဝတ အပေါ် အထုပ်အပိုးကြီး ဖြစ်လာတယ်။ လွတ်လပ်စွာ စီးပွားရေးတွေလုပ်ကြ – ငွေမဲတွေခဝါချကြ – ငွေတွေ ပက်ပက်စက်စက်သုံးကြ ဆိုင်ရာပိုင်ရာ ထောက်လှမ်းရေးဗိုလ်တွေကို ပသကြနဲ့ ဖြစ်လာတယ်။ အမေရိကန်ကလဲ “ဘိန်းထုတ်လုပ်သူတွေ တိုးလာတယ်။” “ဘိန်းလုပ်ငန်းကြီးထွားနေတာဟာ စစ်အစိုးရနဲ့ပတ်သက်နေတယ်။” တို့ စသဖြင့် အခုကျမှ ပြောလာနေပါတယ်။ ဟိုတုန်းက ကွန်မြူနစ်ဆန့်ကျင်ရေးကို အလေးတင်းတုန်း

ဖြေရှင်းရန်၊ တွေ့ဆုံဆွေးနွေးသော ဒီမိုကရေစီနည်းဖြင့်သာ အဖြေရှာရန်။

– နဝတ ဟာ ငြိမ်းချမ်းရေး အစစ်အမှန် လိုချင်ရင်၊ ပြည်တွင်းစစ်ပြဿနာကို အခြေခံကျကျ ဖြေရှင်းချင်ရင်၊ တောတွင်းကအင်အားစုတွေနဲ့ ဆွေးနွေးတာကို ဒုတိယထားပြီး မြို့ပေါ်က နိုင်ငံရေးအင်အားစုတွေနဲ့ ပထမဦးစားပေးပြီး အရင်ဆုံးဆွေးနွေးပါ။

အထူးသဖြင့် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်တို့လို မူလ NLD ခေါင်းဆောင်များ၊ ဦးကြည်မောင်အပါအဝင် ၉၀ခုနှစ် ရွေးကောက်ပွဲမှာ အရွေးချယ်ခံ NLD ခေါင်းဆောင်များနဲ့ ဦးအောင်ရွှေတို့လို လက်ရှိ NLD ခေါင်းဆောင်များနဲ့ တပေါင်းတစည်းတည်း ဆွေးနွေးပါ။

တခြားရွေးကောက်ခံထားရတဲ့ ဦးခွန်ထွန်းဦးတို့လို နိုင်ငံရေးခေါင်းဆောင်များနဲ့လဲ သီးခြားဆွေးနွေးပါ။

– အဲဒီဆွေးနွေးပွဲတွေရဲ့ ရလဒ်ကို ကြည့်ပြီး အဲဒီအခါမှာ တည်ရှိနေတဲ့ ဒီမိုကရေစီ အခွင့်အရေးရဲ့ အတိမ်အနက်ကို သုံးသပ်ကာ ဗမာပြည်ကွန်မြူနစ်ပါတီက ရှေ့ခြေလှမ်းကို ဆက်ပြီးလှမ်းသွားမှာ ဖြစ်ပါတယ်။

– ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပြည်တွင်းငြိမ်းချမ်းရေး – ဒီမိုကရေစီရေးနဲ့ အမျိုးသားသွေးစည်းညီညွတ်ရေးကို ဖော်ဆောင်မယ့် ဆွေးနွေးပွဲများကို တက်ရောက်လိုပါတယ်။ အပြုသဘောဆောင်တဲ့ အဆိုပြုချက်များကို တင်ပြလိုပါတယ်။ တခြားအင်အားစုများ ပုဂ္ဂိုလ်များရဲ့ အဆိုပြုချက်များကိုလဲ ကြားနာလိုပါတယ်။

ကျွန်တော်တို့ အနေနဲ့ ရွေးစရာလမ်းအားလုံးကို ဖွင့်ထားပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ ပါတီရဲ့သန္နိဋ္ဌာန်ကိုပါ တဆက်တည်း တင်ပြပါမယ်။

– စစ်အစိုးရ၊ စစ်အုပ်စု၊ စစ်ဗျူရိုကရေစီယန္တရားကို တိုက်ဖျက်ပြီး ဒီမိုကရေစီ အစိုးရတခု ထူထောင်ရေးကို ပါတီက မဆုတ်မနစ် လုပ်သွားပါမယ်။ ဒီရည်မှန်းချက် အတွက် တိုက်တဲ့တိုက်ပွဲတိုင်းကို နည်းမျိုးစုံနဲ့ အားပေးထောက်ခံသွားပါမယ်။

–စစ်အစိုးရ ဆန့်ကျင်ရေး ဒီမိုကရေစီအရေးတော်ပုံမှာ ပါဝင်ဆင်နွှဲကြသူတိုင်းနဲ့ ခံစရာရှိရင် အတူခံပါမယ်။ မိုးထဲလေထဲ မုန်တိုင်းထဲမှာ အတူရပ်တည်သွားပါမယ်။

–တနပ်စား ငြိမ်းချမ်းရေး၊ လက်နက်ချငြိမ်းချမ်းရေးကို ယတိပြတ် ပယ်ချပါတယ်။

## <u>တိုင်းပြည်တစည်းတလုံးတည်းရှိရေး လူမျိုးပေါင်းစုံ ပြည်သူများ</u>
## <u>တစည်းတလုံးတည်း ရှိရေး ပြဿနာ</u>

တိုင်းပြည် တစည်းတလုံးတည်း မရှိရင် – လူမျိုးပေါင်းစုံ ပြည်သူတွေ သွေးကွဲကြရင် ဘယ်လိုဘေးဒုက္ခတွေ တွေ့ကြုံနိုင်တယ်ဆိုတာကို အကျယ်ချဲ့ပြောစရာ မလိုပါဘူး။ ကမ္ဘာတဝှမ်း



'နယ်စပ်ဖွံ့ဖြိုးရေး ငြိမ်းချမ်းရေး 'မှာ ၂ ဘက်က အထက်လွှာတွေပဲ စားသာပါတယ်။

အခု ထူးခြားတာက အမေရိကန်က တဒေါင့်ကနေ မီးတကျည်ကျည် လုပ်နေတာပါ။ စစ်တပ်ကို ဒီလုပ်နည်း သင်ပေးခဲ့တာ သူတို့ပါ။ ဟိုတုန်းကအခြေအနေနဲ့ ဒီနေ့အခြေအနေ ပြောင်းပြန်ဖြစ်နေလို့ အမေရိကန်က အခုမှ က,ပျက် ယ,ပျက် လုပ်နေတာ ဖြစ်ပါတယ်။

၈၉ – ခုနှစ်မှာ ဒီပေါ်လစီကို လုပ်တုန်းက ခွဲထွက်သူတွေဟာ ထောက်လှမ်းရေးနဲ့ပဲ စကားပြောခဲ့ရတာပါ။ ဘာနိုင်ငံရေးစကားမှ မပြောရပါဘူး။ နိုင်ငံရေးအရ နားလည်မှု ယူစရာလဲ မလိုခဲ့ပါဘူး။ အခု KIA နဲ့ ဆွေးနွေးတော့ နိုင်ငံရေးကိစ္စ တပိုင်းတစ ပါလာပါတယ်။ 'အမျိုးသား ညီလာခံ' မှာ ဘယ်လို ပါဝင်မလဲဆိုတာကို ဆွေးနွေးရပါတယ်။ ဆွေးနွေးဘက်ကတော့ ထောက်လှမ်းရေးဘက်က လူတွေနဲ့ပဲ ဆွေးနွေးရတာပါ။ နိုင်ငံရေးအရ ဆွေးနွေးတဲ့ပုံစံ မပေါက် အောင် (နဝတ) က အတော်ဂရုပြုပါတယ်။ 'အမျိုးသားညီလာခံ' ကို နဝတ က ဟန်ပြလုပ်ပြ ရတယ်ဆိုတာကလဲ ၉၀ ခုနှစ် ရွေးကောက်ပွဲပြီးမှ ပေါ်လာတာဖြစ်လို့ 'အမျိုးသားညီလာခံ' တက်ရေး မတက်ရေးကိစ္စ KIA နဲ့ကျမှ ပေါ်လာတာဖြစ်ပါတယ်။

၈၉ ခုနှစ်ပေါ်လစီကို တခြားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းတွေ အတွက်ပါ တိုးချဲ့လာတော့ အစပိုင်းမှာ ပြဿနာတွေ ပေါ်ခဲ့ပါသေးတယ်။

KIA နဲ့စပြီး ဆွေးနွေးတော့ ကိုးကန့်ကိုပေးတဲ့အခွင့်အရေး (အခွင့်အရေးလို့ သုံးနေရတာဟာ တခြားဝေါဟာရ ရှာမရလို့ပါ၊ ကျယ်ပြန့်တဲ့ အဓိပ္ပာယ်အရ အခွင့်အရေးတော့ မဟုတ်ပါဘူး) မျိုးမပေးနိုင်ဘူး၊ လက်နက်ချရမယ်ဆိုတာ ဖြစ်လာတယ်။ တခြားကိစ္စတွေလဲ ထစ်ထစ်ငေါ့ငေါ့ပါ။ ကာယကံရှင်တွေက နောင်မှာ သူတို့ဆန္ဒရှိရင် ပြောလာမှ ကောင်းမယ့်ကိစ္စမို့ ဒီမှာလဲ အကျယ်မချဲ့တော့ပါဘူး။ ဒါကြောင့် ကေအိုင် အေ နဲ့ နဝတ ဆွေးနွေးပွဲဟာ ကြာပါတယ်။

'အမျိုးသားညီလာခံ' ဆိုတာကလဲ လုပ်နေဆဲဆိုတော့ ညီလာခံတက်ရေး မတက်ရေးဆိုတဲ့ နိုင်ငံရေးစကားကလေး နဲနဲတော့ ပြောလာရပါတယ်။ ဒါတောင်မှ ဗိုလ် မောင်သင့်က ပြောတော့ တမျိုး ၊ ထောက်လှမ်းရေးတွေက ပြောတော့ တမျိုးပါ။ နောက်ဆုံးတော့ လေ့လာသူအဖြစ်တက်ရေး ဖြစ်သွားပါတယ်။

အခုလို လုပ်တာဟာ စစ်ရပ်စဲရေးလား (သို့မဟုတ်) စစ်ရပ်ဆိုင်းရေးလား ဆိုတာလဲ ပြဿနာပေါ်တယ်လို့ ကြားရပါတယ်။ နောက်ဆုံးတော့ စစ်ရပ်ဆိုင်းရေးလို့ပဲ သုံးတာကို ကြားရ ပါတယ်။ နဝတဘက်ကတော့ ဘယ်ဟာမှ မသုံးပါဘူး။ သူ့အတွက် အသာစီးရမယ့် ဝေါဟာရကို သာ ရွေးပြီးသုံးနေတာ သတင်းစာမှာ တွေ့ရပါတယ်။

(နဝတ) ဟာ ဒီကိစ္စမှာ (ဝေါဟာရသုံးစွဲမှုကို) တော်တော်သတိထားတာ တွေ့ရ ပါတယ်။ မိမိဘာသာအဖွဲ့အစည်း အမည်တွေကို ဘယ်လိုပဲပေးထားပါစေ၊ အဲဒီအမည်တွေကို (နဝတ) သတင်းစာက မသုံးပါဘူး။ မလွှဲသာလို့ အဖွဲ့အစည်းနာမည် သုံးရင်လဲ 'ငြိမ်းချမ်းရေး အဖွဲ့အစည်းများ' လို့ပဲ ပြားရိုက်ပြီး သုံးပါတယ်။

ခေါင်းဆောင်တွေကို ဆိုရင်လဲ ဒေသခံတိုင်းရင်းသားခေါင်းဆောင်လို့သာ သုံးပါတယ်။ အဖွဲ့အစည်းအမည် မသုံးသလို အဖွဲ့အစည်းမှာ ထမ်းဆောင်တဲ့ တာဝန်ကိုလဲ မသုံးပါဘူး။

'အမျိုးသားညီလာခံ' မှာ တက်စေတော့ အထူးဒေသ အမှတ် ၁၊ ၂၊ ၃၊ ၄ စသဖြင့် သုံးပါတယ်။

(နဝတ) စစ်တပ်ကတော့ သူ့လျှို့ဝှက်ကြေးနန်းစာတွေမှာ ခပ်ရှင်းရှင်းပဲ သုံးပါတယ်။ သူတို့တွင်းမှာသာ သုံးတာဆိုတော့ လူမသိသူမသိ ဖြစ်ပါတယ်။ 'ခွဲထွက် – ဝ' 'ခွဲထွက် ကိုးကန့်' စသဖြင့်သာ သုံးပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီကို ဖြိုခွဲရေး – ပါတီကို အောက်ခြေလွတ်အောင်လုပ်ရေး အတွက် ကျင့်သုံးခဲ့တဲ့ ပေါ်လစီကို တခြားအဖွဲ့တွေအတွက်ပါ တိုးချဲ့ကျင့်သုံးမလား – မတိုးချဲ့ ဘူးလားဆိုတာမှာ နဝတ ဟာ ချီတုံချတုံ ဖြစ်ခဲ့ပုံပေါ်ပါတယ်။

အဘက်ဘက်ဖိအားတွေကြောင့်ရော ယိုးဒယားအစိုးရ၊ ယိုးဒယားစစ်တပ်နဲ့ ယိုးဒယားထောက်လှမ်းရေးရဲ့ ပါဝင်ကူညီမှုပါ ရလာတဲ့အခြေအနေ ရောက်လာမှ ပြတ်သားလာ တာပါ။

ယိုးဒယားကလဲ ဗမာပြည်ဈေးကွက်ကို အမြန်ပြန်ပြီးလုမှ နေရာကျတော့မယ်ဆိုတာ သိလာလို့ သူ့နယ်စပ်မှာ မြန်မြန်ကြီး အေးချမ်းစေချင်ပါတယ်။ စစ်မတိုက်ကြအောင် ပြောင်ပြောင်တင်းတင်း ကြမ်းကြမ်းရမ်းရမ်း ဖိအားပေးပါတယ်။ ၁၉၆၈ ခုနှစ်တွေ တုန်းကလို ကွန်မြူနစ်ဒီလိုင်းကို တားထားဖို့ တံတိုင်းလဲ မလိုတော့လို့ ဒီလိုလုပ်တာပါ။ ဒီတံတိုင်းရှိနေတာ ဟာ အခုအခါမှာကျတော့ ဈေးကွက်ကို ယှဉ်ပြိုင်လုရာမှာ အဟန့်အတား ဖြစ်နေပါတယ်။ ဒီတံတိုင်း မလိုတော့ပါဘူး။ တံတိုင်းကို ဖြိုချင်ကြပါတယ်။

(နဝတ) ကလဲ သယံဇာတပြပြီး မြူဆွယ်ပါတယ်။ အမျိုးသားညီလာခံ လုပ်နေစဉ်မှာ ဒီကိစ္စ ပြတ်ထားချင်ပါတယ်။ ဒါတွေဟာ နိုင်ငံရေးကိစ္စတွေပါ။

ပြည်တွင်းအင်အားစုတွေနဲ့ နိုင်ငံရေးမဆွေးနွေးဘူးလို့ ဆိုတဲ့ (နဝတ) ဟာ နိုင်ငံခြားနဲ့ တော့ နိုင်ငံရေးဆွေးနွေးပါတယ်။ နိုင်ငံရေးကို စစ်အုပ်စုကသာ ကန်ထရိုက်ဆွဲပြီး လုပ်မယ်။ အခြားဘယ်သူမှ မလုပ်ရဘူးဆိုတဲ့ သဘောပါ။

တနပ်စား 'ငြိမ်းချမ်းရေး' ပေါ်လစီ ချခဲ့တဲ့ (နဝတ) ဟာ အခု ဒုက္ခတွေ့နေပါပြီ။ နိုင်ငံရေးစကားမပြောဘဲ နိုင်ငံရေးနည်းနဲ့ မဟုတ်ဘဲ လုပ်ခဲ့တဲ့ စစ်ရပ်စဲရေးဟာ အခုပြဿနာ တွေ့နေပါပြီ။

'ကိုးကန့်'ဖြစ်ဖြစ် 'ဝ'ဖြစ်ဖြစ် 'အခါ'ဖြစ်ဖြစ် သူတို့ ခေါင်းဆောင်တွေဟာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ မတွေ့ခင်က အမျိုးသားရေးဝါဒီတွေပါ။ အကြောင်းကြောင်းသော အကြောင်းတွေကြောင့်သာ ကွန်မြူနစ်တွေ ဖြစ်လာကြတာပါ။

သူတို့အနေနဲ့ ကွန်မြူနစ်ဝါဒကို စွန့်ချင်ရင် စွန့်နိုင်ပေမယ့် အမျိုးသားရေးဝါဒကို



မစွန့်နိုင်ကြပါဘူး။ စွန့်ရင် သူတို့ဇာတိ လူမျိုးကို သစ္စာဖောက်တာဖြစ်ပြီး ကိုယ့်ကိုယ်ကို သတ်သလို ဖြစ်သွားမှာပါ။

၁၉၈၉ ခုနှစ်က နိုင်ငံရေးစကားမပြောဘဲ သဘောတူညီမှုရခဲ့ပေမယ့် ၁၉၉၃ မှာ ကျတော့ နိုင်ငံရေးစကား စပြောရပါတယ်။ 'အမျိုးသားညီလာခံ' ဆိုတာမှာ ထောက်လှမ်းရေးက သူတို့လုပ်ခဲ့တာတွေကို မဏ္ဍပ်တိုင်တက်ပြဖို့ တခြားဖိတ်ကြားသင့်သူများဆိုပြီး ခွဲထွက်သူတွေကို ဖိတ်လိုက်ပါတယ်။

ညီလာခံမှာ စကားပြောကြတော့ ထောက်လှမ်းရေးအကြိုက်ချည်းပြောလို့ မဖြစ် တော့ပါဘူး။ ကိုယ့်လူမျိုးအရေး ကိုယ်ပြောလာကြရပါတယ်။ ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေး တွေ တောင်းကြပါတယ်။

ကိုယ့်လူမျိုးကို ကိုယ်စားပြုပြောရမယ့်သူတွေက ဒီလိုပြောမှပဲ ဖြစ်ပါတယ်။ ကိုယ့်လူမျိုးကို ကိုယ်စားပြုစရာ မလိုတဲ့ ပြုလို့လဲ မရသူတွေကတော့ ထောက်လှမ်းရေးအကြိုက် လိုက်ပြီး ပြောနိုင်ပါတယ်။ န ငယ် အမြီးတပ်တာလဲ လုပ်ချင်ရင် လုပ်နိုင်ပါတယ်။

တနပ်စားလုပ်ခဲ့တဲ့ဒဏ်ကို အခုကစပြီး (နဝတ) ခံရပါတော့မယ်။ ဒီဒဏ်က လွတ်ဖို့ ထောက်လှမ်းရေးဟာ အကောက်ကြံရပါလိမ့်ဦးမယ်။ ဒီကိစ္စကို နောက်အခန်းမှ တင်ပြပါမယ်။

ချုပ်ပြီးတင်ပြရရင် နိုင်ငံရေးအရ ဖြေရှင်းတာမဟုတ်တဲ့ ငြိမ်းချမ်းရေးလုပ်ဆောင်ချက် ဟူသမျှဟာ ငြိမ်းချမ်းရေးအတုနဲ့ ယာယီ အတိုက်အခိုက် ရပ်နားထားတာသာ ဖြစ်ပါလိမ့်မယ်။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သဘောထားကတော့ –

၁။ နဝတ ရဲ့ ကမ်းလှမ်းချက်ဟာ ကျွန်တော်တို့ပါတီကို ကမ်းလှမ်းတာ မဟုတ်ပါဘူး။ တကယ်လို့ ကမ်းလှမ်းတာဖြစ်ရင်လဲ ယတိပြတ်ပယ်ချပါတယ်။ နိုင်ငံရေးအရ အဖြေရှာတာ မဟုတ်ရင် ဒီအတိုင်းပဲ သဘောထားသွားမှာ ဖြစ်ပါတယ်။

၂။ ကျွန်တော်တို့ပါတီရဲ့ အနေအထားအရ ဒီကိစ္စကို ချဉ်းကပ်တာဖြစ်လို့ တခြားသော အဖွဲ့အစည်းတွေက (နဝတ) ရဲ့ ကမ်းလှမ်းချက်ကို လက်ခံပြီး ဆွေးနွေးရင်လဲ ကျွန်တော်တို့က ဆန့်ကျင်ကန့်ကွက်တာလုပ်မှာ မဟုတ်ပါဘူး။ အားလုံးသော အဖွဲ့အစည်း များမှာ လွတ်လပ်စွာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိကြတာကို အသိအမှတ်ပြုပါတယ်။ အဖွဲ့အစည်း တိုင်းဟာ ကိုယ့်အခြေအနေကို ကိုယ်အသိဆုံး ဖြစ်ကြပါတယ်။

၃။ ပါတီရဲ့အင်အားစုများနဲ့ ပတ်သက်ရင်တော့ အားလုံးဟာ ပါတီဗဟိုနဲ့အတူ ရပ်တည်ကြရပါမယ်။ ပါတီဗဟိုရဲ့ သဘောထားကို မလိုက်နာနိုင်သူများဟာ ပါတီက တရားဝင် နုတ်ထွက်ခွင့် ရှိပါတယ်။ ဗဟိုအနေနဲ့ ပါတီစည်းမျဉ်းဥပဒေအတိုင်းသာ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ တောင်းဆိုချက်ကတော့ –

– ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးပြဿနာကို နိုင်ငံရေးအရသာ

ရတာ ဖြစ်ပါတယ်။ တကယ့် အကျပ်အတည်းကြီးပါ။

မျိုးချစ်များအဖြစ် ရပ်တည်သူများကို ကျွန်တော်တို့ပါတီက လေးစားပါတယ်။

သက်ဆိုင်ရာ လူမျိုးစုတွေက တောင်းဆိုကြတဲ့ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ပါတီက မူအရ ထောက်ခံပါတယ်။ တခုသတိပြုဖို့ လိုတာကိုလဲ သတိပေးချင်ပါတယ်။ 'ထောက်လှမ်းရေးရဲ့ အကောက်ကြံမှုကို သတိရှိကြပါ' ဆိုတာပါပဲ။

အကောက်ကြံမှုဆိုတာဟာ မိမိတို့ အတွင်း အချင်းချင်း လူမျိုးစု အချင်းချင်းကြားမှာ လက်နက်ကိုင် ပဋိပက္ခတွေ ဖြစ်ပေါ်အောင် လှုံ့ဆော် သွေးထိုး ပေးတာကို ဆိုလိုပါတယ်။

မကြာသေးခင်ကပဲ ကိုးကန့်အချင်းချင်း တိုက်ပွဲဖြစ်သွားပါတယ်။ ဖုန်ညီအစ်ကို အင်အားစုနဲ့ ယန်ညီအစ်ကို အင်အားစုများ အကြားမှာ လက်နက်ကိုင်ပဋိပက္ခတခု ပေါက်ကွဲခဲ့ပါတယ်။ ဒါဟာ မိမိအတွင်းက လက်နက်ကိုင် ပဋိပက္ခပါ။ ဖုန်ညီအစ်ကိုဘက်က ရှုံးပါတယ်။ ဒါပေမဲ့ ဒီရန်မီးဟာ လုံးဝပြေငြိမ်းသွားတာ မဟုတ်ပါဘူး။ အတွေ့အကြုံတွေအရ ပြောရရင် သေနတ်စဖောက်ဖို့ဟာ (စတိုက်ဖို့ဟာ) လွယ်ပါတယ်။ ပြေငြိမ်းသွားဖို့ဟာ မလွယ်ပါဘူး။

မိမိလူမျိုးအတွင်းက လက်နက်ကိုင် ပဋိပက္ခဟာ ဒေသအပိုင်းအဝန်းအရ တစုံတရာ ကန့်သတ်ထားလို့ရပေမယ့် လူမျိုးစုအချင်းချင်းကြားမှာ လက်နက်ကိုင် ပဋိပက္ခ ဖြစ်လာရင်တော့ အကန့်အသတ်မရှိ ဆက်တိုက်တိုးပွားသွားတတ်ပါတယ်။

ရန်စတွေဟာ နေရာတိုင်းမှာ ရှိနေတတ်တာဖြစ်လို့ သွေးထိုးလှုံ့ဆော်ဖို့ဟာ လွယ်ပါတယ်။

အခု 'အမျိုးသားညီလာခံ' ဆိုတာမှာ လူမျိုးအသီးသီးက ဒေသန္တရ ကိုယ်ပိုင် အုပ်ချုပ်ရေးတွေ တောင်းကြတော့ တောင်းတဲ့ဒေသတွေ ထပ်နေပါတယ်။ ဒါဟာ ရန်မီးပွားနိုင်တဲ့ ကိစ္စတခုပါ။ ပြည်နယ်အချင်းချင်း ရန်မီးပွားစရာတွေလဲ 'အမျိုးသားညီလာခံ' မှာ ပေါ်လာပါတယ်။ ဒါတွေဟာ အကောက်ကြံလိုသူများအတွက် အကွက်ကောင်းတွေ ဖြစ်ပါတယ်။

ကျွန်တော်တို့တိုင်းပြည်ဟာ ငယ်ပါတယ်။ တိုင်းရင်းသားလူမျိုးတွေက များပါတယ်။ ရောထွေးယှက်တင် နေထိုင်နေကြတာလဲ ဖြစ်ပါတယ်။

လူမျိုးတိုင်းမှာ ကိုယ်ပိုင်အဖွဲ့အစည်းတွေ သီးခြားဖွဲ့ထားကြပါတယ်။ ကိုယ်ပိုင် လက်နက်ကိုင်တပ်များလဲ အနည်းနဲ့အများ ရှိနေကြပါတယ်၊ လှုံ့ဆော်သွေးထိုးပေးစရာ လူမျိုးရေး – ဘာသာရေး ကိစ္စများကလဲ ရှိနေပါတယ်။ မီးပွားတခု ကျသွားရင် အမှိုက်ကစ ပြာသာဒ် မီးလောင်မယ့် ကိန်းမျိုးပါ။

ဒါကြောင့် 'ထောက်လှမ်းရေးအကောက်ကြံမှုကို သတိထား' လို့ ဆော်သြနေရတာ ဖြစ်ပါတယ်။

ထောက်လှမ်းရေးမှာက အကောက်ကြံတဲ့ အတွေ့အကြုံ ကြွယ်ဝပါတယ်။ ၁၉၈၈/ ဒီမိုကရေစီအရေးတော်ပုံ အကြိုကာလနဲ့ အရေးတော်ပုံ ကာလများမှာ ထောက်လှမ်းရေးရဲ့



က သတင်းတွေ ကြားနေသိနေ ကြရတာပါ။

ကျွန်တော်တို့ တိုင်းပြည်အနေနဲ့လဲ ခေတ်ဟောင်းခေတ်သစ် သမိုင်းအတွေ့ အကြုံတွေ ရှိခဲ့ပြီး ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် ကစပြီး တိုင်းပြည်တစည်းတလုံးတည်းရှိရေးနဲ့ လူမျိုးပေါင်းစုံ ပြည်သူများ တစည်းတလုံးတည်းရှိရေးမှာ ပြဿနာတွေ ရှိခဲ့ပါတယ်။ အခုလဲ ရှိနေဆဲ ဖြစ်ပါတယ်။ အဓိက လူမျိုးစုကြီး အားလုံးလောက်ဟာ လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲနေကြပါတယ်။ လူမျိုးစုတွေက လက်နက်ကိုင်တိုက်ပွဲ စတင်ဆင်နွှဲကြပြီဆိုရင်လဲ ခွဲထွက်ရေးကို ကြွေးကြော်ပြီး တိုက်ပွဲဝင်ခဲ့ကြ တာပါ။

ကျွန်တော်တို့ ပါတီအနေနဲ့ ဒီလူမျိုးစု အင်အားတွေရဲ့ လက်နက်ကိုင်တိုက်ပွဲဟာ 'ခွဲထွက်ရေးနဲ့ သီးခြားတိုင်းပြည် ထူထောင်ရေး' အတွက်တိုက်တာ မဟုတ်ဘဲ – 'တန်းတူရေးနဲ့ သွေးစည်းညီညွတ်ရေး' အတွက် တိုက်တဲ့တိုက်ပွဲတွေ ဖြစ်လာအောင် ရေရှည်ကြိုးပမ်းခဲ့ရ ပါတယ်။

အခုဆိုရင် လူမျိုးစုလက်နက်ကိုင်အင်အားစု အများစုမှာ 'ခွဲထွက်ရေး သီးခြား တိုင်းပြည် ထူထောင်ရေး' တောင်းဆိုချက် မရှိကြတော့ပါဘူး။

'ခွဲထွက်ရေး'ကို ကြွေးကြော်စဉ်က လူမျိုးစုအဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်မှု အပိုင်းမှာ နယ်ချဲ့နိုင်ငံကြီးတွေရဲ့ အားပေးထောက်ခံမှု ရလေမလားဆိုတဲ့ ထင်ယောင်မှားမှုတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်တုန်းကမှ နယ်ချဲ့အစိုးရတရပ်ရဲ့ အားပေးထောက်ခံမှု မရရှိခဲ့ပါဘူး။

အစိုးရအဖွဲ့အစည်းမဟုတ်တဲ့ တချို့သောအစုအဖွဲ့ကလေးများ (အစုအဖွဲ့ကလေး များသာ ဖြစ်တယ်) နဲ့ ပုဂ္ဂိုလ် တဦးချင်း အနေနဲ့ စာနာထောက်ခံမှုတော့ ရှိခဲ့ပါတယ်။ ဒါတွေဟာ ကမ္ဘာတဝှမ်းမှာ ဖြစ်ရိုးဖြစ်စဉ်တွေပါ။ သိပ်ပြီးရေးကြီးခွင့်ကျယ် လုပ်နေစရာ မလိုပါဘူး။ ဆူဆူပူပူဖြစ်လာရင် ကမ္ဘာရဲ့ဘယ်ဒေါင့်မှာမဆို – ချောင်ကြိုချောင်ကြားမချန် ဝင်ပြီးခြေရှုပ်ကြတဲ့ အဖြစ်မျိုး ရှိခဲ့တာပါ။ ရှိနေဆဲနဲ့ ရှိနေဦးမှာပါ။ C.I.A ရဲ့ မှတ်တမ်းတွေကို ကြည့်ရင် ဒါမျိုးတွေ အပြည့်အနက်ပါ။

အခု (နဝတ) က ဒါမျိုးတွေ ရှိခဲ့ဖူးတာနဲ့ ရှိနေတာကို နယ်ချဲ့စွက်ဖက်မှုကြီးအဖြစ် ပုံကြီးချဲ့ကာ ရေးနေပြောနေပါတယ်။

လက်တွေ့ဘက်ကကြည့်ရင် နယ်ချဲ့အစိုးရတွေရဲ့ အားပေးထောက်ခံမှုရခဲ့တာဟာ ဖောက်ပြန်တဲ့ အစိုးရ အဆက်ဆက်ပါ။ နိုင်ငံရေး၊ စီးပွားရေးနဲ့ စစ်ရေး ဘက်ပေါင်းစုံ အကူအညီ ကို သူတို့သာရခဲ့တာ အထင်အရှား ဖြစ်ပါတယ်။ သူတို့သာလျှင် တရားဝင် တဦးတည်းသော နယ်ချဲ့ကိုယ်စားလှယ်များ ဖြစ်ပါတယ်။

အခုတလောမှာလဲ နယ်ချဲ့သမားနဲ့ (နဝတ) အပြန်အလှန် အချက်ပြနေကြပြန်ပါပြီ။ သူတို့ဟာ နားလည်မှုတခုဆီသို့ ဦးတည်လှုပ်ရှားနေကြပါတယ်။ ပါးစပ်က တမျိုးပြောပြီး

နောက်ကွယ်မှာ တမျိုးလုပ်ကြတာဟာ နယ်ချဲ့နဲ့ဖောက်ပြန်ရေးသမားတွေရဲ့ လုပ်နေကျ လုပ်နည်း ဖြစ်ပါတယ်။ သတိရှိကြရပါမယ်။

ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးရှိမရှိဟာ အမေရိကန်နယ်ချဲ့သမားအဖို့ အဓိကစံ မဟုတ်ပါဘူး။ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုကို ဆန့်ကျင်ရေး လုပ်မလုပ်သာလျှင် စံ ဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးရှိမရှိဟာ စံဖြစ်ခဲ့ရင် အလယ်အမေရိကနဲ့ တောင်အမေရိကမှာရှိတဲ့ စစ်အစိုးရတွေ သက်ဆိုးရှည်ဖို့ မဖြင်ပါဘူး။ ဒီစစ်အာဏာရှင်တွေလောက် ဘယ်စစ်အစိုးရမှ ဒီ ၂ ခုကို ချိုးဖောက်ခဲ့တာ မရှိပါဘူး။ ဒါပေမဲ့ ဒီစစ်အာဏာရှင်တွေကို အမေရိကန်နယ်ချဲ့က ‘တို့လူတွေ’နဲ့ ‘ဘက်သားတွေ’ အဖြစ် ပြုစုပျိုးထောင်ပေးကြပါတယ်။

ပြည်သူများအနေနဲ့ ထင်ယောင်မှားကာ၊ နယ်ချဲ့အပေါ် မှာ စိတ်ကူးယဉ်မှု ထပ်ပြီး မဖြစ်မိကြဖို့ လိုပါတယ်။ ဗမာပြည်ရဲ့သမိုင်းမှာ ဒါမျိုးကို ပြင်သစ်လုပ်ခဲ့တယ်။ အင်္ဂလိပ်လုပ်ခဲ့တယ်။ ဂျပန်လဲ လုပ်ခဲ့တယ်။ အခုတော့ အမေရိကန်က လုပ်နေတယ်။ ဒီသမိုင်း သင်ခန်းစာတွေကို မမေ့ကြဖို့ လိုပါတယ်။

(နဝတ) တက်လာပြီးကတည်းက လူမျိုးပေါင်း (၁၃၅) မျိုး ရှိတယ်ဆိုတာကို တဖောင်ဖောင် ပြောခဲ့ပါတယ်။ လူမျိုးတွေကို သူတို့ရေတွက်ပုံကလဲ အငြင်းပွားဖွယ်တွေ အများအပြားနဲ့ပါ။

သူတို့အုပ်စိုးတဲ့ ခေတ်ရောက်မှ လူမျိုး (၁၃၅) မျိုး လို့ ဘာကြောင့် ပြောလာပါသလဲ၊ အကြောင်းတွေရှိပါတယ်။ အဓိက အကျဆုံး အကြောင်းတကြောင်းကိုသာကွက်ပြီး တင်ပြချင်ပါတယ်။

အဓိက အကြောင်းက –

ဗမာပြည်မှာ ပါတီတွေက (၂၀၀) ကျော်၊ လူမျိုးက (၁၃၅)၊ ဒီတိုင်းပြည်ကို မပြိုကွဲအောင် စစ်တပ်ကသာ ထိန်းနိုင်တယ်။ ဘယ်ပါတီကမှ မထိန်းနိုင်ဘူးဆိုတာကို ပြောနိုင်ဖို့ အကွက်ဆင်တာပါ။

ပါတီပေါင်း (၂၀၀) ကျော် ဖြစ်လာအောင် သူတို့ကပဲ ဖောဖောသီသီ လုပ်ပေးခဲ့တာပါ။ ပါတီစုံဒီမိုကရေစီကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် တနပ်စားဉာဏ်နဲ့ လုပ်လိုက်တာပါ။

ပါတီပေါင်း (၂၀၀) ကျော်တာနဲ့ ပတ်သက်ပြီး စောစောပိုင်းကတည်းက ကျွန်တော်တို့ ပါတီက သဘောထားပေးပြီး ဖြစ်ပါတယ်။

ထပ်ပြီးတင်ပြရရင် – ပါတီစုံဒီမိုကရေစီရရေးအတွက် တိုက်ပွဲဆင်ခဲ့သူဟာ လူထုကြီးပါ။ ရရှိလိုက်တဲ့ အောင်ပွဲကို အသုံးချပြီး အောင်သီးအောင်ပွင့်ကို ဆွတ်ယူစားသုံးခွင့် လူတိုင်းမှာ ရှိပါတယ်။ ဒါကြောင့် အတွေးအခေါ်အမျိုးမျိုးနဲ့ ပါတီတွေထောင်ကြတာကို ဘယ်သူမှ ကန့်ကွက်စရာ မလိုပါဘူး။ နောက်ဆုံးမှာ လူထုက စစ်ဆေးပြီး လက်ခံသွားမှာပါ။ လူထုကိုလိမ်လို့



မရပါဘူး။ အဲဒီအခါကျရင် ပါတီတချို့သာ ဆန်ခါတင်ကျန်ရစ်မှာလို့ တင်ပြခဲ့ပါတယ်။

(နဝတ) ကတော့ ပါတီတွေများရင် မဲကွဲသွားမယ်။ (တစည) သာ ရှေ့ဆုံးက ပြေးမယ်လို့ တွက်ခဲ့ပါတယ်။ (၉၀) ခုနှစ် ရွေးကောက်ပွဲက သူတို့ တွက်ကိန်းတွေမှားကြောင်း ပြလိုက်ပါတယ်။

ဒီတော့ ပါတီတွေများတယ်ဆိုတာ မပြောသာတော့လို့ လူမျိုး (၁၃၅) မျိုးလို့ ပြောလာပြန်တာ ဖြစ်ပါတယ်။

လူမျိုး (၁၃၅) မျိုးကို စုစည်းနိုင်သူဟာ သူတို့စစ်အုပ်စုသာ ရှိတယ်လို့လဲ ပြောပါတယ်။ အကြောင်းပြချက်က သူတို့စစ်တပ်ထဲမှာ လူမျိုးပေါင်းစုံပါနေလို့ ဖြစ်တယ်လို့ အကြောင်းပြပါတယ်။ နောက်အကြောင်းပြချက် တခုကလဲ သူတို့စစ်ဗိုလ်စစ်သားတွေဟာ နယ်တကာ လှည့်နေလို့ လူမျိုးအားလုံးနဲ့ တွေ့ထိပြီးဖြစ်တယ်လို့လဲ ပြောပါတယ်။

ဒီအကြောင်းပြချက်အားလုံးဟာ နလပိန်းတုံးဆန်ပါတယ်။ သူတို့သာ အသိဆုံး၊ သူတို့သာ အတတ်ဆုံးနဲ့ စွမ်းရည်အရှိဆုံး၊ ဒါကြောင့် သူတို့သာ နိုင်ငံတော်ရဲ့ ကံကြမ္မာကို ဖန်တီးခွင့် အရှိဆုံး နိုင်ငံတော်ရဲ့ အထက်ကနေရမယ့်လူတွေလို့ ပြောရအောင် ဆင်ခြေလိမ် ပေးနေတာ ဖြစ်ပါတယ်။

တနပ်စားဉာဏ်နဲ့ ဆင်ခြေကန်ခဲ့တဲ့ (နဝတ) ဟာ အခု ဒုက္ခလှလှကြီး တွေ့နေပါပြီ။

လူမျိုးတိုင်းဟာ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွေ တောင်းနေကြပါပြီ။ ‘အမျိုးသားညီလာခံ’ ဆိုတာမှာ တောင်းဆိုချက်တွေ အလျှိုအလျှို ပေါ်လာပါတယ်။ ထောက်လှမ်းရေး မဂ္ဂဇင်း တစောင်မှာပါတဲ့ဆောင်းပါးရဲ့ စာရင်းပြုစုချက်အရဆိုရင် အရေအတွက်အားဖြင့် (၃၀) ရှိပါတယ်။

မိမိဆန္ဒအရဖြစ်စေ – ဆန္ဒမပါဘဲဖြစ်စေ ‘အမျိုးသားညီလာခံ’ ဆိုတာမှာ တက်ရောက်ကြရသူ လူမျိုးစု ကိုယ်စားလှယ်များမှာ အကျပ်အတည်း ရှိကြပါတယ်။

ဒီညီလာခံမှာ ဒီမိုကရေစီ မရှိဘူး။ စစ်အုပ်စုအကြိုက်လိုက်မှ ဖြစ်မယ်ဆိုတဲ့ အသိကရှိကြပြီးသားပါ။ ကိုယ့်လူမျိုးနဲ့ တိုက်ရိုက်မပတ်သက်တဲ့ ကိစ္စတွေဆိုရင် စစ်အုပ်စုအကြိုက် လိုက်ပြောလို့ ရပါတယ်။

ဒါပေမဲ့ ကိုယ့်လူမျိုးနဲ့ တိုက်ရိုက်ပတ်သက်လာရင် အကြိုက်လိုက်လို့ မရပါဘူး။ စစ်အုပ်စုအကြိုက် လိုက်ပြောလိုက်မိရင် ‘မျိုးဖျက်’ ဖြစ်သွားပါလိမ့်မယ်။

လူမျိုးတိုင်းမှာ မျိုးချစ်စိတ် ရှိကြပါတယ်။ ကိုယ့်လူမျိုးကို ကိုယ်စားပြုပြီး တက်ရောက်တဲ့ အစည်းအဝေးမှာ လူမျိုးတိုင်းက တောင့်တတဲ့ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေးကို ထည့်မပြောရင် ‘မျိုးဖျက်’ ဖြစ်သွားပါလိမ့်မယ်။

စစ်အုပ်စုရဲ့နောက်က တကောက်ကောက်လိုက်ပြီး မျိုးဖျက်လုပ်မလား။ – မျိုးချစ်တယောက်အနေနဲ့ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းမလား။ – ဒါကိုဆုံးဖြတ်ကြ

လို  လက်မရှံ့လူသတ်သမားတွေ လက်ထဲမှာ အာဏာရှိနေတာကို ပြုပြင်ပြင်ဆင်ပစ်ဖို့ ဖြစ်ပါတယ်။

ကျွန်တော်တို့တိုင်းပြည်မှာ အတိအလင်း စစ်တပ်အာဏာသိမ်းမှုလုပ်တာ (၂) ကြိမ်ရှိပါတယ်။ (ခိုးကြောင်ခိုးဝှက် အာဏာသိမ်းတဲ့ ၅၈ ခုနှစ် အာဏာသိမ်းပွဲကို ဖယ်ထားပါတယ်။)

ပထမအကြိမ်မှာ 'တော်လှန်ရေးကောင်စီ ' နာမည်နဲ့ ဒုတိယအကြိမ်မှာ 'နဝတ' နာမည်နဲ့ အာဏာသိမ်းပါတယ်။

တချို့သော စစ်တပ်ခေါင်းဆောင်များဟာ မိမိနာမည်ကို အာဏာသိမ်းအဖွဲ့ထဲမှာ ထည့်ပြီးကြေညာတဲ့ အခါကျမှ သူတို့လဲ အာဏာသိမ်းအဖွဲ့ထဲမှာ ပါနေပါလားဆိုတာကို သိကြရတာပါ။ သူတို့ကို ကြိုပြီး အသိပေးထားတာ မရှိပါဘူး။

ဗိုလ်နေဝင်းတို့ အတွင်းစည်းဝိုင်းထဲက လူတချို့ကပဲ၊ ဘယ်သူတွေပါရမယ်ဆိုပြီး စာရင်းပြုစုကာ ထုတ်ပြန်တာပါ။ တပ်ကိုကိုင်ထားသူအားလုံးပါအောင် စာရင်းပြုစုတာပါ။

ထုတ်ပြန်တဲ့အခါကျမှ ကိုယ့်နာမည်ပါနေသူဟာ အခက်တွေ့ပါတယ်။ ချည်ပြီးတုတ်ပြီး ဖြစ်အောင် အလုပ်ခံလိုက်ရတာပါ။ မပါဘူးလို့ သွားငြင်းမိရင် တပ်တွင်းပုန်ကန်သူ ဖြစ်သွားပါမယ်။

အာဏာသိမ်းပွဲကို စီစဉ်သူတွေဟာ စစ်ဦးစီးချုပ်နဲ့ သူ့အတွင်းပိုင်းက လက်တဆုပ်စာသာ ဖြစ်ပါတယ်။ အဲဒါသာ စစ်အုပ်စု ဖြစ်ပါတယ်။

နိုင်ငံတော်အာဏာကို သိမ်းပိုက်မိပြီဆိုမှ တိုက်ရာပါ ပစ္စည်းကို ခွဲဝေပေးတဲ့အနေနဲ့ သူတို့စစ်တပ်ထဲက အထက်ပိုင်း အလယ်အလတ်နဲ့ အောက်ခြေစစ်ဗိုလ်တွေကို လာဘ်ထိုးကြတာ ဖြစ်ပါတယ်။

ဗိုလ်စောမောင် ခဏခဏ ပြောပါတယ်၊ ၁၉၆၂ အာဏာသိမ်းပွဲမှာ သူ့ကိုလဲ ခရိုင်အုပ်ချုပ်မှု အာဏာပိုင်ခန့်တယ်ဆိုတာ၊ ဒါက ခရိုင် (လအက) ဥက္ကဌ နေရာပေးပြီး လာဘ်ထိုးတာပါ။

အုပ်ချုပ်မှုအာဏာရဲ့ အရသာကို ကျွေးလိုက်တော့ အာဏာအရသာ သိသွားကြတာပါ။ ဒီတော့ အာသာငမ်းငမ်းဖြစ်သွားပြီး အာဏာကို လက်မလွှတ်ချင်ကြတော့ပါဘူး။ ဒါက စစ်ဗျူရိုကရေစီယန္တရားကို တည်ထောင်ပုံ နည်းနာတခု ဖြစ်ပါတယ်။

(နဝတ) အာဏာသိမ်းတော့လဲ ဒါမျိုးပဲ လုပ်တာပါ၊ အသစ်အဆန်းမဟုတ်ပါဘူး။ (တဝတ) (မဝတ) နေရာတွေမှာ စစ်ဗိုလ်တွေကို ခန့်လိုက်တာပါ။

အရပ်ဘက် အုပ်ချုပ်ရေးဌာနကြီးတွေမှာ စစ်ဗိုလ်တွေကို သွင်းတာကိုတော့ 'တော်လှန်ရေးကောင်စီ' နဲ့ 'မဆလ' က လုပ်ခဲ့ပြီးဖြစ်လို့ (နဝတ) အနေနဲ့ လုပ်စရာမကျန်ပါဘူး။ နိုင်ငံတော် အာဏာကို ရလိုက်ပြီဆိုရင် အုပ်ချုပ်ရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ ပညာရေး စသဖြင့် နေရာတကာ မှာ စစ်ဗိုလ်တွေကို ခန့်ထားကာ လာဘ်ထိုးလို့ ရသွားတာပါ။

ဒါကြောင့် အရင်းစစ်လိုက်ရင် စစ်ဗိုလ်တွေအတော်များများဟာ ဦးနေဝင်းကို



အကောက်ကြံတဲ့ လုပ်ရပ်တွေ ( အဓိကရုဏ်းဖန်တီးတာတွေ) ကို ပြန်ကြည့်ရင်  သိနိုင်ပါတယ်။

စစ်အစိုးရဟာ သူ့စီမံခန့်ခွဲမှုအတိုင်း အားလုံးသူ့အောက်မှာ မီးသေနေရင် (ငြိမ် – ဝပ် – ပိ – ပြား) နေရင် ကိစ္စမရှိပေမယ့် 'အမျိုးသားညီလာခံ' မှာ သူ့ဇာတ်ကို သူနိုင်အောင် မကနိုင်တော့ရင် ရန်လုပ်လာမှာပါ။ အကောက်ကြံတာတွေလဲ စလုပ်လာပါလိမ့်မယ်။

ကျွန်တော်တို့တိုင်းပြည်ရဲ့ သမိုင်းကို ပြန်ကြည့်ရင် (တခုလုံးကိုခြုံငုံပြီးကြည့်ရင်) တိုင်းရင်းသားလူမျိုးတွေဟာ အပြန်အလှန် စေ့စပ်ပြီး ငြိမ်းချမ်းစွာနေထိုင်ခဲ့ကြတာပါ။ အပြန်အလှန်လေးစားချစ်ကြည်စွာ သူ့စည်းကိုယ့်စည်းထားကာ နေထိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

ပဒေသရာဇ်ခေတ်က ပဒေသရာဇ်နည်းနာတွေအရ အပြန်အလှန်စေ့စပ်ပြီး နေထိုင်ခဲ့တာပါ။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးကို အရယူတော့မယ်ဆိုတော့လဲ အပြန်အလှန်စေ့စပ်ခဲ့ရတာပါ။ ဒီအခါမှာတော့ ဒီမိုကရေစီနည်းနဲ့ စေ့စပ်ခဲ့တာပါ။ အပေးအယူ အလျှော့အတင်းတွေလဲ လုပ်ခဲ့ရတာပါ။ စစ်အင်အားနဲ့ ဖိထားပြီး ငြိမ်းချမ်းရေးတည်တံ့ရေးကို ရေရှည်လုပ်ထားနိုင်တာ သမိုင်းမှာ မတွေ့ပါဘူး။ တနည်းနည်းနဲ့ စေ့စပ်ကြရတာပါ။ ဒါဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ သမိုင်းပါ။

ဒီမိုကရေစီသာ ရှိပါစေ၊ ပြည်သူတွေမှာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်သာရှိပါစေ၊ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေဟာ သူတို့အချင်းချင်းအကျေအလည် စေ့စပ်ဖြေရှင်းပြီး အတူငြိမ်းချမ်းစွာ ယှဉ်တွဲနေကြမှာပါ။

လူမျိုးသန့်စင်ရေးတို့၊ လူမျိုးရေးမုန်းတီးမှုတို့ဆိုတာတွေဟာ အရင်းအမြစ်စစ်လိုက်ရင် အုပ်စိုးသူလူတန်းစားက – သွေးစုပ်သူတွေက သွေးထိုးလှုံ့ဆော်ပေးလို့ ပေါ်လာတာတွေ ဖြစ်ပါတယ်။

(နဝတ) က သူရဲ့ ကြီးမားတဲ့စစ်တပ်ကို အမှီပြုပြီး တိုင်းပြည်ရဲ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို စစ်အင်အားနဲ့ တည်ဆောက်လို့ ရမယ်ထင်နေပါတယ်၊ ဒါဟာ သူတို့ရဲ့ ထင်ယောင်မှားစိတ်ကူးယဉ် မှုသာ ဖြစ်ပါတယ်။ ဗမာပြည်ရဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ဒီမိုကရေစီရှိရှိ တန်းတူရည်တူ စေ့စပ်ဖြေရှင်းတဲ့နည်းနဲ့သာ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

တဆက်တည်း၊ တင်ပြလိုတာက ကျွန်တော်တို့ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ကျွန်တော်တို့ တိုင်းရင်းသားတွေကိုယ်တိုင် တည်ဆောက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားကလာပြီး တည်ဆောက်ပေးလို့ မဖြစ်ပါဘူး။

ကျွန်တော်တို့ဟာ ကိုယ့်ပြဿနာကို ကိုယ်မရှင်းနိုင်လောက်အောင် ယဉ်ကျေးမှု နောက်ကျနေတဲ့ လူမျိုးတွေ မဟုတ်ပါဘူး။

မှန်ကန်တဲ့ သဘောထားသာရှိရင် ကျွန်တော်တို့အတွင်းမှာ မဖြေရှင်းနိုင်တဲ့ ပြဿနာ မရှိပါ။ မှန်ကန်တဲ့သဘောထားရှိဖို့ဆိုရင် 'စစ်အင်အားနဲ့ တိုင်းပြည်တစည်းတလုံးတည်း ဖြစ်စေမယ်' ဆိုတဲ့ မှားယွင်းတဲ့ အတွေးအခေါ်ကို စွန့်လွှတ်ရပါမယ်။

<u>တပ်ကို ပြုပြင်တည်ဆောက်ရေးပြဿနာ</u>

ဒီပြဿနာကို ကျွန်တော်တို့ပါတီက တင်ပြနေတာ ကြာပါပြီ။ ပါတီစုံဒီမိုကရေစီစနစ်ကို စတင်တင်ပြစဉ်ကတည်းက ဖြစ်ပါတယ်၊

ဗိုလ်နေဝင်း ဖျက်ဆီးထားတဲ့တပ်ကို ပြုပြင်တည်ဆောက်တာ မလုပ်နိုင်ရင်၊ နေဝင်းစစ်အုပ်စုရဲ့ တလက်ကိုင်တပ် ဖြစ်နေတာကို မပြုပြင်နိုင်ရင်၊ ငြိမ်းချမ်းရေးရမှာ မဟုတ်။ ဒီမိုကရေစီလဲ ရမှာမဟုတ်။ အမျိုးသားသွေးစည်းညီညွတ်ရေးလဲရမှာ မဟုတ်ပါ။

ဗိုလ်နေဝင်း သေသွားရုံနဲ့ သူဖွဲ့စည်းခဲ့တဲ့ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီ ယန္တရား (စစ် ၃ စစ်) ဟာ အလိုလို ပြိုပျက်သွားမှာ မဟုတ်ပါဘူး။ ဒီကိစ္စကို နဲနဲကလေးမှ စိတ်ကူးယဉ်မျှော်လင့်နေလို့ မဖြစ်ပါဘူး။

ဗိုလ်နေဝင်း မရှိရင်တော့ စစ်တပ်ကို နိုင်ငံတော်ရဲ့ စစ်တပ်နဲ့ တူအောင်၊ ဒီမိုကရေစီကျင့်စဉ်ကို လေးစားလိုက်နာတဲ့ တပ်မတော်ဖြစ်အောင်။ အမျိုးသားအကျိုးစီးပွားကို ကာကွယ်မယ့် အမျိုးသားတပ်မတော်ဖြစ်အောင်လုပ်ဖို့ နှိုင်းယှဉ်ချက်အရ အခွင့်သာတာတော့ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ လွယ်ကူလိမ့်မယ်လို့ ယူဆရင်တော့ မှားပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ စစ်အုပ်စုက နှစ်ပေါင်း (၃၀) ကျော် အချိန်ယူပြီး စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် ဘက်ပေါင်းစုံက ပြင်ဆင်ထားပြီး ဖြစ်နေလို့ပါ။

နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ အုပ်ချုပ်ရေးအရ၊ ဥပဒေအရ၊ ပညာရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအရ ပြင်ဆင်ထားတာတွေ ဖြစ်ပါတယ်။

မဆလ စနစ်နဲ့ ပြင်ဆင်ထားတာတွေ တချို့ဟာ လူထုတိုက်ပွဲကြောင့် ပြိုကွဲသွားတာကို အစားထိုးဖို့ အခုအခြေခံ ဥပဒေသစ် ရေးဆွဲနေတာပါ။ မဆလ (စစ်တပ်ပါတီ) တပါတီစနစ်နေရာမှာ တပ်မတော်ရဲ့ ဦးဆောင်မှု အခန်းဆိုတာနဲ့ အစားထိုးနေပါတယ်။

ဟိုတုန်းက 'ပြည်သူပိုင်' ဆိုင်းဘုတ်ချိတ်ပြီး စစ်ဗျူရိုကရက် အရင်းအနှီးများ စုဆောင်းခဲ့တဲ့ လုပ်ငန်းကိုင်ငန်းများနေရာမှာ အခု 'မြန်မာ့ဦးပိုင် လိမိတက်' လိုဟာမျိုးနဲ့ အစားထိုးနေပါတယ်။

စီးပွားရေး အသက်သွေးကြောနေရာမှန်သမျှမှာ စစ်ဗိုလ်ကြီးတွေ စစ်ဗိုလ်လူထွက်တွေနဲ့ အစားထိုးနေပါတယ်။

ဘယ်လောက်တောင် အကွက်စေ့စေ့ စဉ်းစားပြီး ပြင်ဆင်ထားလိုက်သလဲဆိုရင် တပ်ကိုပြုပြင်တည်ဆောက်ရေးအတွက် အတွေးအခေါ်ရေးနဲ့ စိတ်ဓာတ်ရေးရာ အားကိုဖြစ်ပေါ်စေမယ့် သမိုင်းအချက်အလက်များနဲ့ ဗိုလ်အောင်ဆန်းရဲ့အခန်းကိုတောင် ပယ်ဖျက်ပစ်နေပါတယ်။

'စစ်တပ်ဟာ နိုင်ငံတော်ရဲ့ တပ် – တမျိုးသားလုံးရဲ့တပ် – ဒီမိုကရေစီတပ်ဖြစ်စေရမယ်' ဆိုတဲ့ အတွေးအခေါ်တွေ ချပေးခဲ့တဲ့ (တပ်မတော်ရဲ့ဖခင်ကြီးလို့ သူတို့ တဖွဖွပြောခဲ့တဲ့) ဗိုလ်အောင်ဆန်းကို တစတစ ဖယ်ရှားပစ်နေပါပြီ။ ငွေစက္ကူမှာ ဗိုလ်အောင်ဆန်းပုံမပါတော့ပါဘူး။

စာပေစိစစ်ရေးကဆိုရင် သခင်ကိုယ်တော်မှိုင်းကို မင်နဲ့ပိတ်ခိုင်းပြီး ဆရာလွန်းလို့ရေးတာကိုပဲ လက်ခံနေပါတယ်။ ဒီပုဂ္ဂိုလ်ကလေးများဟာ သခင်ကိုယ်တော်မှိုင်းနဲ့ သမိုင်းခေတ်ပြိုင်ပုဂ္ဂိုလ်များ မဟုတ်လေတော့ သူတို့ကိုယ်တိုင်က ပုဂ္ဂိုလ်ရေးအာဃာတရှိပြီး ဖျက်ခိုင်းနေတာတော့ မဟုတ်နိုင်ပါဘူး။ စစ်အုပ်စုထဲမှာ အဲဒီလို အာဃာတထားနိုင်သူဟာ တဦးတည်း ရှိပါတယ်။ ဗိုလ်နေဝင်းပါ။

ဗိုလ်အောင်ဆန်းရဲ့ ဩဇာကို ဖြိုနိုင်ဖို့ သခင်ကိုယ်တော်မှိုင်းကစပြီး ဩဇာချနေတာဖြစ်ပုံရပါတယ်။

၁၉၈၈/ ခုနှစ်မှာ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ပေါ်လာတာကိုလဲ ဗိုလ်နေဝင်းအနေနဲ့ တော်တော်ကို အလေးထားပြီး တွက်ချက်ပုံ ပေါ်ပါတယ်။ အာဃာတလဲ ထားပါတယ်။ ဒေါသလဲ ထွက်ပါတယ်။ သူတို့ကို ဗိုလ်အောင်ဆန်းဘက်သားများလို့ မြင်ပါတယ်။

"တပ်မတော်ကို ပြုပြင်တည်ဆောက်ရေး" ကြွေးကြော်သံဟာ အခုဆိုရင် ကျောင်းသားလူငယ်တွေရဲ့ ကြွေးကြော်သံ လူထုရဲ့ဆန္ဒ ဖြစ်လာပါပြီ။ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး ဒီမိုကရေစီအစိုးရထူထောင်ရေး ကြွေးကြော်သံတွေနဲ့အတူတွဲပြီး ပါလာရမှာက တပ်ကိုပြုပြင်တည်ဆောက်ရေး ကြွေးကြော်သံ ဖြစ်ပါတယ်။ သေနတ်ကို အမိန့်ပေးနိုင်တဲ့ အာဏာကို အပြောင်းအလဲ မလုပ်နိုင်သရွေ့ ဒီမိုကရေစီရေးဟာ ရှေ့သို့ခြေတလှမ်းတိုးနိုင်မှာ မဟုတ်ပါဘူး။

ဒီကြွေးကြော်သံကို နဝတထဲက တချို့က သိပ်ကြောက်ကြပါတယ်။ နာလဲနာကြပါတယ်။ ဒါကြောင့် ကြွေးကြော်သံကို ချက်ချင်းပဲ တုန့်ပြန်လေ့ရှိပါတယ်။

ဒီကြွေးကြော်သံကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်လဲ လုပ်ကြတာ တွေ့ရပါတယ်။ တပ်မတော်ကို "ခေါင်းဖြတ်ပြီး ကိုယ်ယူ" ဖို့ လုပ်နေတာလို့ သူတို့ကပြောကြပါတယ်။

ဒွဲဒိုး (တဲ့တိုး) ပဲပြောပါမယ်။ ခေါင်းဖြတ်ဖို့ မဟုတ်ပါဘူး။ ခေါင်းကိုပြုပြင်ပြောင်းလဲဖို့ပါ။ မျိုးချစ်ဗမာ့တပ်မတော်ခေတ်ကခေါင်းမျိုး ပြန်ဖြစ်ချင်တာပါ။ အခု (နဝတ) လုပ်နေသလို စစ်တပ်က နိုင်ငံတော်ရဲ့အထက်က နိုင်ငံရေးရဲ့အထက်က နေတာမျိုးဟာ မဖြစ်သင့်ပါဘူး။ ဖြစ်လဲ မဖြစ်ထိုက်ပါဘူး။ ပြည်သူလူထုက ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်တဲ့ အစိုးရရဲ့ လက်အောက်မှာရှိတဲ့ ဒီမိုကရေစီကျင့်စဉ်ကို လေးစားလိုက်နာတဲ့တပ်မတော် ဖြစ်ရပါမယ်။

သေနတ်ကို အမိန့်ပေးနိုင်တဲ့ အာဏာဟာ နေဝင်းစစ်အုပ်စု ဖြစ်နေတာနဲ့ စိန်လွင်တို့

ဗိုလ်ခင်ညွန့်က သူတို့မှာ နိုင်ငံရေး – စီးပွားရေး – လူမှုရေး ဘာအကျပ်အတည်းမှ မရှိပါဘူးလို့ ပြောပါတယ်။ ပြောင်လိမ်တာပါ။

- (NLD) ခေါင်းဆောင်တွေကို ဖမ်းထား – ထိန်းသိမ်းထားရတာဟာ နိုင်ငံရေး အကျပ်အတည်းပါ။ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဝံ့တာလဲ နိုင်ငံရေး အကျပ်အတည်းပါ။ "အမျိုးသားညီလာခံ" ကို ခနခနရွှေ့ဆိုင်းနေရတာကလဲ နိုင်ငံရေး အကျပ်အတည်းပါ။ ဒါတွေမှ နိုင်ငံရေးအကျပ်အတည်းလို့ မခေါ်ရင် ဘာက နိုင်ငံရေးအကျပ်အတည်းလဲ။
- ကုန်ဈေးနှုန်းတွေ ခေါင်ခိုက်အောင် တက်နေတာ၊ သယံဇာတတွေကို ဈေးပေါပေါနဲ့ ထုတ်ရောင်းနေရတာ၊ နိုင်ငံခြားငွေ လဲလှယ်ရေး ကိစ္စမှာ သဘာဝမကျ ဖြစ်နေတာနဲ့ နစ်နာနေတာ၊ သယံဇာတနဲ့ ပြည်တွင်းဈေးကွက်ကို ထိုးအပ်ပြီး နိုင်ငံရေးထောက်ခံမှုရအောင် မျက်နှာချိုသွေးနေရတာတွေဟာ စီးပွားရေး အကျပ်အတည်းမဟုတ်ရင် ဘာက စီးပွားရေးအကျပ်အတည်းလဲ။
- တက္ကသိုလ်တွေ ခဏခဏပိတ် – ကျောင်းသားတွေကိုဖြန့်ခွဲ တက္ကသိုလ် နယ်မြေတွေကို မြို့နဲ့ ဝေးရာပို့ လုပ်နေရတာတွေ၊ အမှုထမ်း အရာထမ်းတွေကို တသုတ်ပြီးတသုတ် အပြတ်ခေါ်ပြီး သင်တန်းပေးတယ်ဆိုတဲ့ နံမည်နဲ့ စစ်တပ်ကို ချုပ်ကိုင်သလို ချုပ်ကိုင်နေရတာကကော – ဘာလဲ – အကျပ်အတည်း မဟုတ်ဘူးလား။
- အကျပ်အတည်းတွေက ပြောမကုန်အောင် များပါတယ်။

ဗိုလ်ခင်ညွန့် ပြောလိုတာက နေဝင်းစစ်အုပ်စုက စစ်တပ်ကို တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ထားနိုင်သေးတာကို – အကျပ်အတည်းမရှိဘူးလို့ ပြောလိုဟန် ရှိပါတယ်။

တဖက်ကလဲ ဆွေးနွေးဘက်များကို အကျပ်အတည်းရှိလို့ "ဒေသဖွံ့ဖြိုးရေး ငြိမ်းချမ်းရေး" ခေါ်တာ မဟုတ်ဘူး၊ စေတနာရှိလို့ခေါ်တာ – အကျပ်ကိုင်မယ်တော့ မကြံကြနဲ့လို့ ပြောချင်တာ ဖြစ်ပါလိမ့်မယ်။

<u>တပ်ကိုပြုပြင်တည်ဆောက်ရေးလုပ်ဖို့ အခုကာလဟာ အချိန်ကောင်းဖြစ်ပါတယ်။</u>

- လူထုက ရွေးကောက်တင်မြှောက်ထားတဲ့ နိုင်ငံရေးအင်အားစုက 'အာဏာ ကွက်လပ်ကို ဝင်ဖြည့်ဖို့' အဆင်သင့် ရှိနေပါတယ်။ (၁၉၈၈/ တုန်းက မရှိခဲ့ပါ။)
- နိုင်ငံတကာက 'နဝတ' စစ်အစိုးရကို အလိုမရှိပါဘူး။ ရွေးကောက်တင်မြှောက် ထားတဲ့ ဒီမိုကရေစီအစိုးရကိုသာ အလိုရှိကြပါတယ်။
- တပ်ကိုပြုပြင်ပြောင်းလဲရေးလုပ်ရင် အခုအချိန်ဟာ နာကျင်မှုအနဲဆုံး ဖြစ်နိုင် ပါတယ်။



သစ္စာရှိတာထက် သူတို့ရထားတဲ့ အဆင့်နေရာအပေါ်နဲ့ ရှေ့တက်လမ်း အလားအလာအပေါ် သစ္စာရှိနေကြတာ ဖြစ်ပါတယ်။ ဦးနေဝင်းသေသွားရင်လဲ ဒီအခွင့်အာဏာတွေအပေါ် သစ္စာရှိ နေကြဦးမှာ ဖြစ်ပါတယ်။ သူ့အလိုအလျောက်တော့ ဘယ်ပြုပြင်ပြောင်းလဲရေးကိုမှ လိုလားမှာ မဟုတ်ပါဘူး။ ဒါကြောင့်လဲ ဦးနေဝင်းသေသွားရင်တောင် ပြုပြင်ရေးလုပ်ဖို့ မလွယ်ဘူးလို့ တင်ပြ နေတာပါ။

လူထုအုံကြွမှုဖြစ်လာပြီး ပြုပြင်ပြောင်းလဲမှုကို တောင်းဆိုလာတယ်ဆိုရင်တော့ အဲဒီအခါကျမှ သူတို့ရဲ့ ပုံမှန်ဗီဇစိတ်နဲ့ ရပ်တည်မှုတွေ ပေါ်လာနိုင်တာ ဖြစ်ပါတယ်။

၁၉၈၈ / အရေးတော်ပုံက အဖြစ်အပျက်ကိုကြည့်ပါ။ တချို့က စိန်လွင်တို့လို လူထုကို အကြမ်းဖက်လိုတဲ့ ခေါင်းမာသူတွေဖြစ်သွားပြီး တချို့ကတော့ ( တော်တော်များများပါ ) လူထုနဲ့ စေ့စပ်ပြေငြိမ်းလိုကြပါတယ်။

တော်တော်များများက လူထုနဲ့စေ့စပ်ပြေငြိမ်းလိုပေမယ့် သူတို့ဟာ နိုင်ငံတော်ပေါ်လစီ ကို ချမှတ်နိုင်တဲ့ အနေအထားမှာရှိကြသူတွေ မဟုတ်ပါဘူး။ ဗိုလ်နေဝင်းနဲ့ နီးစပ်တဲ့သူတွေကသာ ပေါ်လစီချကြတာဖြစ်ပါတယ်။ နီးစပ်သူတွေတိုင်းက အာဏာပိုင်လားဆိုတော့လဲ မဟုတ်သေး ပါဘူး၊ ဗိုလ်နေဝင်းရဲ့ စိတ်အခြေအနေကိုကြည့်ပြီး သူ့ရဲ့ယုံကြည်လွဲအပ်မှုကို ခံရသူက သူရဲ့ နှုတ်မိန့်ကို နာခံပြီး အလုပ်လုပ်ကြရတာပါ။ စိန်လွင် ဒီလိုနဲ့ သမ္မတဖြစ်လာတာပါ။ ဒါကြောင့်လဲ ဗိုလ်အောင်ကြီးရဲ့ ဗိုလ်နေဝင်းထံပေးစာတစောင်မှာ ဗိုလ်နေဝင်းအနီးမှာနေပြီး အလုပ်လုပ်ရ သူဟာ တပည့်လိမ္မာ ဆရာအာပတ်လွတ်ဖြစ်အောင် လုပ်တတ်ရမယ်။ တချို့ကိစ္စမှာ ဖာဖာ ထေးထေး လုပ်တတ်ရမယ်။ အချိန်ဆွဲတန် ဆွဲထားရမယ် – ဆိုတာတွေကို ရေးခဲ့ပါတယ်။ ဗိုလ်နေဝင်းရဲ့ လက်လွတ်စပယ်ပေးလေ့ရှိတဲ့ နှုတ်မိန့်ကို ပေါ်လစီတရပ်လို တခါတရံမှာ မလုပ်မိ ကြစေဖို့ ရေးတဲ့သဘောပါ။

ဗိုလ်နေဝင်းရဲ့ နှုတ်မိန့်ကများပါတယ်။ နှစ်ပေါင်း (၃၀) ကျော်မှာ သူပေးခဲ့တဲ့ နှုတ်မိန့်တွေက မနည်းပါဘူး။ တချို့က သူစိတ်ကောင်းဝင်နေချိန် ပေးတာပါ။ တချို့က သူစိတ်က ကစဉ့်ကလျား ဖြစ်နေချိန် ပေးတာတွေပါ။

(ဥပမာ) သမဂ္ဂအဆောက်အဦကို ဖုံးခွဲတဲ့ကိစ္စ။ အရမ်းကာရော 'ပြည်သူပိုင်သိမ်းတဲ့ ကိစ္စ'၊ ၁၉၆၇ တရုတ်ဆန့်ကျင်ရေး အဓိကရုဏ်းဖန်တီးမှုနဲ့ သူအမြင်ကပ်သူတွေကို ဖမ်းတာ စတာမျိုးတွေ ဖြစ်ပါတယ်။

သူ့နှုတ်မိန့်ကြောင့် တိုင်းပြည်ရဲ့ဘဏ္ဍာတွေ အဟောသိကံ ဖြစ်ခဲ့တာတွေလဲ အများ အပြားပါ။

တချို့နှုတ်မိန့်တွေကတော့ အကွက်ဆင်ပြီးထားတဲ့ ကောက်ကျစ်တဲ့ – စဉ်းစဉ်းစားစား ပေးတဲ့ နှုတ်မိန့်တွေပါ။

သူ 'အနားယူတယ်' ဆိုတဲ့ အစည်းအဝေးမှာ နောက်ဆုံးပြောခဲ့တဲ့ မိန့်ခွန်းက

“တပ်ကပစ်ရင် ထောင်မဖေါက်ဘူး၊ တည့်တည့်ပစ်တယ်” ဆိုတာဟာ လူသတ်သမားစိန်လွင်အတွက် ပေးတဲ့နှုတ်မိန့် ဖြစ်ပါတယ်။

ဗိုလ်နေဝင်းရဲ့နှုတ်မိန့်က ပေါ်လစီတခု ဖြစ်ပုံနဲ့ ပတ်သက်ပြီး နောက်ထပ် ဥပမာလေးတခု တင်ပြလိုပါတယ်။

၁၉၈၀ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် ကျွန်တော်တို့ ပါတီနဲ့ ပဏာမတွေ့ဆုံဆွေးနွေးစဉ်က ဗိုလ်နေဝင်းက ကိစ္စတခုပြောခဲ့ပါတယ်။

နိုင်ငံ့ဂုဏ်ရည်ပေးရေး ပေါ်လစီဖြစ်လာပုံကို ပြောတာပါ။ တနေ့မှာ သူ့အနေနဲ့ သခင်တင် (တိုင်းကျော်ပြည်ကျော် ပုဂ္ဂိုလ်ကြီး၊ ဆိုရှယ်လစ်သခင်တင်ပါ။) ကိုသွားတွေ့ကြောင်း၊ အလွန်အမင်း ဆင်းရဲနေတာ တွေ့ရကြောင်း။ ဝန်ကြီးတွေ၊ ဒု – ဝန်ကြီးချုပ်တွေ လုပ်ခဲ့တုန်းက ငွေတွေရလိုက်တာ သောက်သောက်လဲ – ဘယ်လိုဖြုန်းပစ်ခဲ့တယ်တော့ မသိကြောင်း၊ ဖဲရိုက်ပစ်တယ်တော့ ကြားကြောင်း။

ဒါနဲ့ သူ့လူတွေကို တိုင်းပြည်အတွက် လုပ်ခဲ့သူတွေ အာဏာမဲ့ပြီးသွားတော့ (အာဏာမဲ့အောင် သူလုပ်ခဲ့တာကို ထည့်မပြောပါ) စားရမဲ့ သောက်ရမဲ့ ဖြစ်နေတယ်။ ဒီအတိုင်းတို့ကကြည့်နေလို့ မဖြစ်ဘူး။ စောင့်ရှောက်ကြည့်ရှုရမယ်၊ အဲဒါ ဥပဒေနဲ့ဘာနဲ့ ကြည့်ပြီးလုပ်လိုက်လို့ ပြောရကြောင်း၊ – ဒီလိုနဲ့ နိုင်ငံ့ဂုဏ်ရည် ပ/ ဒု/ တ ဆိုတာ ဖြစ်လာကြောင်း ပြောပါတယ်။

ဒီကိစ္စ ကျွန်တော်တို့ကို ပြောတဲ့ရည်ရွယ်ချက်က – ကျွန်တော်တို့ကို ဆွယ်တာပါ။ ဗိုလ်နေဝင်းဟာ အကင်းပါးပါတယ်။ အခု အဓိကတင်ပြချင်တာက စစ်အစိုးရမှာ ပေါ်လစီတခု ဘယ်လိုဖြစ်လာတတ်တယ်ဆိုတာကို ရှင်းလင်းအောင်လို့သာ ဖြစ်ပါတယ်။ သူကိုယ်တိုင်ပြောတာ ဖြစ်လို့လဲ ခိုင်မာတဲ့ ရည်ညွှန်းကိုးကားချက် ဖြစ်နေလို့ပါ။

နိုင်ငံ့ဂုဏ်ရည်ပေးတုန်းကတော့ သူတို့ပဲ ယူခဲ့ကြတယ်။ အခုကျမှ (မဆလ) ကို ဆန့်ကျင်ကြတယ်။ ကျေးဇူးမသိတတ်ဘူးလို့ မိုက်ရိုင်းယုတ်ညံ့စွာ ‘နဝတ’ က ရန်တွေ့တာကို ‘နိုင်ငံ့ဂုဏ်ရည်’ တွေ ခံနေရပါတယ်။

ဗိုလ်နေဝင်းဟာ မသေသေးသရွေ့ နှုတ်မိန့်တွေ ပေးနေဦးမှာပါ။ သူ့ရဲ့နှုတ်မိန့်တွေက နေပြီး ပေါ်လစီတွေ ဖြစ်နေဦးမှာ ဖြစ်ပါတယ်။

ဗိုလ်နေဝင်းမှာ သမိုင်းဆိုင်ရာ အာဃာတတွေ များပါတယ်။ တပ်မတော်ရဲ့ ဒုတိယဖခင်ကြီးဆိုတဲ့ စကားကိုလဲ သူကိုယ်တိုင် မရှက်မကြောက် ပြောဝံ့သူပါ။ ဗိုလ်အောင်ဆန်းက တပ်ရဲ့ ပထမဖခင်ဆိုတာကို သူမပယ်ဝံ့သေးလို့ ဒီလိုပြောတာပါ။ အခုတော့ ‘နဝတ’ က ပထမဖခင်ကို တစတစ ဖယ်ရှားနေပါပြီ။ စစ်အုပ်စုမှာ အဖေတယောက်ပဲ ရှိချင်တဲ့သဘောပါ။

(နဝတ) အဖို့ မျက်မှောက် နိုင်ငံရေးအခြေအနေအရ ဗိုလ်အောင်ဆန်းရဲ့ သိက္ခာကို ချပစ်ဖို့ အလောတကြီး လိုနေပါတယ်။

ဒုတိယဖခင်ကြီးဘွဲ့ကို ယူတုန်းက တပ်တွင်းတပ်ပြင်မှာ ဗိုလ်အောင်ဆန်းကို ပထမ



နေရာက မဖယ်လိုသူတွေ များနေပါတယ်။ ဒါကြောင့် ဗိုလ်နေဝင်းက ဒုတိယနေရာကိုသာ ယူတာပါ။

အခုတော့ အခြေအနေပြောင်းသွားပါပြီ။ (နဝတ) က ဗိုလ်အောင်ဆန်းရဲ့ အမှတ်လက္ခဏာတွေ တပ်ထဲမှာ မရှိစေချင်ပါဘူး။ တပ်ပြင်မှာရှိတဲ့ မျိုးချစ်တပ်မှူးဟောင်းများ (အငြိမ်းစား) တွေနဲ့လဲ ဘီလူးစည်း – လူစည်း ကွဲသလို ဖြစ်သွားပါပြီ။

အခုလက်ရှိ (နဝတ) ထဲမှာ စစ်တပ်ထဲမှာ ဗိုလ်အောင်ဆန်းအပေါ် သံယောဇဉ်တွယ်နိုင်မယ့် BIA / BDA / PBF တပ်ဗိုလ် တပ်သားတွေလဲ မရှိကြတော့ပါဘူး။

ဗိုလ်အောင်ဆန်းကိုဖယ်ပြီး ဗိုလ်နေဝင်းကို ကိုးကွယ်မယ့်မျိုးဆက်သစ်တခု တပ်ထဲမှာ ပေါ်ထွန်းနေပါပြီ။ ပေါ်အောင်လဲ (နဝတ) ထောက်လှမ်းရေးက လုပ်နေပါတယ်။

ဖဆပလ အစိုးရခေတ်တုန်းက ဆိုရှယ်လစ်ပါတီအပေါ် ဘယ်လိုသဘောထားသလဲ ဆိုတဲ့စံဟာ တပ်ထဲမှာ ရာထူးမြဲရေးနဲ့ ရာထူးတိုးရေးအတွက် အဓိကစံ ဖြစ်ခဲ့ပါတယ်။ အခုတော့ ဗိုလ်နေဝင်းအပေါ် သဘောထားဟာ စံဖြစ်နေပါတယ်။ ဗိုလ်အောင်ဆန်းအပေါ် သံယောဇဉ်ရှိသူဖြစ်ရင် – သံယောဇဉ်ရှိတဲ့စကားပြောမိရင် ရာထူးတိုးဖို့ မလွယ်ပါဘူး။

‘နဝတ’ လက်ထက်မှာ သူများတွေ ဒုံးပျံစီးပြီး ရာထူးတွေတိုးနေချိန်မှာ တချို့ဟာ နေမြဲတိုင်း ကျောက်ချပြီး ရပ်နေရတာတွေ တွေ့နိုင်ပါတယ်။ ဒါကလဲ တပ်ကထုတ်ပစ်လိုက်ရင် လူသိရှင်ကြားဖြစ်ပြီး ဂယက်မကောင်းမှာကြောင့် တပ်ထဲမှာ ဆက်ပြီးထားနေရတာပါ။ အောက်ခြေတပ်မှူးတွေကိုတော့ တပ်ထဲက အမြန်ဆုံး ဖယ်ရှားပြီးပါပြီ။

‘တပ်မတော်ဖြိုခွဲမယ့်အကြံ – တို့လက်မခံ’ ဆိုတဲ့ ကြွေးကြော်သံဟာ “တပ်မတော်ကို ပြုပြင်တည်ဆောက်ရေး” ကြွေးကြော်သံကိုကြောက်ရွံ့ပြီး တန်ပြန်ဖို့ထုတ်လာတာ ဖြစ်ပါတယ်။

‘တပ်ပြုပြင်တည်ဆောက်ရေး’ ကို ဘယ်ပုံစံနဲ့ ပြောပြော၊ ဘယ်သူကပြောပြော စစ်အုပ်စုက (ထောက်လှမ်းရေးက) လုံးလုံးသည်းမခံပါဘူး။ ချက်ချင်းအရေးယူပါတယ်။ ဒီနေရာဟာ သူတို့ရဲ့ အပျော့ညံ့ဆုံးနေရာ အသက်ဖူးနေရာဖြစ်လို့ အထိမခံနိုင်ပါဘူး။

ဒါကြောင့်လဲ အလွန်မိုက်မဲပြီး မလုပ်လဲမလုပ်အပ်တဲ့ အလုပ်တွေကို သူတို့ လုပ်ခဲ့ကြတာပါ။ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးကြည်မောင်၊ ဦးဝင်းတင်တို့အပါအဝင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင်တွေဟာ စစ်အုပ်စုရဲ့ အသက်ဖူးနေရာကို အသားနုနေရာကို သွားထိခဲ့ကြလို့ အဖမ်းအဆီး အထိန်းအသိမ်း ခံကြရတာပါ။

‘စိတ်နဲ့တောင် မပစ်မှားပါဘူး’ လို့ ဝန်ချတဲ့လူတွေကို ပြန်လွှတ်ပေးနေတာလဲ တွေ့ရပါတယ်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ခေါင်းဆောင်တွေကို ဖမ်းလိုက်တော့ စစ်အုပ်စုဟာ နိုင်ငံရေးအကျပ်အတည်းကြီးနဲ့ တိုးတော့တာပါပဲ။

နယ်ချဲ့အန္တရာယ် လက်တွေ့ကြုံလာလို့ အမျိုးသားကာကွယ်ရေး မလုပ်နိုင်ရင်တော့ တမျိုးသားလုံးဒုက္ခတွေ့ပါလိမ့်မယ်။

ကမ္ဘာကြီးဟာ ပိုပြီးမငြိမ်မသက် ဖြစ်နေပါတယ်။ အပြောင်းအလဲ မြန်ပါတယ်။ နယ်ချဲ့နဲ့ ဗိုလ်ကျလွှမ်းမိုးရေးဝါဒရဲ့ အန္တရာယ်ဟာ ရှိနေပါတယ်။ ဖက်ဆစ်လက်သစ် ဆိုတာကလဲ ခေါင်းထောင်ထနေပါတယ်၊ အခုထိတော့ အာရှကဖက်ဆစ်ဝါဒလက်သစ်ကတော့ အာဘော်ပြင်နေတုန်းပါ။ သွေးတိုးစမ်းနေတုန်းပါ။ ဒါပေမဲ့ လျှော့တွက်လို့ မဖြစ်ပါဘူး။

'နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားကာကွယ်ရေးစစ်' တိုက်တော့မယ်ဆိုရင် အဓိကလိုအပ်တဲ့ အချက်ကြီး ၂ ချက်ကို တင်ပြပါမယ်။

<u>ပထမအချက်က နိုင်ငံရေးအရ လိုအပ်ချက် ဖြစ်ပါတယ်။</u>

နိုင်ငံတကာ (ပြည်ပ) က ထောက်ခံမှု ရှိရပါမယ်။ တရားရှိရင် ကူသူများတယ်။ ဆိုတာမျိုးဖြစ်ဖို့ လိုပါတယ်။ အခု (နဝတ) လုပ်နေတဲ့ – ဟိုတယ်ဆောက်ဖို့ မြေနေရာ – ကျွန်းသစ်၊ ခတ်ငွေ့၊ သံလွင်မြစ်ရေတို့နဲ့ နဝတအပေါ် နိုင်ငံရေးအရ နေရာပေးမှုကို လဲယူတဲ့၊ ကုန်ကြမ်းနဲ့ နိုင်ငံရေးအဆင့်နေရာလဲရေး သံခင်းတမန်ခင်း ပရိယာယ်ကတော့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် အသုံးဝင်လာမှာ မဟုတ်ပါဘူး။ အဓိကအကျဆုံးက မိမိပြည်တွင်းက တမျိုးသားလုံးရဲ့ ထောက်ခံမှုရှိဖို့ပါ။ တရားတဲ့တိုက်ပွဲ – တမျိုးသားလုံးအတွက်တိုက်တဲ့ တိုက်ပွဲဖြစ်ကြောင်း ရှင်းနေရပါမယ်။

ကျွန်တော်တို့ ပြည်သူတွေမှာ အတွေ့အကြုံရော – သင်ခန်းစာပါရှိပြီး ဖြစ်ပါတယ်။ သင်ခန်းစာဘက်ကပြောရင် တမျိုးသားလုံးအနေနဲ့ ဘယ်တော့မှ မမေ့နိုင်စရာ သမိုင်းသင်ခန်းစာ ရှိခဲ့ပါတယ်။ တမျိုးသားလုံးကျွန်ဖြစ်ခဲ့တဲ့ သင်ခန်းစာ၊ သွေးချောင်းစီးပြီး မျက်ရည်ပင်လယ်ဝေအောင် ခံခဲ့ရတဲ့ သင်ခန်းစာ ဖြစ်ပါတယ်။ လွတ်လပ်ရေးဆုံးရှုံးမှုရဲ့ ခါးသီးတဲ့ အရသာကို လွတ်လပ်ရေးဆုံးရှုံးဖူးသူများသာ ခံစားတတ်ကြပါတယ်။

အတွေ့အကြုံဘက်ကပြောရင် ( ၁၉၄၁ – ၄၂ ) အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေးတိုက်ပွဲ ရှိခဲ့ပါတယ်။ (၁၉၄၅ ) ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးတိုက်ပွဲ ရှိခဲ့ပါတယ်။ အထူးသဖြင့် ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲကို ညွှန်းလိုပါတယ်။

<u>သမိုင်းသင်ခန်းစာများ</u>

သင်ခန်းစာဘက်ကပြောရင် အင်္ဂလိပ် – ဗမာ စစ်ပွဲသုံးပွဲ ကို ပြောရပါမယ်။ စစ်ပွဲသုံးပွဲ ဆိုပေမယ့် ပထမစစ်ပွဲသာလျှင် စစ်ပွဲနဲ့ တူပါတယ်။ ကျန် စစ်ပွဲ (၂) ခု ကတော့ အင်္ဂလိပ်နယ်ချဲ့က စစ်တံခွန်လွှင့် ချီတက်သွားတဲ့ သဘောမျိုးပါ။

<u>ပထမ စစ်ပွဲတုန်းက ပြည်ပအကြောင်းအချက်ကို အထူးပြု တင်ပြပါမယ်။</u> အိန္ဒိယက အင်္ဂလိပ်ကိုလိုနီ ဖြစ်နေပါပြီ။ စစ်သားအများစုက အိန္ဒိယသား ကုလားစစ်ဗာရီတွေအဖြစ် အင်္ဂလိပ်နဲ့အတူ ပါတာပါ။ ယိုးဒယားအုပ်စိုးသူတွေကလဲ ဗမာပြည်နယ်မြေကို ခွဲဝေယူချင်တာပါ။



- နောက်ဆုံးအချက်အနေနဲ့ 'နယ်ချဲ့ဆန့်ကျင်ရေး – ဖက်ဆစ်ဆန့်ကျင်ရေး' တိုက်ပွဲတွေမှာ လက်တွဲခဲ့ကြတဲ့ 'တိုက်ဖော်တိုက်ဖက် မျိုးဆက်ဟောင်းများ' ရှိနေကြသေးတာ ဖြစ်ပါတယ်။

၁၉၃၆ – ၁၉၃၈ နဲ့ ၁၉၄၅ – ၄၈ လွတ်လပ်ရေးလှုပ်ရှားမှုများမှာ ပါဝင်ခဲ့ကြသူအားလုံးကို 'မျိုးဆက်ဟောင်း' များအဖြစ်ယူပြီး တင်ပြတာ ဖြစ်ပါတယ်။ အဲဒီမျိုးဆက်ဟောင်းများဟာ လာမယ့်ဆယ်စုနှစ် အတွင်းမှာ ဗမာပြည်ရဲ့ နိုင်ငံရေးဇာတ်ခုံပေါ်က တဖြုတ်ဖြုတ် ကွယ်ပျောက်သွားကြတော့မှာ ဖြစ်ပါတယ်။

အခုအချိန်မှာတော့ ဒီမျိုးဆက်ဟောင်းများဟာ ဗမာပြည်နိုင်ငံရေးဇာတ်ခုံပေါ်မှာ အဓိကနေရာက ရှိနေကြဆဲ ဖြစ်ပါတယ်။ အဓိကနိုင်ငံရေးအင်အားစုတိုင်းမှာ သူတို့ဟာ အကြံအား ဥာဏ်အားနဲ့ ပါဝင်လှုပ်ရှားနေကြပါတယ်။ တိုင်းပြည်မှာ ကြုံတွေ့နေရတဲ့ အကျပ်အတည်းကြီးများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးမှာ သူတို့ဟာ အရေးပါတဲ့ အခန်းကဏ္ဍက နေပြီး ဆောင်ရွက်ဖို့ အခွင့်အလမ်းတွေ ရှိနေပါတယ်။

ဗမာပြည် ကွန်မြူနစ်ပါတီအနေနဲ့ တိုင်းပြည်သို့ လေးလေးနက်နက် တင်ပြချင်ပါတယ်။

မျိုးဆက်ဟောင်းများဟာ ပြည်တွင်းစစ်ကို မျိုးဆက်သစ်သို့ အမွေအဖြစ် မပေးခဲ့သင့်ပါဘူး။ မျိုးဆက်ဟောင်းများရဲ့ လက်ထက်မှာ ပြည်တွင်းစစ်ကို ရပ်စဲအောင်လုပ်ပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ခဲ့သင့်ပါတယ်။

တရားမျှတတဲ့ – နိုင်ငံရေးအရ ဖြေရှင်းတဲ့ – ပြည်တွင်းစစ်ရပ်စဲရေးဆိုရင် ဗမာပြည်ကွန်မြူနစ်ပါတီက လှိုက်လှဲစွာ ကြိုဆိုပါတယ်။

တဖက်စောင်းနင်းဖြစ်တဲ့ အထက်စီးနဲ့လုပ်မယ့် ဆွေးနွေးပွဲနဲ့ လက်နက်ချငြိမ်းချမ်းရေးကို ဘယ်တော့မှ (ဘယ်တော့မှ) လက်ခံမှာ မဟုတ်ပါ။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ မိမိကိုယ်ကို ကာကွယ်ဖို့ စစ်တိုက်နေတာ ဖြစ်ပါတယ်။ ရှေ့မှာလဲ ဒီအတိုင်းပဲ ရပ်တည်သွားမှာ ဖြစ်ပါတယ်။ 'ပြည်တွင်းစစ်' ကို ကျွန်တော်တို့ ရွေးခြယ်ခဲ့တာ မဟုတ်ပါ။ ရွေးခြယ်စရာလမ်းကို လွတ်လွတ်လပ်လပ် ရွေးခြယ်နိုင်ခွင့် ကျွန်တော်တို့ မှာ မရှိခဲ့ပါ။ တိုင်းပြည်ကို အုပ်စိုးသူများက ရွေးပေးခဲ့တဲ့လမ်းကို မလွှဲမရှောင်သာ လိုက်လျှောက်နေရတာ ဖြစ်ပါတယ်။

ဒီမိုကရေစီလဲရှိမယ်၊ ငြိမ်းချမ်းစွာ မိမိယုံကြည်ရာ နိုင်ငံရေးကို လွတ်လွတ်လပ်လပ် လုပ်ဆောင်ခွင့်လဲ ရှိမယ်ဆိုရင် ငြိမ်းချမ်းရေးလမ်းကိုပဲ ရွေးလိုပါတယ်။

ဒါပေမဲ့ နေဝင်းစစ်အုပ်စုရဲ့ အာဏာရှင်စနစ်အောက်မှာ ဒါတွေမရှိပါဘူး။

ကျွန်တော်တို့ပါတီအတွက် မပြောပါနဲ့ စစ်အုပ်စုချမှတ်တဲ့ စည်းကမ်းစည်းမျဉ်းတွေအောက်မှာ တရားဝင်ထူထောင်ထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အတွက်တောင်မှ မရှိပါဘူး။

(NLD) ဟာ ဘယ်သူမှ မငြင်းနိုင်အောင် လူထုထောက်ခံမှု ရထားတာပါ။ ၉၀ / ခုနှစ် ရွေးကောက်ပွဲမှာ အချုပ်အခြယ်၊ အခြိမ်းအခြောက်၊ အတားအဆီးတွေကြားထဲကနေပြီး အပြတ်အသတ် အနိုင်ရလာတဲ့ အဖွဲ့ချုပ် ဖြစ်ပါတယ်၊ (ရွေးကောက်ပွဲမှာ ဒီလိုရလဒ် ဖြစ်လာတာနဲ့ ပတ်သက်ပြီး၊ ခြုံငုံသုံးသပ်တဲ့ သုံးသပ်ချက်ကို (နဝတ) က ယောင်လို့တောင် မဟပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို 'ဗကပ' ကတင်လို့ ခေါင်းဆောင်ဖြစ်လာတာ၊ နိုင်ငံခြားကသာ ခေါင်းဆောင်အဖြစ် လက်ခံတာ – ပြည်တွင်းလူထုက လက်မခံဘူးလို့ လုပ်ဇာတ်ခင်းသုံးသပ်ထားတဲ့ စစ်အုပ်စုဟာ ရွေးကောက်ပွဲရလဒ်နဲ့ ပတ်သက်ပြီးတော့ ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်နေပါတယ်။ (နဝတ) ဟာ ဖြစ်နိုင်ရင် ရွေးကောက်ပွဲရယ် – ရွေးကောက်ပွဲရလဒ်ရယ်ကို ပြည်ဖုံးကားချလိုက်ချင်ပါတယ်။ ၉၀ / ခုနှစ် ရွေးကောက်ပွဲရဲ့ သင်ခန်းစာကိုယူပြီး 'နဝတ' ဟာ 'ရွေးကောက်ပွဲ' 'လူထုဆန္ဒခံယူပွဲ' ဆိုတဲ့စကားမျိုးတွေကို ယခုအခါ မသုံးမိအောင် သတိထားဆင်ခြင်နေပါတယ်။)

လူထုက အပြတ်အသတ်ထောက်ခံမှု ရရှိထားတဲ့ အဖွဲ့ချုပ်ကိုတောင် ဒီမိုကရေစီ အခွင့်အရေး မပေး၊ လွတ်လပ်စွာ နိုင်ငံရေးလှုပ်ရှားမှု လုပ်ခွင့်မပေး၊ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့် မပေး၊ ခေါင်းဆောင်သွားလေရာလိုက်ပြီး သေနတ်တကားကားနဲ့ ခြိမ်းခြောက်ပါတယ်။

ဒီလို ဒီမိုကရေစီ အခွင့်အရေးမျိုးကိုတော့ ကျွန်တော်တို့ပါတီက အားမကျပါ။

(NLD) က ခေါင်းဆောင်တွေဟာ အခု (နဝတ) မှာ ဗိုလ်လုပ်နေသူတွေရဲ့ အကြီးအကဲဟောင်းတွေပါ။ တိုက်ဖော်တိုက်ဖက်ဟောင်းတွေလို့လဲ ပြောနိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဆိုရင် သူတို့ တပ်မတော် ဖခင်ကြီးရဲ့ တဦးတည်းသော သမီးပါ။

အဲဒီလို ပုဂ္ဂိုလ်ကြီးတွေကိုတောင် (နဝတ) က သံယောဇဉ်မထားနိုင်ဘဲ အာဃာတနဲ့ ရိုင်းစိုင်းမောက်မာစွာ ဆက်ဆံနေတယ်ဆိုရင် –

- သူသေကိုယ်သေ နှစ် ၄၀ ကျော် တိုက်ခဲ့တဲ့ (ကတုတ်ကျင်း တခုစီမှာနေပြီး "အပြန်အလှန် တိုက်နေကြတဲ့ တိုက်ဖော်တိုက်ဖက်" များ) ကွန်မြူနစ်များ
- သူတို့ကို တိုက်ဖျက်ပစ်ရမယ့် လူတန်းစားရန်သူ (စစ်ဗျူရိုကရက် အရင်းရှင်) အဖြစ်သတ်မှတ်ကာ တိုက်ပွဲဝင်နေတဲ့ ကွန်မြူနစ်ပါတီအပေါ် ဘယ်လို ဆက်ဆံမယ်၊ ဘယ်လိုသဘောထားမယ်ဆိုတာ အလွန်ထင်ရှားပါတယ်။

ဒါကြောင့် ကျွန်တော်တို့ပါတီက နဝတရဲ့ 'ငြိမ်းချမ်းရေး' လုပ်ဆောင်မှုအပေါ်မှာ စိတ်ကူးယဉ်မှု မရှိပါဘူး။

နေဝင်းစစ်အုပ်စု (နဝတ) က နိုင်ငံရေးအရ သူတို့စီမံသလို လိုက်မလုပ်ရင် ထိပ်တိုက်တွေ့ရေးပေါ်လစီ (ဗကပ လုပ်နည်း) လုပ်တယ်လို့ စွပ်စွဲပါတယ်။ တကယ်က ထိပ်တိုက်တွေ့ရေးပေါ်လစီကို သူတို့လုပ်နေတာပါ။



သူတို့စီမံရာကို လိုက်မလုပ်ရင် ထိပ်တိုက်တွေ့ရေး လုပ်တယ်လို့ စွပ်စွဲပါတယ်။ လိုက်လုပ်နေမယ်ဆိုရင်လဲ ပါတီတွေ အဖွဲ့တွေ ဖွဲ့ထားစရာမလိုပါဘူး၊ အားလုံးဖျက်သိမ်းပြီး (တစည) လုပ်လိုက်ရုံပဲ ရှိပါတယ်။

ရပ်တည်မှုအရ၊ ယုံကြည်မှုအရ၊ ကြံ့ခိုင်တဲ့ ဘယ်ပါတီ ဘယ်အဖွဲ့မှ ကိုယ့်ကိုကိုယ် ဖျက်သိမ်းတာကို မလုပ်နိုင်ပါဘူး။

ကျွန်တော်တို့ပါတီအဖို့ဆိုရင်တော့ ပါတီဖျက်သိမ်းဖို့ကို စိတ်ကူးထဲတောင် မထည့်ပါ။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဗမာပြည်ကွန်မြူနစ်လှုပ်ရှားမှုကို ကိုယ်စားပြုတဲ့ တခုတည်းသော ပါတီ၊ အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစားနဲ့ ပြည်ချစ်အရင်းရှင်တို့ရဲ့ ဒီမိုကရေစီ (ပြည်သူ့ဒီမိုကရေစီ) အတွက် မဆုတ်မနစ် တိုက်ပွဲဝင်မယ့်ပါတီ၊ ပြည်ချစ်ဝါဒကို ကျင့်သုံးမယ့်ပါတီအဖြစ် ဆက်လက်ရပ်တည် သွားမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီမရှိတဲ့ စစ်အာဏာရှင်စနစ်ကို ဘယ်လိုနည်းနဲ့မှ ကျွန်တော်တို့ လက်မခံနိုင်ပါ။

နောက် ဒေါ်အောင်ဆန်းစုကြည်အပေါ်ထားတဲ့ နေဝင်းစစ်အုပ်စု (နဝတ) ရဲ့ သဘောထားကိုပြောဖို့ လိုပါတယ်။ ချုပ်ပြီးပြောရင် ဗမာပြည်ရဲ့ နိုင်ငံရေးအတွင်းမှာ နိုင်ငံရေးအရ အဆင့်နေရာမပေးရုံမျှမက ပုဂ္ဂလိကအဆင့်နေရာပါ ဖျက်သိမ်းဖို့ လုပ်နေတာ ဖြစ်ပါတယ်။

ရက်စက်ယုတ်မာလွန်းလှပါတယ်။

ဒီလို လုပ်ရပ်မျိုး၊ အာဃာတမျိုးကို ဗိုလ်နေဝင်းမှတပါး ဘယ်သူမှ မလုပ်နိုင်ပါဘူး။

ဗိုလ်နေဝင်းဟာ ဗိုလ်အောင်ဆန်းရဲ့ မျိုးဆက်တခုလုံးကို ဗမာပြည်ရဲ့ နိုင်ငံရေးဘဝ သာမက လူမှုရေးဘဝထဲမှာပါ မရပ်တည်နိုင်အောင် လုပ်နေတာပါ။ သေခါနီးလေ အာဃာတကြီးလေ ပါကလား။

အဲဒီလို အာဃာတတွေကို ဗိုလ်နေဝင်းက သူ့မျိုးဆက်သစ် (နဝတ ထဲက ပေါ်လစီကိုင်တဲ့ အာဏာပိုင်များ) ထံ လွှဲပေးထားပါတယ်။ ဗိုလ်နေဝင်း သေသွားရင်တောင်မှ ဒီအာဃာတတွေ ကျန်နေရစ်မှာပါ။ ဒီအာဃာတတွေ ရှိနေသမျှ ငြိမ်းချမ်းရေး မရနိုင်ပါ။ တည်ငြိမ်ရေးလဲ မရှိနိုင်ပါ။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးမရှိရင် ဖွံ့ဖြိုးတိုးတက်ရေးကို မမျှော်မှန်းနိုင်ပါ။

ဒါဟာ တပ်ကိုပြုပြင်ပြောင်းလဲဖို့ လိုအပ်တဲ့ ပထမအကြောင်းအချက် ဖြစ်ပါတယ်။

ဒုတိယ အကြောင်းအချက်က အမျိုးသားကာကွယ်ရေးတာဝန်ကို တကယ်တန်း ထမ်းဆောင်နိုင်တဲ့ တပ်ဖြစ်ဖို့ – တပ်ကိုပြုပြင်ပြောင်းလဲရေး ဖြစ်ပါတယ်။

ပါးစပ်က ကြွေးကြော်နေရုံနဲ့ တိုင်းပြည်ကို ကာကွယ်လို့ မဖြစ်ပါဘူး။ 'မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမယ်' ဆိုတဲ့ လူရယ်စရာ ကြွေးကြော်သံမျိုးဟာ မအောင်မြင်လို့ ရှိရင်လဲ ဘာမှမဖြစ်ပါဘူး၊ အားကစားမှာ ကမ္ဘာမလွှမ်းလို့လဲ တမျိုးသားလုံး ဒုက္ခမတွေ့နိုင်လို့ အရေးမကြီးလှပါ။

နယ်ချဲ့ကျူးကျော်မှု အန္တရာယ်ကို ကျွန်တော်တို့ပြည်သူတွေ လျော့မတွက်မိဖို့ လိုပါတယ်။

ကျွန်တော်တို့တိုင်းပြည်မှာ ရေရှည်ပြည်တွင်းစစ်ကြီး ဖြစ်နေတာကလဲ ဝင်ရောက်စွက်ဖက်လိုသူတွေအတွက် ရေခံမြေခံရှိနေတာ ဖြစ်ပါတယ်။

သမိုင်းဗဟုသုတ မရှိလို့ အတွေ့အကြုံမရှိလို့ ၁၉’ ရာစုနှစ်မှာ ခံခဲ့ရတာကို ခွင့်လွှတ်ချင်ရင် ခွင့်လွှတ်နိုင်ပေမယ့် – ၂၁’ ရာစု အကူးမှာတော့ အဖြစ်မခံနိုင်ပါဘူး။

ဗမာပြည်အစိုးရစစ်တပ်ရဲ့ (နေဝင်းစစ်အုပ်စုရဲ့) သေနင်္ဂဗျူဟာ အမြင် စစ်ရေးသြဝါဒနဲ့ အတွေးအခေါ် – စစ်ရေးစီမံကိန်းများဟာ ဘယ်တုန်းကမှ နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲ ဆင်နွဲရေးအတွက် မဟုတ်ခဲ့ပါဘူး။ နယ်ချဲ့ကိုမှီခိုပြီး ကွန်မြူနစ် ဆန့်ကျင်ရေးစစ်ပွဲ ဆင်နွဲရေးအတွက်သာ ဖြစ်ခဲ့ပါတယ်။

အရေးကြီးတဲ့ ကာကွယ်ရေးပစ္စည်းစက်ရုံတွေဟာ ရခိုင်ရိုးမနဲ့ ဧရာဝတီကြား ဧရာဝတီ အနောက်ဖက်ကမ်းမှာပဲ တည်ဆောက်ထားခဲ့တာတွေနဲ့ အခုအချိန်အထိ သူတို့ အဓိကထားပြီး သုံးနေတဲ့ လက်နက်တွေကိုကြည့်ရင် ထင်ရှားပါတယ်။

တကယ်လို့ နယ်ချဲ့ကျူးကျော်မှု ဆန့်ကျင်ရေးစစ်တိုက်ကြရင် ပြည်သူ့စစ်ပွဲ ပြောက်ကျားစစ် ဆင်ရမှာပါ။ သာမန်ဗဟုသုတ ရှိသူတောင် သိပါတယ်။ နဝတ ခေါင်းဆောင်တွေဟာ ပြည်သူကိုမှီခိုပြီး ပြောက်ကျားစစ်ဆင်မယ်လို့ စကားအဖြစ်တောင် မပြောဝံ့ပါဘူး။ သူတို့အကြောင်းသူတို့ သိနေလို့ပါ။

တခါကတော့ ဗိုလ်နေဝင်းက သူ့အနေနဲ့ အငိုက်မိသွားလို့ တန်ပြန်အာဏာသိမ်းခံရရင် တောခိုပြီး ပြောက်ကျားစစ် တိုက်မယ်လို့ ကြုံးဝါးဖူးပါတယ်။ ပုပ္ပါးမှာ ပြောတာလို့ ထင်ပါတယ်။ ပုပ္ပါးရောက်ပြီး စိတ်ကူးပေါ်လို့ ထုံးစံအတိုင်း တောင်စဉ်ရေမရ ပြောတာတော့ ဟုတ်ဟန်မတူပါဘူး။ အဲဒီတုန်းက ဦးဗဆွေတို့ ရှိနေပါသေးတယ်။ ဦးဗဆွေရဲ့ ဖဲဝိုင်းတွေမှာ ပြောကြဆိုကြတာတွေကို သူ့ထောက်လှမ်းရေးက သတင်းပေးလို့ သူ့အနေနဲ့ တန်ပြန်အာဏာသိမ်းမှာကို စိတ်ပူနေချိန် ဖြစ်ပါတယ်။

ဗိုလ်နေဝင်း ပြောက်ကျားတိုက်ပွဲ တိုက်မယ်ဆိုရင် ဘယ်လိုဖြစ်လာမလဲ ဆိုတာကို ကျွန်တော်တို့တွေးပြီး မြင်နေပါတယ်။

တော်လှန်ရေးကောင်စီ တက်ခါစက တည်မြဲဖဆပလထဲက ပြည်ထဲရေးဝန်ကြီးဟောင်းတပါးရဲ့ အဖြစ်ကို မြင်ဖူးထားလို့ပါ။ သူကလဲ တောခိုပြီး ပြောက်ကျားတိုက်မယ် ဆိုပါတယ်။ အာဏာရှိစဉ်က သူ့အနားကပ်ပြီး ဝန်ကြီးနဲ့ဆိုရင် လုပ်ဝံ့တယ်လို့ ပြောလေသူတွေရဲ့ စကားကို အဟုတ်ထင်နေပါတယ်။ အဲဒီလူတွေကို သွားစည်းရုံးတော့ သူနဲ့မလိုက်ရုံမက သူ့ကို ဖမ်းမပို့ရုံ တမယ်ပါ။

ခိုကိုးရာမဲ့ ဖြစ်နေသူဝန်ကြီးကို ကျွန်တော်တို့လူတွေက ကူညီပြီး ဝှက်ပေးထားရပါတယ်။ နောက်တော့လဲ ရန်ကုန်ပြန်သွားပါတယ်။ တော်လှန်ရေးကောင်စီက ကြီးကြီး



(ရန္တပိုစာချုပ်ကို ကြည့်ပါ။ ယိုးဒယားအုပ်စိုးသူတွေဟာ ဒီတခါသာ မဟုတ်ပါ။ ဂျပန်ဖက်ဆစ်တွေကို ခြေနင်းခုံအဖြစ် အသုံးတော်ခံ အကျိုးပြုခဲ့ပြီး ဗမာပြည်က ကျိုင်းတုံနဲ့မိုင်းပန်ကို ဝေစုယူခဲ့ဖူးပါတယ်။)

တရုတ်ပြည် ဘုရင်ဆီက အကူအညီတောင်းတော့လဲ သူကိုယ်တိုင်က တောင်မင်းမြောက်မင်း မကယ်နိုင်တဲ့အခြေအနေ ဖြစ်နေပါတယ်။ ဒီလိုနဲ့ ကိုယ့်အားကိုယ်ကိုး တိုက်ခဲ့ရတာပါ။ မဟာဗန္ဓုလကျဆုံး – စစ်ရှုံး – ရန္တပို စာချုပ် ချုပ်ရတဲ့အထိ ဖြစ်သွားတာပါ။

တတိယစစ်ပွဲကျတော့ မိုးကုတ်ကျောက်တွင်းကို အချောင်အုပ်ချင်တဲ့ ပြင်သစ် ‘မဟာမိတ်’ ဆိုသူ ရှိပါတယ်။ သူ့အကြောင်းလဲ နည်းနည်းပြောဖို့ လိုပါတယ်။ တကယ့်အရေးအကြောင်းရှိတော့ သူကဘာမှ အထောက်အကူမပြုပါဘူး။ ပြင်သစ်နယ်ချဲ့ဟာ နပိုလီယံစစ်ပွဲတွေ ရှုံးပြီးကတည်းက အင်္ဂလိပ်နယ်ချဲ့ကို မယှဉ်ဝံ့သူတွေ ဖြစ်နေတာပါ။ အထက်ဗမာပြည်လိုဟာမျိုးအတွက်လဲ သူကအနာခံပြီး စစ်မတိုက်လိုပါဘူး။ ဝင်ပြီးရှုပ်ရုံလောက်သာ ရှုပ်ခဲ့သူပါ။ တကယ်က အင်္ဂလိပ်နဲ့ အပေးအယူလုပ်ခဲ့သူပါ။

<u>တတိယစစ်ပွဲတုန်းက ပြည်တွင်းအကြောင်းအချက်ကို ရွေးပြီးတင်ပြပါမယ်။</u>

ရန္တပိုစာချုပ် ချုပ်ပြီးကတည်းက အနှစ်သာရအရပြောရင် အထက်ဗမာပြည်ဟာ ကိုလိုနီတပိုင်း အခြေအနေမျိုးပါ။

ပလ္လင်လုတဲ့ အရေးအခင်းတွေကြောင့်လဲ လူတွေတော်တော်များများက အောက်ဗမာပြည်ရှိ အင်္ဂလိပ်အောက် ခိုလှုံနေကြပါပြီ။ (တချို့ပဒေသရာဇ်မျိုးရိုးတွေက အင်္ဂလိပ်အလိုတော်ရိတွေဖြစ်ပြီး နောင်မှာ လက်ဝေခံအရင်းရှင်တွေ ဗျူရိုကရက်တွေ ဖြစ်ကုန်ပါတယ်။)

သီပေါမင်း ရာဇပလ္လင်မြဲဖို့ ဘယ်သူမှ အသေခံ မတိုက်ချင်ကြတော့ပါ။ စုဖုရားလတ်နဲ့ တိုင်တားကို အပစ်တင်ချင်တင် – ကင်းဝန်ကို အပစ်ဖို့ချင်ဖို့ သန်ရာသန်ရာ ပြောနိုင်ပေမယ့် လက်တွေ့ကျကျ ‘နယ်ချဲ့ဆန့်ကျင်ရေး – အမျိုးသားကာကွယ်ရေးစစ်’ တိုက်ရေးအတွက် အခြေအနေနဲ့ အချက်အလက် မရှိတော့ပါ။

လှေခွက်ချည့်ကျန်ကျန် – အလံမလှဲ တိုက်ခဲ့သူတွေကို ချီးကျူးလေးစားရမှာ ဖြစ်ပေမယ့် – တပြည်လုံးကို ကျွန်ဘဝ ရောက်အောင် လုပ်ခဲ့တဲ့ အုပ်စိုးသူ ပဒေသရာဇ်တွေကိုတော့ ဝေဖန်ရှုတ်ချရမှာ ဖြစ်ပါတယ်။

<u>အတွေ့အကြုံများ</u>

<u>စည်းလုံးနိုင်သမျှသော အင်အားများနဲ့ စည်းလုံးရေး</u>

အင်္ဂလိပ်နယ်ချဲ့ကို ရင်ဆိုင်ဖို့ ထွက်ရပ်ဂိုဏ်းဖွဲ့ခဲ့ပါတယ်။ ဒေါက်တာဗမော်ကို ညွန့်ပေါင်းအစိုးရ ခေါင်းဆောင်အဖြစ် ဦးတည်ဆန့်ကျင်ခဲ့ရတာဟာ တနှစ်လောက်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ သူ့အပေါ် အာဃာတမထားဘဲ သူနဲ့စည်းလုံးခဲ့ပါတယ်။ လက်ဝဲ – လက်ယာမခွဲဘဲ စည်းလုံးနိုင်သမျှသော အင်အားများနဲ့ စည်းလုံးရေးရယူခဲ့တာ ဖြစ်ပါတယ်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးမှာလဲ ဒီလိုပဲ လုပ်ခဲ့ပါတယ်။ အကျယ်ချဲ့ပြီး တင်ပြစရာ မလိုတော့ပါ။

ဘုံရန်သူကို ဦးတည်တိုက်ခိုက်ရေးသည်သာလျှင် အခရာအဖြစ် သဘောထားခဲ့ပါတယ်။

<u>တမျိုးသားလုံးကို စည်းရုံးနိုင်မယ့် လမ်းစဉ်ပေါ်လစီများရှိရေး</u>

ဘယ်သူ့ကို ဘာအတွက် တိုက်ရမယ်ဆိုတာ ရှင်းလင်းနေစေရပါမယ်၊ လုံးဝလွတ်လပ်ရေးနဲ့ ဒီမိုကရေစီရေးအတွက် တိုက်နေတာဆိုတဲ့ ဦးတည်ချက် မပျောက်စေဖို့ ဖြစ်ပါတယ်။

လူထုကို လက်နက်တပ်ဆင်ပေးရပါမယ်၊ နယ်ချဲ့ကျူးကျော်မှုကို စစ်တပ်တခုတည်းက ဒိုင်ခံပြီးတိုက်လို့ မရပါဘူး။

'နဝတ' အစိုးရ အခုလုပ်နေပုံမျိုးနဲ့ဆိုရင် ခေတ်သစ်မှာ သင်ခန်းစာသစ် ထပ်ရတာ ဖြစ်ပါလိမ့်မယ်။

'နဝတ' ဟာ နယ်ချဲ့ဆန့်ကျင်ရေး – အမျိုးသားလွတ်လပ်မှုကို ထိန်းသိမ်းနိုင်တဲ့ နိုင်ငံရေး – စီးပွားရေး – စစ်ရေး ခေါင်းဆောင်မှု အရည်အချင်း မရှိပါဘူး။

ပြည်သူတွေကို ရန်လုပ်နေတဲ့ 'နဝတ' ဟာ ဘယ်လိုလုပ်ပြီး ပြည်သူကို စည်းရုံးနိုင်ပါ့မလဲ။

တကယ့်အဖြစ်ကလဲ 'နဝတ' မှာ နယ်ချဲ့ဆန့်ကျင်ရေးလမ်းစဉ် မရှိပါဘူး။ အခုပါးစပ်နယ်ချဲ့ဆန့်ကျင်ရေး လုပ်နေတာဟာ သူတို့ကို ပလ္လင်ပေါ်က ဆွဲချတဲ့ တောင်းဆိုချက်တွေကို အမေရိကန်၊ အင်္ဂလိပ်တို့က ပြောနေလို့ပါ။

နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရေးနဲ့ ၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်ကို လေးစားရေးနဲ့ ရွေးကောက်ပွဲ နိုင်သူတွေသို့ အာဏာလွှဲပေးရေး ပြောတာဟာ နယ်ချဲ့စွက်ဖက်မှု မဟုတ်ပါဘူး။ ကမ္ဘာ့ဆန္ဒနဲ့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။

<u>ဒုတိယအချက်က စစ်ရေးလိုအပ်ချက် ဖြစ်ပါတယ်။</u>

အခိုင်အမာ ခွဲခြမ်းစိတ်ဖြာကြည့်ရင် အစိုးရစစ်တပ်တခုလုံးဟာ ပြည်တွင်းစစ်တိုက်ရေးအတွက်သာ တလျှောက်လုံး တည်ဆောက်ထားတာပါ။ နယ်ချဲ့ဆန့်ကျင်ရေး – အမျိုးသားကာကွယ်ရေး စစ်ပွဲတပွဲတိုက်နိုင်တဲ့စစ်တပ် မဟုတ်ပါဘူး။

တလောတုန်းက တည်ဆောက်ဆဲ ရန်ကုန် မန္တလေး ခြောက်လမ်းသွားလမ်းမကြီးပေါ် ယိုးဒယားစစ်လေယာဉ် ဆင်းတယ်လို့ ကြားလိုက်ပါတယ်။ နောက်ကျတော့ အုပ်အုပ်ထိန်းထိန်းနဲ့ ဒီသတင်းကို ပိတ်လိုက်ပါတယ်။

ဒီစစ်လေယာဉ်ဟာ သွေးရိုးသားရိုးနဲ့ ဗမာပြည်ရဲ့ လေပိုင်နက်အတွင်း ဝင်လာတာတော့ ဟုတ်ဟန်မတူပါဘူး။ ဘာပဲဖြစ်ဖြစ် လေပိုင်နက်ဟာ လွယ်လွယ်ကူကူ ချိုးဖောက်လို့ရတယ်ဆိုတာကတော့ ထင်ရှားနေပါတယ်။



အဲဒီနောက်မှာ နဝတ ကလဲ ဘုရင့်နောင်ရဲ့ သမိုင်းကို ပြန်လည်ဖော်ထုတ်နေတာ တွေ့ရပါတယ်။ ဒါပေမဲ့ ဗမာပြည်ရဲ့ဝေဟင်ကို ကာကွယ်ဖို့ လေတပ်က ဖြစ်ဖြစ်မြောက်မြောက် မရှိပါဘူး။

ငါးခိုးဖမ်းတဲ့ တံငါရေယာဉ်ကိုတောင် မနိုင်မနင်းကာကွယ်နေရတဲ့ရေတပ် ရှိပါတယ်။ ဘယ်လိုလုပ်ပြီး ရှည်လျားလှတဲ့ ကမ်းရိုးတန်းကို ကာကွယ်မလဲ။

ကြည်းတပ်တွေ တရင်းပြီးတရင်း တိုးပြီးဖွဲ့ပါတယ်။ ဂျီသုံး ဂျီလေး သေနတ်ရှိရင်၊ လစာပေးနိုင်ရင် (လစာပေးရေးက ပြဿနာ မဟုတ်ပါ၊ ဝါဇီစက်ရုံက လိုသလောက် ငွေစက္ကူ ရိုက်ပေးနိုင်ပါတယ်။) တပ်ရင်းပေါင်းများစွာ ဖွဲ့နိုင်ပါတယ်။

ပြီးတော့လဲ သူတို့ရဲ့ စီးပွားရေးပေါ်လစီတွေကြောင့် အလုပ်လက်မဲ့တွေက အနန္တဖြစ်နေလို့ တပ်သားရေသောက်မြစ် ရှိနေပါတယ်။

ဒါပေမဲ့ ခေတ်မီလေယာဉ်တစင်း၊ ခေတ်မီစစ်သင်္ဘော တစီးတောင် မရှိပါဘူး။

ဒါဟာ ပြည်တွင်းစစ်တိုက်ရေးအတွက်သာ အလေးပေးနေတယ်ဆိုတာကို ဖော်ပြနေတာတွေ ဖြစ်ပါတယ်။

ကျွန်တော်တို့တိုင်းပြည်ရဲ့ အိမ်နီးချင်းနိုင်ငံတွေမှာရှိတဲ့ လေတပ်၊ ရေတပ်တွေနဲ့ မယှဉ်နိုင်ပါဘူး။

အိမ်နီးချင်းတိုင်းပြည်တွေနဲ့ တိုက်ရလိမ့်မယ်လို့ ကျွန်တော်တို့ပါတီက မျှော်မှန်းပြီး ပြောနေတာ မဟုတ်ပါဘူး။ အရှေ့တောင်အာရှမှာ တည်ငြိမ်နေတာကို ကျွန်တော်တို့ နှစ်နှစ်ကာကာ လိုလားပါတယ်။ ဒါကြောင့်လဲ ဗမာပြည်ပြည်တွင်းစစ်ပြဿနာကို ပြည်တွင်းမှာသာ ဖြေရှင်းရေးကို တင်ပြနေတာပါ။ ကျွန်တော်တို့ ပြည်တွင်းရေးမှာ ဘယ်နိုင်ငံခြားကမှ စွက်ဖက်တာ ဝင်ရှုပ်ကြတာတွေကို မလိုလားပါဘူး။ နယ်ချဲ့သမားကတော့ ဒီဒေသတွေမှာ 'အပူကွက်' တွေဖြစ်စေချင်တာ သိပ်ရှင်းနေပါတယ်။

အထူးသဖြင့် ဗမာပြည်အတွက်ဆိုရင် အကျိုးလိုသလိုလိုနဲ့ အမေရိကန်နယ်ချဲ့က ဝင်ရှုပ်တာမျိုး – အမေရိကန်နယ်ချဲ့ရဲ့နောက်မှာ အထည်ကြီးပျက် အင်္ဂလိပ်နယ်ချဲ့ကပါ ကပ်ပါလာမှာမျိုးကို လုံးဝမလိုလားပါဘူး။

ကမ္ဘာကြီးရဲ့ အခြေအနေဟာ ရှုပ်ထွေးပါတယ်။ အပြောင်းအလဲတွေလဲ မြန်ဆန်တတ်ပါတယ်။ နယ်ချဲ့သမားတွေဟာ နယ်ချဲ့သမားတွေအဖြစ် ရှိနေဆဲပါ။ ဒေသန္တရ ဗိုလ်ကလေးလုပ်ချင်သူတွေ ကလဲ အများအပြားပါ။ ဆယ်ရေးတရေး မတည်မငြိမ် ဖြစ်လာခဲ့သော် အဆင်သင့်တော့ ရှိရပါမယ်။

သမိုင်းသင်ခန်းစာကို အထက်မှာ တင်ပြခဲ့ပါတယ်။ အဲဒီတုန်းက (သီပေါမင်းခေတ်က) အခြေအနေထက် အခုကမ္ဘာ့အခြေအနေက ပိုရှုပ်ထွေးပါတယ်။ ဆက်ဆံမှုတွေကလဲ ပိုပြီး ကျယ်ပြန့်ပါတယ်။ နယ်ချဲ့သမားက လိမ်လည်လှည့်ဖြားမှုတွေကို ပိုပြီးလုပ်နိုင်ပါတယ်။ ဒါကြောင့်

ဆန့်ကျင်ရေးသမားတိုင်းက ပြောပါတယ်။

ဗမာပြည်မှာသာ မဟုတ်ပါဘူး။ နယ်ချဲ့သမားတွေနဲ့ နိုင်ငံတကာက ကွန်မြူနစ်ဆန့်ကျင်ရေးသမားတိုင်းက ဒီလိုပဲ စွပ်စွဲလေ့ ရှိကြတာပါ။

အခုလဲ နဝတ စစ်အစိုးရက မီးလောင်ရာလေပင့် လုပ်နေပါတယ်။ ကျွန်တော်တို့လက်နက်ကိုင်အင်အားစုများအတွင်းမှာ – စစ်အစိုးရ ဆန့်ကျင်ရေးအင်အားစုများအတွင်းမှာ သွေးကွဲနေမှ – သူတို့အဖို့ အကျိုးရှိမှာမို့ သူတို့အာဏာတည်မြဲမှာဖြစ်လို့ ကျွန်တော်တို့အချင်းချင်း သွေးကွဲနေတာကို သူတို့ကြိုက်ပါတယ်။ ဒါကြောင့် မီးလောင်ရာလေပင့် လုပ်ကြတာပါ။

'ပါတီနဲ့ပေါင်းရင် ကွဲတတ်တယ်' ဆိုတဲ့ စွပ်စွဲချက်နဲ့ ပတ်သက်ရင် ပါတီနဲ့ပေါင်းမှ အဲဒီအဖွဲ့အစည်း ကွဲကြတာလား၊ ဒါမှမဟုတ် မပေါင်းခင်ကတည်းက ကွဲကြတာလားဆိုတာကို ပြန်လှန်သုံးသပ်ကြည့်ပါ။ အဲဒီအဖွဲ့အစည်းအတွင်းမှာ ကွန်မြူနစ်နဲ့တော့ မပေါင်းဘူး။ ပေါင်းလိုက်ရင် အမေရိကန်၊ အင်္ဂလိပ်စတဲ့ အနောက်နယ်ချဲ့နိုင်ငံတွေရဲ့ထောက်ခံမှု ရနိုင်မှာမဟုတ်ဘူး။ ယိုးဒယားအုပ်စိုးသူတွေရဲ့ ငြိုငြင်မှုလဲ ခံရမယ် – ဆိုပြီး ကွန်မြူနစ်ပါတီနဲ့တော့ ဘယ်တော့မှ မပေါင်းဘူးဆိုတဲ့ စဉ်းစားတွေးခေါ်မှုက တဖက်၊ စစ်အစိုးရ ဆန့်ကျင်ရေးဘက်ကိုသာ ဇောင်းပေးလိုသူတွေကလဲ ဘုံရန်သူကို ဦးတည်ဆန့်ကျင်ဖို့ဆိုရင် ကွန်မြူနစ်ပါတီနဲ့ ပေါင်းရမယ်လို့ စဉ်းစားတဲ့ တွေးခေါ်မှုကတဖက် – ဒီလိုတွေးခေါ်မှုနှစ်ခုရဲ့ ဆန့်ကျင်တိုက်ခိုက်မှုက အရင်ဆုံး ဖြစ်ပေါ်ကြတာချည်း ဖြစ်ပါတယ်။

အဲဒီလို အတွေးအခေါ်နှစ်ခု၊ လမ်းစဉ်နှစ်ခု တိုက်ပွဲဆင်ကြရင်းက တစုံတရာသော အဆင့်ထိ မြင့်တက်လာရင် ကွဲကြပါတယ်။ အဲဒီအခါကျမှ တဖက်က ကွန်မြူနစ်ပါတီနဲ့ လက်တွဲပြီး ဘုံရန်သူကို ဦးတည်တိုက်လာကာ တဖက်က လမ်းဟောင်းအတိုင်း ဆက်လိုက်တာ ဖြစ်တတ်ပါတယ်။ အဲဒီအခါကျမှ လမ်းဟောင်းအတိုင်းလိုက်သူတွေက ကွန်မြူနစ်က ခွဲပြီးစည်းရုံးတယ်လို့ ပြောကြပြန်ပါတယ်။ ထူးခြားတဲ့အခြေအနေ တစုံတရာရှိရင်လဲ အတွေးအခေါ်တခုက ရုတ်ချည်း ကျဆင်းသွားပြီး အဲဒီအဖွဲ့အစည်း တခုလုံးဟာ ကွန်မြူနစ်ပါတီနဲ့ ဘုံရန်သူတိုက်ရေးအတွက် ပေါင်းစည်းမိလာတာလဲ ရှိပါတယ်။ သူတို့ မကွဲကြပါဘူး။ ဒါလဲ ဖြစ်တတ်ပါတယ်။ ဒါက **K.I.O.** **SSPP** စတာတွေနဲ့ ကွန်မြူနစ်ပါတီ တပ်ပေါင်းစု ဖွဲ့ခဲ့တာမျိုးပါ။ စောစောပိုင်းတွေတုန်းကဆိုရင် ပြည်သူ့ရဲဘော်ဟာ အဖြူ – အဝါ ကွဲပြီးမှ ပေါင်းဖြစ်တာမျိုးလဲ ရှိပါတယ်။

ချုပ်ပြီးပြောရရင်တော့ ပါတီနဲ့ပေါင်းလို့ကွဲတာ မဟုတ်ဘဲ အတွေးအခေါ်အရ လမ်းစဉ်အရ ကွဲကြရင်းက ပါတီနဲ့ ပေါင်းစည်း မိလာကြတာ ဖြစ်ပါတယ်။ ဒီလို ကွဲကြတာဟာ ကျွန်တော်တို့ရဲ့တာဝန် လုံးဝမဟုတ်ပါ။ ပယောဂလဲ မပါပါ။

ကျွန်တော်တို့ပါတီရဲ့ ဆန္ဒအစစ်အမှန်ကို တင်ပြရရင် ကွဲကြတာ – ခွဲကြတာကို မလိုလားပါ။ စစ်အစိုးရကို တစုတပေါင်းတည်း တိုက်ရေးအတွက် ပေါင်းစည်းမိတာကိုသာ



ကျယ်ကျယ် အရေးမယူပါဘူး။ နောက်တော့ အေးအေးဆေးဆေးပဲ သက်တမ်းအတိုင်းနေပြီး ကွယ်လွန်သွားပါတယ်။

စစ်မှန်တဲ့ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ဖို့ ရှေးဦးလိုအပ်ချက်တွေက ပြည်သူက ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရတရပ် ရှိရပါမယ်။ ပြည်သူတွေမှာ ဒီမိုကရေစီ ရှိရပါမယ်။ ပြည်တွင်းငြိမ်းချမ်းရေး ရှိရပါမယ်။ စစ်တပ်ကို ပြုပြင်ပြီး ဖြစ်ရပါမယ်၊

သေနတ်ကို အမိန့်ပေးနိုင်တဲ့ အာဏာဟာ နေဝင်းစစ်အုပ်စု လက်ထဲမှာရှိနေသမျှ ဒါတွေအားလုံး ဘာမှဖြစ်လာနိုင်မှာ မဟုတ်ပါဘူး။

စစ်တပ်ကို ဘယ်လိုပြုပြင်မလဲဆိုတာကိုတော့ အခိုင်အမာ အသေးစိတ် စဉ်းစားထားတာ ပါတီမှာ မရှိသေးပါဘူး။ အခုအကြံပြုချင်တာကတော့ ဗိုလ်အောင်ဆန်းလက်ထက်က တပ်တွင်းအတွေ့အကြုံ ရှိခဲ့ကြသူတွေနဲ့ လက်ရှိစစ်တပ်ထဲမှာ တာဝန်ထမ်းဆောင်ဆဲဖြစ်တဲ့ တပ်ပြုပြင်ရေးကို လိုလားတဲ့ တပ်မှူးကြီးများ စုပေါင်းပြီး အဖြေရှာကြရင် အဖြေကောင်း တွေ့မယ်လို့ ယုံကြည်ပါတယ်။

ပြုပြင်ရမယ့် ကိစ္စတွေကတော့ များတယ်လို့ ယူဆပါတယ်။ ဗိုလ်နေဝင်း ဖျက်ဆီးခဲ့တာတွေကို လိုက်ပြီးအားလုံးပြုပြင်ရမှာ ဖြစ်နေလို့ပါ၊ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စစ်ရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ နိုင်ငံတော်လုံခြုံရေးကဏ္ဍ စတာတွေမှာ ဗိုလ်နေဝင်း မတော်မတရား လုပ်ထားခဲ့တာတွေကို ပြုပြင်ရမှာဖြစ်လို့ အလွန်များမှာပါ။

တပ်ကိုပြုပြင်ခဲ့ကြတဲ့ နိုင်ငံတကာက အတွေ့အကြုံတွေကိုလဲ လေ့လာရမှာပါ။ ဗမာပြည်အတွက် အကျိုးရှိရင် သုံးကြည့်ရမယ်လို့ ယူဆပါတယ်။

## ပါတီတည်ဆောက်ရေး

ဗဟိုက ချမှတ်ထားတဲ့ ပါတီတည်ဆောက်ရေးလမ်းစဉ်ဟာ မူတွေဘက်ကပြောရင် ပြည့်စုံလုံလောက်ပါတယ်။ လက်တွေ့လိုက်နာပြီး မလုပ်ခဲ့တာနဲ့ (မလုပ်နိုင်ခဲ့တာ) တွေကြောင့် ပါတီတွင်း အကျပ်အတည်းတွေဖြစ်ပြီး ပါတီအင်အားတွေ ဖရိုဖရဲ ကျဆင်းခဲ့ရတာ ဖြစ်ပါတယ်။ ပြီးခဲ့တာတွေနဲ့ ပတ်သက်ပြီး 'နိဂုံးချုပ်စာတမ်း' မှာ ပါပြီးဖြစ်လို့ အကျယ်မတင်ပြတော့ပါ။ အခုတင်ပြမှာက ရှေ့သို့ချီတက်ရေးအတွက် အရေးပါမယ့် ကိစ္စတချို့ကိုသာ တင်ပြပါမယ်။

ပါတီရဲ့ ၅၅ နှစ်သက်တမ်းအတွင်းမှာ ဥပဒေတွင်းပါတီအဖြစ် ရပ်တည်ခဲ့ရတဲ့ ကာလဟာ ၁၉၄၅ မှ ၁၉၄၈ ထိ (၃) နှစ် မပြည့်ပါဘူး။ ကျန်တဲ့ ကာလကြီးတခုလုံးဟာဥပဒေပမှာ ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။ မြေအောက်လုပ်ငန်းကာလနဲ့ လက်နက်ကိုင်တိုက်ပွဲ ဆင်နေရတဲ့ ကာလ ဖြစ်ပါတယ်။

ဥပဒေတွင်းပါတီအဖြစ် ရပ်တည်နိုင်ဖို့အတွက် အခွင့်သင့်တိုင်း ပါတီက အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ပါဘူး။

ကျွန်တော်တို့ပါတီက ဘယ်လောက်ပဲ ဆန္ဒရှိရှိ – နေဝင်း စစ်အုပ်စုက ပြည်တွင်းစစ်နဲ့ ပတ်သက်တဲ့ ပေါ်လစီတွေ ချမှတ်ထားနိုင်တဲ့ အနေအထားမှာရှိရင် ဥပဒေတွင်းပါတီအဖြစ် ရပ်တည်ရေးဟာ မဖြစ်နိုင်ပါဘူး။

ဖဆပလ အစိုးရခေတ်ကလဲ ပြည်တွင်းစစ်ကိစ္စမှာ ဗိုလ်နေဝင်းတို့လူစုကပဲ ပေါ်လစီတွေ ချနေတာပါ။ ဦးကျော်ငြိမ်းတို့လူစု မိုးကောင်းနေစဉ်မှာဖြစ်ဖြစ် – သူတို့တတွေ အစိုးရအဖွဲ့ရဲ့ ဘေးရောက်သွားတဲ့အခါမှာဖြစ်ဖြစ် – စစ်တပ်ထဲက ဗိုလ်နေဝင်းတို့လူစုသာ ပြည်တွင်းစစ်ပေါ်လစီ ချနေကြတာပါ။

သူတို့ရဲ့ ပေါ်လစီအချုပ်က ‘မြို့ပေါ်ကနေတောထဲမောင်းပို့ – စစ်ရေးအရ ချေမှုန်းပစ်’ ဖို့ပါ၊ နောက်ဆက်တွဲ ပေါ်လစီက ‘တောထဲမှာပဲ အပြတ်ရှင်းပစ် – မြို့ပေါ်အတက်မခံနဲ့’ ဆိုတဲ့ ပေါ်လစီပါ။ ဦးကျော်ငြိမ်းချမှတ်ခဲ့ပြီး ဗိုလ်နေဝင်းက အကောင်အထည်ဖော်နေတဲ့ ပေါ်လစီဟာ ဒါပါပဲ။

ဒါကြောင့် ပါတီဥပဒေတွင်းမှာ ရပ်တည်ရေးဟာ ‘နေဝင်းစစ်အုပ်စု’အာဏာပိုင် ဖြစ်နေသရွေ့ မဖြစ်နိုင်ပါ။

ဥပဒေပမှာ ရေရှည်ရပ်တည်သွားရေးကိုသာလျှင် မျှော်မှန်းပြီး ပါတီကို တည်ဆောက် ရပါမယ်။

ပါတီကို ကျစ်လစ်သိပ်သည်းစွာ ဖွဲ့စည်းနိုင်ဖို့ လိုပါတယ်။ အရေအတွက်ထက် အရည်အချင်းမြင့်မားရေးကို အဓိကထားရပါမယ်။ မျိုးဆက်သစ်လူငယ်များနဲ့ အားဖြည့်သွား ရပါမယ်။

<u>လုပ်ရမယ့် လတ်တလော လုပ်ငန်းတွေက၊</u>

က။ ဥပဒေပပါတီအဖြစ် ရပ်တည်ကာ လက်နက်ကိုင်တိုက်ပွဲ လုပ်ငန်းနဲ့ မြေအောက် လုပ်ငန်းတို့ကို ပေါင်းစပ်ပြီး လုပ်သွားကြရမှာ ဖြစ်ပါတယ်။

တိုက်ပွဲသဏ္ဍာန်မှာလဲ လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန်နဲ့ ဒီမိုကရေစီရရှိရေး လူထုတိုက်ပွဲ သဏ္ဍာန်တို့ကို ပေါင်းစပ်ဆင်နွှဲရပါမယ်။

ခ။ ၁၉၈၈ / ဒီမိုကရေစီအရေးတော်ပုံ မတိုင်မီနဲ့ အရေးတော်ပုံကာလတွေမှာ ပါတီဟာ တိုက်ပွဲဝင်လူထု – တက်ကြွတဲ့ လူငယ်ထုနဲ့ ဆက်စပ်မိလာပါတယ်၊ သူတို့နဲ့ ဆက်လက်ပြီး ဘုံရန်သူစစ်အစိုးရကို ဆန့်ကျင်ရေးမှာ ပိုပြီးနီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်နိုင်ဖို့ လုံးပန်းကြရပါမယ်။ ဒီမိုကရေစီတိုက်ပွဲမှာ အပြန်အလှန် အမြင်ဖလှယ်ရေး၊ အပြန်အလှန် ကူညီရေး၊ ချိန်ကိုက်တိုက်ပွဲဝင်ရေး၊ ပူးတွဲတိုက်ပွဲဝင်ရေးတို့ကို အချိန်အခါနဲ့ အခြေအနေအလိုက် လုပ်သွားရပါမယ်။ အလုပ်တူ ပူးတွဲလုပ်ရေးသဘော ဖြစ်ပါတယ်။

ဂ။ အခြေအနေ ရင့်မှည့်လာတဲ့ အချိန်မှာ တပ်ပေါင်းစုတခု ဖွဲ့ရပါမယ်။ တပ်ပေါင်းစု တခုကို လျှို့ဝှက်ပြီး (ဖက်ဆစ်တော်လှန်ရေးတုန်းကလို) ဖွဲ့သင့်ပါတယ်။ တပြည်လုံးလက္ခဏာ



ဆောင်တဲ့ တပ်ပေါင်းစုလဲ ဖြစ်သင့်ပါတယ်။ ဆိုလိုတာက လက်နက်ကိုင်အင်အားစုများရဲ့ တောတွင်းနဲ့ ပြည်ပက (ဥပဒေပက) တပ်ပေါင်းစုသက်သက်၊ မြို့ပေါ်က (ဥပဒေတွင်းက) အင်အားစုတွေရဲ့ တပ်ပေါင်းစုသက်သက် မဟုတ်ဘဲ အားလုံးစုစည်းနိုင်သမျှစုစည်းပြီး ဖွဲ့စည်းရေး ဖြစ်ပါတယ်။

ကျွန်တော်တို့တိုင်းပြည်မှာ တပ်ပေါင်းစု ဖွဲ့စည်းရေး အတွေ့အကြုံတွေ အများကြီး ရှိဖူးပါတယ်။ လက်ရှိအခြေအနေနဲ့ ကိုက်ညီသင့်လျော်ပြီး – လက်တွေ့အလုပ်ဖြစ်မယ့် သဏ္ဍာန် မျိုး ဖြစ်သင့်ပါတယ်။

တပ်ပေါင်းစုရဲ့ လုပ်ငန်းစဉ်တရပ်ကိုလဲ ရှင်းရှင်းလင်းလင်း ရေးဆွဲသင့်ပါတယ်။ အဲဒီ လုပ်ငန်းစဉ်ကို အခြေခံပြီး တပ်ပေါင်းစုကို ဖွဲ့စည်းရေး ဖြစ်ပါတယ်။

လုပ်ငန်းစဉ်ရဲ့ ကျောရိုးဟာ စစ်အစိုးရ ဆန့်ကျင်ရေး၊ စစ်အာဏာရှင်စနစ် ဆန့်ကျင် ရေးနဲ့ စစ်ဗျူရိုကရက်ယန္တရား ဆန့်ကျင်ရေး – ဒီမိုကရေစီအစိုးရ – ဒီမိုကရေစီစနစ် – ဒီမိုကရေစီရေးနဲ့ တပ်မတော်ကို ပြုပြင်တည်ဆောက်ရေးတို့ ဖြစ်သင့်ပါတယ်။

အထက်ပါ လုပ်ငန်းစဉ်ကျောရိုးကို မထိခိုက်ပြုပြီး အခြားသင့်တော်ရာ လုပ်ငန်းများကို တိုးချဲ့ရေးဆွဲသွားသင့်ပါတယ်။

ဒီနေရာမှာ ပွင့်ပွင့်လင်းလင်း တင်ပြဖို့ ရှိပါတယ်။

ကျွန်တော်တို့ပါတီဟာ ပါတီစတင်ထူထောင်တဲ့ (၁၉၃၉) ခုနှစ်ကတည်းက မိမိ လုပ်ငန်းစဉ်ကို လူသိရှင်ကြားတင်ပြပြီး ဖြစ်ပါတယ်။ မိမိရဲ့လုပ်ငန်းစဉ်အပေါ်မှ မည်သို့သော အခြေအနေ အကြောင်းအချက်ကြောင့်မှ သွေဖီမည် မဟုတ်ပါ။

ပါတီရဲ့ သက်တန်းတလျှောက်မှာ ကျွန်တော်တို့ရဲ့ လုပ်ငန်းစဉ်ကို ဆန့်ကျင်ရန်ပြုမှု များကို အမြဲတမ်းကြုံတွေ့ခဲ့ရပါတယ်။ သခင်ဗစိန်ဂိုဏ်း – လက်ယာဆိုရှယ်လစ်များနဲ့ အခြား သော ကွန်မြူနစ်ဆန့်ကျင်ရေးသမား အသီးသီးက တရံမလပ် ဆန့်ကျင်ခဲ့ကြတာ ဖြစ်ပါတယ်။

လက်နက်ကိုင်တိုက်ပွဲကာလ အတွင်းမှာလဲ ဒီပြဿနာ တည်ရှိခဲ့ပါတယ်။ တခါတရံမှာ ဒီပြဿနာကို ဖြေရှင်းနိုင်ခဲ့ပေမယ့် မဖြေရှင်းနိုင်ခဲ့တဲ့ အချိန်ကပိုများပါတယ်။

ဘုံရန်သူကိုတိုက်ရာမှာ ပေါင်းစည်းပြီးတိုက်ရင် ပိုပြီးထိရောက်တယ်ဆိုတာ အားလုံး ကသိကြပါတယ်။ လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲနေသူတွေ စုစည်းညီညွတ်မှု မရှိတာကြောင့် ဖေါက်ပြန်ရေး အစိုးရအဆက်ဆက် သက်ဆိုးရှည်နေတာကိုလဲ အားလုံးက မြင်ကြပါတယ်။ လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲနေသူများအတွင်းကပဋိပက္ခကို အစိုးရအဆက်ဆက်က အသုံးချနိုင် ခွင့် ရှိနေတာလဲ ဘယ်သူမှ မငြင်းနိုင်ပါ။

လူမျိုးစု လက်နက်ကိုင်အင်အားစုများ ကွန်မြူနစ်များနဲ့ ပေါင်းစည်းမိမှာကို နယ်ချဲ့ သမားက မလိုလားသလို (နဝတ) ကလဲ မလိုလားပါဘူး။ ဒါကြောင့်လဲ သွားပုပ်လေလွင့် ပြောကြလေ့ ရှိပါတယ်။ ကွန်မြူနစ်နဲ့ပေါင်းရင် ကွဲတတ်တယ်ဆိုတဲ့ စကားကို ကွန်မြူနစ်

ပါတီစည်းရုံးဖွဲ့စည်းရေး ပြဿနာ။

လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲနေတဲ့ နေရာဒေသတွေမှာ စည်းရုံးဖွဲ့စည်းရေးဟာ ပုံစံတမျိုး ဖြစ်ရပါမယ်။ မြေအောက်လုပ်ငန်း လုပ်နေတဲ့ နေရာဒေသမှာ ပုံစံတမျိုး ဖြစ်ရပါမယ်။

စည်းရုံးဖွဲ့စည်းရေး ပုံစံတွေကိုလဲ သိပ်ပြီးတောင့်တင်းကျပ်တည်းမနေဖို့ သတိပြုရပါမယ်။ ပျော့ပျော့ပျောင်းပျောင်း ပြုလွယ်ပြင်လွယ်ဖြစ်ဖို့ လိုပါတယ်။ ဒါမှသာ အခြေအနေပြောင်းရင် ပြောင်းသလို လိုက်လျောညီထွေ လိုက်ပြီးပြောင်းလဲနိုင်ပါတယ်။ မြေအောက်စည်းရုံးဖွဲ့စည်းရေးသဏ္ဍာန်မှ လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန် (သို့မဟုတ်) လက်နက်ကိုင်တိုက်ပွဲ စည်းရုံးဖွဲ့စည်းရေးမှ မြေအောက်သဏ္ဍာန်သို့ အမြန်ပြောင်းလဲနိုင်အောင် စီစဉ်ထားရပါမယ်။

ပါတီကလာပ်စည်းများကို နည်းနည်းနဲ့ကြဲကြဲ ဝိုင်းနိုင်အောင် ဖွဲ့စည်းရပါမယ်။ လူများပြီး အလုပ်မဖြစ်တဲ့ ကလာပ်စည်းများ မဖြစ်စေရပါ။

ပါတီပညာပေးရေးပြဿနာ။

ပါတီဝင်အဟောင်းအသစ် အားလုံးဟာ မာ့က်စ်ဝါဒ၊လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် လေ့လာရေးကို – ကိုယ်စီသော်လည်းကောင်း – စုပေါင်းသော်လည်းကောင်း – အပတ်တကုတ် လုပ်ရပါမယ်။ ကိုယ်စီလေ့လာရေးကို အလေးထားရပါမယ်။

လေ့လာရေးစာစောင်များကို အခါအားလျော်စွာ ဗဟိုက သတ်မှတ်ပေးရပါမယ်။ ဘာသာပြန်ဖို့လိုရင် ဘာသာပြန်ပြီး ထုတ်ဝေရပါမယ်။

သက်ဆိုင်ရာ အထက်အဖွဲ့အစည်းများကလဲ ဦးစားပေးလေ့လာရမယ့် ဘာသာရပ်များ စာစောင်များကို သတ်မှတ်ပေးရပါမယ်။

မာ့က်စ် ဝါဒသဘောတရားတွေရဲ့ အုတ်မြစ်ဟာ မာ့က်စ်ဝါဒအဘိဓမ္မာ ဖြစ်ပါတယ်။ ဒါကြောင့် မာ့က်စ်ဝါဒအဘိဓမ္မာ လေ့လာရေးကို အလေးပေးရပါမယ်။

မာ့က်စ်ဝါဒကို တရားသေအဖြစ် ကျွန်တော်တို့ ဘယ်တုန်းကမှ သဘောမထားပါဘူး။ မာ့က်စ်ဝါဒဘဏ္ဍာတိုက်ကို အသစ်အသစ်များနဲ့ ဖြည့်ဆည်းနေရတာ ဖြစ်ပါတယ်။ အသစ်အသစ်များဟာလဲ အခြေအနေသစ် အကြောင်းအချက်သစ်မှာ လက်တွေ့လုပ်ဆောင်မှုများကနေ ရလာတာ ဖြစ်ပါတယ်။

သိပ္ပံပညာရပ်တိုင်း တိုးပွားသလိုပဲ မာ့က်စ်ဝါဒဟာ တိုးပွားရမှာ ဖြစ်ပါတယ်။

အာကာသ သိပ္ပံပညာမှာ ကော့ပါးနီးကပ်စ် – ဂယ်လီလီယို – နယူတန်တို့ တွေ့ရှိပြောဆိုခဲ့တဲ့အတိုင်း ရပ်နေတာ မဟုတ်ပါဘူး။ ပိုပြီးမြင့်မြင့်တက် ဝေးဝေးမြင်နိုင်လေ သေးသေးမြင်ပြီး အနုစိတ်ကြည့်နိုင်လေလေ တိုးပွားနေလေလေ ဖြစ်ပါတယ်။ သိပ္ပံပညာဘဏ္ဍာတိုက်ကို အသစ်အသစ်နဲ့ ဖြည့်နေရတာပါ။

သဘာဝသိပ္ပံပညာမှာလဲ ဒါဝင်နဲ့တင် ရပ်မနေပါဘူး။

မာ့က်စ်ဝါဒဟာလဲ အဲဒီသဘောအတိုင်း ဖြစ်ပါတယ်။



လိုလားပါတယ်။

ကွန်မြူနစ်များဟာ အနုပဋိလောမရုပ်ဝါဒသမားတွေ ဖြစ်ပါတယ်။ ဘယ်ဖြစ်ပေါ်ပြောင်းလဲမှုမှာမဆို အတွင်းပိုင်းအကြောင်းရင်းက အဓိက၊ ပြင်ပအကြောင်းက သာမညလို့ ယူဆပါတယ်။

အပြင်အပက စေ့ဆော်မှုဟာ အတွင်းပိုင်းပဋိပက္ခ ရှိနေမှသာ အစွမ်းပြနိုင်ပြီး အကျိုးသက်ရောက်မှု ရှိနိုင်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ နယ်စပ်မှခွဲထွက်ရေး အရေးအခင်းကိုပဲ ဥပမာပြုပါမယ်။ နယ်စပ်မှ အင်အားစုများ ပါတီမှ ခွဲထွက်ကြတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ သုံးသပ်ချက်က ကျွန်တော်တို့ပါတီတွင်းက အတွင်းပိုင်းအကြောင်းရင်းကြောင့်သာ ဒီကိစ္စကြီး ဖြစ်လာရတာလို့ သုံးသပ်ပါတယ်။ အတွင်းပိုင်း အကြောင်းရင်းသာအဓိက ဖြစ်ပါတယ်။

ပြင်ပက စေ့ဆော်မှု မပါဘူးလားဆိုတော့ ပါပါတယ်၊ အများကြီး ပါပါတယ်။ ဒါပေမဲ့ ဒါဟာအဓိက မဟုတ်ပါဘူး။ သာမညသာ ဖြစ်ပါတယ်။ ဒါကြောင့်လဲ ကျွန်တော်တို့ နိဂုံးချုပ်ချက်က ထောက်လှမ်းရေးရဲ့ ဖြိုခွဲရေးပေါ်လစီကြောင့်၊ ပြင်ပက လူမျိုးရေးစိတ်ဓာတ်သွင်းပြီး သွေးခွဲပေးနေကြတာတွေကြောင့် – ဘာကြောင့်ညာကြောင့်ဆိုပြီး အပြင်ပအကြောင်းများအပေါ် အပြစ်ပုံ မချပါဘူး။ အပြစ်ကို ကိုယ့်အတွင်းမှာသာ ရှာပါတယ်။

ဆိုဗီယက်ယူနီယံ ပြိုကွဲမှုကြီးအပေါ် သုံးသပ်ချက်ကို ရှေ့ပိုင်းမှာ တင်ပြခဲ့ပါတယ်။ အတွင်းပိုင်း အကြောင်းရင်းများကိုသာ အဓိကထား တင်ပြခဲ့တာ တွေ့ရမှာပါ။ အမေရိကန်နဲ့ အနောက်နယ်ချဲ့သမားတွေရဲ့ ပြင်ပက စေ့ဆော်မှုတွေကို အဓိက မထားပါဘူး။

အမေရိကန် နယ်ချဲ့သမားရဲ့ ဗမာပြည်ပေါ်လစီဟာ တသမတ်တည်းရှိခဲ့တာ မဟုတ်ပါဘူး။ အပြောင်းအလဲတွေ ရှိပါတယ်။ အဲဒီ အပြောင်းအလဲတွေ အပေါ်မှာ မူပြီးတော့ ဗမာပြည်ကွန်မြူနစ်ပါတီ ဆန့်ကျင်ရေးအရှိန် အတက်အကျလဲ ရှိတတ်ပါတယ်။

ရန်ကုန်မှာရှိတဲ့ အစိုးရက တရုတ်ပြည်ဆန့်ကျင်ရေးနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဆန့်ကျင်ရေးကို တက်တက်ကြွကြွလုပ်နေရင် နယ်ချဲ့သမားဟာ အဲဒီအစိုးရကို ပံ့အောပြီး ထောက်ခံပါတယ်။ ဒီမိုကရေစီရေးတို့ – လူ့အခွင့်အရေး မှတ်တမ်းတို့ကို ဘာမှမပြောပါဘူး။ အစိုးရရဲ့ ပြည်တွင်းစစ်တိုက်ရေးမှာလဲ တက်တက်ကြွကြွ အကူအညီပေးပါတယ်။ အဲဒီလို အခါမျိုးမှာဆိုရင် စစ်အစိုးရကို လက်နက်ကိုင်တိုက်နေတဲ့ လူမျိုးစုအင်အားတွေကို ရှိတယ်လို့တောင် သဘောမထားပါဘူး။ အမေရိကန်ပြည်ထဲကိုတောင် ခေါင်းဆောင်တွေ ဝင်ခွင့်မပေးပါဘူး။ ယိုးဒယားစစ်တပ်ကသာ ပထဝီနိုင်ငံရေးသဘောအရ ကွန်မြူနစ်ဒီလိုင်း တားဆီးရေးတံတိုင်း ကာရေးအတွက် ဆက်ဆံပါတယ်။

၁၉၈၈ ခုနှစ် နောက်ပိုင်းကျမှသာ အပြောင်းအလဲ ဖြစ်လာတာပါ။ ဒါလဲ ဒီမိုကရေစီအရေးတော်ပုံရဲ့ ကျေးဇူးပါ။ ဒီအပြောင်းအလဲဟာ ယာယီအပြောင်းအလဲ ဖြစ်ပါတယ်။ ထာဝရ

အပြောင်းအလဲလို့ ထင်မှတ်မှားကြရင် ပြဿနာတွေ့ကြပါလိမ့်ဦးမယ်။

၁၉၈၈/ ဒီမိုကရေစီအရေးတော်ပုံ အထွတ်အထိပ်ရောက်နေစဉ်က ထောက်လှမ်းရေးရဲ့ ထိပ်ပိုင်းနဲ့ စစ်အုပ်စုတွင်းမှာပြောကြတဲ့ စကားတခွန်း ရှိပါတယ်။ “ဘယ်သူရိုက်လိုက်တယ်ဆိုတာကို အရိုက်ခံရသူနဲ့ ရိုက်လိုက်သူကသာ သိလိုက်တယ်။ တခြားသူတွေက မသိလိုက်ကြဘူး” ဆိုတဲ့စကားပါ။

“ရိုက်သူ ဗကပနဲ့ ခံရသူစစ်အစိုးရ” ကသာ သိလိုက်တယ်၊ လူထုကြီးက မသိလိုက်ကြဘူးဆိုတဲ့ သဘောပါ။

ဒါကြောင့် ထောက်လှမ်းရေးက သက်သေခံအထောက်အထားတွေကို အရှုးအမူးလိုက်လံရှာဖွေပြီး သတင်းစာရှင်းလင်းပွဲတွေ အကြိမ်ကြိမ်လုပ်ကာ တင်ပြနေတာပါ။

အမေရိကန်နယ်ချဲ့ကလဲ ၁၉၈၈/ ဒီမိုကရေစီအရေးတော်ပုံကို သူ့စိတ်ကြိုက် ပုံသွင်းဖို့ – သူ့အကွက်ထဲ ဝင်လာစေဖို့ဆိုရင် အရေးတော်ပုံကို ‘နဝတ’က ကွန်မြူနစ်နဲ့ တွဲဖက်ထားတာကို မကြိုက်နိုင်ပါဘူး။

ဗမာပြည်ကွန်မြူနစ်ပါတီဆိုတာ မရှိတော့ဘူး။ ကွန်မြူနစ်ကို လက်ညှိုးထိုးပြမနေနဲ့လို့ ပြောပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ မရှိတော့ဘူးလို့ နိုင်ငံခြားစာနယ်ဇင်းတွေမှာလဲ သတင်းသမားတချို့က ရေးကြပါတယ်။ အမေရိကန်နယ်ချဲ့ရဲ့ သံယောင်လိုက်ပြီး ပြည်တွင်းမှာ တချို့တလေကလဲ ပြောကြပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ တည်ရှိနေတယ်၊ မတည်ရှိတော့ဘူးဆိုတာကို ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်။ ကျွန်တော်တို့က ဘာမှဝင်ပြီး စွက်ဖက်မှာ မဟုတ်သလို စွက်ဖက်စရာလို့လဲ သဘောမထားပါဘူး။

တခုပဲ အလေးအနက် တင်ပြပါမယ်။ ကျွန်တော်တို့နဲ့ ဘုံရန်သူစစ်အစိုးရ ဆန့်ကျင်ရေးအလုပ်ကို အတူတွဲလုပ်ရင်– ကျွန်တော်တို့ပါတီရဲ့ အဆင့်နေရာကိုတော့ တနည်းနည်းနဲ့ အသိအမှတ်ပြုရပါမယ်။ ကွန်မြူနစ်ချေမှုန်းရေးလဲ မလုပ်ဖို့ လိုပါတယ်။

ထောက်လှမ်းရေးဟာ ကောက်ကျစ်ပါတယ်။ ကွန်မြူနစ်ဆိုရင် ဘယ်သူက သတ်သတ် – သတ်စေချင်ပါတယ်။

၁၉၈၈ စက်တင်ဘာလရဲ့ ဟိုဘက်တွေတုန်းက စစ်အစိုးရဆန့်ကျင်ရေးသမား ဒီမိုကရေစီတော်လှန်ရေးသမားတိုင်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ပုံစံအမျိုးမျိုး လမ်းအသွယ်သွယ်နဲ့ ဆက်စပ်မှု ရှိကြပါတယ်။ စစ်အစိုးရကိုဆန့်ကျင်တဲ့ တပြည်လုံးဆိုင်ရာအင်အားစုဟာ ကျွန်တော်တို့ပါတီသာရှိတော့ အနယ်နယ်အရပ်ရပ်က ကျွန်တော်တို့ပါတီနဲ့ ဆက်စပ်ပတ်သက်လာကြတာ မဆန်းပါဘူး။ ‘မဆလ’ လုပ်ရင်လုပ်၊ မလုပ်ရင် ‘ဗကပ’ ပဲ လုပ်စရာ ရှိနေတာပါ။ ကျွန်တော်တို့နဲ့ ပတ်သက်ဆက်စပ်မိသူတိုင်းလဲ ကွန်မြူနစ်ဖြစ်မလာကြပါဘူး။

လှုပ်ရှားမှုတခုမဟုတ်တခုမှာ သူတို့ဟာ အဖမ်းခံကြရပါတယ်။ ထောက်လှမ်းရေးရဲ့



စစ်ကြောခြင်း ခံကြရပါတယ်။

အဲဒီစစ်ကြောချက်တွေကို အခုပြန်ဖော်ပြီး သူတို့ဟာ ကွန်မြူနစ်တွေပဲလို့ လက်ညှိုးထိုးပြနေပါတယ်။ ဘယ်သူကသတ်သတ် ‘ကွန်မြူနစ်’ သေရင်ပြီးရောဆိုပြီး လုပ်နေတာပါ။

ကျွန်တော်တို့ပါတီဟာ ဗမာပြည်မှာ ဒီမိုကရေစီထွန်းကားရေးအတွက် ဒီမိုကရေစီတော်လှန်ရေးကို အဦးဆုံးဆင်နွှဲခဲ့တဲ့ပါတီ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ဒီမိုကရေစီဟာ လူတန်းစား ၄ ရပ် (အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစားနဲ့ ပြည်ချစ်အရင်းရှင်) အတွက် ဒီမိုကရေစီ ဖြစ်ပါတယ်။ တနည်းအားဖြင့် ပြည်သူ့ဒီမိုကရေစီ ဖြစ်ပါတယ်။ ဒါကို ဘယ်တုန်းကမှ လျှို့ဝှက်ထားတာ မဟုတ်ပါဘူး။

ပြည်သူ့ဒီမိုကရေစီ မဟုတ်ဘဲ – အခြေခံဒီမိုကရေစီအခွင့်အရေးများအတွက်သာ တိုက်တဲ့ တိုက်ပွဲတိုင်းကိုလဲ ဘယ်သူကတိုက်တိုက် တက်တက်ကြွကြွ ထောက်ခံမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခြေခံဒီမိုကရေစီ ရှိနေတာဟာ စစ်အစိုးရ ရှိနေတာထက် အလုပ်သမား၊ လယ်သမား၊ အလတ်တန်းစားနဲ့ ပြည်ချစ်အရင်းရှင်များအတွက် အကျိုးရှိလို့ပါ။

နယ်ချဲ့သမားတွေကတော့ ကွန်မြူနစ်နဲ့ ဒီမိုကရေစီကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် အရာများအဖြစ် သဘောထားပါတယ်။ ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်မှ ဒီမိုကရေစီအစစ်အမှန်လို့ သူတို့ယူဆပါတယ်။ နယ်ချဲ့သမားက ဒီလိုပြောတာဟာ သူ့ ရပ်တည်မှုအရ ပြောတာဖြစ်လို့ သဘာဝကျပါတယ်။ သေသည်အထိ ဒီအတိုင်း သူတို့ရပ်တည်သွားမှာပါ။ သူတို့ရဲ့ အသိအမှတ်ပြုမှုကိုလဲ ကျွန်တော်တို့ တောင်းဆိုနေတာ မဟုတ်ပါ။

ပြည်တွင်းအင်အားစု (ကျွန်တော်တို့နဲ့ အလုပ်တူတွဲလုပ်မယ့်အင်အားစု) တွေကိုတော့ ကျွန်တော်တို့ကို စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး – စစ်အစိုးရ ဆန့်ကျင်ရေး– စစ်ဗျူရိုကရေစီ ယန္တရားဆန့်ကျင်ရေး – (စစ် ၃ စစ် ဆန့်ကျင်ရေး) လုပ်နေတဲ့ ဒီမိုကရေစီ အင်အားစုအဖြစ် အသိအမှတ်ပြုဖို့ တောင်းဆိုပါတယ်။

ကွန်မြူနစ်ဝါဒဆန့်ကျင်ရေးအယူအဆ ရှိကြတာ ရှိပါ၊ ဒါကို မကန့်ကွက်ပါဘူး၊ ကွန်မြူနစ်ဝါဒနဲ့ ပါတီတည်ရှိခွင့်ကို အသိအမှတ်မပြုတာကိုတော့ ကျွန်တော်တို့ လက်မခံနိုင်ပါ။ ကျွန်တော်တို့ပေါ်လစီက ကွန်မြူနစ်နဲ့ ကွန်မြူနစ်ဆန့်ကျင်သူတို့ အခြေခံဒီမိုကရေစီဘောင်အတွင်းမှာ ငြိမ်းချမ်းစွာယှဉ်ပြိုင်ဖို့ ဖြစ်ပါတယ်။ အခြေခံဒီမိုကရေစီအခွင့်အရေး ခံစားခွင့်ကို ခြွင်းချက်ထားတာ ကျွန်တော်တို့ သဘောမတူနိုင်ပါ။

ကွန်မြူနစ်နဲ့ပေါင်းရင် ဒါမှမဟုတ် ကွန်မြူနစ်ဝါဒဆန့်ကျင်ရေး၊ တရုတ်ပြည် ဆန့်ကျင်ရေးကို မလုပ်ရင် နယ်ချဲ့သမားတွေက ငြိုငြင်တတ်တယ်ဆိုတာကို ကျွန်တော်တို့ သိပါတယ်။ နားလည်မှုလဲ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အလုပ်တူတွဲလုပ်သူများ – မဟာမိတ်များ – တပ်ပေါင်းစုအဖွဲ့ဝင်များကို ထောက်ထားရေးပေါ်လစီကိုပါ ချမှတ်ကျင့်သုံးနေတာ ဖြစ်ပါတယ်။

မီးကျိုးမောင်းပျက်နဲ့ တိုက်ရတော့လဲ တိုက်ရတာထက် ရှောင်ရတာက များပါတယ်။ စစ်တပ်ကိုကိုင်ပြီး တောခိုလာတာမှ မဟုတ်တာ၊ ပြင်ပြီးဆင်ပြီး ကိုယ်ကြိုက်တဲ့အချိန်မှာ တိုက်ရတာမှ မဟုတ်တာ – ဒီလိုပဲ ဖြစ်ရမှာပါ။

၁၉၈၈/ ဒီမိုကရေစီအရေးတော်ပုံက ရဲဘော်တွေကို ကျွန်တော်တို့ ကိုယ်ချင်းစာနိုင်တာဟာ ကျွန်တော်တို့ကိုယ်တိုင် ကြုံဖူးလို့ပါ။

တော်လှန်ရေးသမားတိုင်းဟာ တော်လှန်တဲ့အတွေးအခေါ်ကို ရုပ်ဝတ္ထုအင်အားအဖြစ် ပြောင်းလဲပစ်ရပါမယ်။ စိတ်ပျက်အားငယ်တဲ့ အတွေးအခေါ်က အရှုံးပေးရေးကိုသာ ဖြစ်စေပါတယ်။

တော်လှန်တဲ့ အတွေးအခေါ်ကို ရုပ်ဝတ္ထုအင်အားအဖြစ် ပြောင်းနိုင်ပါတယ်။ မာ့က်စ်က 'တော်လှန်တဲ့ အတွေးအခေါ်ဟာ လူထုကြီးကို ချုပ်ကိုင်မိတာနဲ့တပြိုင်နက် ရောမ ရုပ်ဝတ္ထုအင်အားကြီး ဖြစ်လာတယ်။' လို့ ဆိုဖူးပါတယ်။ ဒါဟာ အနုပဋိလောမရုပ်ဝါဒအမြင် ဖြစ်ပါတယ်။

တော်လှန်ရေးသမားတွေအနေနဲ့ လက်ရှိအခြေအနေမှာ လုပ်နိုင်တာတွေနဲ့ လုပ်စရာတွေ အများအပြား ရှိပါတယ်။ မှန်ကန်တဲ့လမ်းစဉ်ကို အခြေခံပြီး စွန့်လွှတ်စွန့်စားတာ လုပ်ကြရင် အခက်အခဲဟူသမျှ ကျော်နင်းနိုင်မှာ ဖြစ်ပါတယ်။

<u>ပါတီဝင်သစ် သိမ်းသွင်းရေး ပြဿနာ။</u>

ပါတီက ချမှတ်ထားတဲ့ 'အဝင်ခက်ပြီး အထွက်လွယ်စေရမယ်။' (ဝင်တဲ့အခါမှာ ပါတီရဲ့ဖွဲ့စည်းပုံမှာ သတ်မှတ်ထားတဲ့အတိုင်း တင်းတင်းကျပ်ကျပ် သေချာစွာစိစစ်ပြီးမှ လက်ခံတယ်။ မယုံကြည်တော့ဘူးဆိုတဲ့အခါမှာ လွယ်ကူစွာနဲ့ နုတ်ထွက်သွားနိုင်တယ်။)

ပါတီစည်းမျဉ်းဥပဒေအတိုင်း ကျင့်သုံးရပါမယ်။ ပါတီဝင် ဖြစ်လိုသူများကို ပညာပေးမှု – စိစစ်မှု – စမ်းသပ်မှုကို စနစ်တကျ လုပ်ရပါမယ်။

ပါတီဟာ အဓိကအားဖြင့် မြေအောက်လုပ်ငန်းကို လုပ်ဆောင်နေရတဲ့ လက်ရှိအခြေအနေမှာ အခါအားလျော်စွာ ထုတ်ပြန်မယ့် မြေအောက်လုပ်ငန်းဆိုင်ရာ စည်းကမ်းနည်းလမ်းများကိုလဲ တင်းတင်းကျပ်ကျပ် လိုက်နာစေရပါမယ်။

ပါတီဝင်အားလုံးကို သံမဏိစည်းကမ်း လိုက်နာတဲ့၊ သန္နိဋ္ဌာန်ခိုင်မာပြတ်သားတဲ့၊ အကျင့်သိက္ခာ ဖြူစင်တဲ့ သူများဖြစ်ဖို့ တောင်းဆိုရပါမယ်။

စစ် (၃) စစ်ကို ဆန့်ကျင်ရာမှာ စံပြများ ဖြစ်ကြရပါမယ်။

ပါတီကို နိုင်ငံရေးအရ – အတွေးအခေါ်အရ ပိုမိုစည်းလုံးညီညွတ်အောင် တည်ဆောက်ရာမှာ တက်ကြွတဲ့အခန်းက ပါဝင်ကြရပါမယ်။ ကွန်မြူနစ် တယောက်ဟာ ပါတီရပ်တည်ချက် ကြံ့ခိုင်ရပါမယ်။ ပါတီညီညွတ်ရေးကို ထိန်းသိမ်းကာကွယ်သူ ဖြစ်ရပါမယ်။



အရေးအကြီးဆုံး သတိပြုရမှာကတော့ အသစ်တွေ့ရှိတယ်ဆိုပြီး အခြေခံကို ငြင်းပယ်မပစ်မိဖို့ ဖြစ်ပါတယ်။

<u>စဉ်းစားတွေးခေါ်နည်းကို သတိပြု။</u>

ပါတီဝင်များဟာ 'အရာရာကို အတည်ပြု– အရာရာကိုငြင်းပယ်' တဲ့ စဉ်းစားတွေးခေါ်မှုမျိုး မရှိဖို့ လိုပါတယ်။ 'မှားတယ် ဆိုရင်လဲ အားလုံးမှား – မှန်တယ်ဆိုရင်လဲ အားလုံးမှန်'၊ အဲဒါမျိုးဟာ တကယ့်လက်တွေ့မှာ မရှိပါဘူး။

လီနင်က နယ်ချဲ့စနစ်ကျမ်းကို ရေးခဲ့တာ ရာစုနှစ်တခုနီးပါးရှိခဲ့ပါပြီ။ အဲဒီကျမ်းမှာပါတဲ့ အနှစ်သာရကို မယူမိဘဲ – အဲဒီကျမ်းက အဆိုအမိန့်တချို့နဲ့ စာရင်းဇယားတွေ ခေတ်မမီတော့တာကိုသာ ယူမိပြီး 'အရာရာကို ငြင်းပယ်' တာမျိုးဟာ မှားပါတယ်။ အပြန်အလှန်အားဖြင့် 'အရာရာကိုအတည်ပြု' မိရင်လဲ မှားတာပါပဲ။

အခါအားလျော်စွာ အခိုက်အတန့် ကာလကလေးတခုမှာ ဖြစ်လာတာကို တလောကလုံးဆိုင်ရာ အမှန်တရားအဖြစ် ထင်မှတ်မှားမိရင် အိုးနင်းခွက်နင်း ဖြစ်တတ်ပါတယ်။

သာဓက ကလေးတခု တင်ပြပါမယ်။ စိန်လွင်ပြုတ်ပြီး ဒေါက်တာမောင်မောင် သမ္မတဖြစ်နေတဲ့ အချိန်က မန္တလေးဟာ ဒီမိုကရေစီတံခါးကြီး ပွင့်နေတဲ့ကာလ ဖြစ်ခဲ့ပါတယ်။ ဒီတခါတော့ စစ်အစိုးရကို နောက်ဆုံးပိတ် တိုက်ပွဲတိုက်ရတာပဲဆိုပြီး လူထုကြီးဟာ ခါးစည်းပြီး ဆန်ပြုတ်သောက်ကာ ဆန္ဒပြပွဲကြီးတွေတခြိမ့်ခြိမ့် ကျင်းပကြပါတယ်။ လူထုမှာ အောင်ပွဲခံစိတ်တွေ ပြည့်လျှမ်း နေပါတယ်။ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်စွာ သဘာဝကျစွာ ဖြစ်နေတာပါ။

ဆန္ဒပြပွဲကလေးတခုမှာ ပုဂ္ဂိုလ်တယောက်က တက်ကြွစွာ မိန့်ခွန်းပြောပါတယ်။ ပြောတဲ့အခါမှာ အဆောတလျင် ယေဘုယျပြုမိတဲ့ အမှားတခု ကျူးလွန်သွားပါတယ်။ အဲဒါကတော့ "မော်စီတုန်းရဲ့သေနတ်ပြောင်းဝက နိုင်ငံရေးအာဏာထွက်တယ်ဆိုတာ ဗမာပြည်မှာတော့ မှားသွားပြီ" လို့ ကြေညာလိုက်ပါတယ်။

'ရရင်ရ–မရရင်ချ' ဆိုတဲ့အမှန်ဘက်က တင်ပြနေသူတွေကို ချေပဖို့ ဒီပုဂ္ဂိုလ် နှုတ်လွန်ခြေလွန် ပြောလိုက်တာပါ။

ရက်ပိုင်းအတွင်းမှာပဲ 'နိုင်ငံရေးအာဏာဟာ သေနတ်ပြောင်းကထွက်တယ်' ဆိုတဲ့ အမှန်တရားကို (နဝတ) က လက်တွေ့ပြလိုက်ပါတယ်။

သွေးနဲ့ရင်းလိုက်ရတဲ့ သင်ခန်းစာပါ။ နိုင်ငံရေးအာဏာ နဝတရဲ့ သေနတ်ပြောင်းက ထွက်ပြီးတဲ့နောက် တပြည်လုံးမှာ (နဝတ) က လက်စားချေပွဲကြီး လုပ်ပါတယ်။ အခုအထိလဲ လုပ်နေပါတယ်။ နဝတရဲ့ 'တည်ဆောက်ရေး – ပြုပြင်ရေး' ဟူသမျှဟာ 'လက်စားချေရေး' ဆိုတဲ့စေတနာ ပါနေတာချည်း ဖြစ်ပါတယ်။

သဏ္ဍာန်လောဂျစ် စဉ်းစားနည်းကို ဆန့်ကျင်ကြ။

အနှစ်သာရကို ပစ်ပယ်ပြီး သဏ္ဍာန်ကိုသာ အလေးထားတဲ့ စဉ်းစားနည်းလို့ လွယ်လွယ်ပဲ အဓိပ္ပာယ်ဖွင့်ပါရစေ။

သဏ္ဍာန်လောဂျစ် စဉ်းစားနည်းနဲ့ စဉ်းစားပြီး လုပ်ခဲ့တာမှာ စံချိန်တင်ရမယ့် ပုဂ္ဂိုလ်ကတော့ ဦး/ဗိုလ် နေဝင်း ဖြစ်ပါတယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပြည်သူ့တပ်မတော်၊ ပြည်သူ့စစ်၊ ပြည်သူ့ဆိုင်၊ ပြည်သူ့ပိုင်၊ ဆိုရှယ်လစ်အရင်းအနှီး၊ ရှေ့ဆောင်လူငယ် စတာတွေပါ၊ ကုန်အောင်သာရေးရရင် စာမျက်နှာ တော်တော်များများ ကုန်နိုင်ပါတယ်။

ကွန်မြူနစ်ပါတီနဲ့ ပါတီရဲ့လမ်းစဉ်ကို သဏ္ဍာန်ဝါဒနဲ့ ရင်ဆိုင်ဖို့ လုပ်လိုက်တာပါ။

ဒီနာမည်တွေဟာ ဖမ်းစားနိုင်စွမ်းရှိသလားဆိုတော့၊ ရှိပါတယ်။ အပေါ်ယံသာ ရှုပ်ပြီး တွေးတတ်သူများ၊ ရိုးအထုံထိုင်းသူများနဲ့ ဗမာပြည်အကြောင်း မလေ့လာဖူးသူ နိုင်ငံခြားမှ အချို့ပုဂ္ဂိုလ်များကို ဖမ်းစားနိုင်ပါတယ်။

မဆလ ပါတီဆိုတာကိုပဲ ကြည့်ပါ၊ တကယ်လေးနက်တဲ့ တော်လှန်ရေးပါတီတရပ်ရဲ့ သဏ္ဍာန်တွေ ယူထားပါတယ်။ သဘောတရားစာတမ်းတွေ ပါတီဖွဲ့စည်းပုံတွေ – ဌာနကြီးတွေ – ပါတီကျောင်းတွေ – ညီလာခံတွေနဲ့ ဟိတ်ဟန်တွေ ထုတ်ထားပါတယ်။ အနှစ်သာရကျမှသာ ဗလာဖြစ်နေတာပါ။ သာဓက ကလေးတခု တင်ပြပါမယ်။

ဖဆပလအဖွဲ့ အကွဲအပြဲဖြစ်ပြီး စစ်တပ်က အာဏာသိမ်းသင့် မသိမ်းသင့်ကို ဆိုရှယ်လစ်စစ်ဗိုလ်တွေ စဉ်းစားနေကြချိန်က ဗိုလ်မှူးအဆင့်ရှိ စစ်ဗိုလ်တဦးက ပြောပါတယ်။

“ကျွန်တော်က ကျောင်းသားသမဂ္ဂလဲ မလုပ်ဖူးဘူး။ စစ်အတွင်းကလဲ စစ်ဗိုလ်ကလေး ဘဝနဲ့ အိန္ဒိယပါသွားတာ – ဒါကြောင့် ကွန်မြူနစ်လဲ မဖြစ်ခဲ့ဘူး၊ ဆိုရှယ်လစ်လဲ မဖြစ်ခဲ့ဘူး။ စစ်ပြီးလို့ ပြန်လာစစ်မှုထမ်းတော့ ကျွန်တော့်အောက်က စစ်ဗိုလ်တွေက တယောက်ပြီး တယောက် ရာထူးတွေ ခုန်တက်သွားကြတယ်။ ကြည့်လိုက်တော့ အားလုံးဆိုရှယ်လစ်တွေချည်း ပဲ။ ကျုပ်တို့ တပ်မင်းလဲ ဒီလိုပဲ”

“နောက်တခါ ခေတ်ပျက်ရင်တော့ အသစ်ပေါ်တဲ့ ပါတီထဲ ဝင်ပစ်မယ်။ ဒါမှ ရာထူးတက်မှာ”တဲ့။

အဲဒီစစ်ဗိုလ်ဟာ မဆလ ပေါ်လာတော့ ထိပ်သီးတဦး ဖြစ်နေပါတယ်။ သူ့စဉ်းစားချက်ကို အကောင်အထည် ဖော်လိုက်ပုံပါပဲ။

အဲဒီလို လူမျိုးတွေနဲ့ ဖွဲ့ထားတဲ့ပါတီဟာ ဘာနာမည်တပ်ထားထား အနှစ်သာရကတော့ စစ်ဗျူရိုကရက်ပါတီပဲ ဖြစ်နေမှာပါ။

သဏ္ဍာန်တခု ယူလိုက်ရုံနဲ့ အနှစ်သာရ ပြောင်းမသွားပါဘူး။

အနီးကပ်ပြီး ကြည့်ရပေမယ့် တိမ်သလ္လာဖုံးနေသူက သဏ္ဍာန်ကိုသာ မြင်သလို



အဝေးကလူကလဲ သဏ္ဍာန်သာ မြင်တတ်ပါတယ်။

တိမ်သလ္လာဖုံးပြီး မဆလထဲ ဝင်ကြသူတွေ ပြည်တွင်းမှာလဲ မနည်းပါဘူး။ တချို့လဲ အဂတိလေးပါး လိုက်စားပြီးဝင်တာ ဖြစ်ပါလိမ့်မယ်။

အဝေးက (အင်ဒိုနီးရှားက) ရဲဘော်တယောက်ကတော့ “ခင်ဗျားတို့ဆီက ဗိုလ် နေဝင်းက သိပ်တိုးတက်တယ်။ ကျုပ်တို့ဆီက ဆူဟာတိုနဲ့တော့ တခြားစီပဲ” လို့ ပြောဖူးပါတယ်။ သူကလဲ အဝေးကကြည့်ရတော့ သဏ္ဍာန်ကိုသာမြင်ပြီး အနှစ်သာရကို မမြင်ရလို့ပါ။

တတိယကွန်ဂရက် အစီရင်ခံစာမှာပါတဲ့ ဗမာပြည်ဟာ ကိုလိုနီတပိုင်းလက္ခဏာ ရှိတယ်ဆိုတဲ့ သုံးသပ်ချက်ဟာ သဏ္ဍာန်လောဂျစ်ပဲလို့ စွပ်စွဲသူလဲ ရှိပါတယ်။

သူ့တင်ပြချက်က “ဗမာပြည်ဟာ နယ်ချဲ့ကြွေးတွေကြောင့် ကိုလိုနီတပိုင်းလက္ခဏာ ရှိတာလို့ သုံးသပ်ရင်၊ အမေရိကန်ဟာ နယ်ချဲ့နိုင်ငံမဖြစ်ဘဲ အကြီးဆုံး ကိုလိုနီတပိုင်းနိုင်ငံ ဖြစ်ကရောပေ့၊ အမေရိကန်မှာက ကြွေးအများဆုံးပဲ” လို့ ပြောပါတယ်။

အဲဒီအတိုင်းသာဆိုရင် ပါတီဗဟိုဟာ သဏ္ဍာန်လောဂျစ်တွေးခေါ်နည်း အမှားကို မှားတယ်တဲ့။

ဗဟိုကို သူစွဲတဲ့ပုဒ်မက သူ့ကို ပြန်ပတ်နေတာကို သတိပြုမိဟန်တော့ မတူပါဘူး။

နေ့ပြန်တိုးယူပြီး အကြော်လှည့်ရောင်းရသူ အပေါ်တင်တဲ့ကြွေးနဲ့ လုပ်ငန်းတိုးချဲ့ ချင်လို့ ဘဏ်ကကြွေးယူတဲ့ လုပ်ငန်းရှင်သူဌေးကြီးရဲ့ အကြွေးဟာ အကြွေးချင်းတူပေမယ့် အနှစ်သာရချင်း မတူကြဘူးဆိုတာကို လူတိုင်းသိပါတယ်။ သူလဲသိမှာပါ၊ ဒါပေမဲ့ စွဲချက် တင်ချင်လွန်းတာကြောင့် (သို့မဟုတ်) သူလုပ်နေကျအတိုင်း တစုံတဦးကို မျက်နှာလိုအားရ လုပ်ချင်ဇောကြောင့် သဏ္ဍာန်လောဂျစ် ဖြစ်သွားပုံပါဘဲ။

ပါတီဗဟိုက လက်ရှိဗမာပြည်ရဲ့ ကိုလိုနီတပိုင်း လက္ခဏာဟာ ဒု/ စစ်ကြီး မဖြစ်မီက ကိုလိုနီတပိုင်းလက္ခဏာတွေလိုပဲ အဲဒီ (သဏ္ဍာန်တွေ) အတိုင်းရှိနေတယ်လို့ ဘယ်တုန်းကမှ မတင်ပြခဲ့ပါဘူး၊ ‘စပ်ကူးမတ်ကူး’ အဆင့်လို့ သတ်မှတ်ရာမှာ – နယ်ချဲ့စနစ်ကျမ်းထဲမှာပါတဲ့ လီနင်တင်ပြခဲ့တဲ့ ‘စပ်ကူးမတ်ကူး အဆင့်’ ဆိုတာမျိုးနဲ့တောင် မတူဘူးလို့ အတိအလင်း တင်ပြခဲ့တာ ဖြစ်ပါတယ်။

စိတ်ပျက်အားငယ်တဲ့ အတွေးအခေါ်တွေ အဝင်မခံနဲ့–

ကျွန်တော်တို့ပါတီရဲ့ (၅၅) နှစ်တာ ခရီးဟာ ကြမ်းတမ်းပါတယ်။ တခါတရံမှာ ထွက်ရပ်လမ်း မရှိတော့သလို ခံစားရတာလဲ အများအပြားပါ။

ဘီအိုင်အေ တပ်ဖျက်ရတုန်းက – ဖက်ဆစ်တော်လှန်ရေးတပ် ဖျက်ရတုန်းက ထွက်ရပ်လမ်းပိတ်သလို ခံစားရမှုတွေ ဖြစ်ခဲ့ပါတယ်။ ၄၈/မတ်လတုန်းက အခြေအနေတွေဟာလဲ စိတ်ပျက်အားငယ်စရာပါ။ အဖမ်းခံရသူတွေကလဲ အများအပြား – အဖမ်းမခံရဘဲ အပြေး ကောင်းလို့ လွတ်လာသူတွေကလဲ တကယ့်ကို အဝတ်တထည် ကိုယ်တခုနဲ့ လက်ဗလာပါ။

ခ။ ဒီမိုကရေစီ အရေးတော်ပုံအတွက်
လတ်တလောလုပ်ငန်းတာဝန်များ ပြဿနာ။

ပါတီမှ လတ်တလော လုပ်ငန်းတာဝန်များ (မူကြမ်း) ကို ရေးသားပြီး ဒီမိုကရေစီ အင်အားစု အသီးသီးသို့ တင်ပြထားပါတယ်။

အဲဒီလုပ်ငန်းတာဝန်တွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

### လတ်တလော လုပ်ငန်းတာဝန်များ

၁။ ပြည်တွင်းစစ် ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေး။

၂။ စစ်အာဏာရှင်စနစ်၊ စစ်အစိုးရနှင့် စစ်ဗျူရိုကရေစီ ယန္တရားတို့ကို ဖျက်သိမ်းပြီး စစ်မှန်သည့် ပါတီစုံ ဒီမိုကရေစီစနစ် ထူထောင်ရေး။

၃။ ဖောက်ပြန်သော ဥပဒေများ၊ အမိန့်ကြော်ငြာစာများစသည်တို့ကို ဖျက်သိမ်းပြီး ပြည်သူလူထု၏ အခြေခံဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို လေးစားအသိအမှတ်ပြုရေး။ (လူ့အခွင့်အရေးတွင် အဓိကနှင့် ပထမအကျဆုံးသည် လူ့အသက်ရှင်နေရေးနှင့် အလုပ်လုပ်နိုင်ခွင့် ရရေး ဖြစ်သည်။)

လွပ်လပ်စွာရေးသားပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ စုရုံးစည်းဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်၊ စီတန်းလှည့်လည်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ စာပေးစာယူလုပ်ခွင့်တို့ကို ရရှိရေး။

နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် အင်အားစုများအပေါ် မတရားသင်းကြေညာထားခြင်းများအား ပြန်လည် ရုပ်သိမ်းပေးရေး၊ ဖျက်သိမ်းခြင်းခံထားရသော နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများအား ပြန်လည်ဖွဲ့စည်းလှုပ်ရှားခွင့် ပြုရေး။

နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ရေး။ အကျဉ်းသားများအားခန္ဓာကိုယ်အရလည်းကောင်း၊ စိတ်ဓာတ်အရလည်းကောင်း၊ ညှင်းပန်းနှိပ်စက်ခြင်း မပြုရေး။

၄။ အမျိုးသားသွေးခွဲမှုကို ဆန့်ကျင်ပြီး၊ အမျိုးသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်ရေး။

အမျိုးသားပေါင်းစုံ ပြည်သူများအပေါ် ဖိနှိပ်မှု၊ စစ်ပြုမှု၊ လုယက်သတ်ဖြတ်မှု မှန်သမျှအားလုံး ချက်ချင်းရပ်စဲရေး။

အမျိုးသားလူနည်းစုဒေသများ တိုးတက်ဖွံ့ဖြိုးရေးကို ရည်ရွယ်ချက်ရှိရှိ၊ ခြေလှမ်းရှိရှိဖြင့် ဆောင်ရွက်ရေး။ ဤဒေသများတွင် အမျိုးသားပြည်သူများကို ဖိနှိပ်ချုပ်ခြယ်ရန် ရည်ရွယ်ချက်အတွက် အလွှန်အကျွံ ချထားသော စစ်တပ်များ ပြန်ရုပ်ရေး။

အမျိုးသားလူနည်းစု ပြဿနာကို တန်းတူရေးနှင့် သွေးစည်းရေး၊ အပြန်အလှန်အကျိုးရှိရေးအပေါ် အခြေခံပြီး လူမျိုးစုံပြည်သူတရပ်လုံး၏ဆန္ဒနှင့်အညီ တည်ရှိနေသော



(အပိုင်းသုံး)

### အထွေထွေပြဿနာများ

က။ ဗမာပြည်အတွက် ဖွံ့ဖြိုးရေး လမ်းကြောင်း။

ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ကာ ဒီမိုကရေစီပြည့်ဝ၍ တမျိုးသားလုံး စည်းလုံးညီညွတ်မှုရှိသော အခါကျမှသာလျှင် ဖွံ့ဖြိုးရေးသို့ တကယ်တမ်း ချီတက်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါသာလျှင် တခုတည်းသောလမ်းကြောင်း ဖြစ်ပါတယ်။

(နဝတ) ရဲ့ 'နယ်စပ်ဒေသ ဖွံ့ဖြိုးရေး – ငြိမ်းချမ်းရေး' ဆိုတာကလဲ တောင်မရောက် မြောက်မရောက် ငြိမ်းချမ်းရေးပါ။

မစေ့စပ်ဘူး အပြုတ်တိုက်မယ်လို့ပြောပြီး 'အပြုတ်တိုက်ငြိမ်းချမ်းရေး' 'လက်နက်ချငြိမ်းချမ်းရေး' လုပ်လာလိုက်တာ အခုကျတော့ လူမျိုးစုအင်အားစု တချို့နဲ့ "လက်နက်ကိုင်ထားတဲ့ ငြိမ်းချမ်းရေး" "ငွေမဲကို ခဝါချခွင့်ပေးတဲ့ ငြိမ်းချမ်းရေး" နဲ့ တစခန်းရပ်နေပါတယ်။

နိုင်ငံရေးအရ မဖြေရှင်းဘူးဆိုတဲ့ နဝတဟာ ဒီလူမျိုးစု အဖွဲ့တွေနဲ့ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေး ပြဿနာ (ဒါဟာ နိုင်ငံရေးပြဿနာစစ်စစ် ဖြစ်ပါတယ်။) ဆွေးနွေးနေရပါပြီ။ နိုင်ငံရေးနည်းနဲ့ ဖြေရှင်းရပါတော့မယ်။ အားလုံး – လုံးချာလည်ကုန်ကြတော့မှာပါ။

ပြည်တွင်းစစ်ဟာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ဆက်လက်ဖြစ်ပေါ်နေဦးမှာပါ။

ဗမာပြည်အနေနဲ့ မဖွံ့ဖြိုးဘဲ ဖြစ်နေရတာကို အကျဉ်းချုပ်ပြီးပြောရင် အဓိကအားဖြင့် အကြောင်းအချက် (၂) ချက် ရှိတယ်လို့ ယူဆပါတယ်။

တချက်က ပြည်တွင်းစစ်နဲ့ တိုက်ရိုက်ပတ်သက်တဲ့ အကြောင်းအချက်၊

နောက်တချက်က ပြည်တွင်းစစ်နဲ့ သွယ်ဝိုက်ပြီး ပတ်သက်တဲ့ အကြောင်းအချက်။— ဖြစ်ပါတယ်။

ပြည်တွင်းစစ်နဲ့ တိုက်ရိုက်ပတ်သက်တဲ့ အကြောင်းအချက်တွေကို အသေးစိတ်လိုက်ရင် အများအပြား ရှိပါလိမ့်မယ်။ ကောက်ကာငင်ကာပြောရရင် ...

၂ဖက်စစ်တပ်များရဲ့ စစ်စရိတ်များ – စစ်ကြောင့် သေကြေပျက်စီးရမှုများ၊ လုပ်အားကောင်းတဲ့ လူငယ်လူလတ်များရဲ့ ထုတ်လုပ်ရေး စွမ်းအားဆုံးရှုံးမှု – ချောဆွဲလို့ ထုတ်လုပ်ရေး လုပ်အားဆုံးရှုံးမှုစတာတွေ ဖြစ်ပါတယ်။

ဆင်းရဲတဲ့တိုင်းပြည်က (အစိုးရတပ်တခုထဲ ပြောရင်တောင်) စစ်သားသုံးသိန်းကျော်နဲ့ မှီခိုသူတွေ အနဲဆုံးတသန်းကို ကျွေးမွေးပြုစုနေရပါတယ်။

တိုင်းပြည်မှာရှိတဲ့ မွေးကင်းစ ကလေးကစပြီး သက်ကြီးရွယ်အိုများအထိ အားလုံးက ရှာဖွေကျွေးမွေးပြုစုနေရတာပါ။ အကြမ်းအားဖြင့် လူ ၄၀ တိုင်းက စစ်နဲ့ပတ်သက်တဲ့ လူတယောက်ကို ကျွေးမွေးပြုစုထားရတာပါ။

စာရင်းဇယား အသေးစိတ် စနစ်တကျပြုစုရင် ငွေကုဋေပေါင်းများစွာ ဖြစ်မှာပါ။

သွယ်ဝိုက်တဲ့ အကြောင်းအချက်တွေကတော့ အဓိကအားဖြင့် စီးပွားရေးအကြောင်း နကန်းတလုံး မသိသူတွေက လက်တည့်စမ်း စီးပွားရေးပေါ်လစီတွေ ကျင့်သုံးကြတာပါ။

စစ်အုပ်စုရဲ့ 'ပြည်သူပိုင်' လုပ်ဆောင်ချက်ကြောင့် ဆုံးရှုံးရတာတွေ – ပရမ်းပတာ စီမံကိန်းအမျိုးမျိုးကြောင့် ဆုံးရှုံးရတာတွေကို စာရင်းဇယားပြုစုလိုက်ရင် ပြည်တွင်းစစ်ကြောင့် တိုက်ရိုက်ဆုံးရှုံးရတာတွေထက် အဆနဲ့ချီပြီးများမှာ သေချာပါတယ်။

မဆလ ခေတ်တုန်းကတော့ ဟိုကရေနံတွေ့နိုး – ဒီကရေနံတွေ့နိုးနဲ့ ရေနံသိုက် တူးခဲ့ပါတယ်။ နဝတ ခေတ်ကျတော့ ရတနာမြေကကျောက်တွေ ရှာပါတယ်။ ရေနံလဲ တူးပါတယ်။ အခုအထိတော့ စီးပွားဖြစ် မထွက်သေးပါဘူး။ ကြံရာမရတော့ အိမ်ပေါင်မြေပေါင်ပြီးလုပ်တဲ့ စီးပွားရေးမျိုးနဲ့ အိမ်တိုင်ချွတ်ရောင်းတဲ့ စီးပွားရေးမျိုး … အဲဒီလမ်းကို လိုက်နေပါတယ်။ နှစ်ရှည် ကန်ထရိုက်ပေးပြီး (တည်ဆောက် – သုံးစွဲ – လက်လွှဲ) ပေးရေးစနစ်နဲ့ ဟိုတယ်တွေဆောက် တာနဲ့ သဘာဝအရင်းအမြစ်တွေ စိုက်ပျိုးထုတ်လုပ်ရေး ကုန်ကြမ်းတွေကို ထုတ်ရောင်း နေရတာကို ပြောတာပါ။

လူတွေသေကြေရတာမှာတောင် ပြည်တွင်းစစ်ကြောင့် သေကြေရတာတွေထက် ပြည်တွင်းစစ်နဲ့ တိုက်ရိုက်မပတ်သက်တဲ့ ငတ်လို့ – အစားဆင်းရဲလို့ သေကြရတာတွေ – ရေကြည်ရာမြက်နုရာ စီးပွားရှာကြရင်း ဖျားနာလို့ သေကြရတာတွေ၊ မြို့ပေါ်က လူထုဆန္ဒပြပွဲမှာ၊ တောထဲတောင်ထဲမှာ စစ်တပ်က ပစ်သတ်လို့ သေကြေကြရတာတွေက ပိုများမယ် ထင်ပါတယ်။

၁၉၈၈/ခုနှစ်အတွက်ဆိုရင်တော့ ပြည်တွင်းစစ်ကြောင့်ထက် ဆန္ဒပြပွဲမှာ သေကြေ ရတာဟာ အဆ ဆယ်နဲ့ချီပြီး ရှိပါတယ်။

အထက်မှာတင်ပြခဲ့တဲ့ အကြောင်းအချက် ၂ ချက်ရှိနေသရွေ့ ဖွံ့ဖြိုးရေးရှိမှာ မဟုတ်ပါဘူး။ ဒါကို ယတိပြတ် ပြောနိုင်ပါတယ်။

တိုင်းပြည်တွေရဲ့ သမိုင်းဖြစ်စဉ်မှာ – တခါနောက်ကျလိုက်ရင် သမိုင်းနဲ့ချီပြီး တကွေ့ကြီး အမီလိုက်ရင်တောင် မမီတော့တာကို ဖတ်ဖူးကြမှာပါ။

ဗမာပြည်ရဲ့ လက်တွေ့ကိုပဲ ကြည့်ပါ။ ဂျပန်ပြည်ခေတ်မီရေး ကြိုးပမ်းလာတဲ့ အချိန်နဲ့ ဗမာပြည်မှာ ခေတ်မီရေးလုပ်တဲ့အချိန်ဟာ အတူတူလောက်ပါ။ ခေတ်မီရေးလုပ်တဲ့ မေဂျီခေတ် ဟာ ၁၈၆၇ ကမှ စပြီးလုပ်ရတာပါ။

မတူတာကတော့ ဗမာပြည်က စစ် (၂) ပွဲ ရှုံးပြီး တိုင်းပြည်တဝက်ပဲ ကျန်ပါတော့တယ်။ ပထဝီ အနေအထားအရ ဂျပန်ပြည်ရဲ့ တည်ရှိမှုက ဗမာပြည်ထက် ကံကောင်းတယ်လို့ ဆိုရမှာပါ။

ဗမာပြည်မှာလဲ ဂျပန်ဧကရာဇ် မတ်ဆုဟီတိုလို အသိဉာဏ်ပွင့်လင်းတဲ့ ပဒေသရာဇ် ကနောင်မင်းသား (အိမ်ရှေ့မင်း) ရှိပါတယ်။ အနောက်နိုင်ငံများသို့ ပညာသင်များ လွှတ်ပါတယ်။ ဘယ်လိုပညာတော်သင်တွေ ရွေးခဲ့ကြသလဲ – ဆိုတာမှာတော့ ဂျပန်နဲ့ဗမာ ကွာသွားပါပြီ။ နိုင်ငံခြားထွက်ပြီး ပညာသင်ရအောင်သင်သူထက် ဗမာပြည်က ငွေမှာပြီး အလေလိုက်နေသူက



(မှတ်တမ်းတွေကြည့်တော့) များပုံ ပေါ်ပါတယ်။ ပညာတော်သင် ရွေးကြရာမှာ ကနောင်မင်းက နဲနဲ – တခြားပဒေသရာဇ်တွေက များများရွေးပြီးလွှတ်ကြပုံ ပေါ်ပါတယ်။ မှတ်တမ်းတွေ မဖတ်မိလို့ (မရှိတာလဲ ဖြစ်နိုင်ပါတယ်) မသိနိုင်ပါဘူး။

ပညာရလာပြီး ခေတ်မီရေးလုပ်နိုင်သူ အနည်းအပါးရှိတာကလဲ လွတ်လွတ် ကျွတ်ကျွတ်ကြီး မလုပ်နိုင်ကြရှာပါဘူး။ မန္တလေးကို အင်္ဂလိပ်သိမ်းတော့ သံရည်ကြိုစက်က တပိုင်းတစကြီးပါ။

တိုင်းပြည်တဝက်သာ ကျန်ပေမယ့် – အသိဉာဏ်ပွင့်လင်းသူများ – ပညာရှင်များ ရှိနေရင် တိုင်းပြည် အခုလောက် ခေတ်နောက်မကျပါဘူး။

အခုတော့ အသိဉာဏ်ခေတ်နောက်ကျတဲ့ – ပဒေသရာဇ်စည်းစိမ်ကိုသာ ငမ်းငမ်း တက် ယစ်မူးနေချင်တဲ့ သူတွေကြောင့် ဘာမှမဖြစ်မြောက်ခဲ့ပါဘူး။ နိုင်ငံခြားလွှတ်လိုက်တဲ့ မှူးသား – မတ်သား ပညာတော်သင်တွေကလဲ ပဒေသရာဇ်မင်းပျိုမင်းလွင်တွေ အဖြစ်နဲ့ နိုင်ငံခြားက အလေလိုက်တာသာ တတ်မြောက်လာပါတယ်။ တိုင်းပြည်ရဲ့ ကံကြမ္မာပါပဲ။

အဲဒီကံကြမ္မာဟာ အခုထိ သံသရာရှည်နေပါတယ်။ ဂျပန်နဲ့ကတော့ မယှဉ်သာတော့ လို့ မယှဉ်ချင်ပါဘူး။ ယှဉ်ရင်ယှဉ်နိုင်သေးတဲ့ အိမ်နီးချင်းနိုင်ငံတွေကိုတောင် အခုတော့ မမီတော့ ပါဘူး။ ဗိုလ်အောင်ကြီး မျက်ရည်ကျတယ်ဆိုလဲ ကျလောက်စရာပါပဲ။

ကျွန်တော်တို့ ပြည်သူတွေကို စာနာတဲ့ အိမ်နီးချင်းပြည်သူတွေက မေးပါတယ်။ ဗမာပြည်မှာ အထည်စက် – မီးခြစ်စက် – ဆပ်ပြာစက် – ခေါက်ဆွဲ – သွားတိုက်ဆေး – ဘီး – မှန် – သွားပွတ်တံစတဲ့ အခြေခံလူသုံးကုန်ပစ္စည်းတွေလုပ်တဲ့ စက်တွေ မရှိဘူးလားတဲ့။ အခြေခံ ကုန်ကြမ်းတွေ ရှိနေသားပဲတဲ့။ ဘာကြောင့် နိုင်ငံခြားက ဝယ်သုံးနေကြသလဲတဲ့။

ဒီမေးခွန်းကို စစ်အာဏာရှင်စနစ်မှာ ယစ်မူးနေတဲ့ အာဏာပိုင်စစ်ဗိုလ်ကြီးတွေကပဲ ဖြေကြပါ။ မင်းတုန်းမင်း – သီပေါမင်းခေတ်က ခေတ်မီဖွံ့ဖြိုးရေးလမ်းပေါ် မရောက်ခဲ့တာ ပဒေ သရာဇ်စည်းစိမ်တွေနဲ့ ယစ်မူးနေသူတွေက တရားခံဖြစ်တယ်ဆိုရင် – ဒီနေ့တိုင်းပြည်မဖွံ့ဖြိုးတာ စစ်အာဏာရှင်တွေ တရားခံပါ။

၁၉ ရာစုနှစ် အကုန်လောက်မှာ ဗမာပြည်ကို ဖြတ်တက်သွားတဲ့ ဂျပန်ပြည်နဲ့ ၂၀ ရာစုနှစ် အလယ်လောက်မှာ ပြန်တွေ့ကြပါတယ်။ သူက ဖက်ဆစ်နယ်ချဲ့ – ဗမာပြည်က ဖက်ဆစ်ကျွန်ဘဝ။

သမိုင်းတကွေ့မီအောင် မလိုက်နိုင်ပေမယ့် – သမိုင်းတကွေ့မှာ ပြန်ပြီးဆုံရကြိုရလေ့ ရှိတာကို ပြောတာပါ။

တိုင်းပြည်ကို ချစ်တာလဲ သူတို့ကို ဘယ်သူမှမမီ – တိုင်းပြည်ကို ဘယ်တော့မှ သစ္စာ မဖောက်ဆိုတာလဲ ပါရဲ့။ အဲဒါကို ကြွေးကြော်နေသူများက တခုတည်းသောပွင့်နေတဲ့ ဖွံ့ဖြိုးရေး လမ်းကို ဘာကြောင့်မလိုက်နိုင်ကြတာလဲ။ ဘာကြောင့် မလိုက်ဝံ့ကြတာလဲ။

မိမိတို့ရဲ့ တံဆိပ်ခတ်နိုင်ဖို့ ကြိုးစားကြတာချည်းဖြစ်ပါတယ်။

၁၉၈၈/ဒီမိုကရေစီအရေးတော်ပုံကြီးအတွင်း ဖြစ်ပျက်ခဲ့တာတွေ – နိုင်ငံရေးအင်အားစုအသီးသီး လှုပ်ရှားခဲ့ပုံတွေကို ပြန်လည်သုံးသပ်ရင် တံဆိပ်ခတ်ဖို့ ကြိုးစားကြတာကို အထင်အရှားတွေ့နိုင်ပါတယ်။

၁၉၈၈ ခုနှစ်တွင်းက လမ်းမပေါ်မှာ – အခုတော့ တောတောင်တွေထဲမှာ – စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့ကြ – ဝင်နေကြသူများမှာ စိုးရိမ်စိတ်တခု အမြဲရှိတတ်ပါတယ်။ အဲဒါကလဲ သဘာဝကျကျ ဖြစ်ပေါ်လာတာပါ။ အဲဒီစိုးရိမ်စိတ်က 'ငါတို့ တိုက်ပွဲရဲ့ အောင်သီးအောင်ပွင့်ကို ကြားကနေ အမြတ်ထုတ် ခေါင်းပုံဖြတ်သွားရင်' ဆိုတဲ့ စိုးရိမ်စိတ်ပါ။

ဒီစိုးရိမ်စိတ်မျိုးဟာ သုံးရာပြည့်တုန်းက၊ ဘီအိုင်အေတုန်းက ဖက်ဆစ်တော်လှန်ရေးတုန်းက လွတ်လပ်ရေးတိုက်ပွဲဝင်စဉ်တုန်းကလဲ ပေါ်ပါတယ်။

'ငါတို့ အရိုးပုံပေါ်မှာ အချောင်သမားတွေ ခေါင်းပေါင်းစတလူလူနဲ့ တက်ထိုင်ကြရင်' ဆိုတဲ့ စိုးရိမ်စိတ်ဟာ အကြောင်းမဲ့ စိုးရိမ်စိတ်တော့ မဟုတ်ပါဘူး။ ၁၉၄၈ ကနေ အခု ၁၉၈၄ အထိ အချောင်လိုက်သူတွေ ခေါင်းပေါင်းစတလူလူနဲ့ အာဏာကုလားထိုင်မှာ ထိုင်ပြီး ဗမာပြည်ကြီးကို ဆွဲနှစ်နေကြတာ အထင်အရှားပါ။

၁၉၈၈ မတိုင်မီကတည်းက ပါတီရဲ့ သားကောင်းသမီးကောင်း အမြောက်အမြားဟာ စစ်အစိုးရကို ရင်ဆိုင်တိုက်ပွဲဝင်ခဲ့ကြပါတယ်။ ၁၉၆၂ ကနေ ၁၉၈၈ အထိ ၂၆ နှစ်အတွင်းမှာ ကွန်မြူနစ်တွေဟာ တခြားတက်ကြွသူများနဲ့တွဲပြီး တိုက်ကြရင်း သေကြေဒဏ်ရာရကြ၊ ထောက်လှမ်းရေး စစ်ကြောရေးစခန်းများမှာ သေလုမျောပါး နှိပ်စက်ခံခဲ့ကြရ – ကိုကိုးကျွန်း – အင်းစိန် – မန္တလေး – သရက်စတဲ့ ထောင်တွေထဲမှာ ညှင်းပန်းနှိပ်စက်ခံကြရပါတယ်။ ထောင်ထဲမှာ ကျဆုံးခဲ့ရသူတွေ– ဒုက္ခိတဖြစ်သွားရသူတွေလဲ မနည်းပါဘူး။

၁၉၈၈/အုံကြွမှုကြီး ပေါ်လာဖို့ရော၊ အုံကြွမှုအတွင်းမှာရော အုံကြွမှုအပြီးမှာပါ (အဲဒီကာလ ကလေးအတွင်းမှာတင်) ရာထောင်မျှသော ပါတီရဲ့ သားကောင်းသမီးကောင်းများဟာ စွန့်လွှတ်စွန့်စား လုပ်ခဲ့ကြရပါတယ်။ ကျဆုံးကြ – သွေးမြေကျကြ – ထောင်တန်းကျကြရပါတယ်။

အရေးတော်ပုံကြီး ပေါ်ပေါက်လာစေဖို့၊ အရေးတော်ပုံကြီးရဲ့ အရှိန်အဟုန်မြင့်လာစေဖို့ – အရေးတော်ပုံကြီးရဲ့ အောင်သီးအောင်ပွင့်တွေကို ထိန်းသိမ်းကာကွယ်ဖို့ စွန့်လွှတ်စွန့်စားခဲ့ကြတာပါ။

ဒီ စွန့်လွှတ်စွန့်စားရမှုတွေအတွက် ပါတီက ဘယ်တော့မှ နောင်တရမှာ မဟုတ်ပါဘူး။ ဂုဏ်ယူနေမှာပါ။ ပါတီဝင်တိုင်းဟာ တော်လှန်ရေး သူရဲကောင်းဝါဒကို စိုက်ထူသွားကြတဲ့ ပါတီခေါင်းဆောင်များ ပါတီဝင် အမျိုးသမီး – အမျိုးသားများကို လေ့လာအတုယူသွားမှာ ဖြစ်ပါတယ်။

နောင်လာမယ့် တိုက်ပွဲအဆက်ဆက်မှာလဲ စွန့်လွှတ်စွန့်စား လုပ်ဆောင်ကြဦးမှာ



ပြဿနာအရပ်ရပ်ကို ညှိနှိုင်းဖြေရှင်းသွားရေး။

၅။ လက်ရှိအစိုးရ စစ်တပ်အား စစ်အုပ်စုတစု၏ ခါးပိုက်ဆောင်တပ်အဖြစ်မှ နိုင်ငံတော်၏ စစ်တပ်အဖြစ်သို့ ပြောင်းလဲပစ်ရေး။

စစ်တပ်အတွင်း လွပ်လပ်စွာ နိုင်ငံရေးလေ့လာခွင့်၊ ဆွေးနွေးခွင့်ပြုရေး။

စစ်ဗျူရိုကရက်များ ကြီးစိုးခြယ်လှယ်နေသော စီးပွားရေးလုပ်ငန်းကိုင်ငန်းအားလုံး ဖျက်သိမ်းပစ်ရေး၊ မည်သည့်အကြောင်းနှင့်မျှ စစ်ဗျူရိုကရေစီ ယန္တရားအနေနှင့် စီးပွားရေးလုပ်ငန်းများလုပ်ခွင့် မရှိရေး။

နိုင်ငံတော်၏ စစ်အင်အားကို နိုင်ငံ၏ စီးပွားရေးအခြေအနေ – နိုင်ငံ၏အနည်းဆုံးလိုအပ်မှု အခြေအနေတို့အရ ထိန်းညှိလျှော့ချပစ်ရေး။

၆။ ပြည်သူလူထု၏စားဝတ်နေရေးကို ဘက်စုံ မြှင့်တင်ပေးရေး။

ကုန်ဈေးနှုန်းကျဆင်းရေးကို စီမံကိန်းတကျ လုပ်ကိုင်ရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး အခြေအနေ စာရင်းဇယားတို့ကို ပြည်သူလူထုထံ မလိမ်ညာ မထိမ်ချန်ဘဲ တင်ပြရေး။

တိုင်းပြည်၏ စီးပွားရေးတွင် စစ်အုပ်စုနှင့် ၎င်းတို့၏ အသိုင်းအဝိုင်းများအား အုပ်စည်းခွင့်၊ ခြယ်လှယ်ခွင့် မပြုရေး၊ ၎င်းတို့ကို ဦးစားပေးခြင်း မပြုရေး။

တကယ်တမ်း အမှီအခိုကင်းပြီး၊ တကယ်တမ်းဖွံ့ဖြိုးတိုးတက်သည့် အမျိုးသား စီးပွားရေးတရပ်ကို အဆင့်ရှိရှိ တည်ဆောက်ရေး။

၇။ နိုင်ငံခြားဆက်ဆံမှုများကို လျှို့ဝှက်မထားဘဲ ပြည်သူလူထုအား အသိပေးရေး။

အမှီခိုကင်းပြီး တက်ကြွသည့် ကြားနေရေးဝါဒကို ကျင့်သုံးရေး။

၈။ အလုပ်သမားများ၏ နေထိုင်စားသောက်မှု အဆင့်အတန်း မြင့်မားအောင် လုပ်ရေး။

မြင့်တက်နေသော ကုန်ဈေးနှုန်းနှင့် အညီ လုပ်ခများတိုးပေးရေး။ လုပ်ခွင်သာယာရေး၊ လူမှုဖူလုံရေး အခွင့်အရေး အပါအဝင် ခံစားခွင့်များ ပြည့်ဝလုံလောက်ရေး။

အလုပ်လက်မဲ့များကို ကယ်ဆယ်ထောက်ပံ့ရေး။

အလုပ်အထွက်နှုန်းမြင့်မားရေး။ တဘက်တွင်လည်း လုပ်ခွင်သာယာရေးနှင့် လုံခြုံရေး အတွက် အာမခံရေး။

လုပ်ငန်းခွင်တွင် ယောကျ်ားနှင့် မိန်းမ လုပ်ငန်းတူလျှင် လစာအပါအဝင် အခြေခံ ခံစားခွင့်များ တန်းတူရေး။

အလုပ်သမားများ ဦးစီးသည့် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရရေး။

၉။ ကျေးလက်ဒေသရှိ ထုတ်လုပ်ရေးအင်အားစုများ လွတ်လွတ်လပ်လပ် ဖြစ်ပေါ် တိုးပွားနိုင်စေရန်နှင့် လယ်ယာထုတ်လုပ်မှု တကယ်တမ်း တိုးတက်နိုင်ရန်အတွက်လည်းကောင်း၊ စက်မှုလယ်ယာဖြစ်ထွန်းရေးအတွက် မြေယာပြုပြင်ရေးကို ခြေလှမ်းရှိရှိ၊ အစီအစဉ်ရှိရှိ၊ ခွဲခြားမှုရှိရှိ

အကောင်အထည်ဖော်ရေး။

ပဒေသရာဇ်မြေရှင်စနစ်ကို လုံးဝဖျက်သိမ်းရေး၊ သဏ္ဌာန်အမျိုးမျိုးဖြင့် တည်ရှိနေသော သီးစားခများဖျက်သိမ်းရေး၊ လယ်လုပ်သူ လယ်ပိုင်ရေး။

စစ်အာဏာရှင်စနစ်နှင့် စစ်အစိုးရကို အကျိုးပြုသည့် မြေယာပေါ်လစီ၊ မြေယာဥပဒေ၊ စသည်များ အကုန်အစင် ဖျက်သိမ်းရေး။

လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအား မချုပ်ခြယ်မကန့်သတ်ရေး၊ လယ်ယာထွက်သီးနှံများအား လွတ်လပ်စွာ ရောင်းချခွင့်ပြုရေး။

ဆင်းရဲသည့် လယ်သမားများအား အချက်အလက် ကန့်သတ်မှုမပါဘဲ အတိုးနှုန်းနဲနဲဖြင့် အမတော်ကြေးထုတ်ပေးရေး၊ တကယ်တမ်း ပြန်မဆပ်နိုင်သည့် အမတော်ကြေးဟောင်းများကို လျှော်ပစ်ရေး။

ချေးငှားနိုင်သူများလည်း ချေးငှားချင်အောင် ဆင်းရဲသားများလဲ အကျိုးရှိအောင် သင့်တင့်သော အတိုးနှုန်းထား သတ်မှတ်ချက်ရှိသည့် အတိုးနှုန်းဆိုင်ရာ ပြဋ္ဌာန်းချက်တခု ချမှတ်ပေးရေး။

လယ်ယာအလုပ်သမားများ အပါအဝင် အခြေခံလယ်သမားထု၏ အကျိုးစီးပွားကို အကာအကွယ်ပေးမည့် လယ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရရေး။

၁၀။ မဆလ ပညာရေးစနစ်ကို ဆက်ခံထိန်းသိမ်းထားသော လက်ရှိဖျူရိုကရက်ပညာရေးစနစ်ကို ဖျက်သိမ်းပြီး အမျိုးသားဆန်သော၊ သိပ္ပံနည်းကျသော လူထုလက္ခဏာဆောင်သာ ပညာရေးနှင့် ယဉ်ကျေးမှုထူထောင်ရေး။

ပညာတတ် အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းပေးရေး၊ လွတ်လပ်စွာ ပညာဆည်းပူးခွင့်ရရေး။ အကြောင်းအမျိုးမျိုးကြောင့် မတတ်သာဘဲ နိုင်ငံခြားသို့ရောက်ရှိနေရသည့် ပညာရှင်များကို အမျိုးသားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်လာနိုင်ရေးအတွက် လမ်းဖွင့်ပေးရေး။

ကျောင်းသားထုအကျိုးကို ကိုယ်စားပြုသည့် ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းခွင့်ပြုရေး။

ကျောင်းဆရာအပါအဝင် ပညာရေးဝန်ထမ်းများ၏ စားဝတ်နေရေးနှင့် ပညာရေးဆိုင်ရာ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ရေး။ ၎င်းတို့၏အကျိုးစီးပွားကို အကာအကွယ်ပေးမည့် အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ပြုရေး။

၁၁။ ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ စသည်များနှင့် စာရေးစာချီ အစိုးရဝန်ထမ်းများ၊ အတတ်ပညာသည်နှင့် စာပေအနုပညာရှင်များတို့၏ စားဝတ်နေရေး၊ လေ့လာရေးနှင့် နေထိုင်မှုဘဝတို့ကို အာမခံချက်ရှိအောင် လုပ်ပေးရေး။

ပညာရပ်အလိုက်၊ လုပ်ငန်းအလိုက်၊ သမဂ္ဂအသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုရေး။



၁၂။ မြို့နေဆင်းရဲသားများ၏စားဝတ်နေမှု တိုးတက်လာအောင် စီစဉ်ပေးရေး၊ တရားသဖြင့် စီးပွားရှာခွင့်ကို အာမခံရေး။

ပြည်သူများ၏ အိုးအိမ်ရပ်ကွက်အတွင်းသို့ စစ်တပ်နှင့်ပုလိပ်အပါအဝင် အုပ်ချုပ်ရေးအပိုင်းများက တရားမဲ့ဝင်ရောက် ရှာဖွေမှု၊ နှောက်ယှက်မှု မှန်သမျှ တားမြစ်ပိတ်ပင်ရေး။ မိမိဆန္ဒမပါဘဲ ဇွတ်အတင်း အိုးအိမ်ပြောင်းရွှေ့ခိုင်းမှုများ ရပ်စဲရေး။

၁၃။ စက်ရုံအလုပ်ရုံ ပိုင်ရှင်များ၊ လုပ်ငန်းရှင်ကလေးများနှင့် ကုန်သည်ပွဲစားများ၏ စက်မှုလက်မှုနှင့် ကုန်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး။

ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်များကို စစ်အုပ်စုနှင့် အပေါင်းပါများအတွက်သာ ကန့်သတ်ထားခြင်းများ ဖျက်သိမ်းရေး။

အရင်းအနှီး ချေးငှားရရှိရေး၊ ကုန်ကြမ်းရရှိရေး၊ ထွက်ကုန်များ ရောင်းချရာတွင် ချောမောပြေပြစ်အောင် လုပ်ပေးရေး။

ပြည်ပနှင့် ကုန်သွယ်မှုကို ပုဂ္ဂလိကများ ပါဝင်လုပ်ကိုင်ခွင့် ရရေး။

ကုန်သည်ကြီးများ၊ စက်ပိုင်ရှင်များ၊ လုပ်ငန်းရှင်များ၏ အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့် ပြုရေး။

အထက်ပါ လုပ်ငန်းတာဝန်များကို ပြင်ဆင် – ဖြည့်စွက် – ဖြုတ်ပယ်ချင်တာများရှိရင် မည်သည့် အဖွဲ့အစည်း – တသီးပုဂ္ဂလများနဲ့မဆို ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးလိုပါတယ်။

၁၉၈၈/ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီး ပေါက်ကွဲပေါ်ထွက်လာတဲ့အခါမှာ အဓိက ဦးတည်ချက်ဖြစ်တဲ့ စစ်အာဏာရှင်စနစ် – စစ်အစိုးရကို ဖြုတ်ချရေးအတွက်သာ ဦးစားပေးပြီး (ဦးတည်ချက်မဝေဝါးအောင်) နိုင်ငံရေးတောင်းဆိုချက်များကိုသာ အလေးပေးခဲ့ပါတယ်။

ဒီမိုကရေစီအရေးတော်ပုံကို ရေရှည်တိုက်ပွဲ ဆင်ကြရတော့မယ့်အခါမှာ ဥပဒေပ – ဥပဒေတွင်း တိုက်ပွဲဝင်ရတော့မယ့် အခါမှာတော့ – နိုင်ငံရေးတောင်းဆိုချက်များသာမက စီးပွားရေး – လူမှုရေး တောင်းဆိုချက်တွေအတွက်ပါ တိုက်ပွဲဝင်ဖို့ လိုအပ်လာပါတယ်။ ဒါကြောင့် အခုတင်ပြတဲ့ (မူကြမ်း) မှာ စီးပွားရေး – လူမှုရေးတောင်းဆိုချက်တွေ အတွက်ပါ ထည့်သွင်းထားပါတယ်။ ဒါပေမဲ့– မပြည့်စုံသေးပါ။ အထူးသဖြင့်ဆိုရင် အခုတင်ပြထားတဲ့ တောင်းဆိုချက်များမှာ နဝတ ရဲ့ ‘အမျိုးသား ညီလာခံ’ မကျင်းပမီကရေးတာဖြစ်လို့ အဲဒီကိစ္စတွေ မပါဘဲ ဖြစ်နေပါတယ်။

ရေရှည်တိုက်ပွဲဝင်ရတော့မယ်ဆိုရင် လူထုရဲ့– စားမှု – ဝတ်မှု – နေမှုကို ဂရုပြုရပါလိမ့်မယ်။

ကျွန်တော်တို့ရဲ့ မျက်မှောက်လူမှုဘဝကြီးတခုလုံးမှာ အရာရာဟာ လူတန်းစားတံဆိပ် ခတ်နှိပ်ထားတာချည်း ဖြစ်ပါတယ်။ သက်ဆိုင်ရာ လူတန်းစား လူ့အလွှာများကလဲ

၁။ အခြေခံလုပ်ငန်းစဉ်ဆိုင်ရာ ပြဿနာများ
၂။ ဆိုရှယ်လစ်ဝါဒနှင့် ဆိုရှယ်လစ်တည်ဆောက်ရေးပြဿနာ
၃။ မပြီးဆုံးသေးတဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး
၄။ နဝတ ပြောတဲ့ 'နယ်ချဲ့ဆန့်ကျင်ရေး' နဲ့ နယ်ချဲ့သမားတွေပြောတဲ့ 'လူ့အခွင့်အရေး'
၅။ ပြည်တွင်းစစ်ပြဿနာမှာ ဘယ်သူတရားခံလဲ
၆။ ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးပြဿနာ
၇။ ပါတီစုံဒီမိုကရေစီပြဿနာ
၈။ ၁၉၈၈/လူထုအုံကြွမှုကြီး (သို့မဟုတ်) ဒီမိုကရေစီအရေးတော်ပုံ
၉။ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကို ခြုံငုံသုံးသပ် နိဂုံးချုပ်လုပ်ခါ သင်ခန်းစာထုတ်ယူရေး
၁၀။ တပ်မတော်က အနာဂတ်နိုင်ငံရေးမှာ ဦးဆောင်ရေးပြဿနာ
၁၁။ နဝတ လုပ်နေတဲ့ 'နယ်စပ်ဒေသဖွံ့ဖြိုးရေးနဲ့ ငြိမ်းချမ်းရေး' ပေါ်လစီအပေါ်
ကျွန်တော်တို့ရဲ့သဘောထား
၁၂။ တိုင်းပြည်တစည်းတလုံးတည်းရှိရေး၊ လူမျိုးပေါင်းစုံ တစည်းတလုံးတည်းရှိရေးပြဿနာ
၁၃။ တပ်ကိုပြုပြင်တည်ဆောက်ရေးပြဿနာ
၁၄။ တပ်ကိုပြုပြင်တည်ဆောက်ရေးလုပ်ဖို့ အခုကာလဟာ အချိန်ကောင်း ဖြစ်ပါတယ်။
၁၅။ ပါတီတည်ဆောက်ရေး
၁၆။ အထွေထွေပြဿနာများ
- ဗမာပြည်အတွက် ဖွံ့ဖြိုးရေးလမ်းကြောင်း
- လတ်တလော လုပ်ငန်းတာဝန်များ

ဖြစ်ပါတယ်။

ဒီလို စွန့်စားကြတာ – စွန့်လွှတ်ကြတာဟာ ပြည်သူ့ဒီမိုကရေစီရေးဆီသို့ အဆင့်ဆင့် ချီတက်ရေးအတွက် ဖြစ်ပါတယ်။

အခု ကျွန်တော်တို့ပါတီက တင်ပြတဲ့ လတ်တလောလုပ်ငန်းတာဝန်များဟာ ဒီမိုကရေစီအရေးတော်ပုံကနေ ကျွန်တော်တို့ပြည်သူတွေ ရရှိလိုတဲ့ (ရလဲရရှိထိုက်တဲ့) လိုလားတောင်းဆိုချက်များ ဖြစ်ပါတယ်။ ကွန်မြူနစ်တွေကလဲ အဲဒီပြည်သူတွေနဲ့ ထပ်တူပဲ ဖြစ်ပါတယ်။

အထက်မှာတင်ပြခဲ့တဲ့ လတ်တလောလုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရေးကို လက်ရှိအချိန်မှာလည်းကောင်း၊ နောင် ဒီမိုကရေစီအစိုးရတရပ် ပေါ်ထွန်းလာတဲ့ အခါမှာသော်လည်းကောင်း ကျွန်တော်တို့ လုံးပန်းသွားကြရမှာ ဖြစ်ပါတယ်။

ကျယ်ပြန့်တဲ့ လှုပ်ရှားမှုကြီးတိုင်းမှာ – တပ်ပေါင်းစု အဖွဲ့အစည်းများမှာ ရပ်တည်မှု အမျိုးမျိုး – အတွေးအခေါ်အဖုံဖုံ – အမြင်အသီးသီး ရှိတတ်ကြပါတယ်။

အားလုံးကို စုစည်းနိုင်ဖို့ဆိုရင် ဘုံလုပ်ငန်းစဉ် ရှိရပါမယ်။

အခု ကျွန်တော်တို့ တင်ပြတာဟာ 'ဘုံလုပ်ငန်းစဉ်' တခု ဖြစ်ပေါ်ရေးအတွက် ကြိုးစားချက် – ဒီမိုကရေစီ တိုက်ဖော်တိုက်ဖက်များသို့တင်ပြချက် ဖြစ်ပါတယ်။

နောက်တကြိမ်အုံကြွမှုဟာ နဝတ က ဘယ်လောက်ပဲ ဖိနှိပ်နေနေ – အနေးနဲ့အမြန် ပြန်ပေါ်လာဦးမှာပါ။ ဒါဟာ မုချသဘော ဖြစ်ပါတယ်။ ဘယ်တော့၊ ဘယ်လို၊ ဘာကိုအကြောင်းပြုပြီး ဖြစ်မယ်ဆိုတာတော့ ကြိုတင်မပြောနိုင်ပါ။

ကျွန်တော်တို့မှာ ၁၉၈၈/ ခုနှစ်တုန်းက ဘုံလုပ်ငန်းစဉ် မရှိခဲ့ပါ။ အခု ဘုံလုပ်ငန်းစဉ်တခု ရှိထားဖို့လိုပါတယ်။

ရဲဘော်တို့–

အစီရင်ခံစာ ဒီမျှပါပဲ။

ကျွန်တော်တို့ပါတီမှာ အခက်အခဲဘက်က တင်ပြရင်လဲ အခက်အခဲတွေ အများကြီးပါ။

အခွင့်ကောင်းနဲ့ အလားအလာကောင်းဘက်က ပြောရင်လဲ ပြောစရာတွေ အမြောက်အမြားပါ။

အခက်အခဲကိုကျော်နင်း – အခွင့်ကောင်းနဲ့ အလားအလာကောင်းကို တိုးချဲ့ပြီး – သမိုင်းပေးတာဝန်ကို ထမ်းဆောင်သွားကြပါစို့။ ။